ဝိုးမိုးစာပေ

# ဗျူး

ဆယ့်နှစ်ကြိုးကာဝေ



# အခန်း(၁)

ဖုန်းကိုဘေးမှာ ပြန်ချထားလိုက်ပြီး ဝန်း ပြုံးလိုက်မိသည် ။

ခုလောက်ဆို ကိုကို ဒေါသဖြစ်နေပြီလား အံ့ဩနေမည်လား . . ပလာဇာကို တစ်ယောက်တည်း သွားတတ်နေပြီလားဆိုသည့် အံ့ဩမှုမျိုးနှင့် ဖုန်းကိုင်ရင်းပဲ ငိုင်ကျသွားမလား . . .

ကားကိုခြံထဲသို့ မောင်းဝင်လိုက်ရင်း ကိုယ့်အတွေးနှင့်ကိုယ် ပြုံးနေမိသည့် ဝန်း နှုတ်ခမ်းလေးတွေ ပေါ်တီကိုအောက်က ကားကို မြင်လိုက်သည် နှင့် ချက်ချင်းစေ့ပိတ်သွားသည် ။

ကိုကိုရောက်နေပြီ။

အိမ်ကနေ ကိုကိုလှမ်းဆက်သည် ဟု သာထင်ခဲ့သဖြင့် ချက်ချင်းလက်ငင်း အံ့ဩသွားရသူက သူမသာဖြစ်နေ၏။

ရပ်ထားပြီးသည့် အဖြူရောင်ကားကြီး၏နောက်မှာ သူမကားလေးကို ရပ်ပစ်လိုက်ပြီး ကပျာကယာ ဆင်းမိသည် ။

ကိုကို့ကို ဝန်း အရွဲ့တိုက်ခဲ့တာ မှန်သည် ။ ဒါပေမဲ့ အစဉ်သဖြင့် ကြောက်ရွံ့လေးစားခဲ့ရသော ကိုကို့မျက်နှာရှေ့မှာ တော့ ခုချိန်ထိမဆိုးရဲခဲ့သေးပါ။

အထုပ်အပိုးတွေကို ကားထဲက ဆွဲထုတ်နေမိသည့် ဝန်း လက်ဖျားလေးတွေ အေးခဲလာသည် ။

ဒီဘက်ပြန်လှည့်၍ တိုက်ရှေ့လှေကားထစ်တွေထိပ်မှာ ရပ်လိုက်မိစဉ် စုထပ်ပွေ့ထားသ

ည့် လက်ထဲက အထုပ်တစ်ထုပ်လျှောကျသွား
သည် ။

စေ့ထားသည့် ဘာဂျာတံခါး၏
အတွင်းထဲမှာ ထိုင်နေသောကိုကို့မျက်နှာဆီ
အကြည့်ရောက်ရင်း အထုပ်ကို ပြန်လိုက်စမ်း
တော့ နောက်ထပ်တစ်ထုပ် ပြုတ်ကျသည် ။

ဒီတော့မှ ငုံ့ကြည့်ပြီးလိုက်ကောက် ရင်ခွင်
ထဲပြန်ထည့်ကာ မတ်မတ်ပြန်ရပ်ရသည် ။
နောက်ထပ်တစ်ခါ မအားသည့်လက်နှင့် တံခါး
ကို တွန်းဖွင့်လျှင် တံခါးရွေ့သွားခြင်းနှင့်အတူ
ပိုက်ထားသမျှ အထုပ်တွေက တဘုတ်ဘုတ်လို
က်ခုန်ချလိုက်၏။

ဝန်း တံခါးကို ပခုံးနဲ့ တိုက်၍ ကိုယ်နဲ့ ခံကာ
အထဲကို ရောက်အောင် အရင်ဝင်သည် ။

အထဲရောက်မှ အထုပ်တွေကို ပြန်လိုက်
ကောက်၍ နောက်ထပ်မကျတော့အောင် တင်း

တင်းကျပ်ကျပ် ဖိပိုက်ထားလိုက်သည် ။

သူမ ဖရိုဖရဲ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသမျှ ကိုကိုသည် ဆိုဖာနောက်မှာ ရပ်လျက် ထောက်ထားသည့် လက်တစ်ဖက်ကိုလည်း မဖြုတ် ဘောင်းဘီခါးပတ်မှာ ချိတ်၍ ခါးတစ်ဖက် ထောက်ထားခြင်းကလည်း ဒီအတိုင်း ။

ထို့ထက်ဆိုးသည် က တစ်ချက်မှ မရွေ့လျားဘဲ စူးစိုက်ကြည့်နေသော မျက်ဝန်းတို့ မှာ အရောင်ထွက်မတတ် စူးလက်နေခြင်းဖြစ်သည် ။

ဝန်း ကိုကို့ရှေ့ရောက်တော့ စိတ်ကိုတင်းကာ ကိုယ်ကို မတ်မတ်လေး ရပ်ပစ်လိုက်၏။ ရင်ဆိုင်မကြည့်ရဲပေမယ့်ကိုကို့ မျက်နှာကိုတော့ ဝေ့ခနဲကြည့်မိ၏။

မျက်လုံးချင်းမဆုံမီ မျက်လွှာကို ခပ်လွှဲလွှဲပြန်လုပ်၍ ကိုကို့စကားကိုစောင့်၏။

“မင်းလက်ထဲက ပစ္စည်းတွေကို ချထားလိုက်စမ်း”

“ဝန်း အထဲမှာ ပဲ တစ်ခါတည်းသွားထား . . .”

“ချထားလိုက်စမ်း”

ကိုကို့အသံ ဟိန်းထွက်လာသည်။

နာခံနေကျအတိုင်း ဝန်း ကိုယ်လေးကိုင်း၍ အထုပ်တွေကို စားပွဲပေါ်မှာ ချထားလိုက်သည်။

ထိုအခါ အလှပန်းအိုးနှင့် သစ်သီးခြင်းတွေ နေရာယူထားပြီးသည့် စားပွဲစွန်းမှာ မဆံ့နိုင်မကာနိုင်နှင့် ဝန်းရဲ့ အထုပ်တွေ ကြမ်းပေါ်သို့ ကျတာကကျ တင်တာကတင်။

ဝန်း ပြန်ကောက်ဖို့ မျက်နှာပေါ်အုပ်ကျလာသည့် ဆံပင်တွေကို နားရွက်နောက်မှာ သိမ်း

ညှပ်ထားလိုက်ပြီး ဒူးထောက်ထိုင်ချလိုက်၏။

"ထစမ်း"

အနားရောက်လာသည့် ကိုကို့လက်တစ်ဖက်ထဲမှာ ဝန်းသည် လက်မောင်းလေးမှ အစပြု၍ တစ်ကိုယ်လုံး ကြွတက်မြောက်ပါသွား၏။

"မင်းကသတ္တိတွေ သိပ်ရှိနေတယ်ပေါ့ ဟုတ်လား ဝန်း မင်းမှာ အတိုက်အခံ ပြန်လုပ်ဖို့ သတ္တိတွေရှိနေပြီပေါ့ . . . ပြောစမ်း . . ."

"အ . . ."

ဝန်း လက်မောင်းလေးမှာ ကိုကို့ကြောင့် ရှုံ့အောင့်သွားသည် ။

မျက်နှာလေးမဲ့ကျသွားကာ ဖြူတ်ချမပစ်ရဲသည့် ကိုကို့လက်ပေါ်မှာ ထပ်ဆုပ်ကိုင်ထားမိပြီး။

"ဝန်း ဘာလုပ်လို့ လဲ ကိုကို ဒီမှာ လိုအပ်

နေတာတွေ မဝယ်ဘဲနဲ့ ဘယ်ကရမှာ လဲ ကိုကို လိုက်ပို့ပေးပါလို့ ကောဝန်း မပြောခဲ့လို့ လား . . . ကိုကိုပဲ . . .”

“တိတ်စမ်း မင်းပါးစပ်ကိုပိတ်ထား”

“အား . . .”

အားနှင့်ဆောင့်ခါပစ်လိုက်သဖြင့် ဝန်း အော်လိုက်မိသည် ။

ဘယ်တော့မဆို လက်မောင်းတစ်ဖက်ကိုသာ ဆုပ်ကိုင်ဖျစ်ညှစ်တတ်သော ထိုတစ်ဖက်သည် အမြဲတမ်း ဘယ်ဘက်လက်မောင်းသာ ဖြစ်နေခဲ့ရာ။

ဝန်း အကြိမ်ကြိမ်အခါခါ နာကျင်ခဲ့ရသည့်နေရာဟာလည်း ထိုလက်မောင်းတစ်ဖက်တည်းသာ တစ်ဘဝလုံး ဖြစ်ခဲ့၏။

ဝန်း မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်တက်

လာသည်။

သို့သော် ထိုမျက်ရည်တွေကို ပါးပြင်ပေါ်သို့ ဖြတ်သန်းခွင့်ပေးလို့ မဖြစ်။

ကိုကို့ထံမှ ဒီထက်ဆိုးဝါးသည့် ပြစ်ဒဏ်တွေကို ဝန်းကြောက်သည်။

မျက်ရည်ကိုတားဆီးရင်း အံကြိတ်မိ၍ လည်း ပြင်းထန်သော ပြစ်ဒဏ်ကို ဝန်း ခံခဲ့ရဖူးသည်။

ဝန်း၏ ဘဝသည် ကိုကို့လက်ထဲမှာ ရွှေမင်းသမီးလေး ဖြစ်ခဲ့သော်လည်း တစ်ခါတစ်ရံ၌ အကျဉ်းသားတစ်ဦးလို . . .

"မင်းက ငါမလိုက်လျောနိုင်လို့ ဒီလို လုပ်လိုက်တယ်ဆိုတာမျိုး တုံ့ပြန်ပြလိုက်တာပေါ့ ဟုတ်လား ဒီလိုလုပ်လိုက်တဲ့ အတွက် မင်းဘဝ ဘာဖြစ်သွားနိုင်သလဲ မင်းသိလား"

ဘဝ . . . ဝန်းမသိပါ။

ဝန်း၏ ဘဝ အစကို ကိုကို့လက်ထဲမှာ ပဲ ဝန်းသိသည် ။

ဝန်းနဲ့ ကိုကို ဘာမှ မတော်စပ် ဝန်းဟာကိုကို့ရဲ့ ညီမ အရင်းလည်း မဟုတ်။

ဒါပေမဲ့ ဝန်းဘဝမှာ ကိုကိုတစ်ယောက်သာ ရှိခဲ့သည် ။

အလွန်ကြောက်စရာကောင်းသော ညတစ်ညမှာ ဝန်းကို ကိုကိုကယ်တင်ခဲ့သည် ။ ထိုညကို ဝန်းဘယ်တော့မှ မမေ့။

ထိုညကိုမမေ့တိုင်း ကိုကို့ကို ဝန်းချစ်သည် ။ အားကိုးသည် ။ ကိုကိုဘယ်လိုပဲ မာကျောခက်ထန်ပါစေ၊ ဝန်းစိတ်ထဲမှာ တကယ်မှား၍ ဖြစ်စေ၊ မမှားဘဲဖြစ်စေ ကိုကိုပြစ်ဒဏ်တွေပေးတိုင်း ဝေဒနာကိုသာ ကြောက်ရွံ့နာကြည်းမိသည် ။

ကိုကို့ကို ဘယ်တော့မှ မမုန်းခဲ့ပါ။

ဝန်းသိခဲ့သော ဘဝဟာ ဒါပါပဲ။

ဝန်းဘဝဆိုးဝါးခဲ့သည် ။ ထိုဘဝထဲမှာ ကိုကိုသာအရှင် ကိုကိုသာသခင်။ ကိုကိုကိုင်ထားသည့် လက်ထဲမှာ ဝန်းခွေကျမတတ် အင်အားကုန်ခန်းလာခဲ့ရင်း။

"ဝန်း မရွံ့ပါဘူးကိုကို ဒါပေမဲ့လေ ကိုကိုလိုက်မပို့ပေးနိုင်ဘူး ဆိုတာကိုတော့ . . ."

"မကျေနပ်ဘူး မဟုတ်လား"

"ဝမ်းနည်းတာပါ ဝန်းရဲ့ မွေးနေ့အတွက် ကိုကိုပေးမယ့် လက်ဆောင်ပစ္စည်း အဖိုးတန်တွေအားလုံးကို ဆုံးရှုံးခံပြီး ကိုကိုနဲ့ အတူ ရှော့ပင်ထွက်ဖို့ တစ်ခုတည်း ဝန်းတောင်းဆိုခဲ့တာ"

ကိုကို့ထံမှ ဒေါသသံထွက်မလာပါ။

ဝန်းလက်မောင်းလေးမှာ ဆုပ်ကိုင်ထားသ

ည့် လက်က အနည်းငယ် လျော့ကျသွားသည် ။

“ဝန်းတစ်သက်လုံး တောင့်တခဲ့တဲ့ ဒီအခွင့် အရေးကို ဒီနေ့ရမှာ ပဲဆိုပြီး ညကတည်းက ဝ န်း ဝမ်းသာလွန်းလို့ အိပ်လို့ မပျော်ခဲ့ဘူး ကိုကို ကကျတော့ . . .”

“အဲဒီကိစ္စက မင်းအတွက် ဘာဖြစ်လို့ ဒီ လောက်ထိ အရေးကြီးနေတာလဲ ဒီနေ့ရှော့ပင် မထွက်ရရင် ဘာဖြစ်သွားနိုင်သလဲ”

“မသိဘူးကိုကို ဒါပေမဲ့ ဝန်း ဒါကိုအရမ်း မျှော်လင့်ခဲ့တာ”

“မမျှော်လင့်နဲ့ ငါ့ဘက်က မလိုက်လျောနိုင် ဆုံးကလည်း အဲဒီတောင်းဆိုမှုမျိုးပဲ မင်းအပြင် မထွက်ရဘူး အထူးသဖြင့် ငါနဲ့ တွဲပြီး သွားလာ ဖို့ လုံးဝမဖြစ်နိုင်ဘူး”

ဝန်း လက်မောင်းလေးကိုလွှတ်၍ ကိုကို တ စ်ဖက်လှည့်သွားသည် ။

ဒီစကားတွေကို သူမပြောချင် ပြောလို့ လည်း မဖြစ်။

ဝန်း၏ အတိတ် အနာဂတ်အားလုံးဟာ သူ့လက်ထဲမှာ ရှိနေသည် ။

သူသည် ဝန်းနှင့်ပတ်သက်တိုင်း စေတနာတွေနဲ့ သာ ဖြစ်သော်လည်း ထိုစေတနာကို ဝန်းသိအောင် အရောင်တင်မပေးနိုင်။

ဝန်းဟာသူ့ကို အမြဲကြောက်ရွံ့နေရမည်။ ထို့အတွက်သူ ဝန်းကို အလိုလိုက်ဆက်ဆံလို့ မရ။

ဝန်းသည် သူမ၏ ဘဝတစ်ခုလုံးကို နားမလည်နိုင်သေးခင် အကြောင်းအားလုံးကို သိသွားခဲ့လျှင် သူ့အား ဆိုးဝါးသော စက်ဆုပ်မုန်းတီးမှုများ နှင့် စွန့်ခွာသွားလိမ့်မည်။

ဝန်းကိုလိုချင်တပ်မက်စွာ ချုပ်ကိုင်ထားလို၍ မဟုတ်။ သို့သော် ဝန်း သူ့လက်ထဲက ထွက်

သွားလို့ မဖြစ်။

ဒီထက်ဆိုးဝါးသော ဒုက္ခအားလုံးကို ဝန်း ရင်ဆိုင်ရဖို့ အတွက် သိလျက်နှင့်သူ လွှတ်မပေးနိုင်။

သူနဲ့ ဝန်းကြားမှာ သူဘယ်လိုမှ ပြောမထွက်နိုင်သော အတိတ်၏ စာမျက်နှာတချို့ကို ချန်လှပ်ထားနေသမျှ တစ်ယောက်ကိုတစ်ယောက် နားလည်နိုင်ဖို့ ဆိုတာ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ် ။

သူကိုယ်တိုင်လည်း ဘယ်သောအခါမှ ကြိုးစားမည်မဟုတ်ပါ။

ဝန်းကိုသူ ကယ်တင်စောင့်ရှောက်ခဲ့တာ ဒီနေ့ဝန်းဘဝ လုံခြုံနွေးထွေးနေဖို့ ဖြစ်သည် ။ ကျန်တာဘာမှ မပါ။

နားမလည်သော ဝန်းကိုသူ ဒေါသတွေဖြစ်နေခဲ့သည် ။ ဒါသူမအတွက်ဆိုတာ ပြောနိုင်သ

လောက်ကို ပြောပြီးသား။

သူ ဝန်းဘက်ကို ချာခနဲ ပြန်လှည့်သည် ။

"မင်းတစ်ခုသိထားရမှာ က ငါဘာလုပ်လုပ် ဘာပြောပြော မင်းကိုအကျိုးယုတ်စေချင်တာ တစ်ခုမှ မပါဘူး အဓိပ္ပာယ်မဲ့ပြောတာ ဘာမှ မရှိဘူး ဒါကိုမင်းနားမလည်ဘူး ဆိုရင်တော့ ငါက စည်းရုံးတာကို ဝါသနာ မပါဘူး"

သူ ဝန်းမျက်နှာလေးကို စိုက်ကြည့်ပြီး ခြေလှမ်းကျဲများ နှင့် လျှောက်ထွက်သွား၏။

"ကိုကို . . ."

ဝန်း ခဏငြိမ်နေပြီးမှ ကိုကို့နောက်ပြေးလိုက်ခဲ့သည် ။

"ကိုကို ဝန်းဆီကို လာတာမဟုတ်လားဟင် မပြန်ပါနဲ့ဦး ကိုကိုရယ် ဟို ဝန်းလေ ကိုကို့ကို မုန့်လုပ်ကျွေးမလို့ ညတည်းက အားလုံးအဆင်

သင့် လုပ်ထားတာ”

အမှတ်တမဲ့ ဖြတ်ဆင်းကျသွားသည့် ဝန်းပါးပြင်ထက်က မျက်ရည်တွေကို ကိုကိုက စိုက်ကြည့်ပြီး မျက်မှောင်ကုတ်သွား၏။

ဝန်း မျက်ရည်ကို ကပျာကယာ သုတ်ပစ်၍ ကိုကို့မျက်နှာကို ငုံ့ကြည့်မိသည် ။

“ပြန်မယ် နောက်နှစ်ရက်ထိ ငါမလာနိုင်ဘူး မင်း ဘယ်မှ လျှောက်မထွက်ပါနဲ့ ”

ကိုကိုရယ်

ဝန်း မျက်လွှာလေးချ၍ ငိုင်ကျသွားလျှင် သူ စိုက်ခနဲ တစ်ချက်ကြည့်ပြီး မျက်နှာလွှဲလိုက်၏ ။

“မင်းဘွဲ့ယူဖို့ ကိစ္စ ဦးကြွယ်ဝအားလုံး စီစဉ်ပေးလိမ့်မယ်”

“ဟင် . . . ဘယ်လိုကိုကို”

ဝန်း မျက်လုံးလေးဝိုင်းလျက် ကိုကို့ကို ကြည့်မိပြန်သည်။

မျက်မှောင်ကုတ်ထားလျက်နှင့် ကိုကို့မျက်နှာဟာ ဝန်းဘာမှ ထပ်မမေးရဲအောင် တားဆီးပစ်လိုက်သလိုပင် ဒါပေမဲ့။

"ဘွဲ့ယူဖို့ က လိုသေးတာပဲကိုကိုရယ် ခုတည်းက ကိုကို မလာဘူးဆိုတာ သေချာနေလားဟင် ကိုကိုက ဘာဖြစ်လို့ မလာတာလဲ။ ဒါဆို ဝန်းက ဘယ်သူနဲ့ ဓာတ်ပုံရိုက်ရမှာ လဲ ဝန်းဘက်က ..."

ပြော၍ ဝန်းခါးကို မတ်မတ်ပြန်ရပ်လိုက်သည်။

ဘယ်လိုမှ ထိန်းချုပ်မရနိုင်တော့သည့် မျက်ရည်တွေကို ကိုကိုမမြင်အောင် ကားအမိုးနှင့် ကွယ်ပစ်လို၍ ဖြစ်သည်။

ကိုကိုရယ် ကားရယ် ဝန်းနဲ့ ကြားမှာ ရတ်

တရက် တိတ်ဆိတ်ငြိမ်ကျသွားပြီးမှ ကိုကို ကားစက်နှိုးသည် ။

ဘယ်တုန်းကမှ လည်း ပြန်မကြည့်တတ်သော ကိုကိုသည် ဝန်းအပါးမှ ထွက်ခွာသွားပါပြီ။ ရက်စက်လိုက်တာ ကိုကိုရယ်။

ကိုကိုသည် သူ့မဘဝကို ခြွေရံသင်းပင်းနှင့် တစ်ပင်တိုင်မြနန်းလို တစ်ထီးတစ်နန်း ထားခဲ့သည် ။

ပြည့်စုံသာယာအောင် ဖန်တီးပေးခဲ့သည် ။

သို့သော် အားလုံးဟာ တိတ်ဆိတ်စွာပဲ ဖြစ်၏။

ဝန်းကို ကိုကိုခေါ်လာတော့ ဝန်းက ဆယ်နှစ်သမီး။

ဘယ်နေရာတွေမှန်းမသိပေမယ့် ဝန်း နှစ်

နေရာလောက် ပြောင်းနေခဲ့ရပြီးမှ ဒီတိုက်က
လေးကို ရောက်လာခဲ့သည် ။

သူမဘဝမှာ ကြီးကြီးသန်းရယ် လှလှရယ်
အနီးဆုံးမှာ သူတို့ ပဲ ရှိကြသည် ။

ကိုကိုကတော့ ဝန်းဆီကို နေ့တိုင်းရောက်
လာတာရှိသလို တစ်ခါတစ်ခါ တစ်ပတ်လော
က်ကြာမှ ရောက်တတ်တာလည်း ရှိသည် ။

ထိုအခါ သူမကသာ ကိုကို့ကို မျှော်နေရပေ
မယ့် ကိုကိုရောက်လာတိုင်းလည်း ဝန်းကို
အပြစ်ပေးခံရသည် သာ။

"လာခဲ့စမ်း . . . ကျောင်းမှာ မုန့်ထွက်ဝယ်
စားတယ်ဆို"

"စ ၁မေ းပ ွ်မ ၂၁ အဆင့်တွေဘာဖြစ်လို့
ကျသွားတာလဲ"

ဝန်း ဘာလုပ်လုပ် ဘယ်လိုနေနေ ကိုကို

အားလုံးသိနေတတ်ကာ ကိုကိုရောက်လာသည် နှင့် ဝန်း စုပြုံခံရတော့သည် ။

ဘယ်တုန်းကတည်းက ဘယ်လိုစီစဉ်ထားမှန်းမသိသော ရှုပ်ထွေးလုံးခဲနေသည့် ချည်ခင်ထွေးကြီးကို အချိန်ကန့်သတ်ချက်နှင့် ဝန်းကို ရှင်းခိုင်းသည် ။

မပြီးလျှင် အပြစ်တစ်ခုထပ်လုပ်သည် ဟု ပြောကာ အင်္ဂလိပ်စာမီးနင်းတွေ မနိုင်မနင်းပေး၍ မိနစ်ပိုင်း စက္ကန့်ပိုင်းနှင့်အလွတ်ပြန်ခိုင်းတတ်၏။

အဆိုးဝါးဆုံး အပြစ်ဒဏ်သည် ဖိနပ်မပါဘဲ ခြံကိုမနားမနေ ပတ်ပြေးခိုင်းတာ ဘယ်နှပတ်ဆိုသည့် သတ်မှတ်ချက်မရှိ။

ဝန်း လဲကျခွေခေါက်ကာ လုံးဝပြန်မထနိုင်တော့မှ ကြီးကြီးသန်းတို့ ကို တွဲထူခိုင်း၏။ ဘယ်လိုဖြစ်နေနေ ဝန်း ကိုကို့ကို ခင်တွယ်ခဲ့သည်

။

ကိုကို့မျက်နှာကို မြင်နေရလျှင် ကျေနပ်နေခဲ့၏။

ကိုကိုကတော့ . . .

*

# အခန်း(၂)

'နေကမ္ဘာ'ခြံဝင်းကြီး၏ တိုက်ရှေ့ပေါ်တီကို အောက်မှာ ကားသုံးစီးဆင့်ရပ်ထား၏။

အိမ်ရှင်သည် ညီအစ်ကိုသုံးယောက်လုံးပဲဖြစ်ကာ သုံးယောက်လုံး အိမ်မှာ ကပ်သည် ဟူ၍ မရှိကြ။

အမြဲလိုလို အိမ်မှာ နေရသူက အကြီးဆုံးအစ်ကို နေမျက်နှာ၏ ဇနီး မိုးရပ်ဝန်း . . .

ညီအစ်ကိုသုံးယောက် ဧည့်ခန်းမှာ အတူဆုံနေကြစဉ် မိုးက အအေးဖန်ခွက်တွေ တင်ထားသည့် လင်ပန်းကလေးကို ကိုင်လျက် ရောက်လာ၏။

နေမျက်နှာ မကြည်မသာ ဆတ်ခနဲ မော့ကြ
ည့်ကာ

"မင်းကို ဘယ်သူက ခိုင်းလို့ ယူလာတာလဲ
မိုး"

"ဟို . . ."

"တောက် . . . သွားစမ်း"

"ဖျန်း . . . ခွမ်း"

"အို"

လက်ပြန်ခတ်ထုတ်ပစ်လိုက်သည့် အအေး
လင်ပန်းက ဖြောက်ခနဲ လွင့်တက်သွားကာ ဖ
န်ခွက်တို့ ကြမ်းပြင်ပေါ်သို့ အားပြင်းစွာ ပစ်
ဆောင့်ကျ၏။

မိုး ကတုန်ကယင်လေးကြည့်ကာ နောက်
ဆုတ်ရပ်ရှာသည် ။

"သွား မင်းသွားစမ်း နောက်ကို ငါတို့ ညီအ

စ်ကို ရှိနေတဲ့ နေရာကို ဘယ်တော့မှ ထွက်မလာနဲ့ ”

မိုး နှုတ်ခမ်းမှာ လက်ကလေးနှင့်ပိတ်၍ အင့်ခနဲရှိုက်သည် ။

ထို့နောက် နေရာမှ ပြေးထွက်သွားလေသည် ။

“တောက် . . . ဒီမိန်းမယုတ်”

နေမျက်နှာ ဆတ်ခနဲထရပ်လိုက်လျှင် ညီအငယ်ဆုံးက လှမ်းဆွဲလိုက်၏။

“ကိုကြီးပဲ သွားဆိုလို့ သူသွားတာပဲ မလုပ်ပါနဲ့ တော့”

နေမျက်နှာ၏ စူးရဲသော မျက်ဝန်းတွေက သူ့ဆီကူးစက်လာ၏။

“နေခြိရဲ့ မင်းကဘာလဲ”

“ဘာမှ မဟုတ်ပါဘူး . . . . ကိုကြီးတို့ ရဲ့

ညီပါပဲ”

“ဟား . . . ဟား. . .”

အလယ်မှာ ထိုင်နေသည့် နေလွင်ပြင်က မျက်နှာကိုမော့၍ ရယ်ချလိုက်သည် ။ နေမျက်နှာပို၍ တင်းမာသွား၏။

“မင်းက မိန်းမတစ်ယောက်ကို သနားတတ်နေတယ်ပေါ့ ဟုတ်လား နေခြိရဲ ငါ့မိန်းမကို မင်းကသနားနေတာလား”

“မဟုတ်ပါဘူး ကြာကြာဝါးမယ့်သွားအရိုးကြည့်ရှောင်ရတယ်တဲ့ ကိုကြီးတို့ ရဲ့ စီမံကိန်းရေရှည်မတည်တံ့မှာ စိုးလို့ ပါ တစ်ဖက်သား ခံနိုင်ရည်ရှိရုံပေါ့”

“တောက်. . .”

နေမျက်နှာ တက်ခေါက်၍ ဝုန်းခနဲ ဆောင့်ထိုင်သည် ။

“ဟား . . . ဟား . . . ဟား”

နေလွင်ပြင် နောက်တစ်ကြိမ် ထပ်ရယ်၏။

“မင်းက ဘာတွေဒီလောက် အားရနေတာလဲ”

နေမျက်နှာ နေလွင်ပြင်ဘက် လှည့်သွား၏။

“မင်းညီကို မင်းကြည့်ပါလား ဘာပုံစံဖြစ်လာသလဲလို့ ဟား . . . ဟား . . . ဟား”

နေမျက်နှာနှင့် နေလွင်ပြင်က နှစ်နှစ်စီပဲခြားကာ နေခြိရံ ကျတော့ အငယ်ဆုံးဖြစ်သည့်ပြင် နေလွင်ပြင်အောက် လေးနှစ်လောက်ငယ်သည် ။

ထို့ကြောင့် အကြီးနှစ်ယောက်က မင်းနဲ့ ငါ ခေါ်ပြောတတ်ကြပေမယ့် နေခြိရံကတော့ ကိုကြီးကိုလေးဟု ပဲ ခေါ်သည် ။

ကျွန်တော်လို့ ပဲပြော၏။

"ကျွန်တော်က ဘာဖြစ်နေလို့ လဲ"

နေခြိရုံက မျက်မှောင်ကုတ်လျက် မေးဆတ်သည် ။

ပြုံးရယ်နေသည့် နေလွင်ပြင်၏ မျက်ဝန်းတို့ မှာ တစ်စစအေးစက်သော အငွေ့တွေ ယှက်သိုင်းလာခဲ့ရင်း နေခြိရုံကို စူးစိုက်ကြည့်ကာ

.

"မင်း ကောင်မလေးတစ်ယောက်နဲ့ သွားသွားတွေ့နေတယ်ဆိုတဲ့ သတင်း ငါမသိသေးဘူးလို့ များ ထင်နေသလား"

နေခြိရုံ မျက်နှာပျက်သွားသည် ။ သို့သော် ချက်ချင်းပြန်ပြင်၍

"ကျွန်တော့် အလုပ်ကိစ္စနဲ့ ဆက်သွယ်နေတာတွေပါ မရိုးသားတာ ဘာမှ မရှိဘူး"

"ဟွန်း"

နေမျက်နှာ အံကိုတင်းခနဲကြိတ်၏။

"မင်းက ဒီလိုလား နေခြည်ရဲ့"

" မဟုတ်ဘူး "

နေမျက်နှာက ဒေါသတကြီး ပြောတော့မည်ပြင်လျှင် နေလွင်ပြင်က လက်ကာလိုက်ပြီး။

"ထားလိုက်စမ်းပါကွာ . . . ပင်လယ်ပြင်က ကျဉ်းကျဉ်းလေးထင်ပြီး လက်ပစ်ကူးချင်နေတယ်ဆိုရင် ကူးကြည့်ပါစေ . . ."

"မကူးရဘူး ဘယ်မိန်းမကိုမှ မေတ္တာထားဖို့ မလိုဘူး အချစ်ကို ချီသလား ခါးသလား မမြည်းရဘူး . . . ဘာအချစ်လဲ ဘာမိန်းမလဲ နေခြည်ရဲ့ မင်း . . . မင်း . . ."

နေမျက်နှာ ဝုန်းခနဲ ထရပ်သည် ။

"မင်း ငါတို့ မျက်နှာကို ဂရုမစိုက်ရင်တောင် ဖေဖေ့ဒုက္ခကို မမေ့သင့်ဘူး မိန်းမတစ်ယောက်

ကြောင့် မှောင်မိုက်ခဲ့တယ် မိန်းမတစ်ယောက်ကြောင့် ပြာကျခဲ့တယ် ငါတို့ တွေ သုံးယောက်လုံး ဘဝပျက်ခဲ့တာ ဘာကြောင့်လဲ မာနနဲ့ ဖွဲနဲ့ လုံ့လစိုက်ပြီး ငါတို့ မကြိုးစားခဲ့ရင် ဒီဘဝဒီအခြေအနေမျိုး ပြန်ရခဲ့မလား”

မျက်နှာမှ စ၍ ဆံပင်တွေကို ဖွပစ်တဲ့ အထိ စိတ်ရှုပ်ထွေးစွာ မှုန်ကုပ်နေသည့် နေခြိရဲ့မျက်နှာကို နေလွင်ပြင်က မဲ့ပြုံးနှင့် စောင်းကြည့်သည်။

“စက်ပုက ဦးဝင်းရဲ့ သမီးနဲ့ ကိစ္စကော မင်းကတကယ် စီစဉ်မှာ လား”

နေမျက်နှာကို ပြန်လှည့်မေး၏။

“မစီစဉ်လို့ ရမလား ဒါ ဖေဖေ့လက်ထက်ကတည်းက စီစဉ်ခဲ့တဲ့ ကိစ္စ စီးပွားတူအကျိုးတူ ခံစားခွင့်မှာ သားရေးသမီးရေးပါ တွဲပါခဲ့

တာ စပြီးဖောက်ဖျက်တဲ့ ဘက်က ဆုံးမှာ ပဲ ဘာမှ လုံးဝရမှာ မဟုတ်တော့ဘူး သူတို့ ဘက်က သတ်မှတ်တဲ့ ကာလ တစ်ခုမှာ ကိုယ့်ဘက် အဆင်သင့်ဖြစ်ထားရမှာ ပဲ”

“အဲဒါ လုံးဝကို မဖြစ်သင့်တာ”

နေခြိရဲ့ မျက်နှာတင်းမာနေသည်။

တင်းမာနေပြီးသည့် မျက်နှာကို ရဲရဲတင်းတင်း ပြန်ကြည့်၍ ခေါင်းခါလိုက်၏။

“ကျွန်တော်က ရောင်းဝယ်ဖလှယ်လို့ ရတဲ့ ကုန်ပစ္စည်းတစ်ခု မဟုတ်ဘူး ကိုကြီး စီးပွားဥစ္စာဆုံးမှာ စိုးလို့ မိန်းမယူရမယ်ဆိုတာ လုံးဝ အဓိပ္ပာယ်မရှိဘူး ကျွန်တော်မယူနိုင်ဘူး”

“ဘာကွ . . .”

“ဟုတ်တယ်လေ ကိုကြီးတို့ ပြောတော့ ဘယ်မိန်းမကိုမှ အထင်မကြီးရဘူး ချစ်တဲ့ စိတ်

ကို ဘယ်တော့မှ မမွေးမြူရဘူးဆို”

“ဟုတ်တယ် ဒါပေမဲ့ ငါမိန်းမယူထားတယ်လေ မင်းမမြင်ဘူးလား မင်းတို့ အတွက် ငါက ဥပမာမျှော်စင်ကြီးပေါ့”

“ဒါဆို ကိုလေးနဲ့ ပေးစားလိုက်”

သူ့ဘက်လှည့်လာတော့ ကိုလေး ဆတ်ခနဲမတ်သွားသည်။

ကိုကြီးကပဲ ကြားဝင်၍

“လွင်ပြင့်ကို မင်းဘာမှ ထည့်ပြောနေဖို့ မလိုဘူး သူ့အတွက် ဘယ်သူ့ကို ရည်ရွယ်ထားမှန်း မသိဘူးလား”

“မရှိတော့တဲ့ လူကို”

“ဘာလို့ မရှိရမှာ လဲ အဲဒီကောင်မလေးရှိတယ် လုံးဝမသေဘူး ဒါတစ်ယောက်ယောက်လာထုတ်သွားတာ အရှင်းကြီး ‘နေကမ္ဘာ’ခြံထဲ

ကို အဲဒီမိန်းကလေး ရောက်ကိုရောက်လာစေရမယ် မင်းစောင့်ကြည့်စမ်းပါ ဒီညီအစ်မကို မမိသရွေ့ နေကမ္ဘာမှာ မီးငြိမ်းမှာ မဟုတ်ဘူး ။ လွင်ပြင်လည်း အလကားကောင် ဒီမိန်းကလေးကို တွေ့အောင်မရှာနိုင်ဘူး ရှာကွာ . . . မင်းတွေ့လာတယ်ဆိုရင် ငါရှာထားသမျှ ငါ့မှာရှိသမျှ ပိုင်တာတွေအကုန် မင်းကိုလွှဲပေးလိုက်မယ်"

"အဟား မဆိုးပါဘူး"

ကိုလေးက ရယ်သည် ။

ညီအစ်ကိုသုံးယောက်လုံး အတူနေကြပေမယ့် ကိုယ့်စီးပွားနဲ့ ကိုယ်ဖြစ်သည် ။

သုံးယောက်လုံး အောင်မြင်ကြ၏။

အစကဆို ညီအစ်ကိုတွေအားလုံး ဆုံးဖြတ်ကြတာ အတူတူ ကြိုးစားခဲ့ကြတာ အတူတူ။

နောက်ကျတော့ အကြီးနှစ်ယောက်က သတ်သတ်နေခြံရုံက သတ်သတ်။

နေခြံရုံကို သူတို့ က အငယ်ဆုံးမို့ လွှတ်လပ်ခွင့် ပေးထားပေမယ့် နေခြံရုံက သူတို့ ထက်ကြိုးစားသည် ။

သူတို့ ထက်ပို၍ အောင်မြင်၏။

သုံးယောက်ထဲမှာ ဦးဆုံးနာမည်ကျော်လာသည့် နေခြံရုံက သူတို့ ထက်ကြိုးစားသည် ။

သူတို့ ထက်ပို၍ အောင်မြင်၏။

သုံးယောက်ထဲမှာ ဦးဆုံးနာမည်ကျော်လာသည် က နေခြံရုံပဲ ဖြစ်၏။

"မင်းကွာ သုံးထပ်အဆောက်အအုံကြီး ယူထားပြီး အောက်ထပ်တစ်ခုလုံးမှာ လည်း ဆံပင်အလှပြင်ခန်းတွေ မော်ဒယ်ထရိန်နင်ရှိုးစ်တွေနဲ့ အင်တာနက်စင်တာက ထားပါတော့ အ

ပေါ်ထပ်တွေမှာ လည်း အလုပ်ကုန်တွေ အမျိုးသမီးပစ္စည်း အမျိုးသားပစ္စည်းတွေနဲ့ မင်းအလုပ်က မိန်းမတွေနဲ့ လုံးထွေးလို့ ပါလား”

“ခေတ်ရေစီးကြောင်းက ဒီတိုင်းသယ်သွားတာပဲ စီးပွားရေးလုပ်တဲ့ နေရာမှာ ကိုယ့်အကြိုက် ကိုယ့်သဘောနဲ့ ဆုံးဖြတ်လို့ မရဘူး အများကြိုက်ရမယ် အချိန်အခါထဲကို ဝင်ဆံ့ဖို့ လိုတယ် ဒါကျွန်တော့်ရဲ့ လွတ်လပ်စွာ ကြိုးစားဖန်တီးမှုပါ ကိုကြီးတို့ မဝေဖန်ပါနဲ့ ”

နေခြိရံက စေ့စပ်သည် ။

သူ တစ်ချက်မှ ပြန်ကြည့်ဖို့ မလိုအောင် စိတ်ချရသည့် လူယုံတွေ ရှိသည် ။

အလုပ်သမားဝန်ထမ်းတွေ ရာပေါင်းများစွာကို စနစ်တကျ အုပ်ချုပ်နိုင်သည် ။

ဘာပဲဖြစ်ဖြစ် သူတို့ မျက်လုံးထဲမှာ တော့ နေခြိရံက ညီငယ်လေးပဲ ဖြစ်၏။

နေမျက်နှာ ဆိုဖာနောက်သို့ လျှောက်သွားရင်း ကြမ်းပေါ်မှာ ပြန့်ကျဲပေပွနေသည့် အအေးများ နှင့် ဖန်ခွက်အကွဲစတို့ ကို ငုံ့စိုက်ကြည့်သည် ။

ခြေနင်းစရာ မကျန်အောင် များ ပြားစွာပြန့်ကျဲနေသည့် ဖန်ကွဲစများကြောင့် ခြေလှမ်းကို ရှေ့မဆက်ဖြစ်တော့။

သို့သော် မျက်ဝန်းတို့ ဆီမှာ စိတ်မရှိခဲ့သည့် အတွက် ခြေဖဝါးထဲမှာ နင့်ခနဲ စူးဝင်သွားသည် ။

သူခဏ ငြိမ်နေပြီးမှ ခြေထောက်ကို ပြန်ရုပ်လိုက်လျှင် ကြမ်းပြင်မှာ သွေးစတွေ စွန်းထင်ကျန်ခဲ့၏။

နေမျက်နှာ၏ မျက်ဝန်းတွေ စူးစူးရဲရဲ ဖြစ်သွားသည် ။

အံကိုတင်းခနဲကြိတ်၍ နောက်ဘက်မှာ နှစ်

ဖက်ဆုပ်ယှက်ထားသည့် လက်တို့ က ပို၍ တင်းကျပ်သွား၏။

သူ့မျက်ဝန်းထဲမှာ မိုးရပ်ဝန်း၏ မျက်နှာကို မြင်လေသည် ။

ဖန်ကွဲစများ နှင့်ဆက်စပ်ကာ မိန်းမကပေးသော ဒုက္ခတွေကို ဆက်စပ်ဖြစ်သွားသည် ။

ထိုမှ ဆက်ပြီး ခေါင်းမာတတ်လွန်းသည့် နေခြိရံကို မကျေနပ်စိတ်တို့ အဟုန်ပြင်းလာခဲ့၏။

"မိန်းမတွေ ဘာကောင်းကျိုးပေးတာရှိလဲ မင်းက အခု ဘယ်မိန်းမနဲ့ တွဲနေတာလဲ ငါတို့ပေးစားတဲ့ မိန်းမကိုလုံးဝ မယူနိုင်ဘူးဆိုတာက ဒီမိန်းမကြောင့်လား နေခြိရံ မင်းယောက်ျားပီပီ စကားကို ရှင်းရှင်းပြော ရဲရဲတင်းတင်း ဝန်ခံစမ်းကွာ"

ရုတ်တရက်ကြီး အစကနေ ပြန်ကောက်

လာသည့် ကိုကြီးကို နေခြိရံ အံ့သြသွားသလို မော့ကြည့်သည် ။

သူ့မျက်နှာမှာ ပကတိအတိုင်းသာဖြစ်ကာ ကြောက်ရွံ့ရောင်ဖယ်လိုတာမျိုး ဘာမှ ရှိမနေ။

ကိုကြီးနဲ့ သူ မျက်လုံးချင်း ကြာရှည်စွာ ဆုံစည်းမိကြ၏။

"ဘာလဲ မင်း မဖြေရဲတော့ဘူးလား"

"မဖြေရဲစရာ မရှိပါဘူး ကျွန်တော်မဟုတ်တာ ဘာမှ မလုပ်ခဲ့ဘူး"

"နေခြိရံ"

ဒေါသအကြီးဆုံးဘွဲ့ကို ညီအစ်ကိုသုံးယောက်ထဲမှာ ဆွတ်ခူးထားနိုင်သည့် နေမျက်နှာသည် အသံမပြည်နိုင်သည့် ဆိုဖာကျောမှီကို လက်သီးဆုပ်၍ တအားထုချပစ်လိုက်၏။

"မင်းကို ရိုးသားလား မရိုးသားဘူးလား ကျ

မ်းကျိန်ခိုင်းနေတာ မဟုတ်ဘူး မင်းရှုပ်ထား တာတွေကို ရှင်းခိုင်းနေတာ ဘယ်မိန်းမကို ဘ ယ်လောက်ထိ နေရာပေးထားသလဲ မေးနေ တာ”

“ဘယ်မိန်းမနဲ့ မှ ဘာမှ မဖြစ်ဘူး”

“သေချာတယ်ပေါ့”

နေခြိရုံက နှုတ်ခမ်းမဲ့ခြင်းကို မြင်သာအောင် မပြဘဲ ခပ်ဖိဖိစေ့ပိတ်လိုက်ရုံမျှနှင့် မျက်နှာ လွှဲပစ်သည် ။

“လွှင်ပြင်”

နေမျက်နှာက နေလွှင်ပြင်ကို လှမ်းကြည့်၍

“သူပြောတာ မင်းကြားလား”

“ကြားတယ်”

“မင်း အခုတစ်ယောက်တည်းကို မရှာနဲ့ တော့ ဟိုကောင်မလေးကိုလည်း ရှာ သူဘာမှ

မဆိုင်ပါဘူးဆိုတဲ့ မင်းကြားထားတဲ့ တစ်ယောက်ကိုလည်း ရှာ”

“တွေ့တော့ဘာလုပ်ရမှာ လဲ”

“မင်းယူလိုက်”

“ဒါဆို နှစ်ယောက်တောင် ရမှာ ပေါ့”

ညီအစ်ကိုနှစ်ယောက်လုံး နေခြိရဲ့ မျက်နှာပေါ်က အပြောင်းအလဲကို မလွတ်တမ်း ကြည့်ရှုအကဲခတ်ရင်း အပြင်းထန်ဆုံးစကားလုံးများနှင့် ထိုးနှက်နေကြ၏။

နေခြိရဲက ဂရုမစိုက်ပါ။

သို့သော် ပန်းသီးပန်းကန်ပြားဆီသို့ လှမ်းလိုက်သောလက်သည် လှပစွာ စီ၍ တင်ထားသည့် ပန်းသီးတစ်လုံးအား ထိခတ်မိသွားသည်။

ပန်းသီးသည် အပေါ်ကဆင့်ထားသည့် အ

ပေါင်းအပါများကိုပါ အတွဲလိုက် ဆွဲချကာ မြူး ထူးစွာ ခုန်ပေါက်ဆင်းချသွားခဲ့၏။

ထိုအခါကျမှ နေခြီရံ မျက်နှာကွက်ခနဲ ပျက် ၏။

"အဟွန်း"

နေမျက်နှာ၏ နှုတ်ခမ်းပါးတို့ အကျည်းတ န်စွာ မဲ့ကျသွားသည် ။

နေလွင်ပြင်က ပန်းသီးတွေကို လိုက်ကြည့်ပြီး ပခုံးတစ်ချက် တွန့်သည် ။

နေခြီရံသည် လှုပ်ရှားသွားသည့် အတွင်းစိ တ်သဏ္ဍာန်အား မျက်ဝန်းနှင့်မျက်နှာပြင်မှာ မ ပေါ်အောင် ထိန်းချုပ်နိုင်ခဲ့သော်ငြား။

နေခြီရံက စားပွဲပေါ်မှာ ချထားသည့် ကား သော့ကို အသံမြည်အောင် ကောက်ယူလိုက်ပြီး ခပ်ဖြည်းဖြည်း ထရပ်သည် ။

"ကိုယ်လုပ်လို့ ရတဲ့ အပိုင်း ကိုယ်လုပ်ကြေး ပေါ့ ကိုကြီးတို့ ဘာလုပ်လုပ် ဘာပြောပြော ကျွ န်တော်ဂရုမစိုက်ဘူး ကျွန်တော့်ကိုလည်း အမိ န့်တွေထပ်ပေးဖို့ မကြိုးစားပါနဲ့ "

"နေခြိရံ"

နေမျက်နှာသည် ခြေလှမ်းပြင်လိုက်သည့် သူ့ရှေ့သို့ချက်ချင်းရောက်လာ၏။

"မင်းလုပ်ချင်တာ လုပ်ခွင့်မရဘူး 'နေကမ္ဘာ 'မှာ ရည်ရွယ်ချက်တွေရှိသေးတယ် ဒါတွေ ဆုံး ခန်းမတိုင်မချင်း သေတာတောင် အဲဒီ ဝိညာဉ် ကို အလွတ်မပေးနိုင်ဘူး ငါတို့ လုပ်ရမယ့်တာ ဝန်တွေ မကျေပြွန်ဘဲ မင်းပဲဖြစ်ဖြစ် ငါတို့ ပဲဖြ စ်ဖြစ် သေသွားခဲ့ရင်တောင် တမလွန်ကနေ ' နေကမ္ဘာ'ရဲ့ တာဝန်ကို ထမ်းဆောင်နေရမှာ ပဲ "

နေခြိရံ ခြေတစ်လှမ်းပြန်ဆုတ်သည် ။

ကိုကြီးကိုကွေ့၍ ဘေးကနေ ရှောင်ထွက်ခဲ့၏။

ကိုကြီး၏ တက်ခေါက်သံကြောင့် သူ့မျက်နှာကြီး မှုန်ကုပ်နေခဲ့သည် ။

*

## အခန်း(၃)

'နေကမ္ဘာ'ခြံဝင်းကြီးထဲမှ ကြီးမားခံ့ညားလှသော ခေတ်မီလှပသည့် နှစ်ထပ်တိုက် အဆောက်အအုံကြီးကို သူဌေးကြီး ဦးနေရှိန်ပိုင်ဆိုင်သည်။

သူသည် မိဘတွေ စီစဉ်ပေးခဲ့သဖြင့် လက်ထပ်ခဲ့ရသော ဇနီးခင်ဘုန်းနွေကို အလွန်မြတ်နိုးခဲ့သည်။

ရွှေရုပ်လေးတစ်ရုပ်လို ချမထားရက် မြှုမထားရက် ယုယမြတ်နိုးနေခဲ့သလိုမျိုး ဖြစ်သည်။

ခင်ဘုန်းနွေကလည်း ရွှေအဆင်းကဲ့သို့ လှ

၏။

သို့သော် သူမသည် ဦးနေရှိန်၏ အရှိန်အဝါကြောင့် မိဘတို့ ကို ငဲ့ကာ မလွဲသာဘဲ လက်ထပ်ခဲ့ရသည့်တိုင် အနည်းငယ်မျှပင် ကြည်ဖြူနှစ်သက်ခဲ့ခြင်းမရှိ။

သားနှစ်ယောက်မွေးဖွားပြီးသည့်အချိန်မှာ အဆင်မပြေမှုတွေက ထိန်းချုပ်မရအောင် ဖြစ်လာသည် ။

"ကျွန်မက မိဘတွေဆန္ဒကို မလွန်ဆန်နိုင်ခဲ့လို့ ရှင့်ကို လက်ထပ်ခဲ့ရတာ ကျွန်မရဲ့ ဘဝ ကျွန်မရဲ့ အလှအပ အားလုံးကို မချစ်မနှစ်သက်ဘဲ ဖျက်ဆီးခံခဲ့ရတာ"

"ဘယ်တော့မှ မမေးနဲ့ မချစ်ဘူး . . ."

"ရှင်က ကျွန်မရဲ့ အလှကို မက်မောခဲ့တာ မဟုတ်လား ယူပေါ့ အချစ်ကို မျှော်လင့်မနေစမ်းပါနဲ့ "

ခင်ဘုန်းနွေက ပြတ်သည် ။ အပြောရက်စက်သည် ။

"နွေရယ် အစ်ကိုကြီး မင်းကိုချစ်တာ ဇနီးလိုရော ညီမအစ်မလိုရော မင်းဆိုးနေရင်တောင် ကိုယ့်ရဲ့ သမီးလေးလို ယုယမြတ်နိုးကြည်ဖြူ ခွင့်လွှတ်ရင်းနဲ့ ချစ်မယ့်သူပါ"

ဦးနေရှိန် ဘယ်လိုပဲခယ စည်းရုံးပေမယ့် မအောင်မြင်။

ထိုအချိန်မှာ နေမျက်နှာတို့ ညီအစ်ကိုကျောင်းသားလေးတွေ ဖြစ်နေကြပြီမို့ ထိခိုက်ခံစားနေရရှာသည့် ဖခင်ဖြစ်သူ၏ သောကကို အားလုံးသိနေခဲ့၏။

ခင်ဘုန်းနွေသည် မည်မျှအမုန်းမျက်မာန်ကြီးခဲ့သလဲဆိုလျှင် သားနှစ်ယောက်ကိုပါ မကြင်နာ။

နောက်ထပ်ကိုယ်ဝန်ရှိတော့ ဘယ်လိုမှ သ

ည်းမခံနိုင်တော့ကြောင်း ပေါက်ကွဲခဲ့သည် ။

ဦးနေရှိန်နှင့် အကြီးအကျယ် စကားများ ခဲ့သည် ။

ထုံးစံအတိုင်း ဦးနေရှိန်သည် ခင်ဘုန်းနွေ၏ သဘောကျဖြစ်စေခဲ့ရ၏။

ဤကလေးကို မွေးဖွားပြီးသည် နှင့် ကွာရှင်းပေးပါမည်ဟု ။

ထိုအချိန်မှ စ၍ ဦးနေရှိန် အရက်တွေသောက်လာခဲ့သည် ။

လျှမ်းလျှမ်းတောက် အောင်မြင်နေခဲ့သည့် စီးပွားရေးတို့ ကိုလည်း လှည့်မကြည့်တော့ဘဲ သားတွေကို တစ်ဖက်တစ်ချက်ပွေ့ကာ အရက်ကိုလက်ကမချ။

မူးနေပေမယ့် သားကို ပခုံးပေါ် ထမ်းလျှောက်ရင်း သိပ်ခဲ့သည် ။ အာလေးလျှာလေးနဲ့

ပုံပြောနိုင်ရှာသည်။

"ဟိုးရှေးရှေးတုန်းကကွာ သိပ်ချောသိပ်လှတဲ့ မင်းသမီးလေးတစ်ပါးရှိသတဲ့ ဥပမာ သားတို့ မေမေလိုပေါ့ကွာ"

ဘာပြောပြော မေမေလှတာကို အမြဲထည့်ပြောတတ်သည်။

"ဖေဖေ ဟောလိဝုဒ်က မင်းသမီးတွေ အားလုံးလှလားဟင်"

နိုင်ငံခြားဇာတ်လမ်းတွေ ကြည့်ပြီး နေမျက်နှာက မေးတော့ ဦးနေရှိန်ကရယ်၍ မဲ့မဲ့ရွဲ့ရွဲ့နှင့်

"အလကားကွာ ဟောလိဝုဒ်ရောမြန်မာပြည်မှာ ရော မင်းတို့ မေမေလောက် ချောတာလှတာ ဘယ်မိန်းမမှ မရှိဘူး"

ဦးနေရှိန်က မူးနေနေ ကောင်းနေနေ ခင်

ဘုန်းနွေ၏ အလှကို မမေ့မလျော့ ကိုးကွယ်၏။ မြတ်နိုးတန်ဖိုးထားသည် ။

အရက်နှင့်စိမ်နေရသည့် အသည်းကွဲဝေဒနာကို ကြိတ်ခံရင်း ထိုအလှကိုသာ တမ်းတမြည်တမ်းခဲ့၏။

ညညဆို မေမေ့ကို အိပ်ခန်းဝကနေ သွားချောင်းကြည့်

တိတ်တိတ်လေး ပြန် လာပြီး သားတွေဘေးမှာ ပြန်ခွေအိပ်

အားလုံးကို မကြာခဏ မြင်နေကျလို ဖြစ်လာတော့ ကလေးနှစ်ယောက်၏ ရင်ထဲမှာ သနားကြင်နာခြင်းတို့ ဖြစ်လာသည် ။

အမေနှင့်စိမ်းသက်ကာ အဖေသည် သာ ချစ်ခင်အားကိုးဖွယ်ဖြစ်ခဲ့၏။

ကလေးနှစ်ယောက်၏ နာမည်တွေကို သူမ

စိတ်ကြိုက် 'နေမျက်နှာ' 'နေလွင်ပြင်'ဟု ပေးပြီး လှည့်မကြည့်ဘဲနေသည် က ပူလောင်လို့ ဟု ဆိုသည် ။

ဦးနေရှိန်အပေါ် မုန်းတီးခဲ့သော ခင်ဘုန်းနွေ၏ အုံဖွဲ့မှုက ကြောက်စရာကောင်းလှသည် ။

'နေခြိရံ'ကိုမွေးပြီး ဦးနေရှိန်ပဲ ပုခက်လွှဲရသည် ။

သီချင်းညည်းရသည် ။

ကျောပိုးလွယ်ချောက်ရင်း ချသိပ်လို့ မရ၍ ရင်ဘတ်ပေါ်မှာ မှောက်တင်ကာ သားအဘ ဒရင်းဘက်ပေါ်မှာ အတူအိပ်လိုက်ရသည့် ညပေါင်းကမနည်း။

ဒါတွေကို နေခြိရံ မသိနားမလည်သေးပေမယ့် နေမျက်နှာတို့ သိနေခဲ့၏။

မေမေကလှသည် ။ မချောသော ဖေဖေ့ကို မချစ်ခဲ့။

လှသောမိန်းမတို့ ကို စိမ်းသက်ခဲ့သည့် စိတ်ကူးပုံရိပ်တို့ စတင်စွန်းထင်းခဲ့ခြင်းသည် ဖေဖေ့အပေါ် သနားကြင်နာခဲ့ခြင်းကစကာ အပြစ်မတင်တတ်သေးသော အရွယ်ပေမယ့် အပြစ်တင်၍ မရသော မေမေ့ထံမှာ ဝေ့ဝဲနေခဲ့သည် ။

ဖေဖေချောပါသည် ။ ဒါပေမဲ့ မေမေ့ကိုမမီ။

လူငယ်တွေလိုပဲ နှုပ်ပျိုဖျတ်လတ်သူပါ သို့သော် မေမေ့ထက် ဆယ်နှစ်လောက် ကြီးနေခဲ့၏။

မေမေမုန်းတီးခဲ့သော အကြောင်းများကတော့ ထိုအကြောင်းအရာများ ထက်ပို၍ ပြင်းထန်နေသည် ။

ဖြစ်သင့်တာထက်ပို၍ လွန်ကဲ၏။

နောက်ဆုံး သားသုံးယောက်ရမှ ကွဲကြရှင်းကြ ဖြစ်ရမည့်အရေးကိုတော့ ခင်ဘုန်းနွေ မလုပ်ခဲ့တော့ပါ။

ကိုယ့်ဘဝကို ယူကျုံးမရနိုင်သော သောကများ အမုန်းမီးများ လောင်မြိုက်ကာ နေခြံရုံ နှစ်နှစ်သားလောက်မှာ ပဲ သူမ သေဆုံးသွားခဲ့၏ ။

"ရက်စက်လိုက်တာ နွေရယ် မင်း မင်းကတော့ ပျော်သွားမှာ ပါ ။ အစ်ကိုကြီးမှာ တော့ အသည်းတွေ မီးလောင်ကုန်ပါပြီ"

ဦးနေရှိန် ပျက်စီးခြင်းတို့ စတင်လာသည် ။

"သားကြီးရေ သားငယ်"

"ညီလေးကို ခေါ်ခဲ့ဟော့ ဖေဖေမုန့်တွေ အရုပ်တွေ ဝယ်လာတယ်"

အပြင်က ပြန်လာတိုင်း သားတွေကို လှမ်း

အောင်ခေါ်တတ်သည် ။

ငယ်ငယ်တုန်းကလိုပဲ ပွေ့ဖက်နမ်းရှုပ်ပြီး သားတွေနဲ့ ပဲ အိပ်သည် ။ နှစ်တွေကြာခဲ့ပါသည် ။

နေကမ္ဘာတို့
လူပျိုပေါက်အရွယ်လေးတွေမှာ ဖေဖေ နှောက်ထပ်အိမ်ထောင်ပြုခဲ့သည် ။

ဖခင်ကိုနှမြော ဝမ်းနည်းသော စိတ်များ ဖိစီးခဲ့စဉ် ထိုမိန်းမသည် လည်း အလွန်လှပချောမွေ့နေခဲ့လေရာ မလိုလားခြင်းတို့ က သူတို့ ရင်မှာ အုံ့ဖွဲ့လာခဲ့၏။

ပို၍ ငယ်လွန်း လှလွန်းသော ထိုမိန်းမကို ဖေဖေ ဘာဖြစ်လို့ လက်ထပ်ရဲခဲ့မှန်း ဝေဖန်ပိုင်းခြားနိုင်နေပြီဖြစ်သည့် ဦးနှောက်တို့မှာ အလုပ်ရှုပ်စရာဖြစ်လာသည် ။

ဖေဖေ့အတွက် အန္တရာယ်ကြီးမှန်း ဖခင်၏

စွဲလမ်းတတ်မှုကို သိထားခဲ့သည့် သူတို့ ရင်ထဲမှာ ပူပင်ခဲ့သလောက် ဖေဖေကတော့ ဂရုစိုက်ပုံမရှိ။

ရွှေရုပ်လွှာ ဆိုသည့် ထိုမိန်းမကိုလည်း ဖေဖေ တုန်နေအောင် ချစ်သည် အလိုလိုက်ခဲ့သည် ။

ထုံးစံအတိုင်း ဇနီးချောလေး ရခဲ့ပြီမို့ သားတွေအပေါ် လစ်ဟင်းခဲ့တာတွေ ရှိခဲ့သည် ။

သို့သော်

"အဲဒါ ရှင်ကြီးသက်သက် လူလည်ကျတာ အမွေကို လေးပုံပုံပြီး လွှာကတစ်ပုံပဲရမယ် ဟုတ်လား မကျေနပ်ဘူး လုံးဝမကျေနပ်ဘူး"

တစ်ညမှာ ဆူညံသံတွေ ကြားခဲ့ရ၏။။

ထိုအချိန်တွင် နေမျက်နှာက တက္ကသိုလ်တက်နေပြီဖြစ်သည် ။

"လွှာက ဒီအသက်နဲ့ ဒီအသက်အရွယ်ကို လက်ထပ်ယူခဲ့ရတာ လွှာရဲ့ အလှအပတွေ ရှင်ကြီးကို ပေးလိုက်ရတာ ဘဝကို ပုံခဲ့ရတာ"

ဝါကျတွေထပ်နေအောင် ပြောသမျှ နေမျက်နှာ အံကိုတင်းနေအောင်ကြိတ်၍ နားထောင်နေမိသည် ။

"လွှာမှာ ချစ်သူရှိတယ်သိရဲ့ လား ချစ်သူကို စွန့်လွှတ်ပြီး ဘဝပျက်ခံခဲ့ရတာ ရှင်ကြီးက သူဌေးမို့လို့ လွှာ့ရဲ့ အသိုင်းအဝိုင်းတောင့်တင်းရအောင် လွှာကိုယ်တိုင် ချမ်းသာချင်လို့ အလှနဲ့ ဘဝကို ဆုံးရှုံးခံခဲ့တာ လွှာပြန်ရတော့။ ဒါပဲလား ရပါတယ်။ ပေးလေ ရတာကိုပဲယူမယ်။ ဒါပေမဲ့ ရှင်ကြီးကိုတော့ မပေါင်းနိုင်တော့ဘူး"

မနေချင်သွားပေါ့ နေမျက်နှာ စိတ်ထဲက ကြိမ်းဝါးသည် ။

နေလွင်ပြင်က လက်သီးတပြင်ပြင်နှင့်

ဤမျှ ရက်စက်ရင့်သီးသောစကားတွေကို ပြော၍ ပစ္စည်းမက်မောကြောင်းပဲ အထပ်ထပ်ပြောဆိုရဲတာ

အလှအပကို စည်းစိမ်ဥစ္စာနဲ့ လဲယူခဲ့ကြောင်းတွေ ဟာစ်အော်ပြောဆိုရဲတာ။

"သွားပစေပေါ့ သိပ်မိုက်ရိုင်းတဲ့ မိန်းမကြီး"

နေမျက်နှာ ဖေဖေ့ကို ပြောခဲ့မိသည် ။

"ဖေဖေ့မှာ အသည်းရော နှလုံးရော ဘာတစ်ခုမှ အကောင်းတိုင်း မကျန်တော့ဘူး သားရယ် ဖေဖေ့ကိုခွင့်လွှတ်ပါ ဖေဖေ သည်းခံခွင့်လွှတ်ပါရစေ ဖေဖေ သူ့ကိုအမျိုးမျိုး စည်းရုံးကြည့်ပါရစေ ဖေဖေ့ကို ခွင့်ပြုကြပါ"

ဖေဖေသည် အရက်သောက်ရင်း ငိုခဲ့၏။

စီးပွားရေးလောကမှာ လက်မလှုပ် ခြေမလှုပ်

ဖုန်းတစ်ချက်ကိုင်လိုက်ရုံနှင့် နာမည်လည်း မပျက် စီးပွားလည်း မပျက်အောင် လျှမ်းလျှမ်း တောက် အောင်မြင်ခဲ့သမျှ အချစ်ရေးအိမ် ထောင်ရေးမှာ တော့ ဖေဖေဟာ ကံအဆိုးဆုံး ယောက်ျား ဖြစ်၏။

ဖေဖေ့ကို သနား၍ သူတို့ မကြားသလို မမြ င်သလို နေခဲ့သည် ။

ဒါပေမဲ့ ဖေဖေ့ကိုရွဲ့၍ အချိန်မတော်သွား လာ အပေါင်းအသင်းများ နှင့်ရှုပ်ထွေးပွေလိမ် နေခဲ့သည့် ရွှေရုပ်လွှာကတော့ သူမရမည့်အ မွေကို ရပြီးတာနဲ့ ထွက်ဖို့ ကိုပြင်ဆင်ပြီးသား။

နောက်ဆုံးမှာ နေမျက်နှာ ဖေဖေ့ ဒုက္ခကို မကြည့်ရက်တော့ပါ။

အများ အမြင်မှာ သံပူလုံးဟု သိနေပေမယ့် ရွှေလုံးဟု မြင်ကာ အပူခံ၍ ဆုပ်ကိုင်ထားဖို့ ကြိုးစားနေသည့် ဖေဖေ့အတွက် အားလုံးကို စွ

နှိုးလွှတ်ဖို့ ဆုံးဖြတ်ခဲ့၏။

"ဒီမှာ ခင်ဗျားကို အမွေရဲ့ လေးပုံသုံးပုံပေးမယ် ခင်ဗျား ဖေဖေ့နားမှာ ပဲ တစ်သက်လုံး သစ္စာရှိရှိ ကောင်းကောင်း မွန်မွန်နေသွားပါ့မယ်လို့ ကတိပေးမလား စာချုပ်ချုပ်မလား"

ထိုစဉ်က အလွန်ချစ်တတ်သည်းခံတတ်လွန်းသည့် ဖခင်၏ သဘောထားကို သူတို့ ထည့်မတွက်မိခဲ့။

ရွှေရုပ်လွှာကတော့ ကတိတွေအထပ်ထပ်ပေး စာချုပ်တွေမှာ လက်မှတ်ထိုးခဲ့သည် ။ သို့သော် အမွေတွေကို လက်ဝယ်ပိုင်ပိုင် ဆုပ်မိသောအခါ ထွက်ပြေးပျောက်ကွယ် သွားခဲ့တော့သည် ။

"တောက် မိန်းမယုတ် တွေ့မည်"

နေမျက်နှာ ကြိမ်းဝါးသည် ။

သို့ပေမဲ့ သူတို့ ဘာမှ တုံ့ပြန်ခွင့်မရ။

ဦးနေရှိန်သည် ဇနီးသည် ကိုသာ ရှာခိုင်း၏ ။

သတင်းစာထဲမှာ တစ်လတိတိထည့်၍ ခွင့်လွှတ်စောင့်မျှော်နေကြောင်း ကြော်ငြာသည် ။

ကြော်ငြာရင်း အိပ်ရာထဲ လဲသွားသည် ။

ပထမတစ်ယောက်မှာ အရွယ်ငယ်ကြသေးသော သားတို့ ကို ထိန်းမတ်၍ သူ့ဘဝကို ရပ်တည်နိုင်ခဲ့သေးသည် ။

နောက်တစ်ယောက်မှာ တော့ ခံနိုင်ရည် ကုန်ခန်းခဲ့ပြီထင်သည် ။

ရွှေရုပ်လွှာကို လိုက်ရှာတုံ့ပြန်မှာ စိုးကာ သားတွေကို မျက်စိအောက်ကအပျောက်မခံတော့ဘဲ အသက်သေဆုံးချိန်အထိ

သူ ခွင့်လွှတ်ကြောင်း

အစကတည်းက အသက်အရွယ် ကွာခြားလွန်းတာသိလျက်နှင့် လက်ထပ်ခဲ့မိတာ သူ့အမှားသာဖြစ်ကြောင်း

ဘာဖြစ်ဖြစ် ကိုယ့်အပြစ်ပဲမို့ သားတွေကလည်း
ခွင့်လွှတ်မေ့ပျောက်ပေးလိုက်စေလိုကြောင်း

အထပ်ထပ် တရရမှာ ၍ သေဆုံးသွားခဲ့သည် ။

"မင်းတို့ ခွင့်လွှတ်နိုင်လား"

"လုံးဝ မကျေနပ်ဘူး"

အငယ်နှစ်ယောက်လုံးက
တစ်လေသံတည်းထွက်၏။

နေမျက်နှာ အံကြိတ်၍ ခေါင်းညိတ်သည် ။

သုံးယောက်တိုင်ပင်၍ ဆုံးဖြတ်လိုက်သည်က ဒီမိန်းမကို မတွေ့မချင်း ရှာဖွေ၍ တုံ့ပြန်ရ

## အခန်း(၄)

"ညီက ကိုကြီးကိုပဲကူပေး လွှင်ပြင်မင်းက ဟိုမိန်းမနဲ့ ပတ်သက်တာ အမြန်ဆုံး သတင်းနဲ့ ရဖို့ ကြိုးစား၊ တွေ့ပြီဆို မင်းဘာမှ မလုပ်နဲ့ ငါ့ကိုအကြောင်းကြား ငါ့ဟာငါကြည့်ရှင်းသွားမယ်"

ညီအစ်ကိုသုံးယောက် တာဝန်ခွဲသည် ။

ဖေဖေ ဘယ်လိုပဲမှာ မှာ ဖေဖေ့လိုတော့ သူတို့ ဘယ်လိုမှ ခွင့်မလွှတ်နိုင်။

ရွှေရုပ်လွှာဆိုသော မိန်းမကို လက်တုံ့ပြန်နိုင်ဖို့ သည် သာ သူတို့ ဘဝအားလုံး၏ အနာဂတ်လို ဖြစ်လာသည် ။

ဒါသာအဓိက ဒါ့ထက်အရေးကြီးတာ ဘာမှ မရှိ။

ဘယ်လိုစီရင်မည် ဘယ်လိုတုံ့ပြန်မည်ဆို တာ လူကိုတွေ့မှ အခြေအနေအရ ဆုံးဖြတ်ကြ ဖို့ သဘောတူကြ၏။

ထိုထဲမှာ နေမျက်နှာကပဲ ခေါင်းဆောင်

"နောက်ဆုံး ဒီမိန်းမကို မြင်လိုက်ရလို့ စိတ် မထိန်းနိုင်ဖြစ်လာရင်တောင် မင်းတို့ လုံးဝ လူ ပ်ရှားဖို့ မလိုဘူး ငါကိုယ်တိုင် နုပ်နုပ်စဉ်းပစ်ခဲ့ပြီး ကြိုးစင်တက်သွားမယ်"

အငြိုးတေးက ဤမျှထိပြင်းထန်ခဲ့သည် ။

လက်ထဲမှာ ကျန်ခဲ့သည့် အရင်းအနှီးလေး နှင့် နေမျက်နှာက ရှုပ်ရှုပ်ချုံချုံ ကြိုးစားဖန်တီး သည်

နေလွင်ပြင်က ခရီးထွက်ရင်း ပြန်လာရင်း

နှင့် အနီးမှာ ရှာ အဝေးကိုသွား. . .

နေခြိရုံသည် အစ်ကိုဖြစ်သူတွေကို အကြံ ဉာဏ် ပေးတာလည်း မရှိ။

ဘာဖြစ်တယ် ညာဖြစ်တယ် မဝေဖန်။

သုံးယောက်ထဲမှာ အချိန်မရွေး နှုတ်ဆိတ် နေတတ်သူ ဖြစ်၏။

ကြိတ်မှိတ်ခံစားနေခြင်းဟု အကြီးနှစ် ယောက်က ကောက်ချက်ချကာ အငယ်ဆုံးမို့ ဦးစားပေးထားသည် ။

သူတို့ စီမံကိန်းထဲမှာ နေခြိရုံကို ဘာမှ ထ ည့်မခိုင်းသေး . . .

နေခြိရုံကလည်း နေမျက်နှာနှင့်အတူ စီးပွားရေးလုပ်ငန်းထဲ ဝင်လိုက်ရပြီဆိုကတည်းက ထားသလိုနေသ ည် မဟုတ်။

နိုက်နိုက်ချွတ်ချွတ်လေ့လာသည် ။ စူးစမ်းသည် ။

တချို့အစည်းအဝေးတွေမှာ သူ့သဘောသူ့အကြံဉာဏ်တွေကို တင်ပြနိုင်လာသည် ။

နေမျက်နှာ သဘောတွေ ကျနေခဲ့၏။

ရွှေရုပ်လွှာကို ရှာဖွေရေးအစီအစဉ်ကတော့ လိုက်လေဝေးလေ ဖြစ်ခဲ့သည် ။ နှစ်တွေသာကြာသွားသည် မတွေ့ခဲ့။

ဒေါ်သကြီး လက်ပန်းကျလျက် နေလွင်ပြင်ထံမှ ပြန်ရောက်လာသည့် သတင်းကတော့ ရွှေရုပ်လွှာဟာ နဂိုကတည်းက ကလေးအမေ တစ်ခုလပ် ဖြစ်နေသည် တဲ့ ။

"လုံးဝကိုသေချာသိခဲ့တာ သူ့မှာ သမီးတစ်ယောက်ရှိတယ်တဲ့ အရမ်းဆင်းရဲလွန်းလို့ ကလေးကို ချောင်ထိုးထားပြီး စ ၁းသေ ၁က ်ဆ ိုင ်မ ု၁ သီချင်းဆိုလိုက်

ကုမ္ပဏီမှာ လို ဘာလိုလို ဒီလိုပဲ သွားလာလုပ်ကိုင်ရင်း ဝမ်းကျောင်းရတာတဲ့ သူ့အိမ်လေးလည်း တွေ့ခဲ့တယ်"

"ဘယ်မှာ လဲ"

"သာယာကုန်းရွာထဲမှာ ဒီကသွားရင်ပဲခူးမရောက်ခင် ငါ့မှာ အချိန်တွေ နှစ်တွေကြာအောင် ခြေဆန့်နေလိုက်ရတာ အစကတည်းက နီးနီးနားနားမှာ ပိုက်စိပ်တိုက်ရှာလိုက်ရင် ချက်ချင်းမိမှာ "

"ခုကော"

"ဖေဖေနဲ့ လက်ထပ်တာဖြစ်မှာ ပေါ့ သူဌေးကြီးတစ်ယောက်နဲ့ လက်ထပ်သွားတယ် ကြားပြီး ပျောက်သွားတယ်တဲ့ ကလေးကိုတော့ ရွာမှာ ပဲ သူ့အဒေါ်ဆိုတဲ့ တစ်ယောက်က စောင့်ရှောက်ထားတယ်တဲ့ ကျောင်းစရိတ်စားစရိတ်တော့ ပို့ပို့ပေးတယ်ပြောတာပဲ နောက်

တော့ သူကိုယ်တိုင်ရောက် လာပြီး သူ့သမီးကို ခေါ်ထုတ်သွားလိုက်တာ ခုချိန်ထိ လုံးဝပေါ်မ လာတော့ဘူးတဲ့ "

သူတို့ မှာ ကြိတ်မနိုင်ခဲမရနှင့် သတင်းနောက်လိုက်ရင်း အချိန်တွေသာကြာသွားခဲ့၏။

နေမျက်နှာသည် လည်း အောင်မြင် လာလေ . . . လူမုန်းများ လေ

နေမျက်နှာနှင့်နေခြဲရဲ့ ညီအစ်ကိုနှစ်ယောက်၏ နာမည်က လူငယ်တွေပေမယ့် ကျော်ကြားမှုကမြန်သည် ။

နေမျက်နှာသည် အဝေးပြေးကားတွေ ထောင်သည် ။

ကိုယ်တိုင်ပွဲရုံကြီးတွေ ထူထောင်ထားသည် မို့ ကုန်တင်ကားကြီးတွေလည်း ထားကာ ကိုယ့်ပွဲရုံအတွက် ပစ္စည်းကို ကိုယ့်ကားနဲ့ ကိုယ်သယ်သည် ။

ပစ္စည်းကြိုများ လျှင် နေခြိရုံကိုယ်တိုင် လိုက်ရတာမျိုးလည်း ရှိ၏။

"ဒီတစ်ခေါက် ပစ္စည်းတွေများ မယညီ မင်းကိုယ်တိုင်သွားကြိုမှ ဖြစ်မယ်"

"ရှမ်းပြည်နယ်ဘက်ကို ကျွန်တော်မသွားချင်ပါဘူး"

"မင်းသွားမှ ဖြစ်မှာ ငါ့ကို ဘတိုးတို့ လူစုကဟိုကိစ္စ နားပူအောင် ပြောနေကြတာ မဖြစ်နိုင်တာကို ငါဘယ်လိုလုပ် လိုက်လျောမလဲ"

ဒါကို နေခြိရုံလည်း သိသည်။

ဘတိုးတို့ ကလည်း ပွဲရုံလုပ်ငန်းပဲဖြစ်သည်
။

ဒါပေမဲ့ ဒါကိုအကြောင်းပြကာ ဥပဒေနှင့်မလွတ်ကင်းသော ရောင်းဝယ်မှုတွေပါ ခိုးဝှက်လုပ်နေကြတာဖြစ်သည်။

"ဟိုတစ်ခေါက် တိုင်းကျော်လုပ်ပစ်လိုက်လို့ ရဲကရိပ်မိပြီး ငါတို့ တော်တော် ကျပ်သွားတယ် နေမျက်နှာရာ ဒီတစ်ခေါက် မင်းကူညီပါ မင်းမှာ ကားတွေဒီလောက်အများကြီး ဘယ်ကားမှာ ဘာပါတယ်ဆိုတာ ရုတ်တရက်သိမှာမဟုတ်ပါဘူး ပြီးတော့ မင်းမှာ ဘာနာမည်ပျက်မှ မရှိခဲ့ဘူးဆိုတော့ အစစ်အဆေးက လွတ်မှာ ပါ"

ဘတိုးက အစက ချဉ်းကပ်ရုံ။

နောက်တော့ ခြိမ်းခြောက်လာသည် ။

နေမျက်နှာကလည်း ခေါင်းမာသည် ။ ဘာတွေပဲမက်လုံးပေးပေး လက်မခံဘဲနေ၏။

လူငယ်တစ်ယောက်၏ ဘဝကို အညွန့်ကျိုးမခံနိုင်ပါ။

သူမှ စ၍ အညွန့်ကျိုးခဲ့လျှင် ညီငယ်နှစ်ယောက် ရှိသေးသည် ။

ဒီတစ်ခေါက်တည်းပဲဆိုပြီး ကူညီခဲ့လျှင် လွတ်သွားနိုင်သည် ကို သိသည် ။

သူတို့ ကလည်း ကျေးဇူးတင်တာရောလက်တွဲဖို့ ပါ စည်းရုံးကြိုးစားလာတာ ငွေကိုပုံအောပေးလာလိမ့်မည်။

ပုထုဇဉ်၏ သဘာဝကို သူကြောက်သည် ။

ကိုယ့်စိတ်ကို နိုင်ဖို့ ကမသေချာ ညီငယ်တွေက ငွေရလွယ်တာကို သဘောကျသွားလျှင် ခက်ပြီ။

အကြောင်းကြောင်းကို သူအများကြီး စဉ်းစားကာ ဒီကောင်တွေ ခြိမ်းခြောက်တာကို ဂရုမစိုက်ဘဲ နေခဲ့၏။

"ဒီတစ်ခေါက်က ငါ့ညီလေးကိုလွှဲလိုက်မှာလုံးဝစိတ်မချဘူး သူလည်း လက်ခံမှာ မဟုတ်ဘူး "

နောက်ဆုံးပိတ်ပြောပြီး သူလုံးဝထပ်ဆွေးနွေး မခံဘဲ နေခဲ့သည် ။

နေခြိရံကိုတော့ သေချာပြောပြပြီးသား။

"အဲဒီကိစ္စက ကိုကြီးအားနာနေတာကိုး အပြတ်ပြောလိုက်ရင် စကားတစ်လုံးနဲ့ ပြီးတယ်"

လူငယ်ပီပီ နေခြိရံက ထိုစဉ်ကဆို စကားပြောနည်းသလောက် ပြောလိုက်တိုင်း ဘာတစ်ခုမှ ချေချေငံငံ မရှိခဲ့။

"ပြောချင်တိုင်း ပြောလို့ မရတဲ့ လူမှုရေး စီးပွားရေး ဆက်နွယ်မှုတွေရှိနေလို့ ပေါ့ညီရာ ညီကငယ်ပါသေးတယ် ကိုကြီးပြောတာကိုသာလုပ် ကိုကြီးခိုင်းသလို တိကျပစေ"

နေခြိရံက မာနကြီးသည် ။

ကိုကြီးခိုင်းတာကိုသာလုပ်ဆိုသော စကား

တစ်ခွန်းအား ရင်ထဲမှာ နာကျင်စွာ သိမ်းဆည်းထားလိုက်၏။

သူသည် ထိုအချိန်မှ စ၍ အမူအရာတွေ ပို၍ သိသာလာခဲ့သည် ။

"ကိုကြီး ဒီတစ်ခေါက် ကျွန်တော် ရှမ်းပြည်ဘက်က ဆင်းလာရင် ကျွန်တော် သတ်သတ်ခွဲတော့မယ်"

ဟု လည်း ပြောလာခဲ့၏။

နေမျက်နှာပြီး၍ လုပ်ပေါ့ကွာဟု ခွင့်ပြုခဲ့သေးသည် ။

သို့သော် ထိုအခေါက်မှာ နေခြိမ်ရဲ့ချောမောစွာ ပြန်မလာနိုင်ခဲ့တော့ပါ။

*

# အခန်း(၅)

ပတ်ဝန်းကျင်က ဘယ်ကိုကြည့်ကြည့် တောရိပ်တောင်ရိပ်တို့ ဖြင့် စိမ်းလန်းသော ကော်ဇောပြင်ကြီးတစ်ခု ဖြန့်ခင်းထားသလို မို့ မောက်ချိုင့်ခွက်နေသည် မှ လွဲ၍ အားလုံးတစ် ရောင်တည်း။

ရှေ့မှာ ကုန်အပြည့်နှင့် ကားနှစ်စီးသွားနေ သည် ။

သူ ခဲပုပ်ရောင် အမိုးပွင့်ဂျစ်ကားလေးနှင့် နောက်ကအသာလိုက်ခဲ့၏။

ရှမ်းပြည်နယ်၏ အလှအပတို့ ကို တစ်ချက် တစ်ချက် ဝေ့ကြည့်ဖြစ်ပေမယ့် သူ့စိတ်တို့ က

ရှေ့ဆက်ဖို့ ရည်ရွယ်ထားခဲ့သည့် ခြေလှမ်းများဆီမှာ စီးမျောနေခဲ့သည် ။

ထိုစဉ် ကားလေးက ကုန်းဆင်းအတိုင်း အသာလေး လိမ့်လာခဲ့စဉ် ရှေ့ကကုန်ကားနှစ်စီးက လက်ျာကွေ့သို့ ချိုးကွေ့သွားပြီဖြစ်ရာ သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့၏။

နေရာသည် မြို့နှင့်အလှမ်းမကွာလှသေးပေမယ့် လူနေအိမ်ခြေမရှိတော့။

နေခြ်ရံ ရှေ့ကားတွေကို အမီလိုက်ရန် အရှိန်မြှင့်လိုက်စဉ် သူ့ရှေ့မှာ ပိတ်ရပ်နေသည့် ကားတစ်စီးကြောင့် ရှေ့ဆက်၍ မရတော့ဘဲ ကားကိုရပ်ပစ်လိုက်ရ၏။

သူ့ကားရပ်သည် နှင့် ရှေ့မှာ ရပ်နေသည့် ကားပေါ်မှ ကုတ်အင်္ကျီအနက်တွေ တူညီဝတ်ထားကြသော လူသုံးယောက် ဆင်းလာကြသည် ။

ဘောင်းဘီရှည်အနက် ကုတ်အင်္ကျီအနက်တို့ ဖြင့် လူသုံးယောက်သည် တစ်ယောက်တည်း သုံးကိုယ်ခွဲထားသလို တစ်ရုပ်တည်းတစ်ရွှယ်တည်းဖြစ်လျက် သူတစ်ခါမှ မမြင်ဘူး မသိဘူးခဲ့တာလည်း သေချာနေ၏။

သူကားပေါ်က မဆင်းဘဲ မှန်တစ်ဝက် ချလိုက်သည်။

နှစ်ယောက်သည် သူ့ကား၏ တစ်ဖက်တစ်ချက်မှာ ခွဲရပ်လိုက်ကြပြီး တစ်ယောက်ကကားနောက်ထိ ရောက်သွားသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"အဟွန်း"

သူနှင့်အနီးဆုံးမှာ ရပ်သူသည် ထူအမ်းအမ်း နှုတ်ခမ်းကြီးကို တွန့်မဲ့ကာ ဘောင်းဘီအိတ်နှစ်ဖက်ထဲ ထည့်ထားသည့် လက်တို့ ကိုလည်း မထုတ်ဘဲ

"မင်းကမသိပေမယ့် ကိုယ်တို့ ကသိနေတယ်လေ...ဟဲ ဟဲ"

သူ အန္တရာယ်၏ အငွေ့အသက်ကို ခံစားလိုက်မိသည် ။

ဒါပေမဲ့ မမြင်ရသည့် လက်နက်က ဘယ်က ဘယ်လို တိုးထွက်လာမည်မှန်းမသိ။

သူ ဘယ်အရပ်မျက်နှာကို သတိထားကြည့်ရမည် ချိန်ဆမရ။

မျက်နှာပေါက်ဆိုးလှသော ထိုသူတို့ ၏ အပြုံးကတော့ ကြက်သီးထဖွယ် ဖြစ်၏။

"နေခြံရုံဆိုတာ နာမည်ကြီးပဲကွ ဟွန်း ကြည့်လိုက်တော့ ကြက်ပေါက်စလေးပါလား ဟား ဟား ဟား"

အားလုံးဝိုင်းရယ်ကြသည် ။

သူ့နားကလူက ကားကိုခပ်ဆတ်ဆတ် ကန်

ထည့်လိုက်၏။

"ဟိတ်လူ . . ."

နေခြိရံ ဒေါသထောင်းခနဲ ဖြစ်သွားသည် ။

ကားပေါ်က ဆင်းရန်လက်က တံခါးဆီဖျ တ်ခနဲ ရောက်သွားလျှင် ထိုသူကပဲ ကားတံခါး ကို ခြေတစ်ဖက်နှင့် လှမ်းကန်ထားလိုက်ပြီး

"ဒေါသသိပ်ကြီးမနေနဲ့ နေခြိရံ မင်းရဲ့ ကား တွေ ရှေ့မှာ ဘာတွေဖြစ်ကုန်ပြီလဲ သိရဲ့ လား . . ."

"ဘာ . . ."

"သိချင်ရင် မြန်မြန်လိုက် ပြီးမှ နောင်တမရ နဲ့ "

သူ ထူပူသွားသည် ။ ရုတ်တရက် ဘာလုပ် ရမှန်းမသိ။

ထိုသူတွေပြောတာကို ယုံရမည်လား ညာ

နေတာလား။

ရန်သူဟု ထင်ရသူဟာ ဘယ်သူဘယ်ဝါမှန်းလည်း မသိ။

သူတို့ ဘာဖြစ်ချင် ဘာလုပ်ချင်မှန်းမသိ။

စကားသံတွေထဲမှာ သူသည် အရူးတစ်ယောက်လို ဖြစ်နေခဲ့၏။

အသက်အရွယ်အားဖြင့် ငယ်သေးသည် ။ မာနကြီးတတ်သော်လည်း ရင့်ကျက်မှုကနည်းနေသေးသည် ။

ရုတ်တရက် ဘာလုပ်ရမည်ကို အမှန်ကန်ဆုံးဖြစ်အောင် မရွေးချယ် မဝေခွဲတတ်ဘဲ ဖြစ်နေခဲ့သည် ။

သို့သော် ကားပေါ်ကဆင်း၍ ထိုသူတွေကို လက်တို့ ပြီး စိန်ခေါ်ရအောင်လည်း သူတို့ နဲ့ ကိုယ် တစ်ခါမှ သိခဲ့ဖူးတာမဟုတ် ဘာကိုပြ

သသနာရှာရမှန်းမသိ။

သူ အံကြိတ်၍ ကားကိုဂီယာပြန်ချိန်သည် ။

သူ့ကားလေး စတင်ထွက်ခွာခဲ့စဉ် ဟားတိုက်ရယ်မောသံတွေ ထွက်ပေါ်လာ၏။

ထို့ပြင်

"ဟင်"

ကားနောက်မှ တစ်ယောက်သည် ကုတ်အကျီထဲက တစ်စုံတစ်ရာကို ထုတ်ကာ သူ့ကားဆီသို့ တန်းခနဲချိန်၏။ သေနတ် 'ဒုတ်ခနဲ'အသံတစ်ချက်ကို စိတ်ကကြားသည် လားနားကတကယ်ကြားတာလားမသိ။

သူ့ကားမှာ တစ်စုံတစ်ရာနှင့် ထိခတ်သွားသလို ခံစားလိုက်ရတော့ သေချာနေသည် ။

ဒါ အသံတိတ် ပစ္စတိုပဲ

ဘယ်ကိုပစ်ချလိုက်မှန်း မသိပေမယ့် ကား

ဘီးမဟုတ်တာတော့ သေချာသည် ။ သူကြာကြာ မစဉ်းစားလိုက်ရ။

ကားလည်း ခပ်ဝေးဝေးသို့ မရောက်သေးပါ။

သူ့နောက်မှ နီရဲသော မီးတန်းကလေး ပါလာသည် ။

ချက်ချင်းအဖြေမထွက်ခဲ့သော ကြန့်ကြာမှုကြောင့် သူ့လှုပ်ရှားမှုတွေနောက်ကျသွားခဲ့၏။

ဒီကောင်တွေ ခါတ်ဆီပုံးကို ဖောက်လိုက်ပြီ။

သူ သတိဝင်လာတော့ ကားဆီသို့ပြေးလိုက်လာသော မီးတန်းက နီးကပ်စွာ ပြေးဝင်လာပြီ ဖြစ်၏။

နေခြ်ရုံ ကားတံခါးကို ဖွင့်လိုက်သည် ။

ကားကိုစက်မရပ်ရဲဘဲ လမ်းဘေးမှာ ဘာရှိတာ ညာရှိတာမသိ။

ကွေ့ကိုပတ်ကွေ့ သွားသည့်လမ်းပေါ်မှ သူဖြစ်သလို ခုန်ထွက်ပစ်လိုက်၏။

ကားက မောင်းသူမဲ့ ပရမ်းပတာ ဦးထိုးယမ်းခါသွားကာ လမ်းဘေးကုန်းလျှောအတိုင်း ထိုးချသွားခဲ့၏။

ထို့နောက်

"ဝုန်း . . . ဒုန်း"

အစဥ်တစိုက် လိုက်ပါလာသော မီးတောက်ငယ်၏ ကူးစက်မှုသည် ကားဆီသို့ ပြေးဝင်သွားသည် နှင့် ကြီးမားပြင်းထန်စွာ ပေါက်ကွဲသွားခဲ့သည် ။

သူသည် ကားပေါ်မှ ထိုးလှိမ့်ချလိုက်စဥ် အကျမကောင်းခဲ့ဘဲ ခေါင်းမှာ ဒိုင်းခနဲ ပစ်ဆောင့်

သွားမိသည် ကို သိလိုက်၏။

ခါးထဲမှာ အောင့်တက်သွားသည် ။

ဘယ်ဘက်လက်တစ်ခုလုံး ပြုတ်ထွက်သွားခဲ့သလား ထင်ရလောက်အောင် နာကျင်သွား၏။

ထို့နောက် နီရဲညိုညစ်သော မီးတောက်ကြီးများ လုံးတက်လာသောကားဆီသို့ လှမ်းကြည့်လိုက်ရင်း အာရုံတို့ က တဖြည်းဖြည်းဝေဝါးလာခဲ့ပြီ။

*

## အခန်း(၆)

"အား"

သူ နာကျင်စွာ ညည်းညူလိုက်မိသည် ။

မျက်လုံးတွေကို အားယူဖွင့်ကြည့်လိုက်ရင်း ကိုယ်ကို လှုပ်ရှားတော့ မရ။

ခေါင်းက တစစ်စစ်ကိုက်လာသည် ။

ကိုယ်အောက်မှာ ပိနေသည့်လက်ကို အတော်ပင်ပန်းစွာ ဆွဲထုတ်ရ၏။

ခေါင်းကိုစမ်းကြည့်လိုက်တော့ ဘယ်ဘက်ချို့စောင်း နေရာမှာ ဆံပင်တွေနှင့် ရောထွေးနေသော ပျစ်စေးသည့်သွေးများ

သူ့ကိုယ်အောက်မှာ ကျောက်တုံးကြီးငယ် သစ်ရွက်သစ်ကိုင်း တချို့နှင့် သူ့ကိုယ်သည် ကြီးမားသော ပင်စည်တစ်ခုမှာ ကန့်လန့်ဖြတ် တင်နေခြင်းဖြစ်မှန်းလည်း သိလိုက်ရသည် ။

အောက်ဘက်မှာ ရေအလွန်နည်းသော စမ်းချောင်းငယ်လေးတစ်ခုနှင့် ကုန်းနိမ့်ပိုင်းဖြစ်သည် ။

ကားသည် တစ်ဖက်သို့ ထိုးဆင်းသွားကာ သူက ဒီဘက်မှ အဖြစ်အပျက်တို့ ကို ပြန်စဉ်းစားမိရင်း အံ့ကြိတ်မိ၏။

ဒါ ကြိုတင်ကြံစည်ခဲ့ကြခြင်း ဖြစ်သည် ။

ဘယ်သူတွေဖြစ်နိုင်သလဲဆိုတာလည်း တွေးမိလိုက်သည် ။

ဒါပေမဲ့ လောလောဆယ်မှာ သူ ထပင်မထ နိုင်။

ပထမအရေးကြီးသည် က ရေဆာလာခြင်း ဖြစ်၏။

စမ်းချောင်းလေးကို လှမ်းကြည့်ရင်း နေရာမှ အားတင်းထလိုက်သည် ။

ခြေထောက်က ဘာကိုမှ မကာန်မိ။

လက်ကဆွဲလိုက်သော အရာသည် အမာခံ မဟုတ်ဘဲ လက်ထဲမှာ ပြုတ်ပါလာရာ သူ့ကိုယ်ကြီးသည် ဘာနဲ့ မှ အထိန်းအကွပ်မရှိတော့သလို တလိမ့်ခေါက်ကွေး ပြုတ်ကျသွားခဲ့၏။

"အ . . ."

စမ်းချောင်း၏ အစပ်တွင် နံရိုးနှင့်တည့်တည့်သို့ ကျောက်တုံးကြီးတစ်တုံးခုလျက် ပစ်ကျသွားသဖြင့် သူအသက်ရှူမှားသွားပြန်သည် ။

ကံကြမ္မာသည် သူ့ကိုရေရှိရာသို့ ချက်ချင်းရောက်သွားအောင် ပို့ပေးလိုက်သလို ဖြစ်သွား

သော်လည်း သူ့မှာ တော့ ခံရချက်က မသက်သာ။

ဘယ်ကိုကြည့်ကြည့် မျက်လုံးတွေက မှုန်ဝါးနေသည် ။ မျက်လုံးထဲမှာ သဲတွေဝင်နေသလို နာကျင်ကျိန်းစပ်နေခဲ့သည် ။

မျက်လုံးလည်း မဖွင့်ချင် ခေါင်းကိုလည်း မထူချင်။

ကိုယ်လက်တွေက မသယ်ချင်။

ဖြစ်နိုင်လျှင်သူ ခေါင်းချကာ စိတ်ရှိလက်ရှိ အိပ်ပစ်လိုက်ချင်၏။

ဒါပေမဲ့ မဖြစ်သေးပါ။ သူ သတိလစ်သွားလို့ မဖြစ်။

ဒါ လူသူကင်းမဲ့နေသည့်နေရာ ဖြစ်ချင်တိုင်းဖြစ်သွားခွင့် သူမပေးနိုင်။ ပြီးတော့ ရေဆာနေသေးသည် ။

နေခြိရဲ့ ကိုယ်နှင့်ခံနေသည့် ကျောက်တုံးကို လွတ်အောင် မနည်းရှောင်ရှားကာ စမ်းချောင်းလေး၏ အစပ်သို့ တရွတ်တိုက်သွားရသည် ။

ကြည်လဲ့နေသောရေကို သောက်ချင်စိတ်ဖြင့် ရေစပ်နားမှာ မျက်နှာငုံ့အချတွင်

"ဟာင်"

ကျဉ်းမြောင်းသော ရေမျက်နှာပြင်ထက်မှ ပြည့်သိပ်စွာ မျောပါလာကြသည့် ပန်းဝတ်မှုန်ငယ်လေးများ

သူ့ စိတ်ဆင်းရဲသွား၏။ မထူနိုင်သည့် ဦးခေါင်းကို လက်မောင်းပေါ်မှာ အသာလှဲချကာ ခဏစောင့်လိုက်၏။

နောက်တစ်ခါပြန်ကြည့်တော့ ကျဲပါးသွားသဖြင့် သောက်မလို့ သူ ပြန်ကြိုးစားသည် ။

နောက်ထပ် ကျပ်သိပ်စွာ မျောလာကြပြန်

သည် ။

သူ ဒေါသထွက်လာ၏။

ဒါ သဘာဝပန်းပွင့်တို့ ကြွေကျတာမဟုတ်။

တစ်ယောက်ယောက် တမင်ခြွေချနေတာမှ န်းလည်း သိလိုက်သည် ။

ဒေါသကြောင့် ခေါင်းကအလိုလို ထူမတ်ကြည့်ပြီးသား ဖြစ်သွား၏။

စမ်းချောင်းကလေးသည် ရှေ့နားမှာ ဂငယ် ကွေ့ စီးဆင်းနေတာဖြစ်သဖြင့် ထိပ်ဘက်မှာ ရပ်နေသော သဏ္ဍာန်လေးတစ်ခုကို မြင်လိုက် ရသည် ။

အလွန်နုငယ်သေးသော ကလေးမလေးတ စ်ယောက်

အလွန်ဆုံးရှိလှမှ ရှစ်နှစ်ကိုးနှစ်

ငွေမင်ရောင်သန်းနေသော

ပန်းနုရောင်ဖျော့ဖျော့ ပိုးဂါဝန်လေးနှင့် ရင်ဘတ်ထိရှည်သော ဆံပင်တို့ ကို ကျစ်ဆံမြီးလေး နှစ်ဖက်ကျစ်ချထား၏။

ခြေအိတ်အဖြူလေးတွေနှင့် အဖြူရောင်ရှူးဖိနပ်အထူလေးကို စီးထားသည် ။

ဖြူဖွေးဝန်းဝိုင်းသော မျက်နှာလေးကို စိုက်ကြည့်ရင်း သူ အံကြိတ်၍

"ဟော့ . . ."

အားရှိသမျှ ဒေါသနှင့် ဖျတ်ခနဲ လှည့်လာ၏။

ပြီးတော့ ခါးလေးကိုင်းကြည့်လျက် ခြေဖျားလေး ထောက်ကြည့်လိုက်

သူမလေးသည် စမ်းချောင်းပေါ်တွင် ကန့်လန့်ကွဖြတ်လဲနေသော သစ်ပင်လုံးကြီးထက်မှာ ရပ်နေတာ ဖြစ်သော်လည်း

သစ်ပင်ကမ်းစပ်ကြားမှာ လဲနေသည့် နေခြိရဲ ကိုတော့ ကောင်းကောင်း မြင်ရပုံ မပေါ်။

သူမ သစ်ပင်လုံးထက်မှ ဖျိုးဖျိုးဖျတ်ဖျတ် ခုန်ဆင်းလိုက်တာကို ကြည့်ပြီး နေခြိရဲ ဦးခေါင်းပြန်၍ ငိုက်ကျသွား၏။

ရေကဆာ ဒေါသကထွက် လာပစေ ဒီကလေးမ

ကိုယ့်ကိုယ်ကိုယ် မဟာန်နိုင်ပေမယ့် ကလေးကို ဆူပူမာန်မဲဖို့ စကားလုံးတွေကိုတော့ ပါးစပ်ထဲမှာ စုဆောင်းနေခဲ့သေး၏။

ထိုခဏမှာ ပဲ သူ့မျက်နှာရှေ့နားသို့ ခြေအိတ်နှင့် ခြေထောက်လေးတစ်စုံ ရပ်လာသည် ။

သူ မျက်လုံးဖွင့်လိုက်စဉ် ရှေ့မှာ ဒူးထောက်လေး ထိုင်လိုက်၏။

"ကိုကိုကြီး ဘာဖြစ်လို့ လဲဟင်"

အသံအားဖြင့် ပထမဆုံး သူ့ဒေါသတွေကို ရပ်တန့်စေခဲ့၏။

တကယ်ဘာမှ မသိရှာသည့် ကလေးကို ငါ ဒေါသထွက်နေမိပါလားဟု ချက်ချင်းသတိရ၏ ။

မျက်လုံးတွေကို သူမလေး၏ မျက်နှာထက်သို့ ပင့်လှန်ကြည့်လိုက်မိလျှင် ရင်ထဲမှာ ငြိမ်းချမ်းခြင်းကို ခံစားလိုက်ရ၏။

နီမြန်းဖောင်းပြည့်နေသော ပါးပြင်လေးနှစ်ဖက် နှာတံပေါ်ပေါ်စုထွေးနီရဲနေသော နှုတ်ခမ်လေးတစ်စုံနှင့် ကလေးမငယ်၏ မျက်တောင်ရှည်ကြီးများက ထူးခြားလှပစွာ ကော့ညွတ်မည်းနက်နေခဲ့၏။

သူမ၏ လက်ဖဝါးလေး နှစ်ဖက်ထဲမှာ ဖက်စိမ်းကလေးနှင့် ဖြန့်ခံထုပ်ပိုးထားသည့် ပန်းဝတ်ဆံကလေးတွေ။

တစ်မျိုးသောပန်းပွင့်ကို တမင်တကာ ဝတ်မှုန်ကလေးတွေချည်း ဖွဲ့ခြွေယူထားမှန်းလည်း မြင်နေရသည် ။

ရေညှာကနေ ဒါတွေကို သူမမျှော်ချနေတာဖြစ်သည် ။

ဒါပေမဲ့ ဒီမှာ သူရှိနေတာကို မသိ၍ သာ . . .

ဒေါသကိုနှောက်ထပ်တစ်ထစ်ထပ်လျှော့ကာ သူ့အကြည့်တွေ ရေဆီပြန်ရောက်သည် ။

ခေါင်းထောင်၍ ရေသောက်ဖို့ လက်ထောက်ရန် ရှေ့ထပ်တိုးမိသည် ။

"ကိုကိုကြီး"

ကလေးမလေးက သူ့ပခုံးကို လှမ်းဆုပ်ကိုင်လိုက်ပြီး

"ကိုကိုကြီး ရေသောက်ချင်လို့ လားဟင်"

"ဟုတ်တယ် မင်း ပန်းတွေမျှောချနေလို့ မသောက်ရတာ"

"ဟင် ဟုတ်တယ်"

ကလေးမလေးက စာနာသနားဟန်လေးနှင့် မျက်ခုံးလေးပင့်ပြော၍ ဖျတ်ခနဲ ထရပ်၏။

"ကိုကိုကြီး အဲဒီရေတွေ မသောက်ပါနဲ့ ဝန်းမှာ ရေရောမုန့်တွေရောရှိတယ် ခဏနေဦးနော် "

ပြော၍ ချာခနဲ ပြေးထွက်သွားသည် ။

ရေကိုပါးစပ်နှင့် ငုံ့သောက်ရမည့်အဖြစ်ကို မနှစ်မြို့ခဲ့သည့်စိတ်က ကလေးကိုပဲ ယုံယုံကြည်ကြည် စောင့်နေလိုက်မိသည် ။

ဝန်းဆိုသည့်ကောင်မလေး ပြေးလွှားပြန်ရောက်လာတော့ လက်ကလေးနှစ်ဖက်ထဲမှာ အစိမ်းရောင်ရေဘူး လှလှလေးနှင့် မုန့်ထုပ်

တွေ့ပါလာသည်။

"ကိုကိုကြီး ဝန်း မုန့်တွေပါယူလာတယ် ထ လေ..."

သူမထနိုင်ပါ ဒါပေမဲ့ မြေပြင်မှာ ဝပ်တွား နေခြင်းဖြင့် ရေကောင်းကောင်း သောက်လို့ မ ရတာကို သူသိသည်။

"အား...ကျွတ်...ကျွတ်"

"အယ် . . . လည်ပင်းမှာ သွေးတွေနဲ့ ကိုကိုကြီး"

ကုပ်ပိုးမှ စီးကျ သွေ့ခြောက်နေပြီဖြစ်သော သွေးစီးကြောင်းကို မြင်သွားကာ ဝန်းဆိုသည့် ကောင်မလေးက လက်ထဲက ပစ္စည်းတွေကို ချ ပစ်ပြီး သူ့ကိုတွဲထူပေးရှာ၏။

ပြီးတော့ ယိမ်းထိုးနေသည့် သူ့ကိုယ်ကြီးကို နောက်ကနေ ဒူးလေးထောက်၍ ဖက်ထားပေး

ခဲ့သည် ။

မတတ်နိုင်တော့ သူကလေးကိုပဲ ခပ်ဖော့ဖော့မှီ၍ ရေဘူးလေးကို ကိုယ့်ဟာကိုယ် ဖွင့်သောက်လိုက်သည် ။

"မုန့်တွေစားလေ ကိုကိုကြီး"

သူ ခေါင်းခါလိုက်၏။

"မင်း . . . မင်းက ဒီနားကလား . . ."

ဝန်းက မျက်နှာလေးရှေ့တိုး၍ သူ့မျက်နှာကို မြင်ရအောင် သေချာကြည့်သည် ။

သူ မျက်နှာငဲ့စောင်းလိုက်တော့ ဝန်းကလေး၏ ပါးဖောင်းဖောင်းကလေးကို တိုးတိုက်လိုက်မိသည် ။

သနပ်ခါးနံ့မွှေးပြန့်ပြန့်လေးနှင့်
ခေါင်းလိမ်းဆီနံ့ကိုပါ ရလိုက်သည် ။

ဝန်းက သူမေးတာကို ခဏကြာအောင်

စဉ်းစားပြီးမှ

"ဒီနားကတော့ မဟုတ်ဘူး ဒီနားမှာ ဘာအိမ်မှ မရှိဘူး ကိုကိုကြီးရဲ့ "

ဝန်းကသွက်သည် ။ သူ့ကိုလည်း ကြောက်ပုံမရ။

"ဝန်းရယ်ဖေဖေရယ် ဟင်းတွေမုန့်တွေထည့်ပြီး ဟိုဘက်က ရေတံခွန်နားကို ကားနဲ့လာကြတာလေ"

"ဘာလာလုပ်ကြတာလဲ"

"ပျော်ပွဲစားလာကြတာ ဒီရောက်မှ အန်တီလင်းလင်းက လာတယ် အန်တီလင်းလင်းက ဖေဖေ့ချစ်သူပေါ့"

ပြောပြသည် က တက်ကြွရွှင်လန်းနေခြင်းမပါ။

ပြောနေရင်း အဖျားမှာ လေးကျသွားသည်

။ စိတ်ထိခိုက်သံလေးပါလာ၏။

ရေဝင်သွားတော့ သူ အနည်းငယ် လန်းသွားသဖြင့် ကလေးကို မမှီတော့ဘဲ ကိုယ်ကိုမတ်မတ် ထိုင်နိုင်လာသည် ။

ဝန်းက သူ့ရှေ့မှာ ချက်ချင်းလေးထိုင်၍ ဖွေးနေသော ဒူးနှစ်ဖက်ကို လက်ဖဝါးလေးနှင့် ဖိပွတ်နေသည် ။

သူကြည့်လိုက်တော့ ဒူးလေးနှစ်ဖက်မှာ သွေးခြည်ဥကာ ညိုရဲနေ၏။

သူ့ကိုနောက်ကနေ ဒူးထောက်၍ ထိန်းဖက်ထားခြင်းကြောင့် ဖြစ်မှန်းသိကာ စိတ်မကောင်းဖြစ်သွားမိသည် ။

ဒါပေမဲ့ ထိုကိစ္စက ပါးစပ်ထဲကို ရောက်မလာခဲ့ဘဲ။

"မင်း မေမေကကော"

"မေမေက နေမကောင်းဖြစ်ပြီး ခြေထောက်တွေ မသန်တော့လို့ ဘယ်မှ မသွားနိုင်တာ မေမေက မမနဲ့ ပဲနေတယ်လေ ဝန်းကို မေမေက ဖေဖေနဲ့ ပဲ အတူနေတဲ့ ဖေဖေတခြားမိန်းမနဲ့ မယူစေနဲ့ တဲ့ ကြည့်ထားတဲ့ "

ဒါဆို အခုက ချိန်းတွေ့ကြတာပေါ့ ဒါကိုကလေးက နားမလည်ဘူးလား။

နေခြိရုံက ဝန်းကလေး၏ မျက်ဝန်းတို့ကိုကြည့်ကာ

"ဒါဆို မင်းဖေဖေနဲ့ အန်တီလင်းလင်းဆိုတာက အခု ဘယ်မှာ လဲ"

"အိမ်ကလေးကို သွားကြတာပေါ့ ဒီမှာ ပျော်ပွဲစားလာတိုင်း ဖေဖေတို့ အဲဒီကိုပဲ သွားကြတာ"

"မင်းကိုထားခဲ့တာလား အဖော်ရှိသေးတယ်ပေါ့"

“မရှိပါဘူး ဝန်းမှာ အရုပ်မလေးတွေ အများကြီးရှိတယ် မုန့်တွေလည်း အများကြီး ယူလာတယ် ဖေဖေတို့ ပြန်မလာမချင်း စောင့်ရတာပေါ့”

ကလေးကို သူသနားသွားမိသည်။

မိခင်က ဒုက္ခိတ ဖခင်ကဖောက်ပြန်နေသည်။

ဒါကို မကောင်းတာမှန်း ကလေးလိုတော့ နားလည်ရှာမည်၊ ပြောဆိုတားမြစ်ဖို့ ထိတော့ မစွမ်းနိုင်ရှာ။

“မင်းဖေဖေ အဲဒီလိုလုပ်နေတာတွေ မင်းရဲ့မေမေ့ကို ပြောမပြဘူးလား”

ဝန်းက သူ့မျက်နှာကို မျက်တောင်လေးတွေ ပင့်ကပ်နေအောင် စိုက်ကြည့်၏။ ပြီးမှ စဉ်းစဉ်းစားစားလေး ခေါင်းခါသည်။

သူမလေးသည် သူမလုပ်ခဲ့မြင်ခဲ့သမျှကို အတွေးပုံရိပ်ထဲမှာ သေချာမြင်အောင် စဉ်းစားကြည့်နေပြီးမှ

“အစက ဝန်းပြန်ပြောတာပေါ့ ပြောရင်မေမေက တအားငိုတာ ပြီးတော့ ဖေဖေနဲ့ ရန်ဖြစ်ကြရော ပြီးရင် ဖေဖေက ဝန်းကိုဆူရော. . .”

ဖြစ်ရလေ ကလေးဆိုတော့လည်း နောက်မပြောရဲတော့ဘူးပေါ့။

ဝန်းပုံစံလေးကို မြင်ကတည်းက ဆင်းဆင်းရဲရဲထဲက မဟုတ်မှန်း သူတွက်မိသည် ။

ဝန်း၏ လည်တိုင်မှာ ထူခဲဝိုင်းစက်သော ရှေးခေတ်ကလို ရွှေဒင်္ဂါးပြားဆွဲသီးတပ် ကြိုးရှည်သော ဆွဲကြိုးလေးတစ်ကုံး ရှိသည် ။

လက်ကောက်ဝတ် ကစ်ကစ်လေးမှာ မြပ်မ

တတ်ဝတ်ထားသည့် လက်ကောက်လေးနှစ်ကွ င်း ဒီကလေးကို ဤနေရာမျိုးမှာ စားစရာ က စားစရာတွေနှင့် ထားခဲ့ရက်သော အဖေဖြစ်သူ ကိုလည်း စိတ်ထဲက အပြစ်တင်မိသည် ။

"ဖေဖေကပြောတယ် မေမေ့ကို သူမချစ် တော့ဘူးတဲ့ မမကလည်း သူ့သမီး မဟုတ်ဘူး တဲ့ အန်တီလင်းလင်းနဲ့ အတူနေကြတဲ့ အခါ ဝ န်းကိုပဲခေါ်မယ် မမနဲ့ မေမေ့ကို ထားခဲ့မှာ တဲ့ "

ဝန်းပြောသည့်စကားတွေကို နားထောင်ရ င်း သူ့ခေါင်းတွေ မူးဝေလာသည် ။

နေရာမှာ တင် ဗုန်းဗုန်းလှဲချလိုက်ချင်စိတ် တွေ ထပ်ဖြစ်လာ၏။

"မင်းနာမည် ဝန်းလား"

"ချစ်ရပ်ဝန်း"

"အင်း ချစ်ရပ်ဝန်း မေးတာကိုဖြေစမ်း ဒီက

နေကားလမ်းကို အတော်ဝေးသလား"

"မဝေးဘူးကိုကိုကြီး ဒါပေမဲ့ လမ်းကဟိုဘက်မှာ ဒီကနေ လျှောက်သွားရမှာ ဝေးတယ်"

သူ စိတ်ကိုတင်း၍ ထရပ်လိုက်သည် ။

"မင်း ငါ့ကိုလမ်းပြပေးစမ်းပါ"

"ကိုကိုကြီး မုန့်စားဦးလေ"

"မစားချင်ဘူး"

ဝန်းက မုန့်ထုပ်လေးတွေကိုင်လျက် သူ့ဘေးမှာ ဝင်ရပ်လိုက်သည် ။

"ဝန်းကိုတွဲလေ ကိုကိုကြီး"

သူ ခေါင်းမခါနိုင်ခဲ့။

ဝန်း၏ ပခုံးလေးတစ်ဖက်ကို အားလည်းပြုရသည် ။ ကလေးမလဲအောင်လည်း ထိန်းရသည် ။

ကျောက်ခဲသစ်ကိုင်းတို့ ကို ခလုတ်တိုက်ကာ မကြာခဏ ယိုင်နဲ့ ပြိုလဲသည်။

ဝန်းကပဲ မနိုင်မနင်း တွဲထူပေးရသည်။

"ကိုကိုကြီး ဘာဖြစ်တာလဲဟင် ခေါင်းက ဘာဖြစ်တာလဲ"

ဝန်းကခုမှ သူ့ကိုမေးဖို့ သတိရသွားပုံပေါ်ကာ တတွတ်တွတ်မေး၏။ သူမဖြေချင်ပေမယ့်

"ကားမှောက်တာ"

ဟု တုံးတိတိဖြေလိုက်သည်။

"ကားကကောဟင် . . ."

"မီးလောင်သွားပြီ"

ဝန်း အသံလေးတိတ်ကျသွား၏။

သူပြုတ်ကျခဲ့သည့် နေရာမှ မဟုတ်ဘဲ ကားလမ်းကို တက်မိအောင် အတော်ပင်ပန်းစွာ လျှောက်ခဲ့ရသည်။

ခုနေသာ သူ့စိတ်ကို လျှော့ချလိုက်လျှင် တုံးခနဲလဲကျကာ မေ့မြောသွားနိုင်၏။

ဝန်းသည် သူ့လက်ကိုဆုပ်ကိုင်ထားလိုက် သူ့ဂျာကင်ကို ဆွဲထိန်းလိုက်၊ လဲကျတော့လည်း ရှေ့ကပြေးထူ နောက်ကပြေးတွဲ

"ကိုကိုကြီး ဘယ်ကိုသွားမှာ လဲဟင် ဝန်းဖေဖေ့ကို သွားပြောလိုက်မယ်လေ ဖေဖေ့မှာ ကားရှိတယ် ကိုကိုကြီးရဲ့ "

"နေပစေ"

သူ စကားမပြောဘဲ ခေါင်းပဲခါပြဖို့ ကြိုးစားသေးသည် ။

ခေါင်းခါဖို့ ကပို၍ ခဲယဉ်းနေသဖြင့် ညှစ်ထုတ်ပြောလိုက်ရပြန်သည် ။

ကားလမ်းပေါ်ရောက်တော့ သူ ခွေခနဲကျ

သွားကာ ပြန်မထနိုင်တော့ပါ။

ထိုစဉ် ခရီးသည် တင် ကားတစ်စီးလာနေတာကို တိုက်ဆိုင်စွာ တွေ့လိုက်ရကာ သူဝမ်းသာသွားသည် ။

လက်ပြတားလိုက်တော့ ကားရပ်သွား၏။

စပယ်ယာ သူ့ဆီပြေးဆင်းလာသည် ။ ယိုင်ခနဲဖြစ်သွားသည့် သူ့ကိုယ်ကို တွဲထိန်းထားလိုက်ပြီး

“ညီလေးက ဘယ်ကိုသွားမှာ လဲ ဘာဖြစ်ထားလို့ လဲ”

ကလေးကိုကြည့်လိုက် သူ့ကိုကြည့်လိုက်

ဝတ်စားထားပုံများ အရ သူတို့ ကို မောင်နှမလို့ လည်း တွက်လိမ့်မည်။

ခပ်နိမ့်နိမ့်ထဲက မဟုတ်မှန်းလည်း မှန်းဆနေမည်။

သူ ဝန်းကိုတစ်ချက် ပြန်ကြည့်ကာ စပယ်ယာဘက်လှည့်၍

"ကျွန်တော်ကားမှောက်လို့ ပါ ကားကတော့ မီးလောင်သွားပြီ ကျွန်တော့်ကို အနီးဆုံးဆေးရုံကို ပို့ပေးပါဗျာ"

ပြော၍ သူ့ဂျာကင်အတွင်းအိတ်ထဲက ပစ္စည်းလယ်ဂျာ စာအုပ်ထူလေးကို ထုတ်ယူပြီး စပယ်ယာလက်ထဲ ထည့်လိုက်၏။

"အဲဒီကဖုန်းနံပါတ်အတိုင်း အကြောင်းကြားပေးပါ"

သူ့ခေါင်းတွေပို၍ ပြာမှောင်လာသည် ။

မတ်တတ်လေးရပ်နေသည့် ဝန်းကိုပြန်ငဲ့ကြည့်၍ စကားပြောဖို့ ကြိုးစားရင်း နှုတ်ခမ်းတွေမှာ အင်အားမဲ့လာ၏။

"ချစ်ရပ်ဝန်း မင်း ပြန်တတ်ရဲ့ လား ပြန်ရဲ

ရဲ့ လား သွားတော့ ပြန်တော့လေ မင်းအဖေဆူမယ်”

စသော စကားလုံးတို့ သည် လည်ချောင်းဝမှ တိုးမထွက်နိုင်ခဲ့ဘဲ……

*

အခန်း(၇)

အရာအားလုံးက ထင်သည် ထက်ပို၍ မြန်ဆန်စွာ ပြီးဆုံးသွားခဲ့၏။

အငြိုးအာဃာတ အလွန်ကြီးမားပြီး လက်တုံ့ပြန်တတ်သည့် နေမျက်နှာက ညီဖြစ်သူပါ ထိပါးလာတော့ ထိုကိစ္စကို မရမက သဲကြီးမဲကြီးလိုက်သည် ။

တရားခံကို မိအောင်ရှာသည် ။

ထင်သည့်အတိုင်း ဘတိုးတို့ ပဲဖြစ်ကာ တရားခံကော ကြံရာပါတွေပါ တသီတတန်းကြီး ထောင်ထဲပို့ပစ်လိုက်၏။

ဒါတောင် သူ့မှာ အားမရ။

"တောက် ဥပဒေရှိနေလို့ ပေါ့ကွာ မဟုတ်ရင် တစ်စစီချိုးဖဲ့ပြီး ပြုတ်သောက်ပစ်လိုက်ဦးမယ် ဒီပုံစံလာမချိုးနဲ့ နေမျက်နှာက မင်းတို့ ထက် ပိုတယ်"

မျက်နှာတည့်တည့်ကြည့်၍ စိန်ခေါ်လိုက်သေးသည်။

နေခြိရံကတော့ ပို၍ တည် ပို၍ မှုန်ကုပ်ကုပ် ဖြစ်သွားလျက် အစ်ကိုနှစ်ယောက်လုံး၏ ဦးဆောင်မှုကို မလိုလားခြင်းအား သိသာစွာ ပြလာသည်။

ထို့ကြောင့် သူနေကောင်းသည် နှင့် ဘာလုပ်ချင်သလဲ ဆိုတာကို နေမျက်နှာက မေးသည်။

ဒါကိုလည်း မပြော လိုချင်တာကိုတောင်းကာ လုပ်ချင်ရာကိုလုပ်သည်။

ပွဲရုံကိစ္စတွေမှာ ဘယ်သူတွေ ဘာစုသလဲ ဘာလှောင်သလဲ၊ မစုနိုင် မလှောင်နိုင်အောင် သူပစ်ခတ်ဝယ်သည် ။ ဈေးကိုထိုးသိပ်တက်အောင်လုပ်၏။

ဘယ်သူမှ မလှောင်တော့ဘဲ ရောင်းချဖြန့်ဖြူးလာသမျှ သူသိမ်းဝယ်သည် ။

လှောင်နိုင်သူက သူတစ်ယောက်တည်း ဒီတုန်းက နေမျက်နှာက 'မင်းလူမိုက်ပဲ' ဟု ပြောဖူး၏။

ပစ္စည်းက တကယ့်ဝယ်လက်တွေ လက်ထဲ မရောက်သေးသဖြင့် တကယ်အချိုကြီးပွတော့ သူတစ်ယောက်တည်းပဲ ဖြစ်သွားသည် ။

စီးပွားရေးဦးနှောက်ကတော့ ပြေးသည် ။

လိမ်ညာလှည့်ပတ်တာမပါဘဲ ကိုယ့်ဘက်ပါအောင် ဆွဲထုတ်သွားနိုင်၏။

ကိုယ့်ညီပေမယ့် နေမျက်နှာ လက်ဖျားခါသွားရသည် ။

တစ်ချိတည်းနှင့် နေခြံရုံ အခြေအနေက ထိပ်ဖျားခုန်ရောက်သွားသည် ။

ထိုအချိန်မှာ နေခြံရုံသည် ကျောင်းလည်း မပြီးသေး အသက်လည်း နှစ်ဆယ်မပြည့်ခဲ့သေးပါ။

ထိုအချင်းအရာကြောင့် သူ့ဦးနှောက်ကို အားလုံးမျက်လုံးပြူးသွားကြ၏။ နေမျက်နှာကတော့ ကျေနပ်နေသည် ။

လူတွေများများ ချီးမွမ်းကြလေ၊ သူ့မှာ အားတက်လေ။

သူ့ညီ ငွေကိုရင်းရဲတာ ဖြုန်းရဲတာကို ယုံကြည်သွား၏။

နေခြံရုံက ဒါလုပ်တော့မယ်ဆို ဘာဖြစ်လာ

မှာ မှ မကြောက်

လူငယ်ပီပီ တက်ကြွနေတာလည်း ရှိသည်။ အကြောက်အရွံ့လည်း ကင်း၏။

ဒါဟာ ကောင်းတော့ကောင်းသည်။ စွန့်စားရဲတာ ကောင်းပေမယ့် ဆင်ကန်းတောတိုးလုပ်တာမျိုးဆိုမကောင်း။

ဒါလည်း နေခြိရုံသိအောင် နားလည်လာအောင် နေမျက်နှာက ထောက်ပြပြုပြင်ပေး၏။

စွန့်စားတာနှင့် မိုက်ရူးရဲဆန်ခြင်းကို ခွဲခြားနားလည်စေချင်သည် ။

အခြေအနေသည် ငြိမ်သက်နေခဲ့ပြီးမှ တစ်ကနေ ပြန်စရဖို့ ဖြစ်လာခဲ့ရသော အကြောင်းတွေ ထပ်ပေါ်လာခဲ့၏။

“နေမျက်နှာ ငါတို့ လူသတ်ဖို့ မလိုဘဲ အကြွေးကျေမယ် အမြတ်ရမယ် ကဲ ဘယ်

လောက်ဟန်ကျသလဲ”

ညီအစ်ကိုသုံးယောက် ဆုံမိကြစဉ် နေလွင်ပြင်က စကားစလာသည်။

လက်ထဲမှာ ကင်မရာပြားလေးတစ်ခုနှင့် သူတို့ ရှေ့မှာ လာထိုင်ကာ ဓာတ်ပုံလေးတစ်ပုံ ထုတ်ယူလိုက်သည်။

“ဘာလဲကွ”

နေမျက်နှာက မျက်မှောင်ကုတ်၍ မေးသည်။

နေလွင်ပြင် ရုတ်တရက်မဖြေဘဲ ဓာတ်ပုံကို သူ့ဟာသူထောင်ကြည့်နေပြီး အောက်မေးဖျားကို လှုတ်ခတ်သွားအောင် မဲ့ပစ်သည်။

“ရွှေရုပ်လွှာဆိုတဲ့ မိန်းမ. . .”

“ဘာ. . .”

နှာမည်ကြားသည် နှင့် နေမျက်နှာ ဝုန်းခနဲ

ထရပ်သည် ။

ဓာတ်ပုံက သူ့လက်ထဲသို့ ချက်ချင်းရောက်သွား၏။

"ဘာလဲကွ ဘယ်မှာ လဲ ရွှေရုပ်လွှာ ဒီမိန်းမကြီးကိုပဲ ငါသတ်ချင်တာ"

သူမသိသော မိန်းကလေးတစ်ယောက်၏ ပုံကိုကြည့်ကာ နေမျက်နှာ ဒေါသတကြီး ထအော်သည် ။

"သေချာလည်း ကြည့်ပါဦး အဲဒီမိန်းကလေးက ရွှေရုပ်လွှာနဲ့ နည်းနည်းလေးမှ သက်ဆိုင်မှု မရှိနိုင်ဘူးလား"

နေမျက်နှာ တွေခနဲ ဖြစ်သွားသည် ။

ဓာတ်ပုံကို သေချာပြန်ကြည့်၏။

ဆံပင်တွေ တင်ပါးလောက်ထိရှည်ကာ အဆင်းရုပကာ ဘာမှ ပြောစရာမရှိအောင် လှပ

သော မိန်းကလေးတစ်ယောက်။

အသက်အရွယ်အားဖြင့် သူတို့ ထက်ငယ်နိုင်သော်လည်း သိပ်တော့ကွာမည့်ပုံမရှိ။

"ဒါ ဘယ်သူလဲ"

နေမျက်နှာအသံက သိတော့သိလိုက်သလိုဖြစ်လျက် မရှင်းလင်းသေးသော ရှုပ်ထွေးမှုများ နဲ့ အနည်းငယ် ပျော့ပျောင်းသွားသည် ။

"မိုးရပ်ဝန်းတဲ့ ဒေါ်ရွှေရုပ်လွှာရဲ့ သမီးအကြီး"

ပြတ်တောက်သွားခဲ့သော သတင်းစကားတစ်ခုကြောင့် ဘာကိုမှ စိတ်မဝင်စားသလို ဒီတိုင်းငုတ်တုတ်ထိုင်နေသည့် နေခြည်ရုံပင် မျက်ခုံးတစ်ချက် တွန့်သွားကာ ကျောဘက်က မြင်နေရသည့် ဓာတ်ပုံဆီ လှမ်းကြည့်လာသည် ။

"ဒီမှာ တစ်ယောက်ရှိသေးတယ် ကြည့်ဦး"

နေလွင်ပြင်ထံမှ နောက်ထပ်တစ်ပုံ ထွက်လာပြန်သည်။

"အဲဒီကောင်မလေးက အငယ် ဒေါ်ရွှေရုပ်လှ နောက်ထပ် အိမ်ထောင်နဲ့ မွေးတာပေါ့ ဆယ်နှစ်ကျော်ကျော်လောက်ပဲ ရှိဦးမှာ အလွန်ဆုံးရှိမှ ဆယ့်တစ်ဆယ့်နှစ်ပဲ နာမည်ကချစ်ရပ်ဝန်း . . ."

ဟင်

နေခြိရဲ့ ဆတ်ခနဲ ဖြစ်သည်။

သူ နားကြားမှားလိုက်တာလား ဒီနာမည်ဟာ သူ့နားထဲမှာ တစ်ကြိမ်တစ်ခါမှ တစ်သက်တာအထိ စွဲကျန်ရစ်ခဲ့သည့်နာမည်။

ဓါတ်ပုံကို ဆတ်ခနဲ ဆွဲယူကြည့်လိုက်မိမတတ် စိတ်က လှုပ်ရှားသွားသည်။

သို့သော် သူ့ရင်ထဲမှာ လှုပ်ရှားသွားခြင်းကို ဘယ်သူမှ သတိမထားမိခဲ့။

"ဒေါ်ရွှေရုပ်လွှာကတော့ ဒီကနေ့ပစ္စည်းတွေ ပွေ့ပိုက်ပြေးသွားပြီး ခုတော့ ဝဋ်လည်နေပြီကွ မေတ္တာစစ်နဲ့ မထိုက်တန်တဲ့ မိန်းမယုတ်ကြီး အခု ကိုယ်တစ်ပိုင်းချည့်နေပြီ"

"သေချာလို့ လား"

"သေချာသိပြီးမှ ပြန်လာတာ"

နေလွင်ပြင်က ပြောနေရင်း အံကြိတ်၏။

"အခု သူကဘယ်မှာ လဲ"

နေမျက်နှာက ခတ်ပုံတွေကို စားပွဲပေါ် ဖျတ်ခနဲပစ်ချ၍ မေး၏။

နေခြည်ရံက ခြေချင်းချိတ်၍ ထိုင်နေရာမှ ခတ်ပုံတွေဆီ အမှတ်တမဲ့ တစ်ချက်ပဲ ဝေ့ကြည့်၏။

သူ့ရင်ထဲမှာ တစ်စုံတစ်ရာ ထိရှသွားခဲ့တာလည်း ဘယ်သူမှ မသိလိုက်။

"တောင်ကြီးမှာ လေ ဒါပေမဲ့ သူကတာအားချမ်းသာနေတော့ မြို့လယ်ကောင်မှာ မနေဘူး တကယ့်သာယာလှပတဲ့ ကုန်းထိပ်မှာ ခြံကြီးဝင်းကြီးနဲ့ နေတာ ဒါပေမဲ့ လူကတော့ ဒုက္ခိဖြစ်နေပြီ သူ့ရဲ့ နောက်ထပ်ယူတဲ့ ယောက်ျားက သူနဲ့ ရတဲ့ ချစ်ရပ်ဝန်းကိုပဲ တာဝန်ယူတယ် နောက်မိန်းမတစ်ယောက်နဲ့ ထပ်ရှုပ်နေတယ် အကြီးမ မိုးရပ်ဝန်းကတော့ အခု သူ့အဖေဆီ ပြန်ရောက်နေတယ်"

"ဘယ်မှာ လဲ"

"ရန်ကုန်မှာ နေရာအတိအကျသိတယ် အဲဒါမပူနဲ့ အခု ငါတို့ ဒီမိန်းမကြီးကို ကောင်းကောင်း ဒုက္ခပေးလို့ ရပြီ သူကတစ်ချက်ရိုက်ရုံနဲ့ အပင်လည်း သေ မြွေလည်း သေ လုပ်သွား

တာ သူ့ကြောင့် ငါတို့ မှာ အဖေလည်း ဆုံး ပစ္စ ည်းတွေလည်း ဆုံး ခုတော့ သူ့လိုပဲ ငါတို့ တန် ရာတန်ကြေး ပြန်ရဖို့ အကြောင်းတွေ ဖြစ် လာ ပြီ မကောင်းဘူးလား”

နေမျက်နှာ ဒီလောက်မအပါ။

စားပွဲပေါ်က

ဓာတ်ပုံကိုစူးစိုက်ကြည့်နေရင်း တဖြည်းဖြည်း နှုတ်ခမ်းလှုပ်၍ မဲ့ပစ်လိုက်သည် ။

“ဘယ့်နှယ်လဲ နေမျက်နှာ မိုးရပ်ဝန်းဆို တာ မလှဘူးလား”

“ကလေးလေးက ပိုလှတယ်”

“ရွယ်တူတာကိုပဲကြည့်လေ”

“လှတာကိုပြောတာ အဲဒီကလေးမလေး အ ရွယ်ရောက်ရင် တော်တော်လှမှာ ”

“ဟား ဟား . . .”

သူတို့ နှစ်ယောက်သည် အလှအပကို သဘောကျလွန်း၍ မဟုတ်ဘဲ နာကျင်စွာ ရယ်မောနေကြတာဖြစ်သည် ။

မိန်းမတစ်ယောက်၏ လှပမှုကို မုန်းတီးတတ်ခဲ့သော အတ္တတစ်ခုက ကိုယ်စီရှိခဲ့ကြပြီးသား။

"ဦးစားပေးစနစ်နဲ့ မိုးရပ်ဝန်းကို ကိုကြီးယူဟိုမိန်းမကြီးကိုတော့ လူကိုရော အိမ်ကိုရောမီးနဲ့ ရှို့ပစ်မယ်"

"ဟုတ်တယ် ဒီမိန်းမရဲ့ သွေးကို ငါဘယ်လိုနှိပ်စက်ရမလဲ အဆိုးဝါးဆုံးထိ စဉ်းစားထားမယ် အဲဒီတစ်ယောက်ကို ပါအောင် ခေါ်လာခဲ့"

"လွယ်ပါတယ် မင်း အသာစောင့်ကြည့်နေ"

"ကလေးမလေးကိုကော"

"သူ့အမေနဲ့ ပါသွားပစေပေါ့"

"တော်ကြာ ထောင်ထဲရောက်နေဦးမယ် ကိုယ့်အန္တရာယ်လည်း ကိုယ်ရှောင်"

"ရှောင်တော့ရှောင်မှာ ပဲ ကိုယ်ညံ့လို့ ခံလိုက်ရလည်း ဝမ်းနည်းစရာမရှိပါဘူး ဒီမိန်းမကြီးနဲ့ အဲဒီစည်းစိမ်တွေ ပြာကျသွားတာ မြင်ရရင် ငါ ဘာဖြစ်သွားသွား"

နေလွင်ပြင်က နေခြိရုံကို လှမ်းကြည့်၏။

"နေခြိရုံ ငြိမ်လှချည်လား ဒါမဆိုင်သလိုနေလို့ မရဘူးနော် ဝေစုနည်းနည်းတော့ မင်းယူရလိမ့်မယ်"

"နည်းနည်းမှ မယူဘူး မိန်းမတွေနဲ့ လုံးထွေးသတ်ပုတ်ဖို့ လုံးဝဝါသနာ မပါဘူး"

"ဘာကွ"

နေလွင်ပြင် ဒေါပွသွားသည်။

နေခြိရုံကို စူးစူးဝါးဝါးကြည့်၏။

"မိန်းမဆိုပြီး မင်းကလျှော့တွက်တာလား အဲဒီမိန်းမကြောင့် ဖေဖေ ဘယ်လိုခံလိုက်ရသလဲ ငါတို့ ဘဝ ဘာဖြစ်ကျန်ခဲ့သလဲ ယောကျ်ားလေးမို့ပေါ့ မိန်းကလေးတွေချည်းပဲဆိုရင် ထပ်ပြီးပျက်စီးကုန်မယ့်ဘဝတွေ မင်းတွေးကြည့်စမ်း"

နေခြိရံကလည်း မခံပါ။

အစကတည်းက မပြောရဲ မဆိုရဲခဲ့တာ ဘာမှ မရှိ။

"မိုးပြိုခဲ့ရင်လို့ တွေးကြည့်လိုက်ရင် ဘာတစ်ခုမှ အကောင်းတိုင်းကျန်ခဲ့မှာ မဟုတ်ဘူး ဒါပေမဲ့ မိုးမှ မပြိုတာ"

"ငါတို့ ခုလိုထူထောင်လာတာ ငါတို့ အရည်အချင်းကြောင့်ကွ ဒီမိန်းမကြီး လုပ်သွားတာ အိုးစုတ်ခွက်စုတ်ပဲ ကျန်နေခဲ့တာ"

နေခြိရံ မျက်နှာလွှဲပစ်သည်။

"ဟုတ်တယ် ဖေဖေ့အတွက် ကလဲ့စားချေနိုင်ဖို့ ရန်သူဟာ ရန်သူပဲ 'ကျား'ပဲဖြစ်ဖြစ် 'မ'ပဲဖြစ်ဖြစ်"

နေမျက်နှာက ပြောပြီးထရပ်သည် ။

"မင်းက ဖေဖေ့ဒုက္ခတွေကို မေ့ပစ်လိုက်နိုင်တယ်ပေါ့"

သူ့မျက်နှာကို တည့်တည့်ကြည့်မေးတော့ နေခြိရုံက ခပ်တည်တည်

"ဖေဖေကိုယ်တိုင်က ဒုက္ခလို့ မှတ်ခဲ့တာမှမဟုတ်ဘဲ လူလည်ကျနေမှန်းသိရက်နဲ့ အညံ့ခံတာ တမင်အနိုင်ယူနေတာ သိလျက်နဲ့ အရှုံးပေးခဲ့တာဘာပဲဖြစ်ဖြစ် နိုင်တဲ့ လူကလူတော်ပဲ ရှုံးတယ်ဆိုတာ ကိုယ်ညံ့လို့ "

"ဟား . . . ဟား . . . ဟား"

နေမျက်နှာ ဟက်ဟက်ပက်ပက် ရယ်သည်

။

ဒေါ်သက ညီတစ်ယောက်လုံးကိုပါ စိမ်းရင့်စွာကြည့်လာမိသည် အထိ ပြင်းထန်၏။

“ဟုတ်တယ်လေ ဖေဖေရှုံးခဲ့တာပဲ အခုငါတို့ က အရှုံးမပေးနိုင်ဘူး ကဲ ဘယ်သူတော်သလဲ”

“ဘယ်သူမှ မတော်ဘူး”

နေမျက်နှာ၏ ရိတိတိအပြုံးတို့ တိခနဲ ပြတ်ကျသွားသည် ။

“နေခြိရံ မင်းက ဘယ်သူ့ဘက်ကလဲ ငါတို့ကို တိုက်ခိုက်နေတာ ဘာသဘောလဲ”

“ကျွန်တော် ဘယ်သူ့ကိုမှ မတိုက်ခိုက်ဘူး ခိုက်ရန်ဖြစ်တယ်ဆိုတာ ရှုံးခနဲထဖြစ်တဲ့ ဒေါ်သနောက်က ပေါက်ကွဲမှုနဲ့ ပဲဆိုင်တယ် အဲဒီအချိန်မှာ တရားတာ မတရားတာမရှိဘူး ဒေါ်သ

မှာ တိုင်းတာသတ်မှတ်ချက်မှ မရှိတာ ဒါပေမဲ့ နောက်တစ်ကြိမ် မကျေနပ်လို့ လူစုနဲ့ လိုက်ပြီး လက်တို့ စိန်ခေါ်တာက မညီမျှဘူး သူ့ရဲ့ကောင်းမှန်ရင် အလစ်ငိုက်ဖမ်းတိုက်တာ မကောင်းဘူး”

“တောက် ခွေးကောင်”

လက်သီးတစ်ချက် ပစ်ဝင်သွားသည် ။

နေခြိရံ မျက်နှာတစ်ဖက်သို့ လည်ဆင်းသွားကာ ပြန်လှည့်လာတော့ နှုတ်ခမ်းထောင့်မှာ သွေးတို့ စိမ့်ကျလာ၏။

သို့သော် မျက်လွှာတစ်ချက်မှ ပင့်မကြည့်

ကျေနပ်တာ မကျေနပ်တာ တစ်ခွန်းမှ ပြန်မပြော။

“ရှင်းရှင်းပြောစမ်း နေခြိရံ မင်းက ဘေးထွက်ရပ်လိုက်တဲ့ သဘောလား”

နေခြိရဲ့ ခေါင်းကိုအရင် ညိတ်ပြီးမှ

"ဟုတ်တယ်"

"တောက် ငါ တယ်"

နေမျက်နှာ လက်သီးထပ်ရွယ်သည် ၊ မထိုးဖြစ်ဘဲ ပြန်ချသွား၏။

"နေပါစေကွာ ဒီကိစ္စ ငါတို့ နဲ့ တင် ပြီးပါတယ်"

ညှာတာလို၍ တော့ မဟုတ်။

နေခြိရဲ့ ဒီလိုပဲနေတတ်ခဲ့တာကို သိထားခဲ့သည် ။ ထူးဆန်းသော စိတ်ကူးတွေ ရှိနေတတ်တာကို ခွင့်လွှတ်ပေးခဲ့တာ ဖြစ်၏။

ထိုစဉ်ကတည်းက ညီအစ်ကိုသုံးယောက် စည်းရုံး၍ မရခဲ့ကြ။

*

## အခန်း(၈)

သူခြေလှမ်းလိုက်သည် နှင့် ပထမဆုံးကြားလိုက်ရသည် ကတက်ခေါက်သံ။

"တောက် အားလုံးပိပိရိရိ ဖြစ်သွားတာ အကုန်ဇာတ်သိမ်းသွားပြီးသား ဒီသားအမိကျမှ ဘာဖြစ်လို့ ကပ်လွတ်သွားရတာလဲ"

သူ သေချာအကွက်ချ စီစဉ်ပေးလိုက်တာမို့ နေမျက်နှာ ဒေါပွနေသည် ။

ဖြစ်သွားခဲ့တာက အားလုံးမတော်တဆမှု

ကူညီတဲ့ လူတွေက ကူညီသည် ၊ သူ့မှာ လည်း ငွေတွေအတော်ကုန်သွားသည် ။

ဒေါ်ရွှေရုပ်လွှာတို့ ၏ စံအိမ်ကြီး ပြာကျသွားခဲ့တာက တကယ် ဒါပေမဲ့ ဒေါ်ရွှေရုပ်လွှာပါမသွား။

သူမနှင့်ကျန်ခဲ့သော နောက်အိမ်ထောင်၏ မျိုးဆက် ချစ်ရုပ်ဝန်းဆိုတဲ့ ကလေးမလေးလည်း ပျောက်နေသည် ။

"ဒါ တစ်ယောက်ယောက် ခေါ်ထုတ်သွားတာ တစ်ယောက်ယောက်လက်တို့လိုက်လို့ ရှောင်ချိန်ပြေးချိန် ရသွားတာ"

"ဒါဆို မင်းညံ့တာပဲကွ"

နေမျက်နှာက ထပ်၍ အပြစ်တင်သည် ။

"ငါညံ့တာ မဟုတ်ဘူး ငါလုပ်ခဲ့တာ ငါကြံခဲ့တာ ဘယ်သူမှ ကြိုသိဖို့ မလွယ်ဘူး နှစ်လသုံးလ လေ့လာ အကွက်ချပြီးမှ လုပ်ခဲ့တာ ရွှေရုပ်လွှာဆိုတဲ့ မိန်းမကြီးကတော့

လက်မတင်လေး လွတ်သွားတာ ဟိုကောင်မလေး လွတ်လွတ်ကျွတ်ကျွတ်ကြီး ပျောက်သွားတာက ဒေါသဖြစ်ဖို့ ကောင်းတာ"

"သူတို့ ခြံစောင့်တွေ အိမ်ဖော်တွေက ပထုတ်သွားတာ ဖြစ်မှာ ပေါ့ အိမ်မီးလောင်နေတာကို မင်းက ကြည့်မနေဘူးလား"

"ဟ ကြည့်နေတာပေါ့ အဲဒါမျိုး အရသာခံချင်လွန်းလို့ တစ်သက်လုံး ကြိုးစားခဲ့ရတာ ရွှေရုပ်လွှာကြီးကို ခြံစောင့်က ထမ်းထုတ်လာတယ် အိမ်ဖော်နှစ်ယောက်က နောက်ပေါက်ကပြေးတယ် အဲဒီဟာမလေး လုံးဝပျောက်နေတာ"

"မိုးလင်းတော့ စုံစမ်းမကြည့်ဘူးလား"

"မိန်းမကြီးတစ်ယောက် အဲဒီအိမ်မှာ ဘာလုပ်လဲမသိဘူး ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားလို့ ဆေးရုံရောက်တယ် ကောင်မလေးပဲ ပျောက်သွားတာ"

"မီးထဲမှာ ပြာကျသွားတာကော"

"မဖြစ်နိုင်ဘူး မီးသွေးတုံးတော့ ကျန်ခဲ့မှာပဲ လူသေတာလုံးဝမှ မတွေ့တာ"

နေမျက်နှာနှင့်နေလွင်ပြင်

စကားပြောနေကြဆဲ နေခြိရဲ့ အထဲဝင်လာသည်။

နှစ်ယောက်လုံး အကြည့်တွေ သူ့ထံရောက်သွားကြ၏။

"နေခြိရဲ့ မင်းက နှစ်ရက်သုံးရက် ဘယ်ပျောက်နေတာလဲ"

"မြဝတီကိုဆင်းနေတာ"

"ဘာလုပ်တာလဲ"

"ကိစ္စရှိလို့ . . ."

နေခြိရဲ့ အပေါ်တက်သွားသည့် တောက်လျှောက်ကို နေမျက်နှာက မျက်ထောင့်နီနှင့်

ရှုးစိုက်လိုက်ကြည့်နေ၏။

"ထားလိုက် အဲဒီကောင်ကို တမင်မပါချင်လို့ ရှောင်ထွက်နေတာ"

နေမျက်နှာစကားကြောင့် ထိုမျက်ဝန်းတွေ ပြန်၍ ရုပ်သိမ်းသွားသည် ။

"နေလွင်ပြင်"

"ဘာလဲ"

"ဒါဆို ငါတို့ ရဲ့ တာဝန်က မပြီးသေးဘူးပေါ့"

"ခုမှ စရမှာ "

"မိုးရုပ်ဝန်း ကိစ္စကကော"

"သိပ်မကြာစေရဘူး"

"လုံးဝလက်စမပေါ်စေနဲ့ "

"ယုံလိုက်"

နှစ်ယောက်တည်းတော့ စည်းဝါးကိုက်နေသည် ပဲ ဖြစ်သည် ။

နေခြိရုံနှင့်ပတ်သက်သမျှ သူတို့ မှာ မကျေနပ်ပေမယ့် အေးမဲ့ ပေးထားခဲ့ရသည် ။

နေခြိရုံက သူ့အလုပ်သူ လုပ်သည် ။

ဘာမှ ဝင်မပြော ဘာမှ ဝင်မပါ။

မေးပြန်လျှင်လည်း ပြောင်ပြောင်ပဲ ငြင်း၏

။

ထိုအခါ ညီအငယ်ဆုံးမို့ ပဋိပက္ခကိုမလိုချင်သော အစ်ကိုတွေကပဲ အလျှော့ပေးကြရသည်

။

နေခြိရုံကတော့ ဘာမှ ဂရုစိုက်ခဲ့တာမရှိ။

လုပ်သမျှဖြစ်ပြီးဖြစ်သမျှအောင်မြင်နေခဲ့၍ မာနကြီးနေတာလား ကြီးတဲ့ လူတွေ အလိုလိုက်မှန်း သိသောကြောင့် ဂရုမစိုက်တတ်တဲ့ အ

ကျင့်တွေဖြစ်ခဲ့သည် လား မသိ။

နေခြိရုံကတော့ နာမည်ကြီးမြဲ ကြီးနေသည် ။

မာနတွေကလည်း အရောင်တက်နေဆဲ ဖြစ်၏။

Shopping Mail တစ်ခုအကြီးအကျယ် ထလုပ်ပစ်လိုက်တာတောင် လုပ်ပြီးမှ သူတို့ သိခဲ့ရ၏။

"ကားတွေကုန်တွေနဲ့ လုပ်ရတာ အရှုံးအမြတ်တွေ လုံးထွေးပြီးလူပင်ပန်းတယ် ငွေမငြိမ်ဘူး လူမှုန်းများ တယ် ဒီအလုပ်က 'မ'တည်နိုင်ဖို့ တစ်ခုပဲ ကောင်းမွန်တိုးတက်ဖို့ လမ်းကြောင်းကတစ်ခုတည်း ကြိုးစားဖို့ ပဲရှိတာ ရှင်းတယ်"

ကြီးတဲ့ လူတွေကမကြိုက် သူကတော့ သူ့အယူအဆနဲ့ သူ

လုပ်လိုက်တော့လည်း ထည်ထည်ဝါဝါ ခမ်းခမ်းနားနားမို့ အဆင်ချောနေသည် သာ။

အပြောကြီးသည် ဟု အပြစ်တင်၍ မရ လောက်အောင် အရည်အချင်းတွေ တစ်ခုပြီး တစ်ခု ထုတ်ပြနိုင်သူမို့ သူ့အရွယ်နဲ့ သူ့ကြိုးစား မှုကို အားလုံးကဟာခနဲ ဟယ်ခနဲ။

နေမျက်နှာကတော့ ညိုငယ်ကို နှမြောသည်။

ကုန်သည် အလုပ်လောက် ထည်ဝါဦးမ လား . . .

သူ့လိုအမြင် သူ့လိုအရည်အချင်းနှင့် ကုန် သည် လောကမှာ ဆို ဘယ်လောက် မျက်နှာကြီးလိုက်မလဲ။

မိန်းမများ နှင့် ရောထွေးနေသေး။

ပြီးတော့ ကုမ္ပဏီတွေ ရုပ်ပါမားကတ်တွေ

သောက်သောက်လဲလုပ်နေကြသော ခေတ်ကြီးမှာ ဒါကိုပဲ လိုက်လုပ်စရာလား။

နေခြိရံနှင့် ပတ်သက်တိုင်း သူတို့ မှာ စိတ်ကျေနပ်ဖွယ် ဘာမှ မရှိခဲ့သေး။

ထိုမှ စခဲ့သော မညီညွတ်မှုများကြောင့် နောင်တစ်ချိန်အထိ စကားပြောတိုင်း အဆင်မပြေ ဖြစ်ကြရသည် ။

အောင်မြင်မှုတွေ မြင့်မား လာလေ နေခြိရံ၏ သီးသန့်ဆန်ခြင်းက ပိုဆိုး လာလေ . . .

သူ၏ သီးသန့်ဆန်ခြင်းသည် သူလှုပ်ရှားသွားလာသမျှ လုပ်ကိုင်ကြံစည်သမျှ ဘာကိုမှ အကဲခတ်၍ မရနိုင်လောက်အောင် လျှို့ဝှက်ခဲ့သဖြင့် . . .

*

## အခန်း(၉)

"မင်း ညကတစ်ညလုံး မအိပ်ဘဲ ဘာတွေစဉ်းစားနေတာလဲ"

အိပ်ပြီဆို မီးဖွင့်မအိပ်တတ်သည့် သူ့အကျင့်ကို သိထားသဖြင့် မနက် လက်ဖက်ရည်ဝိုင်းရောက်တော့ နေမျက်နှာက ဆီးမေးသည်။

နေလွင်ပြင်က တစ်ချက်မျှပြုံးကာ ပေါင်မုန့်တစ်ချပ်ကို ပါးစပ်ထဲမှာ တစ်ဝက်ထိဝင်အောင်သွင်း၍ ကိုက်ဝါးလိုက်သည်။

"သူ့မှာ တွေးစရာတွေ ရှိသွားလို့ ဖြစ်မှာပေါ့ကွ မနေ့က မင်းပဲ သူကောင်မလေးကို ရအောင်စုံစမ်းပြီး ငါ့ကိုပေးမယ်လို့ ပြောထား

တာကိုး"

နေမျက်နှာကတော့ မရယ်နိုင်ပါ။

ညကတစ်ညလုံး သူလည်း အိပ်လို့ မပျော်ခဲ့
။

မကြာခဏ ထရပ်ရင်း လှမ်းကြည့်လိုက်တိုင်း နေခြံရုံအခန်းက မီးလင်းနေသည် ။

အလွန်တိတ်ဆိတ်စွာ သီးသန့်နေတတ်သော နေခြံရုံ၏ လျှို့ဝှက်ချက်တွေကို သူသိချင်မိ၏။

ဒီကောင် ဘာတွေဒီလောက်တောင် တွေးစရာရှိနေလို့ လဲ။

စီးပွားရေးလည်း အောင်မြင်သည် ။

လက်လှုပ်တိုင်း ငွေဖြစ်နေလိုက်တာ သူတို့ထက် အများကြီး ရှေ့ပြေးနေတဲ့ သူ ဒါကိုကြံစည် စိတ်ကူးဖို့ လည်း မလို။

သူ့မှာ အတွင်းရေးမှူးဆိုတာထက် ပိုမြင့်သည့် အတွေးအခေါ်အကြံပေးနိုင်သည့် ပညာရှင်တွေလည်း အနားမှာ ရှိသည်။

"အနားမှာ ထားပြီး လခသက်သက်ပေးထားတာ မဟုတ်ဘူး ကိုကြီး သူတို့ ရဲ့ တန်ဖိုးရှိတဲ့ ဦးနှောက်တွေကို ထိုက်ထိုက်တန်တန်ပေးပြီး ချီးမြှင့်ထားတာ"

"ကိုယ်လုပ်လို့ ပဲ အောင်မြင်လာတာ မဟုတ်လား သူများကို ခေါင်းလွဲတာ ကိုယ့်ထက်စိတ်ချရတယ်လို့ မင်းမို့ ယုံကြည်တယ်"

"ယုံကြည်ဖို့ မယုံကြည်ဖို့ ကို ကိုယ်ကဆုံးဖြတ်တာလေ ဒါပေမဲ့ ကိုယ်မတွေးရ မပူရဘဲ အဆင်သင့်အဖြေက ရှေ့ရောက်လာတာ ကိုယ့်ဦးနှောက် အေးချမ်းတာပေါ့ ဒီအတွက်ရှေ့ဆက် အများကြီးလုပ်စားသွားလို့ ရတယ် သိပ်မပင်ပန်းဘဲ အမြဲတမ်းလတ်ဆတ်နေတဲ့ အတွေးတွေ

စိတ်ကူးတွေနဲ့ ရှင်သန်လှုပ်ရှားသွားနိုင်တယ်”

လူသာငယ်ပေမယ့် နေခြိရုံက စိတ်ကူး ကောင်းသည် ။

ငွေကိုဖြုန်းရဲသည် ။

ထောင်မြင်လျှင် ရာစွန့်ရဲတယ်ဆိုတာတွေ ထက် သူကပို၏။

သူတို့ တိုင်းထွာ တွက်ချက်နေရသော နေ ရာမျိုးတွေမှာ နေခြိရုံတို့ က ရှေ့ရောက်နေပြီ ဖြစ်၏။

ဒီလိုလူက ဘာတွေ တစ်ညလုံး တွေးနေသ လဲ။

စီးပွားရေးလား လူမှုရေးလား . . .

ထိုထဲက တစ်ခုခုဟာ စီးပွားရေးမဟုတ်နိုင် တာကို သေချာတွက်လိုက်မိသည် ။

လူမှုရေးဆိုတာ ကျတော့ကော သူနဲ့ သူ့ပ

တ်ဝန်းကျင်မှာ နေရာတကာ သူဝင်ပါရတာ မ ဟုတ်။

အိမ်မှာ ဆိုလည်း နေရာတကာ နေမျက်နှာ နဲ့ နေလွင်ပြင်

ဒါဆို ဘာကျန်သေးလို့ လဲ။

ဒီကောင် နေလွင်ပြင် ပြောသလိုများ တကယ် ဟုတ်နေသလား။

“မင်းညီကို လျှော့မတွက်နဲ့ နေမျက်နှာ ငါရယ်စရာပြောတာ မဟုတ်ဘူး ကောင်မလေးက တော်တော်လှတာတဲ့ ခဏတစ်ဖြုတ် အပျော်တွဲတဲ့ ပုံစံမျိုးလည်း မဟုတ်ဘူး တဲ့ ”

“မင်း မမြင်ရဘဲနဲ့ ”

“ငါ့ထက်စိတ်ချရတဲ့ လူကပြောတာကွ”

နေလွင်ပြင်က သေချာသတင်းပေးထားသည် ။

ဒါတကယ်ဆိုလျှင်တော့ ရှေ့ဆက်ပြီး ညီအစ်ကိုသုံးယောက် သုံးပွင့်ဆိုင်ရှင်းပြရမည့် ပွဲတွေရှိလာတော့မှာ သေချာပါသည်။

"လှသော မိန်းမတွေကို မပတ်သက်ရ မချစ်ရ"

ညီအစ်ကိုတွေထဲမှာ ဒီတားမြစ်ချက်ကို သူ ဟိုတုန်းကတည်းက ကြေညာခဲ့ပြီးသား ဖေဖေ့ တုန်းက ဘာတွေဖြစ်ခဲ့သလဲ။

အလှအပကို ကိုးကွယ်တတ်ခဲ့သော ယောက်ျားတစ်ယောက်၏ ကျဆုံးမှုကို သူကမေ့လိုက်နိုင်သလား။

နေမျက်နှာ ကော်ဖီကို တစ်ငုံပြီးတစ်ငုံ မျိုချရင်း ချိုသလား ခါးသလား အရသာလည်း မခွဲခြားမိ။

မုန့်စားဖို့ လည်း မေ့နေသည်။

ရင်ထဲမှာ ပဟေဠိတွေ ဖြစ်နေသမျှ မေး၍လည်း ထူးမည်မဟုတ်တာကို သိနေသမျှ အုံဖွဲ့ရှုပ်ထွေးနေခဲ့၏။

ဒီမိန်းကလေးကဘာလဲ . . . ဘယ်ကလဲ. . .

ဒါကိုစုံစမ်းရမည် တိုက်ဖျက်ရမည် အောင်မြင်နေသော လူတစ်ယောက်အတွက် အချစ်ဖြင့် ငြိတွယ်လိုက်ခြင်းသည် အန္တရာယ် အကြီးမားဆုံး ဖြစ်၏။

အချစ်မှာ သန့်စင်ခြင်း၊ ညစ်နွမ်းခြင်း ခွဲခြားဖို့ အရောင်အဆင်းမရှိ။

စီးပွားရေးလေးမှ စမယ်ကြံကာပဲ ရှိသေးသည် ။ ဒါတွေကို ငြိတွယ်စရာလား . . .

ထိုစဉ် မိုးရပ်ဝန်း အခန်းထဲဝင်လာသည် ။

အဖြူရောင် ရှပ်အင်္ကျီအကွက်ပွပွ ထဘီတိုတိုလေးနှင့် ဆံပင်တွေကို အနောက်မှာ စုသိမ်း

၍ တစ်ပတ်လှို့ထုံးထားရ၏။

သူမကော်ဖီဝိုင်းမှာ ထိုင်ဖို့ ဝင်လာခြင်း မဟုတ်ပါ။

ဆွမ်းတော်ပွဲတွေ စွန့်ခဲ့ပြီး ဆေးကြောဖို့ ဘောစင်ဆီ လျှောက်ဝင်သွားခြင်းဖြစ်သည် ။

မိုးရပ်ဝန်းကိုမြင်သည် နှင့် နေမျက်နှာ၏ မျက်လုံးတွေပို၍ ပြောင်လက်သွား၏။

ဒီမိန်းမ . . .

ဘာဖြစ်လို့ ဝင်လာတာလဲ။

ပြဿနာရှာချင်သည့် မျက်လုံးတွေက ပြေးလွှားသွား၏။

ပြောရအောင်က သူလုပ်နေကျအတိုင်းပဲ ဝင်လုပ်တာပဲဖြစ်သည် ။

သနပ်ခါးမလိမ်းရ . . . မိတ်ကပ်မလိမ်းရ . . .

အဝတ်အစား လှလှမဝတ်ရ . . . ဆံပင်ကို ဟိုလိုဒီလို ဖြန့်ချထုံးဖွဲ့ခြင်းမလုပ်ရ၊ အားလုံး သူ့အမိန့်အတိုင်း ဖြစ်ခဲ့သည့် မိုးရပ်ဝန်း . . .

ဒါကိုလည်း သူမကျေနပ်နိုင်။

ဒီမိန်းမကိုမြင်တိုင်း ဟိုမိန်းမကြီး မျက်နှာက ဘက်ညီစွာ ယှဉ်တွဲပေါ်လာသည် ။

ယုတ်မာသွားတာတွေကို သတိရမိတိုင်း သူ့အမေဆိုသည့် ဒေါသက အိပ်ရာထဲကနေ ဆွဲယူကိုင်ပေါက်ပစ်သည် အထိ မိုးရပ်ဝန်းအပေါ်မှာ သူလုပ်ပစ်ခဲ့ဖူးသည် ။

မအိပ်နဲ့ မစားနဲ့ သွား . . .

မျက်စိရှေ့မှာ ဒီမိန်းမ ကောင်းကောင်း ငြိမ်နေတာကို မမြင်ချင်။

မိုးရပ်ဝန်းဟာ သိပ်လှသည့် မိန်းကလေးတဲ့ ။

သူ့ဇနီးအဖြစ် သိထားသည့် လူတချို့က ပြောဖူးသည်။

ဘာလှတာလဲ မလှနဲ့ လှတယ်ဆိုလေ သူမုန်းလေ . . .

ဒါဟာ သဝန်တိုတာမဟုတ်ဘဲ အလှအပကို မုန်းတီးခြင်း သက်သက်ဖြစ်သည်။

ရွှေရုပ်လွှာဆိုသော မိန်းမကြီးကို မုန်းခဲ့သော မငြိမ်းသောမီးပဲ ဖြစ်၏။ ရင်ထဲက မီးကဤမျှ ပြင်းထန်ခဲ့သည်။

ထို့ကြောင့် မိုးရပ်ဝန်းကို သူ့မှာ အမိန့်ပေးလို့ မဝနိုင်။

နိုင်နေရတာကိုပဲ ထပ်နိုင်ချင်နေသည်။

ထိုမိန်းမ သူ့ရှေ့မှာ ဟပ်ထိုးပဲလဲသွားသွား သတိပဲလစ်နေနေ သနားစိတ်လည်း နည်းနည်းမှ မဖြစ်။

ပိုဆိုးသည် က ထိုမိန်းမနှင့်မြင်ရတိုင်း နေခြင်ရံ ရှိနေချိန်ဆို ညီအစ်ကိုချင်း တစ်ခါဆက်ဖြစ်။

"မိန်းမတွေမာယာများ တတ်တာက သူတို့လက်နက်ပဲ ယောက်ျားမာယာများ တာကျတော့ ကြားလို့ မကောင်းဘူး ကိုကြီး လူယုတ်မာဖြစ်မှာ စိုးလို့ ပြောတာ"ဆိုတာကတစ်မျိုး

"ရန်သူကရန်သူပဲ လက်နက်ချနေတဲ့ ရန်သူကို ထပ်နှိပ်စက်တာ သူရဲကောင်းမှ မဟုတ်တာ သူသေရဲတယ်လို့ ပြောနေတယ်မို့လားကိုကြီးဒီလောက် ငြိုးနေရင် သတ်ပစ်လိုက်ပေါ့ ထောင်ကျမှ စိုးရင် ကျွန်တော်ဝင်ခံပေးမယ်"

လို့ ကဲ့ရယ်တာက ရှိသေးသည် ။

အစကတည်းက သေတာထက်ဆိုးတဲ့ အဖြစ်မျိုးရောက်အောင် လက်တုံ့ပြန်ဖို့ သူတို့ အား

ခဲ့ထားကြတာ။

ဒေါ်ရွှေရုပ်လွှာလည်း မီးလောင်ပြီး ဘာမှ မကြာလိုက်ဘဲ သူ့အကုသိုလ်နဲ့ သူ စိတ်ဖိစီးပြီး ဆုံးသွားခဲ့သည် ။

အငယ်မလေးဆိုတာကို ခုချိန်ထိ ရှာမတွေ့ ။

ဒီတော့ ပစ်မှတ်က ဒီတစ်ခုတည်း။

မိုးရုပ်ဝန်းကို သူမုန်းသည် ။ ဇနီးအဖြစ်ရှိနေစေတာကိုက မုန်းလို့ ပဲ ဖြစ်၏။

အခုထပ်ပြီး ညီဖြစ်သူအပေါ် သံသယစိတ်တွေ ဖြစ်လာခဲ့ပြန်သည် ။

ညီအစ်ကိုဖြစ်ပြီး ဒီကောင် ဘာဖြစ်လို့ တစ်စိတ်တည်း တစ်ဝမ်းတည်း မရှိခဲ့တာလဲ။

တစ်ခါတစ်ခါ မိုးရုပ်ဝန်း ဘက်ကလိုလို ဘေးကနေ ပြောပေးသလိုလို အမြင်မတော် အ

ပြောမျိုးတွေက ပါသေးသည်။

နေခြိရံ ထထွက်သွားသည် အထိ သုံးယောက်သား တိတ်ဆိတ်သွားခဲ့ပြီး။

"မင်းဘယ်လိုထင်လဲ နေလွင်ပြင်"

နေလွင်ပြင်က စားသောက်လက်စကို ဖြတ်၍ သူ့ကိုမော့ကြည့်၏။

"နေခြိရံကို တစ်ခုခုလို့ ငါထင်တယ်"

"ငါကတော့ ထင်နေရတာကို ဝါသနာ မပါဘူး လက်တွေ့ပဲ"

"ကောင်းတယ် အဲဒီတစ်ယောက်ကို မင်းစုံစမ်း ဘယ်သူနဲ့ ဘာဖြစ်ရဖြစ်ရ တရားတယ်ပြောပြော မတရားဘူးဆိုဆို မိန်းမနဲ့ ပတ်သက်ရင် လုံးဝခွင့်မလွှတ်ဘူး"

"မင်းကဘာလုပ်မှာ လဲ"

"ခွဲရမှာ လေ တကယ်ငြိပြီဆိုလို့ ကတော့

အရှင်ခွဲလို့ မရရင် အသေခွဲပစ်မှာ . . .”

“ခွမ်း”

“အို”

မိုးရပ်ဝန်း လန့်ဖျပ်ကာ ဘယ်လိုမှ ထိန်းမရလိုက်သည့် ဖန်ခွက်ကွဲသံကြောင့် နောက်ကိုလှည့်ကြည့်လိုက်မိသည်။

သူမ ထင်သည့်အတိုင်း နေမျက်နှာ၏ မျက်လုံးများ စူးရဲသွားကာ နေရာမှ ဖျတ်ခနဲ ထရပ်လိုက်သည်။

သူမဘေးသို့ ရောက်လာပုံက မြန်ဆန်စွာဖြစ်၏။

“မင်းက ဘာဖြစ်တာလဲ ဒီနားမှာ လာပြီး ဖန်ခွက်ခွဲပြလိုက်တာ ဘာသဘောလဲ”

“အို မိုး . . . မိုး တမင်ခွဲတာ မဟုတ်ပါဘူး အစ်ကိုရယ် မတော်တဆ လွတ်ကျသွားတာပါ

”

ပြောပြရင်း မိုးက ဖန်ကွဲစတွေကို ကောက်ဖို့ ကပျာကယာလေး ထိုင်ချလိုက်သည် ။

နေမျက်နှာက လက်မောင်းတစ်ဖက်ကနေ ဆွဲထား၍ ဆောင့်ခါပစ်လိုက်၏။

“ကြည့်လိုက်တော့ မလှုပ်တလှုပ်ပုံနဲ့ မင်း ဘာအချိုးချိုးနေတယ်ဆိုတာ ငါမသိဘူး မှတ်နေသလား မိုး . . .”

“မိုး ဘာအချိုးမှ မချိုးဘူးအစ်ကို အစ်ကိုထားသလိုနေစေရာသွားတဲ့ မိန်းမပါဒီထက်မိုးဘယ်လိုနေပေးရဦးမလဲ”

သူ ဆောင့်ခါပစ်လိုက်သည့်အရှိန်ကြောင့် လက်မောင်းလည်း နာသွားသည် ။

ခေါင်းတွေလည်း ထိုးဆောင့်သွား၏။

မိုး ဒေါသထွက်၍ တော့ မဟုတ်ပါ ဒါပေမဲ့

သူထင်ရာပြောနေတိုင်း ခေါင်းငုံ့ခေါင်းခါပဲ နေနေသမျှ ဘာမှ ပြီးဆုံးသွားမှာ မဟုတ်။

သူလိုချင်သမျှကို မိုးပေးဆပ်ခဲ့ရတာ ဘဝတစ်ခုတည်းမှ မဟုတ်ခဲ့ဘဲ။

"မင်း မင်းကငါ့ကို ဘယ်လိုမျက်လုံးနဲ့ ကြည့်လိုက်တာလဲဟင် မိမိုး . . . မင်း"

နေမျက်နှာ မိုး ပခုံးနှစ်ဖက်ကို ကြမ်းတမ်းစွာ ဆောင့်ခါ၍ နံရံဆီ တွန်းချပစ်လိုက်သည် ။

"အား"

မိုး တစ်ကိုယ်လုံး ကိုင်ရိုက်လိုက်သလို မျက်လုံးတွေပါ ပြာသွားသည် ။

နေမျက်နှာက သူမမျက်နှာရှေ့မှာ လာရပ်ပြီး ခြေနှစ်ဖက်ချဲထား၍ ခါးထောက်လျက် ငုံ့ကြည့်၏။

"မှတ်ထားစမ်းမိုး ငါလိုကောင်က မိန်းမတ

စ်ယောက်ရဲ့ မာယာ လက်နက်တွေအောက်မှ ပြားပြားဝပ်ကျဆုံးသွားမယ့် ကောင်မျိုး မဟုတ်ဘူး ဘာဖြစ်ဖြစ် မင်းငါ့ဆီက ရယူဖို့ ကြိုးစားရင် မင်းနစ်နာမှာ ပဲ”

“နာပါစေအစ်ကို အစ်ကိုပါးစပ်နဲ့ ပဲဖြစ်ဖြစ် လက်နဲ့ ပဲရိုက်ရိုက် မိုးကကျေနပ်ခဲ့တဲ့ သူပါ မေမေနဲ့ ပတ်သက်ပြီး အစ်ကိုတို့ မိသားစု တစ်စုလုံးရဲ့ အငြိုးတေးတွေ တင်နေသမျှ မိုးက ကျေကျေနပ်နပ် ပေးဆပ်သွားဖို့ ဆုံးဖြတ်ပြီး သားပါ”

“ဟာ နားထောင်လို့ ကောင်းလိုက်တာ”

နေမျက်နှာက ဆံပင်တွေကို သပ်၍ အကြည့်ရဆိုးအောင် မဲ့ရွဲ့ပစ်သည်။

ညီအစ်ကိုသုံးယောက်လုံး တစ်မျိုးစီချောကြသည်။

ဒါပေမဲ့ စိတ်ခါတ်အပြင်းထန်ဆုံးဖြစ်သည့်

နေမျက်နှာ၏ မျက်နှာမှာ ခက်ထန်ခြင်းတွေ ပို ကဲနေသည် ။

ချောမွေ့နူးညံ့ခြင်းတို့ ပျောက်ဆုံးနေခဲ့၏။

အချိန်တိုင်းလိုလို အပြုံးအရယ်မဲ့ နေတတ်သော မျက်နှာဟာမိုးရေ့ကိုရောက်လျှင် ဘီလူး သရဲစီးသလို ဖြစ်သွားတတ်သေးသည် ။

လင်မယားဆိုသည့် မျက်လုံးနှင့်မကြည့်။

မိန်းမတစ်ယောက် အဖြစ်လည်း မမြင်။

မိန်းမတစ်ယောက်သည် သူ့ကိုတိုက်ခိုက်ရန် လက်နက်ကြီး တစ်ခုကိုင်ဆောင်ထားသည့် ရန်သူတစ်ယောက်သာဖြစ်သည် ။

သူ့အကြည့် သူ့အမြင်အားလုံးမှာ မိန်းမဟာ ချစ်စရာမကောင်းချစ်စရာဟု မြင်ကာ 'မိန်းမတွေအတွက် ဒူးထောက်အညံ့ခံနေကြသော ယောကျ်ားတွေထဲမှာ သူဟာသူရဲကောင်း'

ထိုသူ၏ မျက်နှာကို မိုးမျက်ရည်များ နှင့် မော့ကြည့်မိသည် ။

နောက်ထပ်ကျရောက်လာနိုင်သည့် ရိုက်ချက်တွေကိုလည်း ကြောက်ရမှန်းမသိတော့ အပြုံးနှင့်ခေါင်းတဆတ်ဆတ် ညိတ်နေသော နေမျက်နှာ၏ လှောင်ရယ်ခြင်းများကိုလည်း တစိမ့်စိမ့်ငေးရင်း နာကြည်းလာမိသည် ။

"ရယ်ပါအစ်ကို အစ်ကို့ရဲ့ အငြိုးတွေအောက်မှာ မိုးဘဝက ပင်လယ်ရေပါ သောက်လေသောက်လေ ငတ်မပြေတဲ့ မိုးကိုမြင်တိုင်း အစ်ကိုရဲ့ အငြိုးတွေက ဘယ်လိုတုံ့ပြန်လို့ မှ မကျေနပ်အောင် ကြာလေပိုဆိုးလေဆိုတာ မိုးသိပါပြီ"

"ဟုတ်လား ပြောပါဦး သိတော့ မင်းကဘာလုပ်ချင်သလဲ"

"ဘာမှ မလုပ်ချင်ပါဘူး အစ်ကို့အတွက်

သေတဲ့ အထိ ပေးဆပ်သွားမယ်လို့ ပြောပြီးပြီ ပဲ”

“ဒီလိုပဲဖြစ်ရတော့မှာ ပေါ့ မင်းလှုပ်လို့ မှ မရဘဲ ဒီမှာ မိုး မင်းငါ့လက်ထဲက လွတ်မြောက်ဖို့ ကြိုးစားတဲ့ နေ့ဟာ မင်းသေနေ့စေ့တဲ့ အချိန်ဘဲ ခြိမ်းခြောက်နေတာလို့ ထင်ရင်တော့ မင်း အသက်နဲ့ ရင်းပြီး ကြိုးစားကြည့် လိုက်လေ”

သေကြမယ်ဆိုရင်တောင် ‘မင်းမနိုင်လို့ အရှုံးပေးရတာပဲ’ဟု သူပြောပါလိမ့်မည်။ မိုးအံကလေးကြိတ်၍ အင့်ခနဲရှိုက်မိသည် ။

သူ့အတွက် မိုးပေးဆပ်ဖို့ ဆုံးဖြတ်ခဲ့တာတွေဟာ မေမေ့အပြစ်အတွက်ရော နှလုံးသားနဲ့ ပါ ဆုံးဖြတ်ခဲ့မှန်း ဘယ်လိုသက်သေထူပြဖို့မှ မရှိတော့ဘူးလား

မိုး သူ့ကိုချစ်သည် ။

နေမျက်နှာ ဆိုသော ယောကျ်ားကို အမှတ်

တမဲ့လေးမြင်လိုက်ကတည်းက သူမ အမှတ်တရဖြစ်ခဲ့၏။

တောင်ကြီးကားဂိတ်မှာ လာကြိုမယ့်သူရှာနေတုန်း နေမျက်နှာနှင့်သူမ ဆုံစည်းခဲ့ကြသည် ။

ဒီတုန်းကလည်း သူကတော့ တမင်တကာပေမယ့် ကိုယ့်မှာ အမှတ်တမဲ့ဟု ထင်ခဲ့မိသည် ။

ရင်ထဲမှာ အမှတ်တရကြီးဖြစ်သွားခဲ့ခြင်းအတွက်လည်း အံ့သြမိ၏။ မိုး ဆလင်းဘက်လွယ်လျက် အဝတ်သေတ္တာလေးကိုဆွဲ၍ ရပ်နေစဉ် လူတွေကြားထဲကနေ ဘွားခနဲပေါ် လာပြီး တိုက်ချပစ်လိုက်တာ မိုးလက်ထဲက သေတ္တာလည်း လွတ်ကျသည် ။

လူလည်း ယိုင်ထွက်သွား၏။

"ဆောရီး"

သူက မိုးယိုင်သွားသည့်လက်မောင်းကို ပိုင်စိုးပိုင်နင်း ဆွဲကိုင်ပစ်လိုက်ပြီး ဆောရီးတစ်ခွန်းကိုပဲပြောသည် ။ နှုတ်ခမ်းမှာလည်း အပြုံးရယ်မရှိပါ။

ဒါပေမဲ့ တည်တင်းနေသည့် ထိုမျက်နှာကိုပဲ မိုးရင်ထဲမှာ ဖျောက်လို့ မရ။

ပြာလဲ့သော မျက်ဝန်းတို့ ၏ စူးလက်နေခြင်းများကို မကြာခဏ သတိရနေခဲ့သည် ။

နောက်ထပ်တစ်ကြိမ် ဆုံစည်းတာ ရန်ကုန်မှာ ပဲဖြစ်သည် ။ ထိုအကြိမ်မှာ ပဲ မိုးကို သူဇွတ်တရွတ်ကားတင်ပြေးခဲ့တာ ဖြစ်၏။

ကွန်ပျူတာသင်တန်းတစ်ခုအပြန်မို့ မိုးလက်ထဲက ဖိုင်နှင့် တွဲထားသော စာအုပ်တွေရောပိုက်ဆံအိတ်တွေပါ အကုန်လွတ်ကျကျန်ခဲ့၏။

"ရှင် . . . ရှင် ဘာလုပ်တာလဲ အို . . . လွှတ်. . ."

ကားမောင်းနေသူက နေမျက်နှာ

မိုးကိုဆွဲတင်သူက နေလွင်ပြင်။

ထိုစဉ်ကတော့ နေလွင်ပြင်ဆိုတာလည်း မသိ။ ဘာကြောင့်ဆိုတာလဲ နားမလည်။

ကားပေါ်မှာ လုံးထွေးပစ်ကျသွားပြီးမှ ကားမောင်းနေတဲ့ သူက သူမစွဲလမ်းခဲ့ဖူးသည့် သူမှန်းသိခဲ့ရသည် ။

နောက်ကျမှ ထပ်သိရသည် က မေမေ့ကို မကျေနပ်လို့ လက်တုံ့ပြန်ရန် သူမကို ခိုးလာခဲ့သည် ဟု သိရသည့်အချိန်မှာ မိုးဘဝ သူ့ရင်ခွင်ထဲမှာ ပေးဆပ်ခဲ့ရပြီဖြစ်သည် ။ မိုး သူ့ကိုပေးဆပ်ခဲ့ခြင်းသည် ဘဝကိုရော အချစ်ကိုပါပေးခဲ့တာဖြစ်ပါလျက် သူကတော့ ရက်စက်စွာ

"မင်းကို ငါသိပ်မုန်းတယ် မင်းရဲ့ မျက်လုံး . . . မင်းရဲ့ အသံ အားလုံးဟာ ငါ့ရင်ထဲက

အမုန်းမီးတွေကို တောက်လောင် အားကောင်းစေတဲ့ လေပြင်း . . . မင်းရဲ့ အသွေးအသားဟာ ငါ့အတွက် အဆိပ် . . . မင်းဆီက ငါယူနေသမျှ တပ်မက်တဲ့ စိတ်ဘာမှ မပါဘူး . . . အမုန်းရယ် နာကြည်းမှု ကလဲ့စား ဒါပဲ ၊ အဲဒါကို မင်း တစ်သက်လုံးမှတ်”

“မင်းအမေကို ဘယ်လောက်ထိ မုန်းခဲ့သလဲဆိုရင် သူ့ရဲ့ သမီးကို မပြောနဲ့ ချောချောလှလှ ဘယ်မိန်းမမဆို ငါလုံးဝကြည့်မရဘူး”

“ကျန်သေးတယ် တစ်ယောက် အဲဒါမင်းညီမပဲ . . .”

“အို . . . ညီမလေးက အရွယ်မရောက်သေးတဲ့ ကလေးပါ . . .”

ဒီတစ်ခွန်းတော့ မိုး နာနာကြည်းကြည်းပြန်ပြောမိသည် ။ သူက ရက်စက်ကောက်ကျစ်သော ရယ်မောခြင်းဖြင့် ခေါင်းမော့ရယ်၏။

"အရွယ်မရောက်သေးဘူးဟုတ်လား မင်းလည်း ကလေးကနေ လူကြီးဖြစ်လာတာပဲ ဒါမခက်ပါဘူး အမိကက ငါ့လက်ထဲ ရောက်လာဖို့ ပဲ . . . မင်းတို့ ညီအစ်မနှစ်ယောက်ကို မရမချင်း ငါတို့ ရဲ့ အနာဂတ်တွေဟာ ဘယ်တော့မှ အမိပ္ပာယ်ရှိလာမှာ မဟုတ်ဘူး အဲဒီအတွက်နေ့ရှိသရွေ့ ကြိုးစားနေမှာ ပဲ . . . မင်းကတော့ ဆုတောင်းနေပေ့ါ . . . ဟွန်း မင်းညီမဝေးဝေးပြေးနေနိုင်ပါစေလို့ . . ."

ဒီနေ့ထိ ညီမလေးကို သူတို့ မလျော့သော ဇွဲနှင့်ရှာဖွေနေဆဲ . . .

"မင်းညီမရယ် မင်းအမေရယ်ကို မီးနဲ့ ရှို့သတ်ခဲ့တာငါပဲ မင်းအမေနဲ့ အတူ မတရားသဖြင့် လိမ်ညာလှည့်ဖြားယူသွားတဲ့ ငါတို့ ရဲ့ စည်းစိမ်တွေကိုပါ တစ်ခါတည်း သင်္ဂြိုဟ်ပစ်လိုက်ဖို့ ဒါပေမဲ့ ဒုက္ခိတက မီးကိုလွတ်အောင်ရှောင်သွား

နိုင်တယ် မင်းညီမက ပျောက်ချင်းမလှပျောက်သွားတယ်”

“ညီမလေးလွတ်သွားပေမယ့် မေမေလည်း မီးသင့်တဲ့ ဒဏ်နဲ့ ပဲ ဆုံးခဲ့တာပါအစ်ကို ညီမလေးလည်း လွင့်ချင်ရာလွင့်ပြီး ဘဝပျက်နေရှာပါပြီ အစ်ကို ကျေနပ်ဖို့ကောင်းပါတယ်”

“ဘာ ကျေနပ်ရမယ် ဟုတ်လား . . . မင်းအမေဘဝပျက်ရတာ ဒုက္ခိတကြီးဖြစ်မှ ပါ လင်ကမယားငယ်နေ လူကစိတ်ဓာတ်ကျပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေချင်နေတဲ့ အချိန်မှာ သေရတာ သူ့ကိုယ်သူ ကံကောင်းလှချေလားလို့ မှတ်ရင် မှတ်သွားဦးမှာ မင်းညီမ ပျောက်နေတာကရော ဘဝပျက်သွားပြီလို့ ဘယ်သူပြောနိုင်သလဲ . . . သူ့ကိုတစ်ယောက်ယောက်ကယ်ထုတ်သွားတာ တစ်နေရာရာ

တစ်ချောင်းချောင်းမှာ ခုလောက်ဆို လက်ခုပ်လက်ဝါးတီးပြီး ရယ်နေလိမ့်မယ်။ ဒါကို ငါကကျေနပ်လိုက်ရမှာ လား ငါတို့ ဘဝပျက်ခဲ့ရတုန်းက ပညာသင်နေကြတဲ့ အရွယ်တွေ စီးပွားရေးဆိုတာဘာလဲလို့ လည်ပင်းတောင် ရှည်ကြည့်ခဲ့သေးတာ မဟုတ်ဘူး . . . ငါတို့ မှာ ပစ္စည်းတွေလည်း ဆုံး အဖေလည်း ဆုံး ဘဝပျက်ခဲ့ရတာ လူလေးယောက်ဒီဘဝရောက်အောင် ငါတို့ ဘယ်လို ရုန်းကန်ခဲ့ရလဲသိလား ဘယ်လောက်ပင်ပန်းခဲ့ရလဲ မင်းခန့်မှန်းနိုင်လား"

"ကျေနပ်ပါတော့ဆိုတဲ့ စကား မင်းထပ်ပြောကြည့် နောက်နေ့မင်းဆန်ပြုတ်တောင်မျိုမချနိုင်ဘဲ ဖြစ်သွားမယ် မယုံမရှိနဲ့ . . . ငါမင်းကို ဒီထက်ရက်စက်ဖို့ တွေရှိသေးတယ် . . . မင်းရဲ့ ညီမကိုတွေ့ရင် မင်းဒီထက် ရင်နာအောင် မင်းအတွက် ပြဇာတ်တွေ အဆင်သင့်ပဲ 'ရွှေရုပ်လွှာ'ရဲ့ သွေးဆိုရင် အဲဒီသွေးစက်

ဟာ ပင်လယ်ရေထဲပဲကျသွားသွား ရအောင်လိုက်ပြီး မီးရှို့မယ်"

အမုန်းကပြင်းထန်သည် ။ အပြောနှင့်လက်တွေ့ တစ်ထပ်တည်း ကျခဲ့တာတွေလည်း တကယ့်လက်တွေ့၊ ထစ်ခနဲရှိ ဖောင်းခနဲမြည်သွားသည် ။

မိုး၏ ဇက်ပိုး ပါးပြင်နုနု နေရာအားလုံးဟာ သူ့အတွက်တော့ ထရိန်နင်ခန်းတစ်ခုထဲက ပစ်မှတ်များ သဖွယ်သာ ။

ထမင်းစားနေလည်း ဖိနပ် ထတိုက်ခိုင်းသည် ။

အိမ်မှာ ဧည့်သည် တွေများ ပြီဆို လူရှေ့ထုတ်၍ မိုးကို နှိုင်ပြသည် ။

သူ့ဖိနပ်ကို ကြိုးချည်ခိုင်း၍ စိတ်တိုင်းမကျလျှင် ကန်ပစ်တာမျိုးထိ ရက်စက်ခဲ့၏။ ရက်စက်သည် ယုတ်မာသည် လူတွေ ဘာပဲထင်ထင်

သူ့အခုရုံထဲမှာ မိုးဟာ  လူတွေရှေ့မှာ မရှုမလှ ကျဆုံးရဖို့ ပဲဖြစ်သည် ။

အိပ်နေလျှင်ခေါ်ထုတ်၍ စာရင်းတွေ လုပ်ခိုင်းသည် ။ မှားလျှင် အချိန်မတော်ပေမယ့်လည်း  ရိုက်နှက်တတ်ပြန်သည် ။

သူမရှိတုန်းကဆို မိုးသူ့ကို ကြောက်လာသည် နှင့်အမျှ ထွက်ပြေးဖို့ လည်း စိတ်ကူးခဲ့ဖူးသည် ။

သူပြောသလို တကယ်လိုက်သတ်နိုင်တာ မသတ်နိုင်တာ သူမ မသိ။ လောလောဆယ် လွတ်မြောက်ခြင်းကိုတော့ ရမှာ အမှန်ပဲဖြစ်သည် ။

ဒါပေမဲ့ ထိုသို့ မိုး စိတ်ကူးခဲ့တိုင်း ဘယ်တော့မှ လည်း မအောင်မြင်ခဲ့ပါ။

အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင်ချစ်

တဲ့ သူဟာ မိုးလား . . . မိုး သူ့ကို ချစ်နေခဲ့မိသည် ။

ရက်စက်စွာပေးသော အငြိုးတို့ ကို ချစ်ခြင်းဖြင့် ခံယူနေမိတာ ခုချိန်ထိ ဒါကိုသူက တော့ မနိုင်လို့ အရှုံးပေးနေရပါသည် တဲ့ . . .

တကယ်ဆို သူမပေးဆပ်သမျှကိုသာ သူ ကျေနပ်ပေးမည်ဆိုလျှင်
တစ်စုံတစ်ရာအကြောင်းနှင့် ရိုက်နှက်ပြီးတိုင်း သူပျော်သွားခဲ့ပါလျှင် သို့တည်းမဟုတ် မိုးကို အပြစ်တစ်ခု ယိုးမယ်ဖွဲ့၍ လူအများ ရှေ့မှာ လူးလူးလဲလဲ ရှုံးနိမ့်ကျဆုံးစေခဲ့ပြီးသည့်အခါ တိုင်း လိုချင်တာပေး၍ အချော့ခံလိုက်ရသည့် ကလေးငယ်လိုသာ
သူကျေနပ်ဝမ်းမြောက်သွားခဲ့မည်ဆိုလျှင်. . .

မိုး ဘယ်ဘဝရောက်သွားသွား လိုရာကိုယူ ပါ . . . ကြိုက်သလိုမောင်းနှင်စေထားပါ . . . ခု

တော့ အားလုံးသော ပေးဆပ်ခဲ့မှုများ ဟာ သူ့ရင်ထဲကို ဘာမှ မရောက် . . . ဘာကိုရလို့ မှ သူ မကျေနပ်ခဲ့။

မိုး ဘယ်လိုနေပေးပေး သူ့မှာ မရောင့်ရဲနိုင်။

နိုင်နေရတာကို သူတော်လို့ ဟု မြင်လည်း အရှုံးပေးနေတာကို မနိုင်လို့ ဟု ပြော၏။ ထိုအခါမိုး၏ မျက်ရည်စက်တို့ သည် နှလုံးအိမ်တစ်ဝိုက်မှာ သာ မြစ်တစ်စင်းလို ဖွဲ့အိုင်လာခဲ့ရကာ နှလုံးသား၏ အောက်ခြေမှာ မျက်ရည်မြစ်၏ တိုက်စားမှုများကြောင့်...

*

# အခန်း(၁၀)

"ဓာတ်ပုံရိုက်ဦးလေ သမီး"

"မရိုက်တော့ဘူး ဘာဘာ တစ်ပုံဆိုရပါပြီ"

ဝေ့တက်လာသည့် မျက်ရည်စတို့ ကို မျက်တောင်ရှည်တို့ ဖြင့် ပုတ်ခတ်သိမ်းဆည်းလိုက်မိသည် ။

ပါးပြင်ထက်သို့ မရောက်ခဲ့သော်လည်း မျက်ရည်စတို့ သည် အထက်အောက်မျက်တောင်ဖျားတို့ ကို စိုတွဲပူးကပ်ကုန်သည် အထိ ခြေဆောင့်၍ လှည့်ဝင်သွားခဲ့သည် ။

ရှုပ်ထွေးများ ပြားသောလူတွေ။

ဘွဲ့ယူနေကြသူတွေလည်း ပျော်နေသည် ၊ သူတို့ ၏ သက်ဆိုင်ရာ လက်တွဲရယ်မောရ၍ ဓာတ်ပုံရိုက်ကြ ပွေ့ဖက်ကြ သူတို့ လည်း ပျော်နေကြသည် ။

အားလုံးရွှင်ပျနေသည့်အထဲမှာ

ဝန်းမျက်နှာလေးကတော့ မဲ့နေသည် ။ တက္ကသိုလ်တက်ခွင့်ရခဲ့တော့လည်း ကားတစ်စီးနဲ့ ကျောင်းကိုရောက်။

အတန်းထဲဝင်စာသင် အတန်းချိန်ပြီးမှ ထွက်ခွင့်ရပြီး ကားပေါ်တက်၊ မုန့်ထွက်မစားရ၊ သူငယ်ချင်းမထားရ။

နားမထောင်လျှင် ကျောင်းမတက်ရဆိုသည့် အမိန့်ကို ကြောက်ရွံ့နာခံခဲ့ရသော ဝန်းမှာ ကျောင်းသာပြီးသွားသည် ။ ခင်မင်သူလည်း မရှိခဲ့တဲ့ အပြင် ဘဝင်မြင့်သူ ကြီးကျယ်သူအဖြစ် ဖယ်ကြဉ်ခံခဲ့ရပါသေးသည် ။

ခုတော့ ဘွဲ့ဝတ်စုံတွေနှင့် သူငယ်ချင်းတွေ လက်ဆွဲကြ ရယ်မောနှုတ်ဆက်ကြ။

သူများ တွေမှာ စိုပြည်နေသလောက် ဝန်းမှာ နှုတ်ဆက်မည့် သူငယ်ချင်းလည်း မရှိ။

မိဘမောင်နှမ အစ်ကိုဆိုတာလည်း မပါနိုင် ။

ဝန်း တစ်ယောက်တည်း ဘွဲ့ရဓာတ်ပုံတစ်ပုံကို မျက်ရည်မကျမိ ပြီးစီးစွာ ရိုက်ဖြစ်သွားဖို့ ကြိုးစားအားခဲထားခဲ့ရသည် ။

ဝန်း ဘေးမှ ဘယ်သူရှိရှိမရှိရှိ လိုအပ်တာ မျက်နှာတစ်ခုတည်းဖြစ်သည် ။ ထိုအရာဟာ အလိုချင် အတောင့်တဆုံး ဆန္ဒအဖြစ် ရင်ထဲမှာ ပူလောင်နေသည် ။

ကိုကို လိုက်လာစေချင်သည် ။ ဝန်း ကိုကို့ လက်ကိုဆွဲ၍ ဓာတ်ပုံရိုက်ရင်း ပျော်ချင်၏။ မ လာပါဘူးဟု ကြိုပြောထားခဲ့ပေမယ့် လာများ

လာမလားဟု မျှော်ခဲ့ရတာ တစ်မနက်လုံးပဲဖြစ်သည် ။

ပြောသွားသည့်တိုင်း ကိုကို တကယ် နေရက်ခဲ့သည် ။

တကယ်ဆို ဒီလိုအောင်မြင်လာအောင် ဘွဲ့တစ်ခု၏ သရဖူကို ဆောင်းနိုင်ဖို့ ကိုကို ခွင့်မပြုနိုင်ဘဲ ခွင့်ပြုပေးခဲ့တာ မဟုတ်ဘူး လား . . .

ဒီနေ့ ဝန်းရဲ့ ပန်းဝင်ကြိုးကို ကိုကို ကိုင်ပေးသင့်တယ်ဆိုတာကော မတွေးမိဘူးတဲ့ လား ဝန်းကားဆီသို့ သုတ်သုတ်လျှောက်ရင်း မျက်တောင်တွေနဲ့ အတင်းပုတ်ထုတ်တားဆီး နေရင်းမှ မျက်ရည်နှစ်စက်က ပါးပြင်ကိုနယ်လွန်ကာ ခုန်ပေါက်ဆင်းသွား၏။

ဦးကြွယ်ဝက ကားတံခါးဖွင့်ပေးထားလျက် စိတ်မကောင်းသော မျက်ဝန်းများ နှင့်ကြည့်နေသည် ။

ဝန်း ကားထဲဝင်ထိုင်လိုက်ပြီး မျက်လုံးတို့က ဘေးက နောက်ကြည့်မှန်ဆီသို့ ရောက်သွားလျှင်

"ဟင်"

ကိုကို့ကား ဝန်း တံခါးကို ဖျတ်ခနဲပြန်ဖွင့်ကာ ကားပေါ်က ချက်ချင်းပြန်ဆင်းသည် ။

"ဘာလဲ သမီးရဲ့ "

ဦးကြွယ်ဝ မောင်းသူနေရာမှာ ဝင်ထိုင်ပြီးမှ ဝန်း ဆင်းလိုက်တာကို နားမလည်နိုင်ဖြစ်သွား၏။ သို့သော်

ဝန်းပြေးသွားသည့်ဆီကို လှမ်းကြည့်လိုက်မိတော့ ခေါင်းညိတ်၍ ပြုံး၏။

"ကိုကို ကိုကိုလိုက်လာတယ်နော်"

ဝန်း အနားရောက်သွားတော့ ကိုကို ကားပေါ်က ဆင်းပြီးနေပြီ

“ပြန်တော့မလို့ လား”

“ဟုတ်တယ် ကိုကို ဝန်း . . . ဝန်း ကိုကိုမလာလို့ ”

ပြောရင်း မျက်ရည်လေးတွေ ဝဲလည်လာသည့် ဝန်းကို နေခြံရုံက စိုက်ကြည့်၏။ မျက်နှာမှာ မိတ်ကပ်ပြေပြေလေးနှင့် မျက်ခုံးထူထူ မျက်တောင်ကော့ကော့လေးတွေကသာ ထင်းနေသည် ။

နီတာနက်တာတွေ ဘာမှ ထူထူပြိန်းပြိန်းမရှိဘဲ သဘာဝထက်နည်းနည်းလေးပဲ ပိုမိုသောမျက်နှာလေးက ပန်းရောင်နုနုလေးသာဖြစ်သည် ။

လည်တိုင်မှာ စိန်တစ်ရစ် မဟူရာတစ်ရစ် လည်ကုံးသုံးကုံးကို ထပ်ဆွဲထားသည် ။

လက်မှာ လည်း သုံးတန်းသွား စိန်နှင့် မဟူရာ အလယ်ရစ်ထားသော လက်ကောက် စိန်

လက်စွပ်သုံးကွင်း . . .

အားလုံးဟာ

သူထုတ်ပေးခဲ့သည့်အတိုင်းပဲဖြစ်သည် ။

ဒါတွေကို သူဦးကြွယ်လက်ထဲထည့်ပေးခဲ့သည် ။

"အကောင်းဆုံး မိတ်ကပ်ဆရာ ခေါ်ပေးလိုက်ပါ ဒါတွေ သူဝတ်ပါစေ"

ဦးကြွယ်ဝက သူမှာ သည့်အတိုင်း အားလုံး တစ်သဝေမတိမ်းဖြစ်စေခဲ့သည် ။

"ကိုကိုရယ် ဝန်းလေး ကိုကိုလာမယ် မထင်ဘူးသိလား ဝန်း ကိုကိုနဲ့ ဓာတ်ပုံရိုက်မယ်"

ဝန်းက သူ့လက်ကို ဆွဲကိုင်၍ ပူဆာ၏။

ဒီကောင်မလေးဟာ သူဆူလိုက်၊ ဟောက်လိုက်လျှင် ကြောက်သွားတတ်သည် ရှိသော်လည်း ပြောစရာ ဆိုစရာရှိ လာပြီဆို ပြောရဲသည်

ပူဆာရဲသည်။

မရနိုင်ဘူးဆိုတော့မှ ခေါင်းငုံ့မျက်လွှာချကျ န်ခဲ့တတ်တာမျိုး . . . ခုလည်း သူမလိုက်လျော နိုင်ပါ။

ဝန်းလက်ကို ဖြုတ်ချပစ်ကာ ဘေးဘီကို မျ က်လုံးတစ်ချက်ဝေ့ကြည့်မိ၏။

"မဖြစ်ဘူးဝန်း အဲဒီလောက် ငါအချိန်မရ ဘူး မင်းဓာတ်ပုံရိုက်ပြီးပြီမဟုတ်လား ဦးကြွ ယ်ဝန်နဲ့ ပဲ ပြန်လိုက်တော့"

ကိုကိုရယ်

ဝန်း နှုတ်ခမ်းလေးမဟာတဟာနှင့် မော့ကြ ည့်တော့ သူမျက်နှာလွှဲလိုက်သည်။

ကားတံခါးဆီ လက်ပြန်ဆွဲလိုက်တော့ ဝန်း ပျာပျာသလဲလေး ရှေ့တိုးကာ

"ကိုကို ကိုကိုဒါဆို ဒီကိုဘာလာလုပ်တာလဲ

ဟင် ဒီပြင် တစ်ယောက်ယောက်ဆီကို လာကြ ည့်တာလား"

"ဝန်း"

နေခြိရဲ့ မျက်နှာ ရဲခနဲဖြစ်သွားသည် ။

"မင်း ငါ့ကိုဘာမှ ပြန်မေးစရာမလိုဘူး မ လိုက်လျှောနိုင်ဘူးဆိုတာကို နောက်ထပ်တော င်းဆိုတာလည်း မကြိုက်ဘူး ငါအဓိပ္ပာယ်မဲ့ ဘာမှ မလုပ်ဘူးဆိုတာ မင်းသဘောပေါက်"

သူတံခါးဆွဲဖွင့်ကာ ကားထဲဝင်ထိုင်လိုက် သည် ။

တံခါးကို ခပ်ကြမ်းကြမ်းဆောင့်ပိတ်လိုက် မိ၏။

သို့သော် ဝန်းသည် သူဘယ်လိုမှ မထင်မှ တ်လောက်အောင် သတ္တိများ စွာကို ရင်းနှီး၍

"ဒါဆို ဝန်း ကိုကိုနဲ့ ပဲ ပြန်မယ်"

ကားရှေ့ကပတ်ပြေးသည်          ပြီးတော့ဘေးမှာ ဇွေ့ခနဲဝင်ထိုင်ကာ တံခါးပြန်ပိတ်၏။ သူမျက်မှောင်ကုတ်၍ လှည့်ကြည့်မိသည် ။

ဝန်းက သူ့ဘက်ကို ကိုယ်လေးလှည့်ထိုင်လိုက်ပြီး

"ဝန်းကို မောင်းမချပါနဲ့ ကိုကိုရယ် ဝန်းကိုကိုနဲ့ ပဲ လိုက်မယ်"

သူတစ်စုံတစ်ရာပြောဖို့ ပါးစပ်ပြင်လိုက်ပြီးမှ          နှုတ်ခမ်းမှာ ပြုံးရိပ်တစ်ချက်ထင်ကာ စက်နှိုးလိုက်၏။

ဝန်းပျော်သွားပုံလေးက     တကယ့်ကလေးလေးလိုပါပဲ။

*

# အခန်း(၁၁)

သူ့ဘေးမှာ ထိုင်ရင်း ဝန်းက ဘဲ့ဝတ်စုံကို ချွတ်ပစ်လိုက်၏။ ခေါင်းမှာ ထုံးဖွဲ့ထားသည့် ဆံထုံးကိုပါ မရမကဆွဲဖြုတ် ဒီဟာဆွဲဖြုတ်နှင့် ဖြေချပစ်လိုက်တာ ခဏလေးအတွင်းမှာ ပဲ ဆံပင်ကုပ်ဝဲလေးနှင့် ဝန်းပုံစံလေး ပြန်ပေါ်လာ၏ ။

သူမပေါင်ပေါ်မှာ တော့ ဆံထိုးတွေ ပန်းခက်တွေနှင့် ဆံညှပ်တွေ စုပုံနေခဲ့သည် ။

သူမသည် မိတ်ကပ်ရောင်ဖျော့ဖျော့ ချိတ်နားရစ်နှင့် အပြောင်သား ဝတ်စုံလေးကို ရင်စေ့လက်ရှည်လေးဝတ်ထားတာဖြစ်ကာ နုငယ်

လှပသော မျက်နှာလေးနှင့် ယဉ်ယဉ်လေးဖြစ်နေခဲ့သည် ။

နေခြိရံ မှန်ထဲမှ ဖျတ်ခနဲကြည့်မိပြီး ချက်ချင်းအကြည့်ကို ရုပ်သိမ်းသည် ။ ကားလေးက တစ်နေရာသို့ ဦးတည်နေကာ ပြေးလွှားနေခဲ့၏။

ဝန်းက ရှေ့ကိုမျှော်ကြည့်ပြီး ဘယ်သွားနေတာလဲဟု မမေး

"ကိုကို"

သူ မထူးဘဲ မျက်ဝန်းတို့ ကို သူမဘက်သို့ အနည်းငယ်ငဲ့စောင်းကြည့်၏။

မပြုံးမရယ်သော်လည်း ထိုမျက်နှာထက်ကနူးညံ့ခြင်းတို့ ကို ဝမ်းသာအားရ ရှာဖွေ၍ ဝန်းက ပြုံးရယ်လျက်နှင့်

"ဝန်းကို မုန့်လိုက်ကျွေးမှာ လားဟင်"

"ဘာစားချင်လို့ လဲ"

"ကိုကိုစားတာပဲ စားမယ်"

ကားလေးက လက်ျာဘက်လမ်းကြောထဲ သို့ပြောင်းဝင်သွား၏။

ဝန်းမျက်ခုံးလေးပင့်၍ လက်ကိုလှမ်းပေး၏ ။

ကိုကို့ကို ပြန်ငဲ့ကြည့်၍ ပြုံးနေခဲ့မိသည် ။

ရင်ထဲမှာ ပျော်လိုက်သည် ဖြစ်ခြင်း

ကိုကို့ထံမှ ဤကဲ့သို့ လိုက်လျောမှုမျိုးကို ရရှိခဲ့ခြင်းဟာ ဒါပထမဆုံး။

"ကိုကို. . ."

နေခြံရုံမထူးသော်လည်း ဝန်းကပဲဆက်ပြော၏။

"ဝန်း ဒီနေ့ဘွဲ့ယူရတာထက်ပိုပျော်တယ်"

သူ့နှုတ်ခမ်းတွေစေ့ပိတ်လျက် မျက်နှာပြင်သည် ခံစားချက် ကင်းမဲ့သလိုဖြစ်နေသော်လည်း

"ဝန်းလေ ကိုကိုအနားမှာ ရှိနေရင်သိပ်ပျော်တာပဲသိလား"

စကားပြောပြီးတိုင်း ဝန်း ကိုကို့မျက်နှာကိုကြည့်သည် ။

ငြိမ်သက်နေခဲ့သည့် ကိုကို့မျက်နှာမှာ ပြုံးအရယ်မရှိပေမယ့် သူမ၏ ပြောစကားတို့ ကိုနားထောင်နေသည် နှင့်ပင် ရင်ထဲမှာ ကြည်နူးပျော်ရွှင်မှုက အတိုင်းအဆမဲ့ . . .

"ဝန်းရဲ့ ဖေဖေရယ် ဝန်းအနားမှာ ဘယ်သူမှ မရှိကြပေမယ့် ဝန်းအနားမှာ ကိုကိုမရှိတဲ့အခါ ခံစားရသလောက် ဝန်းမခံစားခဲ့ရဘူး မမ ဘယ်ရောက်နေမှန်းမသိပေမယ့်လည်း ကိုကို ဘယ်ရောက်နေမှန်းမသိဘဲ

ရက်အကြာကြီးခွဲထားခဲ့တာလောက် ဝမ်းမနည်းဘူး . . .”

“ကျွို”

“အမေ့”

ကားသည် လိုင်းကားတစ်စီးနှင့် လောင်စာဆီကားကြီး နှစ်စီးကြားမှာ ကတ်ကတ်သတ်သတ်လေး ကျော်တက်သွားခဲ့ပြီးမှ အဖျားမှာ ယမ်းခါသွားခဲ့၏။

ဝန်း ကိုယ်လေးပါ ယိမ်းယိုင်သွားသည် ။

နေခြိရုံ၏ မျက်နှာက ပို၍ တည်တင်းနေခဲ့၏။

ဝန်း ကိုကို့မျက်နှာကို ငေးကြည့်ကာ ကျန်နေသေးသည့် စကားတို့ ကို မျိုသိပ်တားဆီးရင်း နှုတ်ခမ်းလေးကို ဖိပိတ်ပစ်လိုက်၏။

ကိုကိုထံမှ မနှစ်မြို့ခြင်းကို သူမ ခံစားလိုက်

မိပြီ . . .

ကိုကိုသည် ဘယ်သောအခါမှ ကြင်ကြင်နာနာမရှိ။

သူ့ကို ကြင်နာခင်တွယ်မှာ ကိုလည်း လိုလားပုံမပြ။

ဘာကြောင့်လဲ ဝန်းကို ကိုကိုကယ်တင်ခဲ့တာ စောင့်ရှောက်ခဲ့တာတွေဟာ တာဝန်တစ်ရပ်ကြောင့်လား . . . မလှဲသာမရှောင်သာတဲ့ ဝတ္တရားတစ်ခုကို မုန်းတီးလျက်နှင့် ထမ်းဆောင်နေခဲ့ရတာမျိုးလား .

ဝန်းဟာ ဟိုတုန်းကလို ဆယ်နှစ်သမီးလေးမဟုတ်တော့ပါ . . . အရာရာကို ခံစားနားလည်တတ်နေပြီဖြစ်သည် ။

ဒါပေမဲ့ ခုချိန်ထိ ကိုကို့ကို ဝန်းဘယ်လိုမှ နားမလည်ဘဲ ဖြစ်နေခဲ့သည် ။

မျက်လွှာလေးချ၍ ငြိမ်သက်သွားသည့် ဝန်း ထံ ဖျတ်ခနဲ အကြည့်မှာ နေခြ်ရံ မျက်လုံးတို့ က နောက်ကြည့်မှန်ဘီလူးသို့ပါ သတိကြီးစွာ ရောက်ခဲ့သည် ။

ဟင်

စိတ်ထဲမှာ စိုးရိမ်စိတ်တို့ ကြီးမားသွားခဲ့သ ည် ။

ခြေထောက်ကလီဗာကို အလိုလို နင်းပစ် လိုက်ပြီးသား ဖြစ်သွားခဲ့သည် ။

"ကိုကို ဝန်းက . . ."

"ဝန်း မင်းပါးစပ်ကို ပိတ်ပြီး ငြိမ်ငြိမ်လေး နေစမ်း . . ."

ကားက ချက်ချင်းအရှိန်ပြောင်းသွားကာ လမ်းကွေ့တစ်ခုထဲသို့ ဟဲခနဲ ဝိုက်ချသွား၏။

ထို့နောက် နောက်ထပ်ပြန်ကွေ့သည် ။

ကားတွေကြားထဲမှာ တစ်စီးပြီး တစ်စီး ကျော်တက်ကာ တစ်ဖက်မှာ လမ်းတောင်း၍ ဖြတ်ဝင်တစ်ဖက်ကို ဆက်ကူး . . .

ကား၏ အလျင်စလိုနိုင်မှုက နိုင်ငံခြားကား တွေထဲမှာ မြင်ရသည့် ရိုက်ချက်များ လို အသ ည်းယားဖွယ်ဖြစ်လာ၏။

ဝန်း၏ နားလည်နိုင်မှုတွေက ကားဆီမှာ စု ပြုံသွားခဲ့၏။

တစ်ခုသိလိုက်သည် မှာ ကိုကို ကားမောင်း ၍ ပြေးနေခြင်းပဲဖြစ်သည် ။

နေခြိရုံ၏ မျက်နှာပြင်သည် တင်းမာအေးစ က်လျက် အနည်းငယ်နီမြန်းနေတာလည်း သိ သာလှသည် ။

မျက်ဝန်းအစုံသည် နောက်ကြည့်မှန်သို့ မကြာခဏ ရောက်သွားတာကိုလည်း မြင်နေရ သည် ။

ဝန်း နောက်ကိုလှည့်ကြည့်မိပေမယ့် ကား တွေဆိုတာထက် ဘာမှ ပိုမမြင်။

"ဝန်း"

"ရှင် . . . ကိုကို"

"မင်း မျက်နှာကို ငြိမ်ငြိမ်နေ ဒီတစ်ခါ နောက်ထပ်လှည့်ရင် ကားကိုပါ ငါဆွဲမှောက်ပစ်လိုက်မယ် ဘာမှတ်လဲ"

ဝန်း ငြိမ်ငြိမ်သက်သက်လေးပြန်ဖြစ်သွား၏။

တစ်သက်လုံး သူမကို ကိုကိုဝှက်ထားခဲ့သည် ။

လူမြင်မှာ စိုးသည် ။ သူမအတွက်ဆို ပျော်ယာခတ်အောင် ပူပန်ခဲ့ဖူးတာလည်း ရှိ၏။ သို့သော် အလိုလိုက် ကြင်နာခဲ့ဖူးတာမရှိ။

ဒါဆို ဝန်းကဘာလဲ ကိုကိုက ဝန်းကို

ဘာဖြစ်လို့ စောင့်ရှောက်နေခဲ့တာလဲ . . .

ဝန်း မမေးရဲခဲ့သော်လည်း ထိုမေးခွန်းက ရင်ထဲမှာ အမြဲရှိသည် ။

"မင်းမှာ အန္တရာယ်ရှိနိုင်လို့ ငါတားနေတာ"

"ငါပြောသမျှ ငါတားဆီးသမျှ အားလုံးမင်းအတွက်ချည်းပဲ"

"မင်းဘာမှ မသိချင်နဲ့ ဘာမှ မမေးနဲ့ "

"ငါထားသလိုနေ မနေနိုင်ရင် မင်းသွားချင်တဲ့ အရပ်ကို သွားလို့ ရတယ် . . . မေးခွန်းတွေ မေးတာငါမကြိုက်ဘူး"

ထိုသို့သော တင်းမာရက်စက်သည့် စကားတို့ မှ လွဲ၍ ကိုကို့ထံမှ ဘာမှ မလာခဲ့ပါ။ ကြာလာတော့လည်း ဒါငါ့အတွက်ပြောတာပဲဟု နားလည်ပေးခဲ့ရသမျှဆက်၍ သည်းမခံနိုင်တော့အောင် ဖြစ်လာခဲ့သည် ။

ဝန်း ဒီထက်ပိုပြီး မသိသင့်ဘူးလား

"အား . . ."

ကားပေါ်မှာ ဝန်း တစ်ကိုယ်လုံး ရှေ့တိုး နောက်ငင် တွန်ထိုးလျက် ဘေးနှင့်ကိုင်ရိုက်ထားသလိုလည်း ဖြစ်ကာ လူသည် ဆီးဖြူသီးလို လိမ့်နေခဲ့၏။

ကားသည် မည်မျှကြာအောင် ပြေးလွှားတိမ်းရှောင်နေခဲ့မှန်းမသိ။ ဒီလောက်တောင် ဇွဲနပဲနဲ့ ဘယ်သူကလိုက်နေတာလဲ . . .

ဝန်း ကိုကို့ကို မမေးရဲပေမယ့် ဒေါသစိတ်လေးဝင်လာမိသည် ။

မုန့်စားဖို့ လည်း မမြင်တော့။

ကိုကိုနဲ့ အတူသွားလာဖို့ ဆိုတာလည်း ဝေးပါပြီ . . . နောက်ထပ်မယိုင်လဲအောင် ခါးပတ်ပတ်ထားလိုက်ရပြီး မျက်ဝန်းမှာ မျက်ရည်စ

တို့ စိုစွတ်လာခဲ့၏။

သူမဘဝဟာ ဘာမှန်းမသိခဲ့တဲ့ နှစ်များ စွာ သာ ကုန်ဆုံးလာခဲ့ရပြီး . . .

"ဝန်း"

ကားက အလွန်ကျဉ်းမြောင်းသော လမ်းက လေးထဲကို တိုးဝင်ကာ တုံ့ခနဲရပ်သွား၏။

"မင်း မြန်မြန်ဆင်းစမ်း"

"ဟင် ဝန်း ဆင်းနေခဲ့ရမယ် . . ."

"ဟုတ်တယ် မြန်မြန်ဆင်း စားသောက်ဆိုင် တစ်ခုမှာ ဖြစ်ဖြစ် ရောနှောပျောက်ကွယ်လို့ ရ တဲ့ တစ်နေရာရာမှ တိုးနေလိုက် . . ."

"ကိုကို ဝန်းက ဒီအတိုင်း. . ."

"ဆင်းစမ်းကွာ . . . ပြီးရင် ငါလာခေါ်မယ်"

ဝန်းမဆင်းလျှင် ကိုကိုတွန်းချတော့မည်ထ င်သည် ။

ကားပေါ်က အဆင်းမှာ မျက်ရည်စက်တို့ သွန်းကျလာသည် ။ သူမလွှတ်လွှတ်ကျွတ်ကျွတ်မဆင်းရသေးမီ နေခြံရုံက တံခါးကို အလျင်အမြန်ဆွဲပိတ်သည် ။

ကားကို နောက်ပြန်မလှည့်ဘဲ ဆက်တိုးမောင်း၏။

ပြီးတော့ ဘေးလမ်းသွယ်တစ်ခုထဲသို့ ချိုးဝင်ပျောက်ကွယ်သွားလေသည် ။

ဝန်းနေရာမှ ချက်ချင်းထွက်ခဲ့သည် ။

ဘယ်သွားရမှန်းမသိသော်လည်း ဤနေရာမှ အမြန်ဆုံးခွာခဲ့ဖို့ စိတ်က နှိုးဆော်နေခဲ့၏။ ခြေလှမ်းတိုင်းမှာ မျက်ရည်စက်တို့ ကြွေဆင်းကျန်ခဲ့သည် ။

လူတွေကြည့်နေကြသလား . . . ဘာတွေပြောနေကြသလဲ

ဝန်း ဘာကိုမှ ဂရုမစိုက်ရမှန်းမသိတော့ဘဲ ကြေကွဲဝမ်းနည်းခြင်း တစ်ခုကိုသာ ထိခိုက်စွာ ခံစားနေမိခဲ့သည်။

ရင်ထဲမှာ စွာမြဲနေတာ တစ်ခုပဲရှိသည်။

ထိုအရာသည် 'ငါဘာလဲ'ဆိုသော မေးခွန်း တစ်ခုသာဖြစ်လေသည်။

*

## အခန်း(၁၂)

"ငါတို့ ခံလိုက်ရပြီ လွင်ပြင်"

"ဟုတ်တယ် ကောင်မလေးကိုချထားခဲ့ပြီ"

"ပြန်လှည့်မယ် အရှိန်ချလိုက်တော့"

"ပြန်ရှာမှာ လား"

"လွယ်မှာ မှ မဟုတ်တာ ဒီတစ်ခါတော့ရှိပါစေတော့"

နေလွင်ပြင်က ကားကို အရှိန်လျှော့ချပစ်လိုက်သည်။

တရိပ်ရိပ်ပြေးနေသည့် နေခြိ်ရံ၏ ကားလေးက သူတို့ ကားနှင့် အဝေးဆုံးသို့ ချက်ချင်း

ရောက်ကာ မြင်ကွင်းထဲမှာ ပျောက်ကွယ်သွား ခဲ့၏။

နေလွင်ပြင် ကားကိုလမ်းဘေး လူရှင်းရာမှာ ထိုးရပ်ပစ်လိုက်သည် ။

နေမျက်နှာက ကားလမ်းပေါ်ကို အမိပ္ပာယ် မဲ့ငေးနေ၏။

သူသည် စကားမပြောသော်လည်း ထောင် ကားနေသော မေးကြောကြီးများကြောင့် အံကြိတ်မျိုသိပ်ထားနေရမှန်းသိသာလှသည် ။

နေလွင်ပြင်က ရှေ့တည့်တည့်ကို စိုက်ကြ ည့်ရင်း စတီယာရင်ကို တင်းနေအောင် ဆုပ် ထားသည့် လက်သီးဆုပ်နှင့် ခပ်ပြင်းပြင်းထု နေ၏။

နှစ်ယောက်ကြားမှာ အတန်ကြာတိတ်ဆိ တ်နေခဲ့ပြီးမှ နေလွင်ပြင်က လှည့်လာသည် ။

"နေမျက်နှာ ဒီကိစ္စမရိုးသားဘူးဆိုတာ လုံးဝသေချာနေပြီနော်"

"ဘာ . . . ဩော် မင်းပြောမှ ပဲ"

နေမျက်နှာ ဒေါသတကြီးလှည့်ပြောပြီး ဝါကျမဆုံးဘဲ မျက်နှာ လွှဲပစ်၏။ ကိုယ့်ဒေါသနဲ့ကိုယ် နေမရ၊ထိုင်မရဖြစ်နေကြသည် မို့ စကားတွေ ပြောရတာလည်း အဆင်မပြေပါ။

နေလွင်ပြင်ကလည်း လက်သီးဆုပ်တစ်ဖက်နှင့် စတီယာရင်ကို ထုချပစ်လိုက်ပြီး

"ငါပြောတာက မထူးဆန်းတာကို မဟုတ်ဘူး ကွ. . . ထူးဆန်းနေတာကို ထူးဆန်းလို့ပြောတာ မင်းက ဘယ်ထူးဆန်းမလဲ မင်းက လူအပဲ"

"ဘာကွ"

ထူးဆန်းတာတွေ နားရှုပ်အောင်ပြောသွား

ရင်း                              အဖျားသတ်မှာ သူ့ကို ပုတ်ခတ်ပြောဆိုသွားသဖြင့် နေမျက်နှာ ဒေါပွသွားသည်။

"ငါက လူအ ဟုတ်လား တစ်သက်လုံးက ငါဦးဆောင်လာတဲ့ နောက်မှာ မင်းတို့ အစီအစဉ်တကျ ရှိနေခဲ့ကြတာ ဘာတွေဖြစ်ခဲ့သလဲ တိုးတက်ခဲ့သလား . . . ဆုတ်ယုတ်လာတာရှိသလား . . . မင်းပါးစပ်က ငါ့ကို အတယ်လို့ ပြောရအောင် မင်းကဘယ်လောက်တော်နေလို့ လဲ"

"တော်တာပေါ့ကွ အခု မင်းသိနေတာက မင်းတားမြစ်နေတဲ့ ကြားက နေခြိရဲ့ မိန်းမလှလေးနဲ့ တွဲနေတယ် . . . ဖေဖေ့လိုပဲ တမ်းတမ်းစွဲချစ်တတ်တဲ့ အခြေအနေမျိုးတွေ မြင်လာရလို့ ရင်ပူတယ် ဒါပဲမို့လား . . ."

နေမျက်နှာက သူ့ကို မျက်မှောင်ကုတ်ကြည့်၍ တစ်ခွန်းမှ ချေပခြင်းမရှိ။

ဒါဟာ အရှုံးပေးနေတာမဟုတ်ပါ။

'ငါထက် မင်းတော်နေတယ်ဆိုလည်း ဘယ်မှာ လဲ မပြနိုင်ရင် တွေ့မယ်'ဆိုတာမျိုး ထို အကြည့်ကို နေလွင်ပြင်က နားလည်သည် ။

သူသည် နေမျက်နှာကို မော်ကြွားသော အပြုံးနှင့်စိုက်ကြည့်၏။

"နေခြိရဲ့ ရည်းစားထားနေတာလို့ မင်းထင်တာ ဝန်ခံတယ်နော်"

နေမျက်နှာ ဘာမှ မပြောသေးပါ။

ဒါပေမဲ့ ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းပဲ ဖြစ်၏။

နေလွင်ပြင်က ပြုံး၍ ခေါင်းညိတ်သည် ။

"အားမနာတမ်း ထပ်ပြောရရင် အဲဒါမင်း အတာပေါ့ကွ နေခြိရဲ့ ရည်းစားထားနေတာ မဟုတ်ဘူး အဲဒီကောင်မလေးက ချစ်ရပ်ဝန်း ဆို

တာပဲ"

"ဘာ"

နေမျက်နှာ၏ ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသွားး၏။

"မင်း ဘာပြောလိုက်တယ် လွင်ပြင် စကားကို လက်လွတ်စပယ်မပြောနဲ့ နော်. . . ဒါက လေးတွေ သားရေကွင်းပစ်ရင်း အနိုင်အရှုံးငြင်းနေတာ မဟုတ်ဘူး "

"အေးလေ မင်းနဲ့ ငါကရော သားရေကွင်းပစ်နေကြတာမှ မဟုတ်တာ ပြောနေတာတောင်မှ နားမလည်ဘူးဆိုတော့ မင်းနောက်ထပ် အပြန်ပြီ"

"နေလွင်ပြင်"

နေမျက်နှာ သူ့နားရောက်လာသည် ။

ကျွတ်ထွက်တော့မတတ် ပြူးကျယ်နေ

သော မျက်ဝန်းတို့ က နေလွင်ပြင်ကိုသာ စူးစိုက်ကြည့်နေ၏။

"မင်း ထင်တာလား . . . ဒါတကယ်သက်သေရှိသလား"

"ဘာလဲ ဘာသက်သေလဲ တကယ့်အဖြစ်မှာ သက်သေရှိချင်မှ ရှိမှာ ပေါ့ကွ . . . သက်သေမှားနဲ့ စီရင်ချက်ချမိပြီး ယူကျုံးမရစိတ်တွေနဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ တရားသူကြီး တချို့တောင်ရှိခဲ့ဖူးတယ် နိုင်ငံခြားသတင်းဆောင်းပါးတွေမှာ မင်းမဖတ်ဖူးဘူးလား . . ."

"မင်း ငါ့ကို ဥပမာတွေ အလင်္ကာတွေနဲ့ လာလုပ်မနေပါနဲ့ ငါသေချာတာကို လိုချင်တယ် မင်းဒီထက်သေချာအောင်ပြော . . ."

"ထပ်ပြောလည်း ဒီစကားပဲလေ ဒါသက်သေမလိုပါဘူး သူကောင်မလေးတစ်ယောက်

ဆီသွားသွားနေတယ်ဆိုကတည်းက ငါက သတိလက်လွှတ်နေတာမှ မဟုတ်တာ . . .”

“ဒါ့ထက်သေချာဖို့ လိုတယ် လုပ်ပြီးမှ ငါနောင်တမရချင်ဘူး”

နေမျက်နှာအသံက အံတင်းတင်းကြိတ်ထားရင်းမှ တိုးတိုက်ထွက်ကျလာသလို နေလွှင်ပြင်က မျက်ခုံးပင့်ကြည့်၏။

“ဘာလုပ်ဖို့ စိတ်ကူးထားလို့ လဲ”

“စိတ်ကူးနေဖို့ မလိုဘူးကွ အစီအစဉ်တွေ ရည်ရွယ်ချက်တွေက ရှိထားပြီးသား ခိုင်မာပြီးသား မင်းပြောစမ်းပါ . . .”

“ငါပြောပြီးပြီပဲ ရွှေရုပ်လှာဆိုတဲ့ မိန်းမကြီး မသေတာ ကောင်မလေးလွတ်သွားတာ အားလုံးသူ့ပယောဂလို့ ငါကောက်ချက်ချခဲ့တယ် ဖြစ်နိုင်ချေအရှိဆုံးကလည်း သူကလွဲလို့ တခြားဘယ်သူမှ မဖြစ်နိုင်ဘူး မင်းစဉ်းစားကြည့်စမ်း

ပါ ငါတို့ တွေအစီအစဉ်ဆွဲကတည်းက သူပါခဲ့လို့ လား ငါခရီးမထွက်ခင် သူထွက်သွားတယ် ငါပြန်ရောက်ပြီးမှ သူပြန်ရောက်တယ် ပြောတော့ မြဝတီကို သွားနေတာတဲ့ . . .”

“အဲဒီကတည်းက သူအမူအရာတွေပျက်ခဲ့တာ စီးပွားရေးနဲ့ သူ နှစ်ကိုယ့်တစ်စိတ် ဘာမဆို ငါတို့ ထဲကနေသူ ဖဲ့ထွက်သွားတာချည်းပဲ ဘာမေးမေးမပြောဘူး . . . သူထင်ရာလုပ်တယ် လျှို့ဝှက်တယ် သူ့စီးပွားနဲ့ သူအောင်မြင်မှုလမ်းကြောင်းကလည်း ပွင့်သွားတော့ လုပ်ချင်ရာလုပ်ခွင့်တွေ ပိုရသွားတာပေါ့”

နေမျက်နှာ မျက်ခုံးနှစ်ဖက်သည် နှာတံထိပ်ဖျားမှာ ထိဆက်လုမတတ် ကုတ်ကွေးညွတ်ကျနေကြသည် ။

“ငါဒါတွေကို ဆက်စပ်မကြည့်ခဲ့မိသေးတာပဲရှိတယ် အချက်အလက် အဖြစ်အပျက်တွေ

ပေါ်မှာ မသက်ဖြစ်ဖြစ်သွားခဲ့တာ မကြာခဏ ပဲ ဒါပေမဲ့ ထင်လောက်စရာမှ မရှိတာ . . . ငါ တို့ က မိဘအမွေအတွက် ဖေဖေ့ရဲ့ ဘဝအတွက် ငါတို့ ဘဝနဲ့ ပုံပြီး နာကြည်းစွာ ပေးဆပ်ဖို့ ကြိုးစားနေကြတယ် . . .ဒီနာကြည်းမှုတွေထဲမှာ ချောမောလှပတဲ့ မိန်းမတွေတောင် ပါခဲ့သေးတယ် ဒီစိတ်မျိုးသူ့မှာ လည်း ရှိတာပဲ နေခြံရဲ့ဟာ မိန်းကလေးတွေကို စိတ်ဝင်စားတတ်တဲ့ ကောင် မဟုတ်ဘူး အဲဒါ ငယ်ငယ်ကတည်းက ခုချိန်ထိ လုံးဝသေချာနေ သေးတဲ့ ကိစ္စ ဒါပေမဲ့ ဖေဖေ့အတွက် နာကြည်းခဲ့ကြတဲ့ ငါတို့လိုစိတ်မျိုး သူ့မှာ မရှိ ဘူး ဒီနေ့ကျမှ ဒီအကြောင်းတွေကို ငါဖွင့်ပြောဖြစ်တာလည်း အဲဒါကြောင့်ပဲ”

“ငါတို့လို ခံစားမပေးဘူးဆိုရင်တောင် သူ ဘေးထွက်နေလို့ ရတယ် ဘာဖြစ်လို့ ဒီကောင် မလေးကိုမှ သူကဝှက်ထားရတာလဲ ဒီကိစ္စဒီမိ

သားစုတွေကို သူတကယ်စိတ်ဝင်စားရင် ရန်ကုန်မှာ ပဲရှိနေတဲ့ မိုးရပ်ဝန်းကိုကျတော့ဘာဖြစ်လို့ ကာကွယ်မပေးခဲ့တာလဲ သူကယ်ထုတ်သွားခဲ့တုန်းက ဒီကောင်မလေး ဆယ်နှစ်သမီးလောက်ပဲရှိသေးတာ အခု ဒီကောင်မလေးဘွဲ့ရနေပြီ သူလျှို့ဝှက်သိမ်းဆည်းပေးထားခဲ့တဲ့ ကာလက နည်းသလား . . . ဘယ်လိုမှ မထင်မှတ်နိုင်ခဲ့တဲ့ အချက်ကအဲဒါပဲ ထင်စရာမဟုတ်လို့ ပဲ ငါ့သံသယဝင်လာတိုင်း ဘယ်သူ့ကိုမှ မပြောဘဲ ဖျောက်ဖျက်ပစ်ခဲ့တာ . . .”

နေမျက်နှာသည် ရေနစ်နေသူ ကောက်ရိုးတစ်မျှင်ကို ဖမ်းဆွဲမိသလိုမျိုး ခြောက်သွေ့နေသည့် လည်ချောင်းကို ဆန့်ထုတ်၍ တံတွေးတစ်ချက်မျိုချလိုက်သည်။

ပြီးတော့ နောက်ဆုံးမျှော်လင့်ချက်လေးနှင့် မေးခွန်းတစ်ခုက သံစဉ်မညီညာစွာ ထွက်လာ

ခဲ့၏။

"မင်းထင်နေတာတွေ မဟုတ်ခဲ့ဘူးဆိုရင်ကော"

နေလွင်ပြင်ကမဲ့၍ လမ်းမဆီကိုလှမ်းကြည့်၏။

"မင်းယုံကြည်တာ မယုံကြည်တာကိုပဲ တွက်ပါ။ ငါကထင်နေရင် ထုတ်မပြောဘူး . . . ဝါးတားတား မြင်နေရတာကို ဘယ်တော့မှ မျက်မှောင်ကုတ်မကြည့်ဘူး . . . မယုံနိုင်တာကိုလည်း ငါလက်မခံဘူး ငါ့စကားဟာ ငါ့ယုံကြည်ချက်ပဲ မင်းအပိုင်းကိုမင်းစဉ်းစား . . ."

"တောက်"

နေမျက်နှာ၏ မျက်ဝန်းထောင့်တွေရဲတက်လာသည် ။ လက်သီးကို ကျစ်နေအောင်ဆုပ်၍ ဆိုဖာကို ထိုးချပစ်လိုက်၏။

သူတို့ ထက်ကြပ်မကွာလိုက်နေသည့်ကြား ထဲကနေ လွှတ်အောင် ရုန်းထွက်သွားသည် ။ ကောင်မလေးကို မျက်ခြည်ပြတ်သည့်နေရာတ စ်ခုမှာ ချပစ်နိုင်ခဲ့သည် ။

"တောက် . . . သိပ်လည်တဲ့ ကောင်"

နေမျက်နှာ၏ မျက်နှာကြီးမှာ နေထက်ပြင်း သော မီးတောက်မီးလျှံများ တဖွားဖွားစဥ်တ က်လာသည့်နှယ် . . .

*

# အခန်း(၁၃)

သူအိမ်ကို ပြန်ရောက်လာတော့ ညဆယ်နာရီခွဲတိတိ . . . ထုံးစံအတိုင်း သော့ခတ်ထားသည့်တံခါးကို ကိုယ့်သော့နဲ့ ကိုယ်ဖွင့်ဝင်ခဲ့သည် ။ မီးရောင်ဖွေးနေသော ဧည့်ခန်းကျယ်ကြီးထဲမှာ လူသူတစ်စုံတစ်ယောက်မှ မရှိဘဲ တိတ်ဆိတ်နေခဲ့၏။

ခါတိုင်းဆို ညီအစ်ကိုသုံးယောက်ဟာ အရင်ရောက်နှင့်သူက စားသောက်ပြီးစီးကာ နောက်လူမရောက်မချင်း ဧည့်ခန်းမှာ ထိုင်စောင့်နေတတ်သည် ။

အပြင်ကနေ စားသောက်ပြီးမှ

ပြန်လာဖြစ်ကြလျှင်လည်း စောစောရောက်နှင့်၍ စောစောအိပ်ရာဝင်သွားသည် မရှိပါ။

မနက်စောစော ထချင်သည့်အချိန်ထကြထွက်ချင်တဲ့ လူက အရင်ထွက် လက်ဖက်ရည်ဝိုင်းဆိုတာလည်း ဆုံဖြစ်ကြတာ သိပ်မရှိပေမယ့် ညဘက်လေးမှာ တော့ ညီအစ်ကိုသုံးယောက် ဆုံဖြစ်ကြသည် သာ။

တစ်ယောက်ကိုတစ်ယောက်စောင့်၍ သူ့လုပ်ငန်းအကြောင်းပြော ကိုယ့်လုပ်ငန်းအကြောင်းပြော . . .

ထိုအထဲမှာ သူဟာအမြဲတမ်းလိုလို နှုတ်ဆိတ်နေတတ်ကာ တစ်ခွန်းမေးမှ တစ်ခွန်းဖြေတတ်သူဖြစ်သည် ။

သို့သော် ထိုစကားတစ်ခွန်းတလေကိုပဲ မရမကညှစ်ထုတ်နားထောင်ကာ နေမျက်နှာနှင့် နေလွှင်ပြင်က စကားလမ်းကြောင်းထဲ

ဆွဲသွင်းသွားတတ်တာ ဖြစ်၏။

ဘာပဲဖြစ်ဖြစ် ပြောဖြစ်သည် ဖြစ်စေ မပြောဖြစ်သည် ဖြစ်စေ ညဘက်အိမ်ပြန်ချိန်မှာ ဆုံနေကြ။

တိတ်ဆိတ်ခြောက်သွေ့နေသည့် ဧည့်ခန်းဆိုဖာကြီးတွေဆီ တစ်ချက်ကြည့်ကာ နေခြံရဲ့ မျက်ခုံးနှစ်ဖက်မသိမသာတွန့်သွားသည် ။

တိတ်ဆိတ်ခြင်းသည် မုန်တိုင်းမကျမီ ငြိမ်းသက်ခြင်းမျိုးနှင့် မသက်ာဖွယ်ဖြစ်လာခဲ့ရင်း ကိုယ့်အခန်းရှေ့ရောက်တော့ တံခါးလက်ကိုင်ဘုကို လှမ်းဆုပ်လိုက်မိစဉ်

"နေခြံရဲ့"

နောက်မှာ လူရိပ်

ကိုကြီးအသံမှန်းသိကာ သူလှည့်ကြည့်လိုက်၏။

သို့သော် သူ့မျက်နှာသည် ကိုကြီးဘက်သို့ လုံးလုံးလျားလျား မရောက်ခဲ့သေးဘဲ

"မင်းလားကွ လူစွမ်းကောင်း. . ."

"ခွပ်"

ဘေးဖျားမှာ ပင့်လက်သီးတစ်ချက်ဝင်၏။

မျက်လုံးထဲမှာ မီးပွင့်သွားသည် ။ အမှတ်တမဲ့မို့ စိတ်ရောကိုယ်ပါဘာမှ ပြင်ဆင်ချိန်မရသဖြင့် ကိုယ်သည် တံခါးပေါ်သို့ ပခုံးနှင့် တိုက်ကျသွား၏။

"ဟိတ်ကောင် မင်း . . . မင်းငါ့ကို ကြည့်စမ်း"

နေမျက်နှာက သူ့အင်္ကျီရင်ဘတ်စကို စုဆွဲဆောင့်ခါပြီးမှ မျက်နှာချင်းနီးအောင်ဆွဲကပ်ပစ်လိုက်သည် ။

"မင်းကို ငါတစ်ခွန်းတည်းပဲမေးမယ် ဟိုမိ

န်းမယုတ်ရဲ့ သမီးကို မင်းဘာသဘောနဲ့ လက်ထပ်ခဲ့တာလဲ”

နေခြိရံက နှုတ်ခမ်းထောင့်မှ စီးကျလာသည့်သွေးကို မသုတ်ဘဲ မျက်လုံးချင်းတည့်တည့်ပြန်ကြည့်၏။

စူးရဲသော မျက်ဝန်းတို့ မှာ ကြောက်ရွံ့ဟန် မရှိ။

အပြစ်တစ်ခုကို ဝန်ခံလိုသော တောင်းပန်ခယခြင်းတို့ မပါ။

နေမျက်နှာ၏ ဒေါသတို့ က ထိုမျက်ဝန်းများကြောင့် လေပြင်းတိုက်လိုက်သော မီးတောက်များ သဖွယ်ဖြစ်ကာ

“မင်း မညာဘူးဆိုတာ ငါသိတယ် မင်းပြောရဲပါတယ် ပြောလိုက်စမ်းပါ . . . ဘာသဘောနဲ့ လမ်းသစ်ဖောက်တာလဲ . . . မမြင်ကွယ်ရာကနေ လက်နက်ကြီးတစ်ခုနဲ့ ချိန်ပြီး

ဘယ်လိုအလစ်အငိုက်ကို စောင့်နေတာလဲ”

“ဘယ်သူ့ကိုမှ အလစ်အငိုက်မှာ ထိုးနှက်ဖို့ ရည်ရွယ်ခဲ့တာ မရှိဘူး ကိုကြီး ကျွန်တော်မှန်တယ်ထင်တာကို ကျွန်တော်လုပ်တာ . . .”

“ဘာမှန်တာလဲ မင်းဘာတွေမှန်နေခဲ့တာလဲ ကိုယ့်စည်းစိမ်ဥစ္စာကို မာယာပလီပလာနဲ့ လိမ်ညာခိုးဝှက်ပြေးတဲ့ မိန်းမ ငါတို့ အဖေကို သေအောင်သတ်သွားတဲ့ မိန်းမ ဒီလိုမိန်းမမျိုးရဲ့ သွေးဆိုးသွေးညစ်ကို ကာကွယ်စောင့်ရှောက်ပြီး တယုတယမွေးမြူလာခဲ့တာ မင်းကမှန်နေသေးတယ်ပေါ့ . . . တောက်”

ဆုပ်ဆွဲထားသည့် အင်္ကျီကို ဆောင့်လွှတ်ပစ်လိုက်ကာ နေမျက်နှာက တတ်ခေါက်၏။ ထိုစဉ် နေလွင်ပြင်က အိုဗာတင်း ဖျော်ထားသည့် အနီရောင် ဖိုင်ဘာခွက်ကိုကိုင်လျက် သူ့အခန်းထဲက ထွက်လာသည် ။

"ငါကတော့ တစ်ခုပဲသိချင်တယ် နေခြိရဲ့ အဲဒီ ကောင်မလေးကို ကယ်ထုတ်သွားပြီး တသီးတသန့် မွေးမြူထားတာ ဘာရည်ရွယ်ချက်လဲ"

နေလွှင်ပြင်ကမေး၏။

နေမျက်နှာ၏ စူးရဲသော မျက်လုံးများက သူ့ထံမှ အဖြေကို စူးစိုက်စောင့်စားနေကြသည်။

သူမျက်နှာနစ်ခုကို တစ်လှည့်စီကြည့်ပြီးမှ မျက်ဝန်းတို့ ကို ရွှေ့ဖယ်ပစ်လိုက်၏။

"ကျွန်တော်လုပ်တဲ့ အလုပ်ကို ကျွန်တော် နားလည်နေဖို့ ပဲ လိုတာပါ တစ်ခုတော့ ပြောစရာရှိတယ်။ ဒီကိစ္စတွေ ဖြစ်ခဲ့တဲ့ အထဲမှာ လမ်းကြောင်းတစ်ခုပေါ်မှာ အတူဆုံစည်းခဲ့မိကြတာကလွဲရင် ပန်းတိုင်ချင်းက တခြားစီပါ"

"အဲဒီမင်းရဲ့ ပန်းတိုင်ကိုပဲ ပြောစမ်းပါ . . .

ဒီကောင်မလေးကိုမှ ပြုစုပျိုးထောင်ချင်ခဲ့တဲ့ မ င်းရဲ့ ရည်ရွယ်ချက်တွေက ဘယ်ကအစပျိုး လာတာလဲ ဒီလောက်ထိ ချီတက်လာနိုင်ခဲ့တဲ့ မင်းရဲ့ ပန်းတိုင်က ဘယ်မှာ လဲ ဒီမှာ နေခြ်ရုံ မ င်းဖြေရှင်းရှင်း မရှင်းရှင်း ငါတို့ က ဖျက်ဆီးဖို့ အစပျိုးခဲ့တယ် မင်းက ပျိုးထောင်ဖို့ ကြိုးစားခဲ့ တယ် . . . ငါတို့ ပျက်စီးစေချင်တာကို မင်းက ကောင်းစားစေတာ ဒါကို လမ်းကြောင်းတစ်ခု စီပါလို့ မင်းပြောရဲသလား . . .”

“အဲဒီလိုဖြစ်သွားခဲ့တာ အမှန်ပဲကိုလေး ဒါ ပေမဲ့ ကျွန်တော်ကိုလေးတို့ ကို တိုက်ခိုက်စေချ င်တာ မဟုတ်ဘူး . . . ကိုလေးတို့ သူတို့ ကို မ တွေ့ခင်ကတည်းက ဒီကောင်မလေးနဲ့ ကျွန် တော်ဆုံခဲ့ဖူးတာ ကားမှောက်ပြီး အစာငတ်ရေ ငတ်ဖြစ်နေတဲ့ အချိန်မှာ ဒီကလေးလေးဟာ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ဖြစ်ခဲ့ဖူးတယ် ဒါပေမဲ့ အမှတ်တမဲ့ပါ။ အားလုံးရဲ့ ပစ်မှတ်ဖြစ်လာတဲ့

အထဲမှာ ဒီကလေးလေးပါလာမှန်းသိတော့မှ ကျွန်တော်မနေနိုင်ခဲ့တာ . . . လူကြီးတွေနဲ့ ဒီကလေးရဲ့ အရွယ်က”

“ဘာကွ”

ကိုလေး၏ လက်သီးတစ်ချက်ပစ်ဝင်လာပြန်သည်။

သူ မရှောင်ခဲ့ပါ။

အကြီးနဲ့ အငယ် မှားတယ်မှန်တယ် ပြန်လှန်ဝေဖန်ပြောဆိုခဲ့ကြပေမယ့် ခွန်အားဗလချင်းယှဉ်ပြိုင်သတ်ပုတ်ဖို့ ထိ သူတို့ ရိုင်းစိုင်းခဲ့ကြတာ မရှိဘူးပါ။

တစ်နေရာတည်းမှာ လဲကျမေ့မြောသွားအောင် ထိုးကြိတ်ပစ်လည်း ပြန်ခံထိုးဖို့ သူဘယ်တော့မှ စိတ်ကူးမှာ မဟုတ်။

ဒါပေမဲ့ လက်သီးချက်ကြောင့် ယိုင်နဲ့

မသွားအောင်တော့ သူထိန်းထားနိုင်ခဲ့၏။

"လောဘကြီးတယ်ဟုတ်လား

မုန်းတီးနာကြည်းခဲ့တာတွေကို ငါတို့ က ချိန်ခွင်ထဲထည့်ပြီး အညီအမျှပြန်ယူရမှာ လား ။ ငါတို့ နစ်နာဆုံးရှုံးခဲ့ရသမျှအတွက် ဘာတွေပဲထပ်ရနေနေဘယ်တော့မှ ရောင့်ရဲသွားမှာ မဟုတ်ဘူး ။ ရွှေရုပ်လွှာဆိုတဲ့ အသံကြားတိုင်း အသွေးအသား ရိုးတွင်းခြင်ဆီထဲကနေ ဓားထမ်းတုတ်ထမ်းပြီး စောင့်စားလာခဲ့တာ သူတို့ ကိုတုံ့ပြန်ဖို့ ချည်းပဲ"

နေမျက်နှာက နေလွင်ပြင်ရှေ့မှာ ပခုံးနှင့်စောင်းတိုက်၍ ဝင်ရပ်လိုက်ပြီး

"နေခြိရဲ့ မင်းဘယ်လိုနေနေ ဘာလုပ်လုပ် ငါတို့ ခွင့်လွှတ်ဘေးဖယ်ထားခဲ့သမျှ အားလုံးကို ခွင့်လွှတ်နိုင်တယ် ရွှေရုပ်လွှာနဲ့ ပတ်သက်တာ ဘာမှ မပါဘူး ခုလည်း မင်းကိုငါ ခွင့်မလွှ

တ်ဘူး မင်း ဒီတိုင်းလွတ်လွတ်လပ်လပ်နေသွားချင်တယ်ဆိုရင် ချစ်ရပ်ဝန်းဆိုတဲ့ ကောင်မလေးကို ငါ့လက်ထဲထည့်ပေးလိုက်”

“သူ့ကိုမပေးနိုင်ရင် မင်း ဒီနေ့ကစပြီး ဘာမှ လုပ်ပိုင်ခွင့်မရှိတော့ဘူး ဘယ်မှ မသွားရဘူး”

နေလွင်ပြင်ကပါ ဝင်၍ ဖြည့်စွက်ပြော၏။

နေခြိရံက နှစ်ယောက်လုံးကို ခပ်ရဲရဲပြန်ကြည့်ကာ နှုတ်ခမ်းမှ စီးကျနေသော သွေးတို့ ကို လက်ခုံနှင့်ပွတ်သုတ်ပစ်လိုက်၏။

“ကျွန်တော်လည်း တစ်နေ့နေ့ ဒီလိုဖြစ်လာရင် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်နိုင်ပြီးသားဖြစ်အောင် ကြိုးစားခဲ့တာပဲ ရင်ခွင်ပိုက်ကလေးတွေမှ မဟုတ်ကြတော့ဘဲ ကိုလေး ချ

ထားခဲ့တဲ့ အတိုင်း ရှိနေဖို့ ဆိုတာ မဖြစ်နိုင်ဘူး
”

“သြော် မင်းကဒီလိုလား လုပ်ကြည့်လေ ‘နေကမ္ဘာ’ရဲ့ သွေးတစ်စက် ဘယ်လောက်ထိ ကျယ်ပြန့်တယ်ဆိုတာ မင်းသိသွားမှာ ပေါ့ ငါတို့ သွေးက သန့်စင်တယ် နီတယ် ဘယ်လိုသွေးဆိုး သွေးညစ်မျိုးနဲ့ မှ မရောနှော ရဘူး နှီးနှောဖလှယ်တာ မရှိရဘူး . . . အေး တစ်ခုတော့ မင်းကို အခွင့်အရေးပေးမယ် နေခြိရံ အဲဒီကောင်မလေးကို မင်းမပေးနိုင်ရင် ယူလိုက် ချစ်ခြင်းနဲ့ သိမ်းပိုက်တာမျိုး မဟုတ်ဘူး ဟောဒီ နေကမ္ဘာမှာ မိုးရပ်ဝန်းနဲ့ ချစ်ရပ်ဝန်းဟာ ဘယ်အဆင့်ဘယ်နေရာမှာ ပဲ ရှိနေရမယ်ဆိုတာ မင်းနားလည်”

“လွင်ပြင် မင်းသူ့ကို ညှိနှိုင်းဖို့ မကြိုးစားနဲ့ သူက ငါတို့ စည်းထဲကနေထွက်ဖို့ အစကတ

ည်းက ကြိုးစားစုဆောင်းထားခဲ့ပြီးသား ငါတို့ ခံစားချက်မျိုးသူ့မှာ မရှိဘူး ဖေဖေ့အတွက် ငါတို့ နာကြည်းခဲ့သလိုမျိုး သူနာမကြည်းဘူး . . . ကွဲလွဲနေခဲ့ကြတာ အစကတည်းကပဲကွ ဒီတော့ မိတ်ဆွေမဟုတ်ရင် ရန်သူပဲ သူသိမ်းထုပ်ထားစမ်းပါစေ . . . ဒီကောင်မလေးကို ငါတို့ ဘယ်လိုရအောင် ယူမလဲဆိုတာ ပြရသေးတာပေါ့ နောက်ဆုံး ခြေမမကောင်းခြေမ၊ လက်မမကောင်း လက်မပဲ သွေးက မနီဘဲ စိမ်းလာရင် ဖောက်ထုတ်ပစ်ဖို့ အပြင်ဘာမှ မရှိဘူး ညီ ပေမယ့်လည်း လိုအပ်လာရင် လုပ်သင့်တာလုပ်ရမှာ လဲ"

နေမျက်နှာက တင်းမာပြတ်သားစွာ ပြောသည် ။

နေလွင်ပြင်က အံကြိတ်၍ စူးစိုက်ကြည့်နေသည် ။

နှစ်ယောက်ကြားထဲကနေ တံခါးကို တွန်းဖွင့်ပြီး သူ့အခန်းထဲ ဝင်ခဲ့သည် ။ တံခါးကို ခပ်ဆောင့်ဆောင့်ပြန်ပိတ်ကာ နေရာမှာ တင်တောင့်တင်းစွာ ရပ်နေခဲ့မိသည် ။

ကြုံဆိုနေခဲ့သော အနာဂတ်ခရီးသည် အနီရောင်လွင်ပြင်တစ်ခုလို ဖြစ်နေခဲ့ပြီး ထိုအနီရောင်သည် ရောင်နီပျိုးလာခဲ့သလို အရုဏ်ဦး၏ အလှအပများ အတွက် နီရဲတောက်ပလာခဲ့ခြင်းမျိုးမဟုတ်။

တစ်နေ့တာအတွက် ရုန်းကြွပူလောင်စေခဲ့သမျှ ခြေကုန်လက်ပန်းကျလျက်လောကကို ဝန်ချ နှုတ်ဆက်နေသည့် နေညိုချိန်၏ နီရဲသောတောက်ပခြင်းနှင့်လည်း မတူ အားလုံးသောအလှအပများ ဘာမှ မပါ။

အလွန်အကျည်းတန်ဆိုးဝါးသော မီးလောင်ပြင်တစ်ခုအား အဝေးမှ မြင်နေရသလို မီးညွ

နှံမီးစွယ်တို့ ၏ နီရဲသောလွင်ပြင်ကြီးသာ ဖြစ်လေသည် ။

ထိုမီးလောင်ပြင်ကို ဒဏ်ရာအနာတရမဖြစ်စေဘဲ သူချစ်ရပ်ဝန်းကိုဆွဲ၍ ဘယ်လိုဖြတ်ကူးရမလဲ။

အငြိုးအာဃာတကြီးလွန်းသည့် နေမျက်နှာ၏ မျက်လုံးကြီးများကို သူနားလည်သည် ။ အပြောအဆိုနည်းသော်လည်း ဘာမဆိုစေ့စေ့စပ်စပ် လုပ်တတ်သော၊ ပိပိရိရိကြံစည်၍ တိတိကျကျလုပ်ယူနိုင်သည့် နေလွင်ပြင်၏ အရည်အချင်းကိုလည်း သူသိနေသည် ။

ထိုအစ်ကိုနှစ်ယောက်၏ ဘယ်လိုမှ မထင်မှတ်ခဲ့သော ဟိုတစ်ချိန် အမှတ်တမဲ့တစ်ခါမှာ သူအောင်မြင်စွာ လုပ်ရှားခဲ့နိုင်သည် ။ သူတို့ မထင်မှတ် မကာကွယ်လိုက်နိုင်မီမှာ သူအောင်မြင်ခဲ့ဖူးသည် ။

ခုချိန်မှာ သူဟာ အိပ်ပျော်နေသော ကျားကို ပုတ်နိုးလိုက်ပြီးပြီ။ စူးစိုက်လာခဲ့သည့် မျက်ဝန်းတို့ အလယ်မှာ ချို့ယွင်းနေခဲ့မှန်းမသိ။ စဉ်းစားလေ ဝေဝါး လာလေ။

လွန်ခဲ့သောဆယ်နှစ်ခန့်ကတော့ သူဦးနှောက်ကွန်ပျူတာဟာ နသစ်လတ်ဆတ်နေခဲ့၍လား။

သူဟာ လူငယ်လေးတစ်ယောက်သာ ဖြစ်သော်လည်း လျှို့ဝှက်သည်းဖိုဆန်သော စွန့်စားမှုကြီးတစ်ခုကို ပိရိအောင်မြင်စွာ လှုပ်ရှားလိုက်နိုင်သည် ။

ထိုစဉ်က သူချီပွေ့ထုပ်ပိုးခဲ့သော မိန်းမငယ်လေးဟာ ဂါဝန်လှလှခြေအိတ်လှလှလေးနှင့် အလွန်ချစ်စရာကောင်းအောင် အလှကြည့်အရုပ်ကလေးတစ်ရုပ်လို။

*

# အခန်း(၁၄)

ဒီနေ့ ညဆယ်နာရီဆိုတာ သေချာသည်။

လိပ်စာအတိအကျကို သူ အချိန်မီစုံစမ်းလို့မရ။

ရင်ထဲမှာ ယောက်ယက်ခတ်အောင် ပူလောင်နေခဲ့သည်။

ချုံနွယ်ကျောက်တုံးကျောက်ခဲတို့ ကြားမှာ သူ ဝမ်းလျားထိုးလဲကျနေခဲ့စဉ် မျက်နှာရှေ့မှာ ရပ်လာသည့်ခြေအိတ်လေးအစုံနှင့် ရှူးဖိနပ်လှလှလေးစီးထားသော ခြေထောက်ကလေးတွေကို သတိရနေသည်။

ပြီးတော့ ဒူးအောက်စကန်နားထိ ဖားဖားဝဲ

ကျနေသော ဇာပွင့်လေးတွေပါသည့် ဂါဝန်အနားစပ်လေးကို မြင်ယောင်နေသည် ။ ထို့နောက် အလွန်ချစ်စရာကောင်းသော အသံလေးတစ်ခု

“ကိုကိုကြီး ရေသောက်ချင်လို့ လားဟင်”

“ဝန်း မုန့်တွေယူလာတယ် ထလေ”

မထင်မှတ်သောရစ်ဖွဲ့ခြင်းဖြင့် မမြင်နိုင်ခဲ့သည့်ကြိုးကလေးတစ်မျှင်က သူ့ရင်တွင်းတစ်နေရာကို ချည်နှောင်ခဲ့လိုက်ကာ ထိုစဉ်က မသိခဲ့။

ပို၍ ခိုင်မာစေခဲ့သည် က သူကားကြုံနှင့်ဆေးရုံကိုပါလိုက်လာခဲ့သည် ။ သတိရလာတော့ သူကုတ်အင်္ကျီအိတ်ထဲမှာ တွေ့လိုက်ရသည့် ကိတ်မုန့်အပိုင်းအစတချို့နှင့် ချောကလက်လေးနှစ်တောင့်။

သူ မစားချင်ဘူးပြောသည့်ကြားထဲကနေ

အိတ်ထဲကို ထည့်ပေးလိုက်သည့် ကောင်မလေး၏ ရိုးစင်းသန့်စင်သော စေတနာလေးများကို သူ နင့်နင့်နဲနဲခံစားခဲ့ရသည် ။

ညီအစ်ကိုသုံးယောက်၏ ချစ်ခင်တွယ်တာတတ်သော စိတ်တို့ ဆိတ်သုဉ်းနေခဲ့သမျှထဲမှာ ပထမဆုံး သူ့နှလုံးအိမ်ထဲသို့ ချည်နှောင်ခံလိုက်ရခြင်းဟာ ထိုမှ စခဲ့တာဖြစ်သည် ။

သို့ပေမဲ့ ဒါဟာ မမေ့နိုင်စွဲလမ်းစေခဲ့သော အရာမဟုတ်ခဲ့သေးပါ။ နောက်ထပ် ကိုလေး ယူလာသည့် ခေတ်ပုံထဲမှာ မြင်လိုက်ရတာ တော့မှ ဒီကလေးကို ထိခိုက်မခံနိုင်သည့်ရင်ထဲမှာ ခိုင်မာခဲ့သော တစ်စုံတစ်ရာကို သူကိုယ်တိုင်သိခဲ့သည် ။

ထို့ကြောင့် ပထမဆုံး အစ်ကိုနှစ်ယောက်၏ စီမံကိန်းစည်းမျဉ်းထဲမှ သူ စွန့်စားဖွဲ့ထွက်ခဲ့မိ

သည် ။ အောင်မြင်ဖို့ က လေးဆယ်ရာခိုင်နှုန်းသာ ရှိကာ ရှုံးနိမ့်ခဲ့လျှင် သူ့အပေါ်ကျရောက်လာမည့် ကိုကြီးနှင့်ကိုလေးတို့ ၏ ဒေါသအတိုင်းအတာကို သူ မခန့်မှန်းရဲ။

ဒါပေမဲ့ သူလုပ်ခဲ့မိပြီ။ စပြီးတာကို အဆုံးသတ်ဖို့ အတွက် သူသွေးမကြောင်ပါ။ နာရီကို ငုံ့ကြည့်တိုင်းမှောင်မည်းနေသော တောင်ကုန်းလေးထိပ်ကနေ လမ်းကို သူ ကြည့်သည် ။

လိပ်စာသိရသည့်အချိန်က များ စွာနောက်ကျခဲ့သဖြင့် အသက်ရှူပြင်းနေခဲ့သည့် ရင်ဘတ်ကိုပင် ပေ့ါပါးသွားအောင် သက်ပြင်းရှိုက်ဖို့ သတိမရနိုင်။

လိပ်စာကို သိရသည် က အတိအကျမဟုတ်။

တောင်ကုန်းထိပ်မှ ရပ်ကာ ဘေးဘီကိုဝေ့ကြည့်လျက် နာရီကို ငုံ့ကြည့်လို

က်။ ညအမှောင်ထဲမှာ နာရီမှ လင်းလက်နေသော စိန်ပွင့်များ နှင့် အဏာမြူရောင်တို့ ကြောင့် ဘယ်အချိန် ဘယ်နာရီဆိုတာကို အတိုင်းသားမြင်နေရသည် ။

ဆယ်နာရီခွဲနေပြီ။

ကိုလေး အစီအစဉ်တွေ မစဘူးလား

ဒီမြို့မှာ ကိုလေးရောက်နေပြီဆိုတာက သေချာပါသည် ။

ည ဆယ်နာရီမှာ အိမ်ကိုမီးရှို့ပစ်ဖို့ စီစဉ်ထားတာလည်း သေချာခဲ့ပြီးသား။

နေလွင်ပြင်က စီစဉ်သတ်မှတ်ပြီးလျှင် မဖြစ်မနေလုပ်တတ်သည့်သူ။

ဆယ်နာရီခွဲသည် အထိ မီးတောက်မမြင်တော့ သူ့ရင်ထဲမှာ ပူလောင်လာသည် ။ လိပ်စာအတိအကျကို သူမသိခဲ့ရ။

နောက်ကျမှ သိခဲ့ရသည့် မတိကျသော လိပ်စာအရ သူလိုက်လာခဲ့မိတာ နောက်ကျသွားပြန်ပြီလား

အိမ်တစ်လုံးလုံးကို မီးရှို့ပြီးစီးသွားလောက်သည် အထိတော့ သူနောက်မကျခဲ့ဘူးထင်သည် ။

ဟိုဒီလိုက်ကြည့်ရင်း နာရီကို ငုံ့ကြည့်ရင်းဖြင့် ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရဖြစ်နေခဲ့မိ၏။

ရေရာအောင် မစုံစမ်းနိုင်ခဲ့သည့် ကိုယ့်အဖြစ်က မီးတောက်မြင်မှ ပြေးကူးရမည့်ဘဝမျိုး။

ထိုစဉ် မီးရောင်တွေထိန်ညီးတောက်ပလာသည့် နေရာတစ်ခုကို သူလှမ်းမြင်လိုက်ရသည် ။

"လိပ်စာအတိအကျ ငါစုံစမ်းပြီးပြီကွ သူတို့တိုက်ကြီးက ချိုင့်ဝှမ်းကြီးထဲမှာ ကျနေတယ်

ခြံကြီးက အုပ်ဆိုင်းနေတာပဲ ညဘက်ဆို အလုပ်သမားတွေက နောက်ဘက်က တန်းလျားမှာ အိပ်ကြတာ မီးလောင်လိုက်လို့ ကတော့ ဘယ်သူမှ ကယ်နိုင်မှာ မဟုတ်ဘူး ။ ရန်ကုန်က တစ်ယောက်ကို နေကမ္ဘာက ဘယ်လိုတုံ့ပြန်တတ်တယ်ဆိုတာ ပြရမှာ ပေါ့ကွာ”

နေလွင်ပြင် ကြိမ်းဝါးနေသံကို ပြန်လည်ကြားယောင်ကာ ထိုမီးရောင်ဆီသို့ မှန်းဆကာ နေခြံရုံပြေးဆင်းခဲ့သည် ။

ထိပ်ကနေ စီးပိုးကြည့်နေစဉ်ကလိုမဟုတ်ဘဲ တောင်ကုန်းလေး၏ အောက်ခြေရောက်တော့ မီးရောင်က ပျောက်ကွယ်သွားသည် ။

တစ်ကိုယ်လုံး အနက်ရောင်ကိုယ်ကျပ် ဝတ်ထားသည့် သူ့မှာ ကိုယ်ကိုသူများက မြင်မှ မဟုတ်ပေမယ့် ဟိုဘက်ပြေးကြည့် ဒီဘက်ပြန်ပြေးနှင့် ရုတ်တရက် ဗျာများ သွားခဲ့သည် ။

သူ့တွက်ဆချက် ပထမဆုံးလွဲချော်သွားခဲ့သည် က အိမ်နေရာသည် သူထင်ထားသလိုမဟုတ်ဘဲ သူနှင့်ဝေးကွာသော နေရာမှာ ဖြစ်နေသည်။

ထို့ကြောင့် မီးတောက်တွေ အားကောင်းစွာ ယိမ်းနွဲ့ခုန်ပေါက်လာတော့မှ ထိုနေရာသို့ သူ ရောက်သွားခဲ့သည်။

"ဖျစ် . . . ဖျစ် . . ."

"ဖောက် . . . ဖောင်း . . ."

"ဝုန်း . . ."

အထဲမှာ ပေါက်ကွဲပြိုကျသံတွေကို ကြားလာရသည်။

"ကယ်ကြပါဦး မမကြီး ဝန်း ပိတ်မိနေပြီ လုပ်ကြပါဦး"

"အငယ်လေးရေ . . ."

မီးတောက် မီးလျှံတွေ ပတ်လည်ဝိုင်းနေသော တိုက်ကြီးကို ဝိုင်းပတ်ကာ ခြံစောင့်မှ စ၍ အလုပ်သမားမိန်းမယောကျ်ားအားလုံး ယောက်ယက်ခတ်ပြေးလွှားနေကြသည် ။ အော်ဟစ်နေကြသည် ။

အထဲကလူကို ကယ်တင်လိုကြသော်လည်း ဘယ်သူမှ လည်း အနားမကပ်နိုင်ကြ။ နေခြံရံ ခြံကြီးထဲသို့ မဝင်မီ နေလွင်ပြင်တို့ ရှိနေသည့် အရပ်မျက်နှာကိုအရင်ရှာရသည် ။

မျက်ကွယ်ရာထောင့်တစ်နေရာမှ တိုက်ကြီးနားကို ပြေးကပ်လိုက်၏။

မီးတောက်တွေကို တတ်နိုင်သမျှ ရှောင်ကွင်းကျော်လွှားခဲ့သော်လည်း သူ့ကိုယ်မှာ မီးတောက်တွေ ပြေးဟပ်သဖြင့် ပူလောင်ခြင်းကို မကာကွယ်နိုင်။

“မရွှေ လာပါ ကိုယ်ကို တောင့်မထားပါနဲ့ ”

"ဟင့်အင်း . . . သမီး သမီးလေးကို ကယ်ပါ . . . အဟွတ် အဟွတ် သမီးရေ . . . ဝန်းလေး . . ."

"ကလေးကို ကျုပ်ထပ်ရှာပေးပါ့မယ် မီးတွေဝိုင်းနေပြီ မရွှေ. . . လာပါ စိတ်ကိုလျှော့ချလိုက်ပါ"

"သမီး . . . သမီးလေးရေ . . ."

အသံတွေကို သူကြားရသည် ။

မီးစွဲလောင်နေသော သန့်စင်ခန်းထဲမှ မိန်းမကြီးတစ်ယောက်ကို မနိုင်မနင်းပွေ့ထုတ်လာသည့် လူကြီးကိုလည်း မြင်လိုက်ရ၏။

ဒေါ်ရွှေရုပ်လွှာ မိန်းမယုတ်ကြီး။

စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားသည် ။

နာကြည်းခဲ့သောစိတ်က ရှိန်းရှိန်းထကာ အပေါ်ထပ်မှ ပြုတ်ကျလာသော မီးစွဲနေသည့်

သစ်သားချောင်းကြီးအောက်မှာ လူနှစ်ယောက်လုံး ထိခိုက်လဲပြိုသွားတာကိုပင် သူကျောခိုင်းပစ်ခဲ့သည် ။

အသက်စွန့်ကယ်တဲ့ သူလည်း စွန့်သွားပါစေတော့။

ဒီမိန်းမကြီးကို အသက်ဘေးကလွတ်အောင် ကယ်ထုတ်ဖို့ ထိတော့ သူသဘောထားမကြီးနိုင်ခဲ့ပါ။

ချစ်ရပ်ဝန်းဘယ်မှာ လဲ . . .

သူမီးတောက်တွေကို ဖြတ်ပြေးနေရင်း အပေါ်က ပြုတ်ကျနိုင်သည့် အန္တရာယ်ကိုလည်း ကြည့်ရသည် ။

ကလေး၏ အသံကိုလည်း နားစွံ့ရသည် ။

"ဒုန်း . . . ဒုန်း"

ထုနှက်သံတစ်ချက် နားထဲဝင်လာသည် ။

ထိခိုက်ပြိုလဲသံလား တကယ်ထုနှက်သံလား နားစိုက်ထောင်ရင်း ဝန်းဆီသို့ သူပြေးခဲ့မိ၏။

အပေါ်ထပ်တက်သော လှေကားကြီးတစ်ခုမှ လွဲလျှင် အားလုံးက မီးတောက်များ ၏ ဝါးမျိုခြင်းကို ခံနေရပြီ ဖြစ်၏။

"ဒုန်း . . . ဒုန်း"

"မေမေရေ . . . မေမေ့ . . . ဖေဖေရေ ဝန်းကိုကယ်ပါဦး . . . တံခါးဖွင့်လို့ မရတော့ဘူး . . . ဝန်းကြောက်တယ် . . .ဖေဖေရေ . . ."

အော်ဟစ်ငိုကြွေးနေသံလေးကို ပီပြင်စွာကြားလိုက်ရသည် ။ အပေါ်ထပ်မှာ မီးစွဲသည့်နေရာ ဟိုတစ်ကွက် ဒီတစ်ကွက်သာရှိသေးသည် ။ သို့သော် မီးခိုးလုံးများ အလိပ်လိုက်ဝင်ကာ ပိန်းပိတ်မှောင်နေသည် ။

ကြမ်းခင်းတွေက မီးထတောက်တော့မတတ် ပူချစ်နေသည် ။

တကယ်လည်း မီးတောက်တွေဖြစ်လာတော့မည်သာ . . .

အောက်ထပ်က မီးညွန့်တွေက ကြမ်းခင်းကို ဖြိုချဖို့ ကြိုးစားနေပြီဖြစ်သည် ။

"အဟွတ် . . . အဟွတ်"

သူ အသက်ရှူလို့ မဝတော့ဘဲ ချောင်းတွေဆိုးလာသည် ။ မျက်ရည်တွေကကျ မီးခိုးကမှောင် ရှေ့ကို ဘယ်လိုမှ ကြည့်လို့ မရ။ ကလေးကို စိတ်ပူခြင်းက ပိုမိုကာ သူအသံကြားသည့်ဆီ မှန်းဆ၍ ပြေးသွားခဲ့၏။

"ဖေဖေရေ . . . ဖေဖေ . . . ဟီး . . ဟီး. . ."

"ဒုန်း . . . ဒုန်း"

အတွင်းက ထုနှက်မှုကြောင့် တုန်ခါနေသော တံခါးတစ်ချပ်ကို သူကိုင်မိလိုက်၏။

ထိုစဉ် ခေါင်းရင်းထိပ်ဘက်မှ နံရံကြီးတစ်

ဖက်သို့ ဝုန်းခနဲပြိုကျသွားသည် ။ မီးညွန့်တွေဖြာတက်လာ၏။

မီးခိုးတွေ မီးတောက်တွေထဲမှာ ပျော်ဝင်ကုန်သလားမသိ။ မြင်ကွင်းက ပီပြင်လာသည် ။

ပူလောင်မှုက ပိုကဲလာပေမယ့် အသက်ရှူကျပ်တာတွေ မျက်ရည်ပူကျတာတွေ ချက်ချင်းပျောက်သွားသည် ။

သူ အခန်းတံခါးကို ပခုံးစောင်းနှင့် ပစ်တိုက်သည် ။ နှစ်ချက်သုံးချက် ပစ်တိုက်ပြီး စိတ်မရှည်သဖြင့် ခပ်လှမ်းလှမ်းမှာ ရှိနေသော ကုလားထိုင်တစ်လုံးကို ပြေးယူလိုက်သည် ။

အရှိန်နှင့် တအားပြေးတိုက်ပစ်လိုက်၏။

"ဒုန်း . . . ဝုန်း"

"အား . . ."

တံခါးနားမှာ ကပ်နေသည့် ကလေးပါ ရော

ပါသွားပြီမှန်း သူသိသည် ။ ဒါပေမဲ့ ဒီအပြင် တခြားနည်းလမ်းမရှိတော့။

ပွင့်ထွက်လဲကျသွားသည့် တံခါး၏ တစ်ဖက်မှာ ချစ်ရပ်ဝန်းလဲပြိုကျနေတာကို သူမြင်လိုက်၏။

"ဟင် ကိုကိုကြီး"

ချစ်ရပ်ဝန်းက သူ့ကိုကောင်းကောင်း မှတ်မိနေ၏။ သူ မထနိုင်သေးသည့် ကလေးကို စွေ့ခနဲကောက်ပွေ့လိုက်သည် ။ ကလေးက သူ့လည်ပင်းကို ကြောက်အားလန့်အား ပြန်ဖက်ထားရှာသည် ။

"မျက်လုံးတွေ မှိတ်ထား မအော်နဲ့ "

သူအလျင်စလိုပြော၍ လှေကားထိပ်ကို ပြေးထွက်ခဲ့သည် ။ မီးညွန့်တွေ တက်နေသည့် အလယ်မှာ လှေကားကြီးက ထီးထီးမားမားရှိနေဆဲ။

သူကလေးကို ပခုံးပေါ်ပြောင်းတင်၍ လှေကားတိုင်း ပြေးဆင်းသည် ။ သို့သော် မီးရှိန်ကြောင့် ကြွပ်ရွနေခဲ့သော လှေကားကြီးက ကလေးနဲ့ သူ့ကိုယ်ကို တောင့်ခံမထားနိုင်ဘဲ

"ဝုန်း"

"အား"

လှေကားတစ်ဝက်လောက်အရောက်တွင် လူတွေရော လှေကားပါ တစ်စစီကျိုးပဲ့လွင့်ကျကုန်လေသည် ။

သူအံကြိတ်ထားခဲ့သော်လည်း ချစ်ရပ်ဝန်း ရှူးရှူးဝါးဝါး ထအော်သည် ။ ကိုယ့်ကိုယ်ကိုယ်အနာခံ၍ ကလေးကို ပွေ့ပိုက်ထားပေမယ့် ချစ်ရပ်ဝန်း ဒဏ်ရာရကာ သူ့လက်ထဲမှာ ပဲ မေ့မြောသွား၏။

သူသည် နာကျင်သော်လည်း ပြန်ကျုံးထ၏

။

ပူလောင်ပြင်းပြနေသော မီးတောက်တွေကို မရမကကျော်ဖြတ်၍ တိုးထွက်ခဲ့သည် ။

မီးလောင်ပြင်၏ တစ်ဖက်မှာ အေးမြနေခဲ့ပေမယ့် မှောင်နဲ့ မည်းမည်း ထိုအမှောင်ထုတွင်းသို့ သူတိုးဝင်ခဲ့သည် ။

ပူပြင်းတောက်ပသော စူးရဲသည့် မီးလောင်ပြင်မှ ထွက်ခဲ့ရသဖြင့် မျက်လုံးထဲမှ ရုတ်တရက်ဘာမှ မမြင်။

ညဥ့်၏ သဘာဝက မှောင်မိုက်နေသည် ။

သစ်ပင်တောအုပ်တို့ ကြောင့် ပို၍ သိပ်သည်းနေ၏။

အလင်းနှင့်အမှောင်နှစ်ရပ်ကြားမှာ ပြာဝေနေခဲ့သည့် မျက်လုံးတို့ က မမြင်။ နေခြိရုံသည် ထိုအမှောင်တွင်းမှ စတင်ကာ မရေရာသော

# အခန်း(၁၅)

အတိတ်ဆိုတာ ပစ္စုပ္ပန်ရဲ့ အရိပ်တွေလား။

အတိတ်ကို ဝန်းဘယ်တော့မှ မေ့ပစ်နိုင်မည် မဟုတ်ပါ။

ပြီးဆုံးခဲ့သော အတိတ်ဆီမှ ဝန်း၏ ဘဝသည် ရွှေမရှား ငွေမရှား။ ခြွေရံသင်းပင်းတို့ ဖြင့် လဲလှယ်ဝယ်ယူနိုင်သမျှ အရာအားလုံးကို မရနိုင်ဘူးဆိုတာ ဘာမှ မရှိခဲ့။

ဒါပေမဲ့ ဝန်းမပျော်ရွှင်ခဲ့ဘူးပါ။

ဝန်းချစ်သော မေမေသည် ဒုက္ခိတဘဝဖြင့် ဝန်းဘဝကို နွေးထွေးမှုမပေးနိုင်။ ဝန်း အားကိုးခဲ့သည့်ဖေဖေသည် တခြားတစ်ပါး

သော မိန်းမတစ်ယောက်ကို မေမေ့ထက် ပိုချစ်နေခဲ့၏။

ဝန်းကိုချစ်သော ဖေဖေသည် မေမေ့ကို တော့ရက်စက်ခဲ့သည် သာ။

"ဒုက္ခိတမို့လို့ မင်းကို ငါပစ်ထားတာလို့ မပြောနဲ့ မင်းဟာသိပ်ဉာဏ်များ တဲ့ မိန်းမ"

"ကလေးတစ်ယောက်လုံးရှိနေတာကို ဖုံးကွယ်ပြီး အားကိုးမဲ့နေတဲ့ ဆွေမဲ့မျိုးမဲ့ မိန်းကလေးတစ်ယောက်လိုလို ငါ့ကို လိမ်ညာခဲ့တာ။ မင်းမှတ်ထား ယောကျ်ားတစ်ယောက်ရဲ့ မာနက အဲဒီလို အလိမ်ခံနေတာကို အမုန်းဆုံး မျက်စိ အောက်မှာ အစိတ်စိတ်အမွှာမွှာကျိုးပြတ်နေပါစေ။ တစ်စစီကောက်ယူပြီး တယုတယ သိမ်းထုပ်ပွေ့ပိုက်ထားနိုင်တယ်။ အဲဒီနောက်ကွယ်မှာ လျှို့ဝှက်ထားတဲ့ တစ်စုံတစ်ရာကို လုံးဝလက်မခံနိုင်ဘူး။ အညာခံလိုက်ရရင်

ဆူးခြစ်ရာကလေးဖြစ်ပါစေ တုံးခနဲလဲကျပြီး သေသွားနိုင်တယ် အဲဒါ မာနပဲ”

ဖေဖေနဲ့ မေမေ အကြီးအကျယ် စကားများကြသည့် နေ့တစ်နေ့မှာ ထိုစကားတွေကို ဝန်းကြားခဲ့ရသည် ။

ဘာတွေဆိုတာ နားမလည်ခဲ့ပါ။ ဝန်းမြင်တွေ့နေခဲ့တာ တစ်ခုပဲ ရှိသည် ။ ဖေဖေဘာပြောပြော မေမေ ခေါင်းငုံ့ငြိမ်ခံနေခဲ့တာ မဟုတ်ပေမယ့် သူတစ်ခွန်းကိုယ်တစ်ခွန်း ပြောဆိုရန်ဖြစ်ကြပြီးတိုင်း ဖေဖေ ကွယ်သည် နှင့် မေမေရှိုက်ကြီးတငင်ငိုသည် ။

“အဲဒါ ငါ ဝင့်လိုက်တာ ငါမကောင်းခဲ့တာ”

ဟု တစ်ယောက်တည်းပြောနေတတ်ခဲ့သည့် မေမေ့၏ နာကျင်ကြေကွဲသံများ

“မင်း သမီးကို ငါ့ရှေ့မှာ မထားနဲ့ အညာခံ

လိုက်ရတဲ့ ငါ့အဖြစ်အတွက် ငါ့ဒေါသတွေက မင်း သမီးကြောင့် မီးပွားတွေ ဖြစ်လာနိုင်သည် . . . ပြီးတော့မှ ပထွေးပီသလိုက်တာလို့ ငါက ကဲ့ရဲ့ ခံရဦးမယ်”

မမက ဖေဖေ့သမီး မဟုတ်ဘူး ဆိုတာသိပေမယ့် ဝန်းကတော့ မမကိုချစ်သည် အမေတူ အဖေကွဲ ညီအစ်မဆိုတာ ဘယ်လိုကွဲပြားတာလဲ ငယ်ငယ်ကတော့ မသိခဲ့ပါ။

ဒါပေမဲ့ ဝန်း မမနဲ့ အတူနေချင်ခဲ့သည် ။

ဖေဖေသည် မေမေ့ကို မချစ်သော်လည်း ဝန်းကိုတော့ သွားလေရာခေါ်သည် ။ လိုချင်တာ ဝယ်ပေးသည် ။

ဝန်းကြားဖူးသေးသည် ။ ဖေဖေက ဘာမှ မလုပ်မကိုင်ဘဲ မေမေ့စည်းစိမ်ဥစ္စာတွေကို ဖြုန်းတီးနေသည် တဲ့ ။

“မင်းဆွေမျိုးတွေ ဒီကိုမလာစေနဲ့ ငါ့ကိုဘာ

ကောင်လိုလို ညာကောင်လိုလို ဝေဖန်ကဲ့ရဲ့တာ ငါအားလုံးကြားတယ်သိလား၊ မိန်းမပစ္စည်းထိုင်ဖြုန်းတော့ ဘာဖြစ်လဲ ဒါ ငါ့ကုသိုလ်နဲ့ငါပဲ။ ငါပေးရသမျှ ငါပြန်ယူတာ ဟဲ . . ဟဲ ဒါမင်းသိပါတယ် မင်း ငါ့ကို ကျေနပ်တယ်မို့လားကဲပြော . . .”

ဖေဖေက မေမေ့မျက်နှာရှေ့မှာ ခါးထောက်၍ တည့်တည့်မေးခဲ့သည် ။ ထိုအခါ မေမေသည် ကြောင်ငေးသည့် မျက်ဝန်းများမှ မျက်ရည်တို့ တစိမ့်စိမ့်ကျကာ

“ဟုတ်ပါတယ် ကျေနပ်ပါတယ် ရှင်ကြိုက်သလို သုံးဖြုန်းပါ ဒါ ဒါ ရွှေပိုင်တာတွေလည်း မဟုတ်ပါဘူး မတရားခဲ့တဲ့ အပေါ်မှာ မညီမမျှဖြစ်ရတာ ဘာမှ မဆန်းပါဘူး”

ဖေဖေ့ကို ခံပြောခံဆိုရှိခဲ့သည့်တိုင် မေမေဖေဖေ့ကို မနိုင်ဘူးဆိုတာတော့ ဝန်း နားလည်

ခဲ့သည် ။

ဖေဖေ့ကို တမင်အရှုံးပေးနေခဲ့တာလား မသိနိုင်ခဲ့သော်လည်း မေမေ ရှုံးနေတာလည်း ဝန်း သိတာပင်။

အိမ်ထောင်ရေးဆိုတာ ဘာမှန်းမသိနိုင်ခဲ့သည့် အရွယ်လေးမှာ ပဲ ဝန်းသည် အလွန်အထီးကျန်ဆန်သော ဘဝထဲမှာ မေမေ့ကိုလည်း ကပ်လို့ မရ။

ဖေဖေ့ကို လက်တွဲထားခွင့်ရပေမယ့် ဖေဖေ့အကြင်နာကိုလည်း မရခဲ့ပါ။ ဖေဖေသည် ဝန်းကိုအနားမှာ ထားကာ မိန်းမတစ်ယောက်ကိုသာ ပွေ့ပိုက်ထားတတ်သူဖြစ်သည် ။

"သမီး ဒီမှာ ဆော့နေနော် ဝေးဝေးမသွားနဲ့ ဖေဖေ ပြန်လာမှ အိမ်ပြန်မယ်"

ဖေဖေသည် အိမ်မှ အတူလက်တွဲထွက်ခဲ့ကြပြီး တစ်နေရာမှာ

တော့ ဝန်းကို ဖြုတ်ချထားရစ်ခဲ့သည် သာ

"မောင့် သမီးလေးက လှလိုက်တာကွယ် အရမ်းချစ်ဖို့ ကောင်းတာပဲ"

အန်တီဆိုသော အမျိုးသမီးက ဝန်းပါးလေးကိုဆွဲ၍ ချစ်စရာဟု ပြောဖူးသည် ။

သို့သော် မေမေ့နေရာမှာ သူမ ရှိနေတာကို ခံစားမိနေသော နှလုံးသားနုနုထဲမှာ ထိုမိန်းမကို မုန်းတီးနေခဲ့မိသည် ။

ထိုအခါ ဝန်းဘေးမှာ စားစရာ ကစားစရာတွေ အလျှံပယ်ရှိနေခဲ့သော်လည်း အားလုံးသည် တန်ဖိုးမဲ့လာခဲ့၏။

ဝန်းလိုချင်တာ ဒါတွေ မဟုတ်ဘူး ဆိုတာကို ကိုယ်ကိုယ်တိုင် နားမလည်ခဲ့သည့် အရွယ် နားမလည်ပေမယ့် ငေးငေးငိုင်ငိုင်လေးဖြစ်လာခဲ့၏။

အတူနေခွင့် မရခဲ့သော မမကို တမ်းတနေခဲ့တာလည်း မပြည့်ဝခဲ့။

မေမေ့ရင်ခွင်ထဲမှာ လည်း ဝန်း ခိုလှုံခွင့်မရှိ။

ဖေဖေကလည်း သမီးအဖြစ်လက်ဆွဲထားခဲ့ရှံသာ

ထိုအချိန်မှာ ဝန်း ဘဝလေးဟာ မကြင်နာတတ်သည့် ကိုကို့လက်ထဲကို ရောက်လာခဲ့ရပြန်သည် ။

မီးဟု နံ့ဟု နံ့တောက်နေသော အနီရောင်မြင်ကွင်းကြီးထဲကနေ ဝန်းကို ကိုကို ကယ်တင်ခဲ့သည် ။

ပူလောင်ပြင်းပြလှသော ဝေဒနာတွေကို သူ့ရင်ခွင်နှင့် ကာကွယ်၍ ဝန်းကို ကယ်တင်ခဲ့မိသည် ။

သို့သော် ချစ်၍ မဟုတ်ခဲ့ပါ။

ထိုစဉ်က ဝန်းကို ကိုကို ကယ်တင်ခဲ့သည် ။

ဝန်းမသိခဲ့သော ဝန်းကျင်ဒေသတစ်ခုကို ခေါ်သွားခဲ့သည် ။

နေရာအတည်တကျ မနေခဲ့ရ။

ဟိုအိမ် ဒီအိမ် ပြောင်းရွှေ့လိုက်ပါခဲ့ရရင် ကိုကိုခေါ်သွားသမျှ ဝန်းလက်ကလေးဆွဲ၍ လိုက်ပါနေခဲ့သည် ။

ထိုသို့ ဆုပ်ကိုင်ဆွဲထားခဲ့ရသော ကိုကို့လက်ဖဝါးနုနုကို ဝန်းမက်မောခဲ့၏။

ဖေဖေ့လက်ကိုဆွဲထားခဲ့ရတာနှင့်လည်း မတူ။

ဖေဖေ မကြင်နာ၍ အထီးကျန်ငေးငိုင်ကျန်ခဲ့ရတာမျိုးလည်း မဖြစ်။

ကိုကိုဘယ်သွားသွား ဘာလုပ်လုပ် ဝန်းအ

တွက်ပဲ ဖြစ်နေတာကို မြင်နေခဲ့သည် ။

ဝန်းကို စိတ်မချနိုင်စွာ အပ်နှံခဲ့တာ။

ကိုကိုရောက်လာတိုင်း ဝန်း လက်ကောက်ဝတ်လေးကို ဆုပ်၍ ဝန်းရှေ့မှာ ဒူးတစ်ဖက်ထောက်ကာ ညကငိုနေတယ်ဆို

"မငိုရဘူး ငိုတာကိုမကြိုက်ဘူး"

"ရော့ အရုပ်တွေ ဝယ်လာခဲ့တယ်"

"ဒီစာအုပ်တွေ ဖတ်ထားကျောင်းတက်ရမှာ "

"ညက အဖျားတက်တယ်ဆို ဘယ်လိုနေသေးလဲ"

ကိုကိုဟာ မျက်နှာကြီးတည်တင်းနေတတ်တာ ဝန်းနဲ့ အတူ မနေနိုင်ခဲ့ပေမယ့် ရောက်လာတာနှင့် ဝန်း နားကိုချက်ချင်း ရောက်လာသည် ။

ဝန်းရဲ့ အနားမှာ ရှိနေသူတွေကို မေးတတ်ခဲ့တာ ဝန်းနဲ့ ပတ်သက်၍ ပဲ ဖြစ်၏။

ထို့ကြောင့် ကိုကို့ရင်ထဲမှာ ဝန်းအမြဲရှိနေခဲ့တာကို သိသည် ။

အတူနေခွင့်မရသော်လည်း ကိုကို့ရင်ထဲမှ ရှိနေခွင့်ရခြင်းအတွက် ဝန်းကျေနပ်ခဲ့၏။ ဘဝတစ်လျှောက်မှာ ဝန်းဟာ ဘာကိုမှ မရခဲ့။

ဘယ်သူ့အတွက်မှ အရေးမပါခဲ့သော်လည်း ကိုကို့ရင်ထဲမှာ ဝန်းက အဓိက။ ဒါကို ကြာလာလေ ပိုသိလေ။

"မင်း အမေ မီးကလွတ်တယ် ဒါပေမဲ့ သူသေသွားပြီ"

"မင်းအစ်မလည်း မရှိတော့ဘူး"

ဝန်းကို ခေါ်လာကတည်းက ဒါတွေကို ကိုကိုပြောခဲ့သည် ။

ရင်ထဲမှာ ဝမ်းနည်းလှိုက်ဟာသွားခဲ့ဖူးသည်။

ဒါပေမဲ့ ကလေးမို့လားမသိ။ မျက်စိအောက်မှာ မဟုတ်၍ မခံစားခဲ့ရတာလား။ ဝန်းရင်ထဲမှာ ဖျပ်ဖျပ်လူး ပူလောင်သွားတာမျိုး မဖြစ်ခဲ့ပါ။

ထိုစဉ် အတိတ်ဘဝမှ စ၍ ဝန်းဘဝဟာ ကိုကိုသာအဓိကဖြစ်ခဲ့သည်။

ဝန်းကို ကိုကိုမကြင်နာတတ်ပေမဲ့ ကိုကိုဟာ အပေါင်းအသင်းတွေနှင့် ပေါးလားဝါးလား နေတတ်ခဲ့သူမဟုတ်။

ဖေဖေ့လို တခြားမိန်းမတစ်ယောက်ယောက်နှင့် ချစ်ခင်ကြင်နာနေတာမျိုးလည်း မရှိ။

ဝန်းနဲ့ ကိုကို၏ ဘဝနှစ်ခုဟာ နွေးထွေးစွာ စေ့စပ်ခြင်းမရှိခဲ့တာမှန်သည်။

နှစ်ယောက်တစ်ဘဝ ရှိနေခဲ့ကြတာလည်း ငြင်းလို့ မရခဲ့သည့် အဖြစ်ပါပဲ။ ငယ်စဉ်ကဆို ငါ့ဘဝဟာ ဘယ်လိုကြီးလဲဟု ဝန်းတစ်ခါမှ မတွေးမိခဲ့။

ကိုကိုရောက်လာမှာ ကို လွမ်းရင်း ရောက်လာတိုင်း ပျော်ရွှင်ခဲ့ခြင်းဖြင့် ဘဝက ဟိုတုန်းကထက်ပင် ပျော်စရာကောင်းနေသလို ခံစားခဲ့ရသည် ။ ခုတော့ ဝန်း တွေးတတ်ခဲ့ပြီ ဖြစ်၏။

ဝန်းကဘာလဲ ကိုကို ဝန်းနဲ့ မတွဲချင်တာ၊ အနားမှာ နေခွင့် မပေးနိုင်တာ။ ဒါတွေဟာ ဘာကြောင့်လဲ။

မမေးရဲခဲ့သော်လည်း မေးခဲ့ဖူးတာရှိသည် ။

ဘယ်တော့မှ လည်း ကိုကိုမဖြေခဲ့ပါ။

"ငါ့အတွက် တစ်ခုမှ မပါဘူး၊ အဲဒါ မင်းကြောင့်"

အဖြေက ဒါပဲဖြစ်သည် ။

"မင်းမှာ အန္တရာယ်ရှိတယ်။ သိုသိုသိပ်သိပ်နေပါ၊ ပြောတာကိုနားထောင်"

ဝန်းဘယ်ထွက်သွားတာ ဖြစ်ဖြစ် ကိုကို သိနေတတ်သည် ။

ထိုသို့သွားမိတိုင်း ဝန်းအဆူခံရသည် ။ တစ်ခါတလေ ဆွဲလှုပ်ပစ်တတ်သည့် ကိုကို့လက်ထဲမှာ ဝန်းဟာ အရုပ်လေးတစ်ရုပ်လိုပါ။

ငယ်ငယ်ကဆို ဝန်း တင်ပါးလေးတွေ ရဲနေသည် အထိ ကိုကို ရိုက်ခဲ့ဖူးသည် ။

ဒဏ်ရာသည် နောက်တစ်နေ့မှာ ပျောက်သွားတတ်တာမျိုးလည်း ရှိသည် ။

ရက်များ စွာ အရှိုးထင် ကျန်ခဲ့တာလည်း ရှိ၏။

ဒါပေမဲ့ ဝန်း ကိုကို့ကို ဘယ်တုန်းကမှ စိတ်

ဆိုးမုန်းတီးခဲ့သည် မရှိ။

တစ်ခါမှ လည်း ချော့မော့နှစ်သိမ့်ခဲ့တာ မရှိခဲ့ဘဲ ကိုကို့မျက်နှာကို မြင်လိုက်တာနှင့် ဝန်း ပျော်သွားခဲ့တာပဲ ဖြစ်သည် ။

ကိုကို ဒေါသတကြီး ကြိမ်းမောင်းပြန်သွားပြီဆို၊ စိတ်က နာတာထက် နောက်တစ်နေ့ ကိုကို ရောက်မလာဘဲ နေမလားဆိုသည့် ပူပင်မှုက ပို၍ နှိပ်စက်၏။

ဝန်း ကိုကို့ကို ချစ်သည် ။

မေမေနဲ့ ဖေဖေ့ကို ချစ်တာတွေထက်ပိုသည် ။

မမနဲ့ တွေ့ချင်၍ တမ်းတခဲ့ရတာနှင့်လည်း မတူ။

ကိုကို့ကိုယ်မှ အမြဲရှူရှိုက်နေခဲ့မိသော အလွန်နှစ်သက်ဖွယ်ကောင်းသည့် ရေမွှေးနံ့လေး

တစ်ချက်ကိုသာ ထာဝရ ဆုပ်ဖမ်းထားချင်သည် ။

မျက်ခုံးတွန့်တွန့်နှင့် မှုန်ကုပ်ကုပ်ကြည့်တတ်သည့် စူးရဲသော ကိုကို့မျက်ဝန်းတွေကို မြင်ခွင့်ရဖို့ နေ့နေ့ညည တမ်းတရင်း ကြီးပြင်းခဲ့ရသောဘဝဟာ ကိုကို့ကိုချစ်သော စိတ်ဖြင့်သာ အသက်ရှင်နေခဲ့ရသလိုပါ။

ဝန်းကိုယ့်ကိုယ်ကိုယ် နားလည်နေခဲ့သည့် အရွယ်မှာ ကိုကို့ဘက်က ပို၍ တင်းပြတ်စိမ်းသက်လာခဲ့သည် ။

ငယ်ငယ်တုန်းကလို ဂရုစိုက်ခဲ့တာမျိုးတွေ မဟုတ်တော့ဘဲ ဆူတာပြောတာတွေထဲမှာ ဥပေက္ခာက ပိုများ လာ၏။

“ခေါင်းခါနေတဲ့ သူက ခေါင်းညိတ်အောင် ဖြားယောင်းဖို့ ဝါသနာ မပါဘူး၊ ဖြစ်သင့်တာ လုပ်သင့်တာ ဒီလိုရှိတယ်။ ဒီလိုလုပ်ပါလို့

ငါပြောပြီးသား၊ ပြောမရရင်သွား၊ မင်းမှန်တယ်ထင်ရင်လုပ်၊ ကိုယ်ဖြစ်ကိုယ်ခံပဲ"

ကိုကိုဇွတ်တရွတ်၊ ချုပ်ချယ်တာ ရှင်းပြတာတွေကို လိုချင်၍ ဝန်း ဆိုးကြည့်ခဲ့ဖူး၏။ ကိုကို့ဒေါသကို အန်တုကာ ပြန်လှန်ပြောဆိုခဲ့ဖူးသည် ။

ဝန်းလိုချင်တာ ဘာမှ မရခဲ့ပါ။

"လုပ်ကြည့်လိုက် ကိုယ်ဖြစ်ကိုယ်ခံ"ဆိုသော ဥပေက္ခာနှင့် စွန့်လွှတ်ခြင်းများ ဟာ နှလုံးသားတစ်ခုလုံးကို ဖျစ်ညှစ်ဆုပ်ခြေပစ်လိုက်ခြင်းနှင့်တူ၏။

ထိုအခါ ဝန်းကို ကိုကိုဒီအချိန်ထိ စောင့်ရှောက်ခဲ့တာ ဘာဖြစ်လို့ လဲဆိုသော မေးခွန်းတစ်ခုက ပီပြင်လာခဲ့သည် ။

ဝန်းမမေးရဲခဲ့ပါ။ မေးလိုက်လျှင်လည်း ဝန်းသိပြီးသော စကားလုံးတွေကိုပဲ ကိုကို။ သို့

သော် ဒီနေ့တော့ ဝန်းမေးဖို့ ဆုံးဖြတ်ခဲ့ပြီးပြီ။

ဝန်း ဘွဲ့ရခဲ့ပြီးပြီ။

ကလေးဘဝတုန်းကလို ဒီနေရာမှာ ပဲထိုင်နေ၊ ဒီကနေဘယ်မှ မထနဲ့ စသော ကိုကို့အမိန့်တစ်ခုမှာ ငြိမ်သက်စွာ နာခံဖို့ အသိတရားတို့က ခွင့်မပြုတော့ပါ။

ဝန်းသိထားသင့်တာကို သိရမှ ဖြစ်မည်။

ဘွဲ့ရခဲ့သောနေ့မှာ ဖြစ်ခဲ့သည့် အဖြစ်ကို ဝန်းကြေကွဲမဆုံးဖြစ်ခဲ့သည် ။

ကိုကို့ကားပေါ်မှာ နှစ်ယောက်အတူသေရတော့မလားဟု ထင်ရလောက်အောင် ချောက်ချားခဲ့ရသည် ။

ပြီးတော့ ဝန်းကို ဘယ်မှာ မှန်းမသိသည့်နေရာတစ်ခုမှာ မပြောဘဲ ချထားပစ်ခဲ့သည် ။

ရတနာတွေ ကိုယ်ပေါ်မှာ ဆင်ထားလျက်နှ

င့် ထိုနေ့က လူရမ်းကားတွေလက်ထဲမှာ ပစ္စ ည်းတွေရော လူပါ။ ဘဝပျက်ရတော့မလို့ တဲ တဲကလေး။

ဝန်းထွက်ပြေးမိသည့်အရပ်က အကာအကွ ယ်ကောင်းသွားသည် ။

လူယုတ်မာတွေ ဘယ်လိုမှ ဆက်မလိုက်ရဲ တော့သည့် ရဲစခန်းတစ်ခု၏ ရှေ့မှာ ဖြစ်သည် ။

ဘယ်သူကယ်လို့ မှ လည်း မဟုတ်။

ကိုကိုလည်း ရောက်မလာခဲ့ပါ။

ထိုနေ့မှာ ဝန်းမျက်ရည်စက်တွေ မကုန်ခန်း ခဲ့နိုင်။

ရဲစခန်းရှေ့မှာ လက်ပိုက်ကလေးရပ်ရင်း ခြေထောက်တွေ တောင့်တင်းလာခဲ့သည် ။ လ က်ဖျားလေးတွေ အေးစက်လာ၏။

ကိုကို့ကို အချိန်ကုန်အောင်စောင့်ရင်း ပြို ဆင်းနေခဲ့ရသည့် မျက်ရည်တို့ က ကိုကိုရောက်လာတော့လည်း အားကောင်းနေဆဲပင်။

ကိုကိုကတော့ ဂရုတစိုက်ချော့မော့ရှင်းပြခဲ့တာလည်း မရှိခဲ့ပါ။

ဝန်းကို ကားပေါ်တင်ခေါ် လာပြီးဘာမှ မမေးရဲအောင် မျက်နှာကို အစွမ်းကုန် တင်းထားခဲ့သည် ။

ကားကို အရှိန်ကုန်မောင်း၍ အိမ်ကိုကတိုက်ကရိုက်ဝင်သည် ။

"ဘယ်မှ မသွားနဲ့ နော် အပြင်လုံးဝမထွက်နဲ့ နော်"

ကားပေါ်ကမဆင်းဘဲ ဒါပဲမှာ ၍ ချက်ချင်းပြန်ထွက်သွား၏။ ဘာတွေဖြစ်လာတာလဲဆိုတာ မပြော။

ဝန်းတစ်ချိန်လုံး ရပ်စောင့်နေခဲ့ရတာ ဘာတွေဖြစ်သေးသလဲ။

ဝန်းမျက်နှာပေါ်က မျက်ရည်တွေ ဘာဖြစ်လို့ စိုရွှဲနေတာလဲ။

ဘာဆိုဘာမှ မမေးခဲ့ဘဲ ဝန်းကိုဒီတိုင်းချထားခဲ့ပြီး ထွက်သွား၏။

ထိုနေ့မှ စ၍ ကိုကိုရောက်မလာခဲ့တာ သုံးရက်ရှိသွားပြီ။

ကိုကို့ကို မေးဖို့ မေးခွန်းတွေ ကိုကို့ကိုပြောစရာစကားတွေ၊ ဝန်းရင်ထဲမှာ ပြည့်ကျပ်နေပြီ မို့ မပြောရသေးမချင်း စားလို့ လည်း မရ။ အိပ်လို့ လည်း မပျော်။

ရောင်စုံပန်းတွေ ယှိမ်းနွဲ့နေကြသည့် လှပကျယ်ဝန်းသော ခြံကြီးကိုငေးရင်း ဝန်းမျက်ဝန်းတွေ ပို၍ မှောင်လာခဲ့သည် ။

လှပသွယ်တန်းနေသည့် မျက်ခုံးလေးနှစ်ဖက်က တစ်ဆစ်တွန့်ကျသွား၏။ သူမမေးမည့် မေးခွန်းတွေအတွက် ကိုကိုဒေါသတကြီး တုံ့ပြန်လျှင် ရင်ဆိုင်ဖို့ အားအင်တွေကို စုစည်းထားမိသည် ။

"သမီးလေး ထမင်းမစားသေးဘူးလားဟင် "

နောက်ဘက်က ညင်သာသော ခြေသံဖွဖွနှင့်အတူ ကြိုးကြိုးသန်း အသံကိုပါ ကြားလိုက်ရသည် ။

လှလှဆိုလျှင် အဝေးကတည်းက အသံပေးပြီးသား။

"ဝန်းလေးရေ"

ဟု လှမ်း၍ အသံပေးပြီးမှ 'ထမင်းစားတော့မလား' 'ရေမချိုးသေးဘူးလား'စသည့် မေးခွန်းများကို ခြေသံနှင့်အတူ မေးတတ်သည်

။

လှလှက ခြေသံလည်း ကြမ်းသည့်သူ။

ကိုကို မရှိသည့်အချိန်တွေမှာ ဝန်း ဒေးချိန် ငိုင်ချိန် မရလောက်အောင် လှလှက ရယ်စရာတွေ ပြောတတ်သည် ။

ကြီးကြီးသန်းကတော့ ဝန်းခေါင်းညိတ်လောက်အောင် စားစရာအမျိုးမျိုးလုပ်ကိုင်ချက်ပြုတ်ကာ လက်စွမ်းပြတတ်သူ ဖြစ်သည် ။

ဒါတွေဟာလည်း ကိုကို့၏ စောင့်ရှောက်မှုများ သာမို့ ဝန်းကို ကိုကို မနူးညံ့ခဲ့ပေမယ့် ဝန်း ကျေနပ်ခဲ့သည် ။

အမြဲတမ်း ကိုကို့ကို ကျေနပ်လာအောင် ဝန်းဘက်က နားလည်ပေးခဲ့မိသမျှ ဒီနေ့ တင်းကျပ်အုံဖွဲ့လာခဲ့သော ရင်ထဲက အစိုင်အခဲများဟာ အဆိုးဝါးဆုံးဖြစ်သည် ။

သိသာစွာ တင်းမာနေသည့် ဝန်း မျက်နှာလေးကို ကြည့်ကာ ကြီးကြီးသန်းက ပြုံးမူနေကြအတိုင်း သူမချက်ပြုတ်စီမံထားသမျှကို ရွတ်ပြဖို့ ပါးစပ်ပြင်၏။

ဝန်း ခေါင်းခါပစ်လိုက်သည် ။

"ဝန်း ဘာမှ မစားချင်ဘူး ကြီးကြီးသန်း ဘာမှ ပြင်မထားနဲ့ နော် ထပ်လည်း လာမခေါ်နဲ့ တော့ ဝန်း စားချင်မှ ထွက်ခဲ့မယ်"

ကြီးကြီးသန်း စိတ်မကောင်းဖြစ်သွားရှာသည် ။

"သမီးရယ် တစ်နေ့လုံး အခန်းထဲမှာ ချည်းပဲ ထမင်းမစားချင်လည်း ရေလေးဘာလေး ထွက်ချိုးပါဦးလား ။ ပြီးတော့ သမီးငိုနေတယ်မို့လား ခေါင်းကြည်သွားအောင် ခေါင်းပါလျှော်လိုက် ကြီးကြီးသန်း သေချာနှိပ်နယ်ပြီး လျှော်

ပေးမယ်”

ကြီးကြီးသန်း ခေါင်းလျှော်ပေးတာကို သဘောကျတတ်သည့် ဝန်းအကြိုက်ကို သိသောကြောင့် တစ်ဖက်လှည့်၍ ဖျောင်းဖျနေပြန်သည်။

ဝန်း ခေါင်းခါနေမြဲ။

“မချိုးဘူး ညအိပ်ရာဝင်မှ ချိုးမယ်”

“အိပ်ရာဝင်ရေမချိုးရဘူးလို့ လူလေးမှာထားတယ်မို့လား ဟိုတစ်ခါလို ထပ်ဖြစ်ရင် ကြီးကြီးသန်းတို့ ပါ အဆူခံရမှာ ”

“အဲဒီကတည်းက ဝန်း သေသွားရင်အေးမှာပါ။ အလကားဝန်းကို ငှက်တစ်ကောင်လို လှောင်အိမ်ထဲထည့်ပိတ်ပြီး အစာကျွေးရေတိုက်နဲ့ ချုပ်နှောင်ထားတာ ချစ်လို့ မှ မဟုတ်တာ ကြီးကြီးသန်းတို့ လည်း ကိုကို့ကိုကြောက်လို့ ဝန်းကို ဂရုစိုက်နေကြတာမို့လား”

“ကလေးရယ် မဟုတ်တာ”

“ဝန်းလိုချင်တာ တာဝန်တွေ ဝတ္တရားတွေ မဟုတ်ဘူး ချစ်တာကြင်နာတာကိုပဲ လိုချင်တာ ဝန်းကို ဘယ်သူမှ မချစ်ကြဘူး”

“ဘယ်လိုပြောလိုက်တာလဲ သမီးရယ် သမီးကို ကြီးကြီးသန်းတို့ အားလုံးကချစ်နေကြတာပါ လူလေးကလည်း တည်တည်တံ့တံ့နေတတ်ပေမယ့် သမီးကို ဂရုစိုက်နေတဲ့ သူပဲ မချစ်ဘဲနဲ့ ဒီလိုဂရုတစိုက်ရှိဖို့ က ဟန်ဆောင်လို့ ရတာမျိုးမှ မဟုတ်တာ ကလေးရယ်”

“ဟုတ်တယ် ဟန်မဆောင်ကြဘူးလေ မချစ်တာကို မချစ်တဲ့ အတိုင်းပဲနေတာ ကြီးကြီးသန်း မတွေ့ဘူးလား ကိုကို ဝန်းကို သိပ်ရက်စက်တာ”

ပြော၍ ဝန်းငိုသည်။

ထိုစဉ် အခန်းထဲသို့ လူရိပ်တစ်ရိပ် ဝင်ရော

က်လာခဲ့၏။

"ဟင် လူလေး"

နေခြိဳရ်ရဲ့မျက်နှာက စူးရဲတင်းမာနေ၏။

မျက်နှာသည် အနည်းငယ်နီမြန်းလျက် နှုတ်ခမ်းအစုံကို တင်းတင်းစေ့ပိတ်ထား၏။ ကြီးကြီးသန်း နေရာမှ ခပ်သုတ်သုတ်လေးထွက်သွားခဲ့သည် ။

ဝန်း၏ ရှိုက်သံလေးတွေ တိခနဲ ပြတ်ကျသွား၏။

သူ့အကြောင်း ပြောနေတုန်း သူခိုးလူမိခံလိုက်ရသဖြင့် ထိတ်လန့်တိတ်ကျသွားခဲ့တာ မဟုတ်ပါ။

နေခြိဳရ်၏ မျက်နှာ တင်းမာနေသလောက် ဝန်းမျက်ဝန်းလေးတွေ အေးစက်သွားခဲ့တာ ဖြစ်၏။ တစ်ယောက်နှင့် တစ်ယောက်

အတန်ကြာအောင်စူးစိုက်ကြည့်နေခဲ့ကြသည်
။

ဝန်းမျက်ဝန်းလေးထဲမှ တုံ့ပြန်လာတော့မည့် တစ်စုံတစ်ရာကို လှမ်းမြင်လိုက်သည်။

ဝန်းက နှုတ်ခမ်းလေးစေ့၍ မျက်နှာမော့သည်။

နေခြိရုံပြောဖို့ ပြင်လိုက်သလို ဝန်းကလည်း ပြောစရာတွေ ရှိနေသမျှ နောက်မကျစွာ ဖွင့်ချဖို့ ပြင်ဆင်ပြီး ဖြစ်၏။

သို့သော် နေခြိရုံက ဝန်းနှုတ်ခမ်းလေးတွေကို ဖွင့်ဟခွင့်မပေးခဲ့။

"မရှိမဖြစ်လိုအပ်သလောက် ပစ္စည်းကို မြန်မြန်သိမ်းလိုက် ဒီကနေသွားရမယ်"

"ဘယ်လို"

ဝန်းပဲ တအံ့တသြဖြစ်ရပြန်ပါ၏။

ဟိုးငယ်ငယ်က ကိုကိုပျောက်သွားလိုက် ပြန်ရောက်လာလိုက်ပြန်ရောက်လာသည့်အခါ အများအားဖြင့် ယခုပုံစံအတိုင်း

"ပစ္စည်းတွေသိမ်း သွားမယ်"

ဆိုသည့်စကားနှင့်အတူ မကြာခဏ ဟိုပြေး ဒီပြေး ပြောင်းရွှေ့ရရှိခဲ့ပြီး နောက်ပိုင်းတွေမှာ တော့ ဒီတိုက် ဒီခြံထဲမှာ ကြီးကြီးသန်းတို့ နဲ့ မြဲမြဲနေလာခဲ့တာ ကြာပြီ ဖြစ်၏။

ဒီတစ်ခေါက် ကိုကိုထပ်ရောက်လာခြင်းသည် ဝန်းမသိသော အကြောင်းတစ်ခုခုအား အနည်းငယ်မျှတော့ ပြောဆိုရှင်းပြဖို့ ဖြစ်မည်ဟု ထင်ထားခဲ့မိ၏။

ထိုအခါ သူမဘက်မှ လည်း စကားတွေအများကြီး ပြောဖို့ လည်း စုဆောင်းပြင်ဆင်ထားခဲ့မိသည် ။

ခုတော့ ကိုကိုသည် သူမမျက်ဝန်းများ

ထဲမှာ စကားလုံးများ စွာကိုလည်း စူးစိုက်ဖတ်ရှုသွားခဲ့သည် ။

သူမ ပြောဆိုစရာစကားများ စွာနှင့် ဟန်တပြင်ပြင်ဖြစ်နေတာကိုလည်း သိလျက်နှင့် သူလည်း ဘာမှ ရှင်းမပြ ဝန်းကိုလည်း ဘာမှ ပြောခွင့်မပေး။

"ဘယ်ကို ပြောင်းရဦးမှာ လဲ ကိုကိုဝန်းဘာမှ လည်း နားမလည်ခဲ့ရဘူး။ ဘာဖြစ်လို့ ဒီလိုတွေဖြစ်ဖြစ်နေတာလဲ။ ဘာမှ လည်း မသိရဘူး၊ ဝန်း တောင်းပန်ပါတယ်။ ဝန်းကို နည်းနည်းလောက်တော့ ရှင်းပြပေးပါ။ ဝန်း ဘယ်လိုဇာတ်မျိုးကို ကနေရတာလဲ။ ဘယ်အခန်းကပါနေတာလဲ ဒီလိုဆိုပါ ဒီလိုငိုပါ ဆိုတဲ့ အတိုင်းဝန်းနာခံနေခဲ့ရတာ တစ်သက်လုံးပါပဲ။ ဒီနေ့ထိ ဘာမှ မသိခဲ့ရဘူး။ အဲဒါ ဝန်းသိပါရစေ"

နေခြိရုံမျက်နှာသည် ဝင်းမှ ညှိနေသော ခရ

ထဲမှာ စကားလုံးများ စွာကိုလည်း စူးစိုက်ဖတ်ရှုသွားခဲ့သည် ။

သူမ ပြောဆိုစရာစကားများ စွာနှင့် ဟာန်တပြင်ပြင်ဖြစ်နေတာကိုလည်း သိလျက်နှင့် သူလည်း ဘာမှ ရှင်းမပြ ဝန်းကိုလည်း ဘာမှ ပြောခွင့်မပေး။

"ဘယ်ကို ပြောင်းရဦးမှာ လဲ ကိုကိုဝန်းဘာမှ လည်း နားမလည်ခဲ့ရဘူး။ ဘာဖြစ်လို့ ဒီလိုတွေဖြစ်ဖြစ်နေတာလဲ။ ဘာမှ လည်း မသိရဘူး၊ ဝန်း တောင်းပန်ပါတယ်။ ဝန်းကို နည်းနည်းလောက်တော့ ရှင်းပြပေးပါ။ ဝန်း ဘယ်လိုဇာတ်မျိုးကို ကနေရတာလဲ။ ဘယ်အခန်းကပါနေတာလဲ ဒီလိုဆိုပါ ဒီလိုငိုပါ ဆိုတဲ့ အတိုင်း ဝန်းနာခံနေခဲ့ရတာ တစ်သက်လုံးပါပဲ။ ဒီနေ့ထိ ဘာမှ မသိခဲ့ရဘူး။ အဲဒါ ဝန်းသိပါရစေ"

နေခြိ်ရုံမျက်နှာသည် ဝင်းမှ ညှို့နေသော ခရ

မ်းချဉ်သီးတစ်လုံးလို နီရဲခက်ထန်လာခဲ့၏။

သူသည် စကားများ စွာပြောဆိုနေဖို့ လည်း စိတ်ရှည်ချင်ပုံမရ။

ဝန်းကို ဒေါသထွက်၍ မပြောဘဲနေလို့ မဖြစ်တော့သည့် တချို့သော စကားတို့ ကိုလည်း မျိုသိပ်နေလို့ မရတော့ဘဲ။

"မင်းသိသိ မသိသိ မင်းအတွက် ဘာမှ ထူးခြားလာဖို့ မရှိဘူး ဝန်း စကားများ တာ ငါ မကြိုက်ဘူး မင်းပါးစပ်ကိုပိတ်ပြီး ပြောတဲ့ အတိုင်းလုပ် ငါခိုင်းနေသမျှ ငါ့ကိုယ်ကျိုး တစ်ခုမှ မပါဘူး"

ဒီစကားပါပဲ ဝန်းနားထဲမှာ အမြဲတမ်းနာကျင်စွာမှတ်မိနေခဲ့သော စကား၊ ဝန်း ခေါင်းခါပစ်လိုက်သည် ။

"ကိုကို့ ကိုယ်ကျိုးအတွက်ဆိုလည်း ဝန်းက နောက်တွန့်မယ့်သူ မဟုတ်ပါဘူး ကိုကို

ဘာပဲဖြစ်ဖြစ် ဝန်းဘာလုပ်နေရတယ် ဘာကြောင့်ဆိုတာ”

“တိတ်စမ်း”

နေခြိရံ အသံက ဟိန်းခနဲထွက်လာသည် ။

“မင်း ငါ့ကို မယုံမကြည်ဖြစ်နေရင် မင်းကြို က်တာ လုပ်နိုင်တယ်။ မင်းအတွက် တခြား အားကိုးလောက်စရာ အရိပ်တစ်ခုခုရှိနေပြီဆို တာ သေချာတဲ့ နေ့ ငါ့ကို အကြောင်းကြားဖို့ မ လိုဘူး”

ချောက်ချားသွားသည့် ဝန်းမျက်ဝန်းလေး တွေကို နေခြိရံက စိုက်ကြည့်၏။

“ဆောရီး ငါ့အစီအစဉ်တွေရောငါပြောလို က်တာကိုရောပြန်ရုပ်သိမ်းတယ်”

သူချာခနဲလှည့်ထွက်သွား၏။

ဝန်း တောင့်တောင့်လေး ရပ်ကျန်ခဲ့သည် ။

လက်သီးနှစ်ဖက်ဆုပ်ကျစ်ထားလျက်မှ နှု တ်ခမ်းသားတို့ တဆတ်ဆတ်တုန်ကာ မျက်ရ ည်မြစ်တို့ လျှံတက်လာ၏။

ထိုစဉ် ကားစက်နှိုးသံကြောင့် ဝန်း ကိုယ်လေးဆတ်ခနဲတုန်သွားကာ

"ကိုကို"

ဝန်း အိမ်ရှေ့ကိုပြေးထွက်လာခဲ့သည် ။

"ကိုကို"

မောင်းထွက်သွားပြီဖြစ်သည့် ကားနောက်သို့ တအားပြေးလိုက်၏။ ကားသည် ခြံဝသို့ ရောက်လုနေသော်လည်း တုံ့ခနဲထိုးရပ်သွား၏ ။

ဝန်း ကားနားရောက်လျှင် တံခါးတစ်ဖက်ကို ဆွဲဖွင့်၍ ကိုကို့ဘေးမှာ ခွေခနဲပစ်ကျသွားခဲ့ သည် ။

ဝင်ထိုင်လိုက်တာပေမယ့်

မောဟိုက်နွမ်းလျခြင်းကြောင့် ဘယ်လိုမှ မဟန်နိုင်ဘဲ ခွေခေါက်ကျသွားခဲ့ခြင်း ဖြစ်၏။

"ကိုကို"

စတီယာရင်ကို ဆုပ်ကိုင်လျက် ငုံ့ကြည့်သော ကိုကို့မျက်ဝန်းတွေကို မော့ငေးကာ ဝန်းကိုကို့လက်မောင်းကို ပွေ့ဖက်ထားလိုက်မိ၏။

ထို့နောက် ကိုကို့ပခုံးမှာ ပါးကလေးအပ်၍ ရှိုက်ငိုသည် ။

"ဝန်းကို မထားခဲ့ပါနဲ့ ကိုကို။ ကိုကိုမရှိတဲ့ အရပ်မှာ ဝန်းမနေနိုင်ဘူး။

လက်မောင်းတစ်ဖက်မှာ ပါးပြင်လေးနှင့် ကပ်လို့မှ်၍ ငိုရှိုက်နေသော ဝန်းကို ငုံ့မကြည့်ဖြစ်တော့ဘဲ နေခြိရံမျက်ဝန်းတို့ သည် ကျဉ်းမြောင်းသွားလိုက် ဖျော့ကျသွားလိုက်။

စတီယာရင်မှာ ဆုပ်မိထားသည့်လက်တို့က ပို၍ တင်းကျပ်လာ၏။ ဘာမှ မသိရှာသည့်ကောင်မလေး။

သူ့ဘက်က တချို့နေရာတွေမှာ ဖိနှိပ်ချုပ်ချယ်သလိုမျိုးဖြစ်ခဲ့တာရှိကောင်းရှိမည်။ ဒါတွေဟာ သူမအတွက်ပဲ။

ကိုယ်လုပ်နေသမျှဟာ သူမဘဝလုံခြုံဖို့ မပျက်စီးဖို့ ဒါကို နားချဖျောင်းဖျနေဖို့ လိုသလား။

ဤသည် ဟာလည်း သူ့အတ္တပဲ ဖြစ်ချင်ဖြစ်မည်။

ဒါပေမဲ့ ကိုယ့်ဘက်က အသန့်စင်ဆုံး ကြိုးစားပေးခဲ့တဲ့ ထဲမှာ ဖြားယောင်းနေဖို့ မလို၊ သူမနားလည်စေဖို့ ။

ကိုယ့်ကိုနားလည်ပြီး နွေးထွေးသော အပြန်အလှန် ပေးဆပ်မှုများ နှင့် ရှေ့ဆက်ကြဖို့ အတွက် သူဘယ်တော့မှ ကြိုးစားမည် မဟုတ်ပါ။

ရင်ထဲမှာ ဘဝတစ်ခုကိုကယ်တင်နေခြင်းဆိုသော အသိတစ်ခုထက် ဘာမှ မပိုချင်။

တွယ်တာမှုတွေ ချည်နှောင်မှုတွေ မရှိကြတာ အကောင်းဆုံး။

ထို့ကြောင့် သူ အတတ်နိုင်ဆုံး စိမ်းပြတ်စွာ နေထိုင်ခဲ့သည် ။

သို့သော်

ဝန်းဟာ ဟိုတုန်းက ကလေးလိုတွယ်တာစိတ်နှင့် ပြောဆိုနေခဲ့သည် လား။ ဒါမှ မဟုတ် ပြောင်းလဲသွားခဲ့ပြီလား။

ဖျောက်ဖျက်ထားခဲ့ပေမယ့် တွေးမိလာ၏။

“ကိုကို”

ဝန်းခေါ်ပေမယ့် သူငုံ့မကြည့်ဖြစ်။

“ကိုကို ဘယ်ကိုခေါ်မလဲ ခေါ်သွားပါ။ ဘယ်မှာ ထားခဲ့မလဲ ထားခဲ့ပါကိုကို ဝန်းကို ဒေါသ

တွေနဲ့ တော့ ခွဲမသွားပါနဲ့ နော်။ ဝန်း ကိုကို့ကို မခွဲနိုင်ဘူး”

သူ ကားကို နောက်ပြန်ဆုတ်သွင်းခဲ့သည် ။

ကားပေါ်က ဆင်းတော့လည်း ဝန်းသည် သူ့လက်မောင်းကို ဖက်တွယ်၍ ပခုံးစွန်းမှာ မှီနွဲ့ပါလာခဲ့သည် ။

ထိုနေ့မှာ ဝန်းနဲ့ အတူ ကြီးကြီးသန်းကိုပါ ခေါ်၍ သူစီစဉ်ထားခဲ့သည့် နောက်တစ်နေရာမှာ ဝန်းကို ပြောင်းရွှေ့ထားခဲ့ရသည် ။

သူ့အာရုံထဲမှာ ကိုလေး၏ မဲ့ပြုံးက ပျောက်ပျက်မသွားခဲ့ဘဲ ရှိနေသည် ။ မိန်းကလေးနှစ်ယောက်၏ ဘဝတွေကို ဆုပ်ခြေဖျက်ဆီးပစ်ရန် လိုက်နေသော ဒေါသရန်ငြိုးများ နှင့် ဝင်းလက်စူးရဲနေသည့် မျက်လုံးတို့ ကို မျက်ခြည်မပြတ်ရဲ။

ဝန်းကို တွေ့သွားလျှင် ဘာတွေ ဖြစ်လာမ

လဲ။

ကြီးကြီးသန်းကို နောက်မှ ပို့ပေးမည်။

ဝန်းကို အရင်ပို့ဖို့ နောက်ခန်းမှာ ပစ္စည်းတွေထည့်ပြီး ဝန်းကို သူတင်ခေါ်လာခဲ့၏။

ဝန်းမျက်ရည်လေးတွေ ဝေ့ကာ ဘာမှ မမေး။

"ကိုကို ရှေ့ကအရပ်ဆိုင်လေးမှာ ကားခဏရပ်ပေးပါလားဟင် အဲဒီမှာ ဝန်းအရမ်းကြိုက်တဲ့ အရုပ်လေး တွေ့ထားလို့ ဝန်းကိုဝယ်ပေးပါနော်။

သူ မျက်မှောင်ကုတ်၍ တားဆီးမယ်ပြင်ပြီးမှ ကားကိုအရှိန်လျှော့လိုက်သည် ။

"ရော့ ကြိုက်တာဝယ် မြန်မြန်ပြန်လာခဲ့"

အလျင်လိုနေသဖြင့် ဘောင်းဘီအိတ်ထဲကပိုက်ဆံအိတ်ပြားလေးကိုထုတ်၍ ဝန်းလက်ထဲ

ထည့်ပေးလိုက်သည် ။

ဝန်းက ပိုက်ဆံအိတ်ကိုယူ၍ ကားပေါ်က ဆင်းသည် ။

လမ်းတစ်ဖက်ကို ကူးသွားကာ အရပ်ဆိုင်လေးထဲဝင်သွား၏။

ထိုစဉ် ဖုန်းမြည်လာသဖြင့် သူထုတ်ကိုင်လိုက်သည် ။

"အောင်သက်လား"

"ကိုရံ ဒီမှာ ကြော်ငြာဝင်ထားတဲ့ ပစ္စည်းတွေ ဘာလုပ်ရမလဲ သူတို့ က ဖုန်းတွေ တဂွမ်ဂွမ်ဆက်နေကြပြီ"

"အဲဒါ ဈေးကွက်ဝင်နိုင်တာကို ရွေးထားလိုက်လေ ဦးကောင်းနဲ့ တိုင်ပင်ပြီးလုပ်စရာရှိတာဆက်လုပ်လိုက်တော့ ငါမလာနိုင်သေးဘူး"

“ကိုရံ ‘ငွေကြယ်စင်’အလှကုန်က ကိစ္စတွေ က ကိုရံနဲ့ တွေ့လိုက်မှ ပြီးမယ်ထင်တယ်။ သူ တို့ က ကျွန်တော်တို့ အကြောင်းပြန်တာကို မ ကျေနပ်ကြဘူး။ ကိုရံနဲ့ တွေ့ဖို့ ပဲ ပြောနေတ ယ်”

“ငါ့ကို ဖုန်းထပ်မဆက်နဲ့ တော့”

နေခြံရံ ဖုန်းကို ပိတ်ပစ်လိုက်သည် ။

သူ စူးစိုက်ကြည့်နေသော မျက်ဝန်းရှေ့မှာ အရုပ်ဆိုင်ထဲသို့ ဝင်သွားကြသော လူရွယ်နှစ် ယောက်

ဖုန်းကိုအိတ်ထဲပြန်ထည့်ပြီး သူကားပေါ်က ဆင်းလိုက်သည် ။ ထိုလူရွယ်နှစ်ယောက်က ကိုလေးတို့ နှင့် သက်ဆိုင်သူတွေဖြစ်နေလျှင် သူ လမ်းကိုပြေးကူးလိုက်သည် ။

ဝန်းအတွက် စိတ်ပူလာခြင်းသည် ရှေ့မှာ ဘာရှိရှိ သူဘာမှ မမြင်တော့အောင် ယောက်

ယက်ခတ် လှုပ်ရှားလျက်။

ဝန်းကတော့ ဘာမှ မသိ။

အရုပ်ဆိုင်ထဲမှာ သူမ အမှတ်တရကြည့်ရှုခဲ့ဖူးသော အရုပ်လေးကို မတွေ့သဖြင့် သဲကြီးမဲကြီး ရှာနေခဲ့သည် ။

"ဝန်း"

အနားမှာ လူရိပ်တစ်ရိပ်နှင့်ခေါ်သံကြောင့် ဖျတ်ခနဲမော့ကြည့်လိုက်မိသည် ။

"ကျော်တိုင်း"

နှုတ်ဖျားမှ ခပ်တိုးတိုးထွက်သွား၏။

ကျောင်းမှာ တုန်းက ဝန်းကို ဖွဲနပဲနှင့် ချစ်ခွင့်ပန်ခဲ့ဖူးသူ။

အသားဖြူဖြူ အရပ်ရှည်ကာ အနည်းငယ်ပိန်နေသည် မို့ ဆံပင်ရှည်နှင့် လူပုံက လမ်းသရဲပုံပေါက်နေတာအမှန်ပင်။

ပြီးတော့ သူ့နောက်က တစ်ယောက်ပါသေးသည် ။

မျက်နှာက စပ်ဖြဖြနှင့်

ဝန်း သူ့နာမည်ကို ခေါ်လိုက်မိတာမှားသွားပြီမှန်း သိသော်လည်း လွန်သွားပြီမို့ မတတ်နိုင် မျက်နှာကိုသာ ခပ်တင်းတင်းလုပ်ပစ်လိုက်ရ၏။

"ဝန်း အရုပ်ဝယ်မလို့ လားဟင် ကြိုက်တာတွေ့ပြီလား"

"ကြည့်တုန်းပဲ"

ဝန်း သူ့ကို အဖက်မလုပ်သလိုကြည့်ကာ စင်တွေထက်မှာ လှပစွာရှိနေကြသည့် အရုပ်တွေဆီ မျက်လုံးကိုလွှဲပစ်လိုက်၏။

ဆိုင်ထဲမှာ အရုပ်ကြည့်သူ တချို့ရှိနေကြပေမယ့် ခပ်ကျဲကျဲခပ်လှမ်းလှမ်းမှာ သာ ဖြစ်

သည် ။

ကျော်တိုင်းက ဝန်း ဘယ်လိုပဲ ပုံစံချိုးချိုး ဂရုမစိုက်ဘဲ အနားမှာ ကပ်ရပ်၍

"ကြိုကြိုက်တုန်းတို့ က လက်ဆောင်ဝယ်ပေးပါရစေ။ ဝန်းကြိုက်တာယူပြီးရင် တို့ ရှင်းလိုက်မယ်နော်"

"အို မလိုပါဘူး နင့်လမ်းကိုနင်သွား"

ဝန်း ရန်လုပ်တာကို သူက ရယ်ကျဲကျဲနှင့်

"ဒီနားမှာ တို့ လမ်းမရှိပါဘူး ဝန်း ဒီထဲဝင်သွားတာ တွေ့လို့ ဟိုထိပ်က လက်ဖက်ရည်ဆိုင်ထဲကနေ ထလိုက်လာတာ ကျောင်းနေဘက်သူငယ်ချင်းတွေပဲ ဝန်းရယ် ဒီလောက်မစိမ်းကားပါနဲ့ "

ဝန်း ဒေါသထွက်သွားသည် ။

အရပ်ဝယ်ချင်စိတ်လည်း မရှိတော့။

ဝယ်လိုက်လျှင်လည်း သူမ ကိုင်လိုက်တာနှင့် သူပဲ အတင်းပိုက်ဆံရှင်းတော့မှာ သေချာနေသဖြင့် နေရာမှ ချက်ချင်းလှည့်ထွက်လိုက်၏။

"ဝန်း ဒီလိုမလုပ်နဲ့ ကွာ ခဏ"

"အို ဘာလုပ်တာလဲ"

ကျော်တိုင်းက ဝန်းရှေ့က ပိတ်ရပ်လိုက်၏။

သူမ ဇွတ်တိုးထွက်လျှင်လည်း သူ့ပုံစံက ဆွဲထားတော့မှာ သေချာသည် ။ အရပ်စင်တွေ ကွယ်နေသဖြင့် ဝန်းတို့ အဖြစ်ကို ဘယ်သူမှ လည်း မမြင်ကြ သတိမထားမိကြ။

"တစ်ခုခုတော့ယူလိုက်ပါ ဝန်းရယ် တို့ က လက်ဆောင်ပေးချင်လို့ ရိုးရိုးသားသားပြောနေတာပါ။ နောက်ထပ် မနှောင့်ယှက်ဘူးလို့ ကတိပေးတယ်"

"မလိုချင်ဘူး ကျော်တိုင်း နင်ငါ့ကို မနှောင့်

ယှက်နဲ့ ဖယ်ပေး”

“နေပါဦး”

“ဟင် . . . နင်”

ကျော်တိုင်းက ဝန်းလက်ကိုဆွဲထားလိုက်လျှင် ဒေါသကြောင့် ဝန်း၏ နောက်ထပ်လက်တစ်ဖက်က မြောက်တက်သွား၏။

“ဒီလိုမလုပ်နဲ့ လေ တို့ ကအကြမ်းဖက်ချင်တာ မဟုတ်ဘူး ခင်ချင်တာ”

“နင် . . . မညစ်ပတ်နဲ့ နော် လွှတ်စမ်း”

ကျော်တိုင်းလက်ထဲမှာ ဝန်းလက်ကလေးနှစ်ဖက်လုံး ချုပ်မိသွား၏။

“ဟိတ် လွှတ်လိုက်စမ်း”

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် မျက်လုံးထဲမှာ မီးပွင့်သွားသည် ။

နေခြိရံ ကျော်တိုင်း ပခုံးတစ်ဖက်ကို ဆော

င့်တွန်းကာ ဝန်းလက်မောင်းကို ဆွဲယူလိုက်၏ ။

ရုတ်တရက်ရောက်လာကာ အမှတ်တမဲ့ဖြစ်သွားသဖြင့် ကျော်တိုင်းနောက်ကို ပုံပျက်ပန်းပျက် ယိုင်ထွက်သွား၏။

"ခင်ဗျားက ဘာလဲ"

"မင်းက ဘာကောင်လဲ"

ကျော်တိုင်းမျက်နှာ မည်းခနဲ ဖြစ်သွားကာ ကိုယ်ကိုထိန်း၍ ချက်ချင်းရှေ့တိုးလာသည် ။

သူ့အဖော်ကလည်း နောက်က ကပ်လိုက်လာ၏။

ကိုယ့်မှာ ကိုယ့်အကြောင်းနဲ့ ကိုယ်။

သူ စိတ်ပူ၍ လိုက်ခဲ့သည် က ကိုလေးတို့ နှင့် ပတ်သက်နေမှာ စိုး၍ ဖြစ်ကာ တကယ် မြင်ရသည် က တစ်မျိုး။

သူ့မှာ ဖြေရှင်းနေဖို့ အချိန်မရှိ။

ဝန်း လက်ကိုဆွဲ၍ ရှောင်ထွက်သွားဖို့ ပြင်လိုက်သည် ။

"ဟိတ်ကောင်"

ရင့်သီးစွာ ခေါ်သံနှင့်တူ နောက်ကလှုပ်ရှားမှုတစ်ခုကို ရိပ်ခနဲမြင်လိုက်ရသည် ။

သူ ကိုယ်ကိုဖျတ်ခနဲလှည့်လိုက်လျှင် အလစ်ငိုက်ဝင်လာသည့် လက်သီးချက်က လွဲချော်သွားပြီးသား ဖြစ်သွား၏။

တစ်ဆက်တည်း လက်ပြန်တစ်ချက်ပင့်သွင်း ပစ်လိုက်၏။

"ဖြောင်း"

"အ"

ကျော်တိုင်း နံရံတစ်ဖက်သို့လန်ကျသွားသည် ။

နောက်တစ်ယောက် ခပ်ကြောင်ကြောင်ဖြ စ်သွားစဉ် သူဖျတ်ခနဲ တိုးကပ်ကာ ထိုတစ် ယောက်၏ လက်တစ်ဖက်ကို ကျောဘက်သို့ ဆွဲလိမ်၍ ချုပ်ပစ်လိုက်သည်။

"အား"

"ရုတ်ရုတ် ရုတ်ရုတ်လိုက်မလုပ်နဲ့၊ ကိုယ့်ဇ ယားနဲ့ ကိုယ်နေ၊ နောက်တစ်ခါရမ်းကားရင် ဒီ ထက်နာမယ်မှတ်"

"ဒုတ်"

"အ"

ချုပ်လျက်သားအတိုင်း နံရံဆီတွန်းပစ်လို က်သဖြင့် နဖူးနှင့်နံရံ ပစ်ဆောင့်သွားသည်။

နှစ်ယောက်လုံး ဖရိုဖရဲဖြစ်နေကြဆဲ၊ သူ ဝ န်းကိုဆွဲ၍ ကားဆီ ပြန်ရောက်လာခဲ့၏။

ကိုကိုဆူမှာ လည်း စိုး၊ အံ့လည်း အံ့ဩကာ

ဝန်းကားပေါ်မှာ ငြိမ်ငြိမ်လေး ထိုင်လိုက်ခဲ့ရင်း ကိုကို့ကို ငေးနေခဲ့မိသည် ။

ကိုကို့လက်ထဲမှာ သက်မဲ့ရုပ်တုများ လို ဖြစ်ကျန်ခဲ့သည့် ကျောက်တိုင်းတို့ အဖြစ်ကိုလည်း ပြန်မြင်နေခဲ့သည် ။

ကိုကိုဟာ သတ္တိလည်း ရှိသည် ။ ထိုးကြိတ်တိုက်ခိုက်သည့် နေရာမှာ လည်း တိကျကျွမ်းကျင်သည် ။

ဒါတောင် တစ်စုံတစ်ယောက်ကိုတော့ ဘာကြောင့်ကြောက်လန့်နေခဲ့ပါသလဲ။ ထိတ်ထိတ်လန့်လန့် ဘာကြောင့် ပြေးလွှားနေခဲ့တာလဲ။

"အားလုံး မင်းအတွက်"ဟု ပြောခဲ့သည် ။

ဝန်းမှာ ဒီလိုပြေးလွှား ပုန်းရှောင်နေရအောင် ရန်သူတွေ ရှိနေခဲ့သလား။ ကားက ခြံဝင်းကျယ်ကြီးတွေရှိသော အိမ်ခြေကျဲပါးသည့် ရပ်

ကွက်တစ်ခုထဲ ရောက်လာခဲ့၏။

နေခြိရုံက လမ်းကွေ့တစ်ခုမှာ ကားကိုရပ်၍ ဖုန်းထုတ်ကာ နံပါတ်တစ်ခုကို ခေါ်လိုက်သည် ။

"ကိုမင်း ကျွန်တော့်ကားကို (-----) မှာ လာယူပေးပါ"

လိုရင်းပဲပြောပြီး ဝန်းကိုကားပေါ်က ဆင်းခိုင်း၏။

သူကိုယ်တိုင် ဝန်း၏ အဝတ်သေတ္တာလေးကို ဆွဲချကာ ထိပ်ဆုံးမှ အသင့်ဟာထားသည့် ခြံဝင်းတံခါးကြီးထဲ ဝင်ခဲ့သည် ။

"ကိုရုံ ဒီမှာ အဆင်သင့်ပဲ ရော့"

သူတို့ ဝင်သွားသည် နဲ့ ခပ်ကြီးကြီးလူတစ်ယောက် တိုက်ပေါ်က ဆင်း လာပြီး သော့တွဲတစ်တွဲ ထုတ်ပေး၏။

"ဖွင့်ထားလား"

"ဖွင့်ပြီးပြီ"

သူတို့ ချင်း ဘာတွေပြောနေကြမှန်း ဝန်းမသိ။

ထိုတိုက်ကြီးရှေ့မှာ ရပ်ထားသည့် ကားအနက်လေးပေါ်ကို ဝန်းတို့ ပြောင်းတက်ရသည်။ ကားက ခြံရှေ့မှ မဟုတ်ဘဲ နောက်ဘက်ထောင့်မှ တံခါးတစ်ခုကနေ ထွက်ခွာလာခဲ့၏။

အစိမ်းရောင်ဆေးသုတ်ထားသည့် တိုက်ပုပြားပြားလေးရှိသော ခြံဝင်းကြီးထဲရောက်လာလျှင် အသက်လေးဆယ်ခန့်ရှိသော လူကြီးတစ်ယောက် ပြေးထွက် လာပြီး တိုက်တံခါးဖွင့်ပေးသည် ။

ပြီးမှ သော့တွဲကို နေခြ်ရံလက်ထဲ အပ်၏။

"ကိုတာရာ၊ ခြံကို ဂရုစိုက်ပါ။ ဘယ်သူလာ

လာ တံခါးကို အလွယ်တကူ မဖွင့်နဲ့ ”

“စိတ်ချပါ”

လူကြီးက ခေါင်းငုံ့၍ နေရာမှ လှည့်ထွက်သွား၏။

“ကိုကို”

“ဘာလဲ”

နေခြည်ရုံက အခန်းတစ်ခန်းဆီလျှောက်သွားရင်း လှည့်မကြည့်ဘဲ ထူး၏။

ဝန်းက ဘယ်ကိုမှ မကြည့်။

ကိုကို့ကျောပြင်ကိုပဲ ကြည့်နေလျက်

“ဝန်းကို ဒီမှာ ထားခဲ့မှာ လားဟင်”

“ဟုတ်တယ်”

“ကိုကိုကကော”

နေခြည်ရုံက သံတံခါးတစ်ချပ်ကို တွန်းဖွင့်မ

လိုလုပ်ပြီးမှ ဖျတ်ခနဲ ပြန်လှည့်ကြည့်၏။

"ငါက မင်းနဲ့ အတူနေလို့ မှ မရတာ၊ လုပ်စရာရှိတာ လုပ်ရဦးမယ်။ စီစဉ်စရာတွေရှိသေးတယ်၊ ငါ့အလုပ်၊ ငါ့အနာဂတ်အတွက် ဘာမှ မရှိဘူးဝန်း၊ အားလုံးမင်းအကြောင်းနဲ့ ငါဦးနှောက်ခြောက်နေရတာ၊ ငါ့ကိုမင်း ဘာမှ ထပ်မမေးနဲ့"

" မဟုတ်ဘူး ကိုကို၊ ဝန်းကအဲဒီလောက် အန္တရာယ်တွေ ထုပြောနေတာ ဝန်းသိခွင့်မရှိဘူးလား၊ ဒါကို ဝန်းသိသွားတဲ့ အတွက် ဘာဖြစ်သွားနိုင်လို့ လဲ"

ကိုကို့မျက်ဝန်းစူးစူးတွေကို ဝန်းရင်ဆိုင် ပြန်ကြည့်မိသည် ။

လှိုင်းတွန့်ခပ်ရေးရေးနှင့် ကုပ်အောက်ကျအောင်ရှည်သော ဆံပင်တို့ သည် ဖြူဝင်းနေသည့် လေးထောင့်မကျသော မျက်နှာနှင့် လိုက်ဖ

က်သည္ ။

အရပ်မြင့်၍ ခါးမတ်မတ်နှင့် လမ်းလျှောက်လျှင် ခြေလှမ်းကျဲတတ်သည့် ကိုကိုသည် ဘောင်းဘီရှည်၊ ပုဆိုး ဘာဝတ်ဝတ်အားလုံး ကြည့်ကောင်းသည် ။

ငယ်စဉ်ကတည်းက ဝန်းမျက်လုံးထဲမှာ မပျောက်မပျက်စွဲထင်နေခဲ့သည့် ယောကျ်ားတစ်ယောက်၏ ပုံရိပ်ဟာ ကိုကိုပဲ ဖြစ်သည် ။

ကိုကိုမှ လွဲလျှင် ဘယ်ယောကျ်ားကိုမှ ချောသည် မထင်။

ခန့်မှန်းကြည့်လျှင် ကိုကိုနဲ့ သူက အသက်ဆယ်နှစ်ကျော်တော့ ကွာနိုင်သည် ။

ဒါပေမဲ့ ဝန်းဘေးကကောင်လေးတွေထက် ကိုကိုကချောသည် ။

ဘယ်လိုပဲ တည်တည်တင်းတင်းကြီးနေနေ

ကိုကို့မျက်နှာကိုပဲ ဝန်းတစိမ့်စိမ့် ကြည့်နေချင်မိ၏။

ဒီလိုတွယ်တာခဲ့ရတာတွေဟာ ဝန်းနဲ့ ကိုကို သွေးသားဘာမှ တော်စပ်ဘူးဆိုတာကို သိနေခဲ့သည့်စိတ်နှင့်ပဲ ဖြစ်သည် ဆိုလျှင် ဒါဟာ ရိုးသားစွာလား၊ မရိုးသားစွာလား ဝန်း ကိုကို့ကို ငေးမောရင်း သတ္တိတွေ ဖြစ်လာရအောင် မွေးမြူနေမိသည် ။

ကြာ လာလေ ကိုကို့ရဲ့ ဥပေက္ခာများကို ခါးသီးလာရလေ။

ငယ်ငယ်တုန်းကလို ကိုကိုထားခဲ့သလို မနေခဲ့ချင်တော့။

ကိုကိုဆူတိုင်း ငေါက်တိုင်း၊ ငိုလာခဲ့နေသမျှ ခုချိန်မှာ ကိုကိုချော့လာမှာ ၊ အလိုလိုက်မှာ ကိုတမ်းတလာခဲ့မိပြီ။

"ဝန်းဒီလိုမေးတိုင်း ကိုကိုက

"ကိုကို့ကိုမယုံကြည်ရင်သွားတော့"လို့ ပြောနေကျ။ ဝန်းရဲ့ အသက်ကို ကိုကိုပေးခဲ့တာပါ။ ကိုကိုက ဝန်းရဲ့ ဘဝပါ ကိုကိုရယ်၊ ဝန်းမှာ လေဖေဖေလည်း ရှိသေးတယ်။ မမလည်း ရှိနေသေးတယ်၊ ဒါပေမဲ့ ဝန်းဘဝဟာ တစ်ကောင်ကြွက်လို့ ပဲ သတ်မှတ်ပြီး ကိုကို့မျက်နှာကို တစ်ဘဝလိုနေခဲ့တာပါ။ အခု ဝန်းမေးတာလည်း ဘာကိုမှ နိုက်နိုက်ချွတ်ချွတ်သိချင်လို့ မဟုတ်ပါဘူး။ ကိုကိုနဲ့ အမြဲတမ်းခွဲနေခဲ့ရတာကို ဝမ်းနည်းလို့ "

"အတူနေဖို့ ဟာလည်း ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး ဝန်း၊ အစကတည်းက မင်းနဲ့ ငါက ရေနဲ့ မီး၊ မင်းဘာမှ မသိခဲ့တဲ့ အကြောင်းအရာတွေထဲမှာ မင်းကအရည်ဆိုရင်၊ ငါက မပျော်ဝင်ပစ္စည်းပဲ၊ မင်းနဲ့ ငါရောသမမွှေလို့ ဘယ်တော့မှ ရမှာ မဟုတ်ဘူး ။ ငါရှင်းရှင်းပဲပြောမယ်၊ မင်းရင်ထဲမှာ ရှိနေတာ

တွေကို ဖျောက်ဖျက်ပစ်လိုက်ပါ"

"ဟင့်အင်း ဟင့်အင်း"

ဝန်းလက်ထဲမှာ ဆွဲလျက်ရှိနေခဲ့သည့် အဝတ်သေတ္တာကို လွှတ်ချပစ်ကာ ကိုကို့ရှေ့မှာ သွားရပ်လိုက်မိသည်။

"ဝန်းရဲ့ တစ်ဘဝလုံးမှာ အရင်းနှီးဆုံး ပတ်သက်ခဲ့တဲ့ သူဟာ ကိုကိုတစ်ယောက်တည်းပဲ ဝန်းက ကိုကို့ကို ဘာဖြစ်လို့ မေ့ဖျောက်ပစ်ရမှာ လဲ"

နေခြိရဲ ဝန်းမျက်နှာလေးကို စူးစိုက်ကြည့်နေမိရင်းမှ မျက်နှာလွှဲပစ်၏။

ပါးမို့လေးတွေ စိုရဲလျက် မေးဖျားသွယ်သွယ် နှုတ်ခမ်းဖူးဖူး ပြည့်ပြည့်လေးက သူစွန့်ပစ်လိုက်သည့် အကြည့်တွေထဲက အာရုံထဲထိ ယီးလေးခို၍ လိုက်ပါလာခဲ့သည်။

သူဘာကိုမှ မကြားချင်ပါ။

နောက်ထပ်ခြေလှမ်းရွှေ့ဖို့ ပြင်လိုက်တော့ ဝန်းက သူ့အင်္ကျီရင်ဘတ်စကို လက်ဖဝါးလေး နှစ်ဖက်နှင့် စုဆွဲထားလိုက်ပြီး

"ကိုကို"

သူ ဝန်းလက်ခုံလေးကို ဖျတ်ခနဲ ဖိဆုပ်လိုက်မိတာ ဖြုတ်ချပစ်လိုက်ဖို့ ဖြစ်သည် ။

သို့သော်

"ဘာမှ သိခွင့်မရတော့ရင်လည်း နေပါစေတော့။ ဝန်းကို အကြာကြီး ခွဲမထားပါနဲ့ နော်။ ဝန်းလေ ကိုကိုနဲ့ အတူနေခွင့် တစ်ခုကိုပဲရပါရစေ"

"မဖြစ်နိုင်ဘူး"

သူ ဝန်းလက်ကလေးကို ဇွတ်ဖြုတ်ပစ်သည် ။

ရင်မဆိုင်လိုတော့၍ ကျောခိုင်းရပ်နေလိုက်မိ၏။

ဝန်းသည် ရှိုက်ကြီးတငင်ငိုကြွေးနေဆဲမှ

"ဝန်း ကိုကို့ကိုပဲ ချစ်တယ်"

ကျောနောက်မှ နေ၍ ဝန်းတအားဖက်ထားလိုက်သောအခါ နေခြံရုံမျက်နှာပြင်သည် ဘယ်သူမှ မမြင်ဘဲ ရဲခနဲဖြစ်သွား၏။

တစ်ကိုယ်လုံး ရှိန်းခနဲဖြစ်သွားကာ သူ့ခါးရှေ့မှာ ထပ်ဆုပ်ထားသော ဝန်းလက်ကလေးနှစ်ဖက်ကို ထပ်ဆုပ်ကိုင်ထားလိုက်မိ၏။

"ဝန်းသိနေတယ်ကိုကို ကြာ လာလေ ဝန်းဘဝက အထီးကျန်ဆန်လာရလေ။ နောက်ဆို ဝန်းကို ကိုကို ထားရစ်ခဲ့တော့မှာ ပါ။ ဝန်းအတွက်ဆိုတဲ့ တိုက်တွေ၊ ကားတွေ၊ ရွှေငွေရတနာတွေ ကိုကိုပေးလာတိုင်း ဝန်း ဝမ်းနည်းတယ်။ ဒါတွေအားလုံး ကိုကိုဝန်းနားက သွား

တော့မလို့ ပုံချပေးနေတာမဟုတ်လား။ ဝန်း အဲဒါတွေကို လိုချင်တာ မဟုတ်ဘူး ။ ကိုကို့နား မှာ ထာဝရ နေခွင့်ကိုပဲလိုချင်တာ မဖြစ်နိုင်ဘူး ဆိုတာ ဝန်းဘက်ကလား။ ကိုကို့ဘက်ကလား။ ဝန်းဘက်ကဆိုရင် ဟိုအတိတ်က ဘာအကြောင်းတွေပဲ ရှိခဲ့ရှိခဲ့ ကိုကို့ကို ဘယ်တော့မှ မမုန်းဘူး။ ဘယ်ဘဝရောက်ရောက် ကိုကို့ကို မမုန်းဘူး။ ဘယ်ဘဝရောက်ရောက် မမေ့ဘူး။ အဲဒါကို ကိုကို သိစေချင်တာ။ ယုံပါကိုကို ကိုကို့ကို ဝန်းဘယ်လိုအကြောင်းနဲ့ မှ မမုန်းဘူး"

သူ ဝန်းလက်ကလေးကို ဖြေချကာ မျက်နှာချင်းဆိုင် ရပ်လိုက်သည် ။

မေးဖျားလေးကို မော့ယူပြီး မျက်ရည်စတွေကို သုတ်ပေးမိ၏။ ပြီးတော့ သူဝန်းပခုံးလေးနှစ်ဖက်ကို ခပ်ဖိဖိဆုပ်ကိုင်ထားရင်း ငိုင်နေခဲ့သည် ။

ဒီမိန်းကလေး၏ တွယ်တာမှုက သူထင်သလို စိတ်ရိုင်းကလေးနှင့် စွဲမိစွဲရာ စွဲလမ်းတာမျိုးမဟုတ်ပါလား။

ထိုအခါကျမှ ငယ်စဉ်က သူထမ်းပိုးပြေးခဲ့ဖူးသော ဂါဝန်လေးနှင့် အရွယ်မဟုတ်။ ဝန်းဟာ အရွယ်ရိုင်းကလေးမှ မဟုတ်တော့ဘဲ။

ဝန်း ဘွဲ့ရပြီးခဲ့ပြီ။

အမြဲတမ်း ထိုင်ဆိုထိုင် ထဆိုထ၊ သူ့ရှေ့မှာ လက်ပိုက်မဖြေရဲခဲ့သော မိန်းကလေးဟာ ခုတော့ သူ့ကို လွန်ဆန်၍ မေးရဲပြောရဲနေခဲ့ပြီ ဖြစ်၏။ ဒါပေမဲ့ ဝန်း၏ ခံစားချက်ကို သူအလေးထားပေးလို့ မရသလို သူ့ဘက်ကလည်း ဘာတစ်ခုမှ လက်ခံတုံ့ပြန်စရာ မရှိခဲ့ကြောင်း။

“ငါပြောပြမယ် ဝန်း၊ မင်းနားထောင်”

သူ ဝန်းပခုံးကလေးကို လွှတ်၍ ညော့ခန်းဘက်ကို မျက်နှာမူ၍ ပြန်လှည့်လိုက်သည် ။ ညော့

ခန်းကလေးသည် သိပ်မကျယ်ဝန်းသော်လည်း ရှိသင့်သော အဖိုးထိုက်၊ အဖိုးတန်၊ ပရိဘောဂများ ဖြင့် သပ်ရပ်လှပနေပါသည် ။

အခန်းဖွဲ့လည်း သိပ်မများ ။

အပေါ်ထပ်၊ အောက်ထပ်ပေမယ့် လှေကားကလည်း အမြင့်ကြီးမဟုတ်။ ဒီတိုက်ကလေးကိုလည်း သူဝန်းအတွက်ရည်ရွယ်၍ ဝယ်ယူခဲ့တာ ဖြစ်သည် ။ သူဟာ ဝန်းကို အရွယ်ရောက်သည် အထိ စောင့်ရှောက်ပေးမည်။

ပညာစုံ၊ အရွယ်ရောက်သည့်အခါ ဝန်းအပါးမှ သူထွက်ခွာရမည်။ ရည်ရွယ်ခဲ့သည် က ထိုအချိန်မှာ ဝန်းအတွက် စည်းစိမ်ဥစ္စာ အခိုင်အမာ ကျန်ခဲ့ဖို့ ဖြစ်သည် ။ သူဝန်းဘက်ကို ပြန်လှည့်ကြည့်ကာ

"မင်းရဲ့ စည်းစိမ်ဥစ္စာတွေကိုရော၊ မင်းရဲ့ ဘဝကိုရော၊ မီးလောင်တိုက်သွင်းခဲ့တာ နေက

မှာမိသားစုပဲ”

“ဟင်”

ဝန်းမျက်လုံးလေးတွေ ဝိုင်းဝိုင်းလည်သွား၏။

နေခြိရံက ထိုမျက်ဝန်းကို စူးစိုက်ကြည့်ကာ

“မီးလောင်လို့ မဟုတ်ပေမယ့် မီးကြောင့်မင်းအမေ သေသွားခဲ့တယ်။ ပြီးတော့ မင်းရဲ့ အစ်မ မိုးရပ်ဝန်း ဘယ်မှာ လဲ သိလား”

ဝန်းမျက်လုံးတွေမှာ ချောက်ချားခြင်းကြောင့် ဟိုဒီပြေးလွှားလာသည် ။ ဘယ်လိုမှ မထင်မှတ်ခဲ့သည့် အကြောင်းတွေ ကိုကိုပြောလာမှာကို ထပ်မကြားချင်တော့သော်လည်း

“သူ ‘နေကမ္ဘာ’မှာ ရှိတယ်။ ငါ့ရဲ့ အစ်ကို နေမျက်နှာရဲ့ ဇနီး”

“အို”

“ဒါပေမဲ့ ချစ်ခင်မြတ်နိုးလို့ ယူထားခဲ့တာ မဟုတ်ဘူး ။ မင်းရဲ့ အစ်မကို အကျဉ်းချထားကြတာ၊ နောက်ထပ် ကျန်တဲ့ မင်းကိုပါ သဲကြီးမဲကြီး ထပ်ရှာခဲ့ကြတယ်။ ဒီနေ့ထိ ရှာနေကြတုန်းပဲ။ ဒါကြောင့် ငါက မင်းကို ကာလတစ်ခုအထိ ကာကွယ်စောင့်ရှောက်သွားဖို့ ဆုံးဖြတ်ခဲ့တယ်။ ‘နေကမ္ဘာ’ကို ဂရုမစိုက်ဘဲ မင်းကို ဝှက်ထားခဲ့တယ်။ အခု ငါသူတို့ နဲ့ ရင်ဆိုင်ရတော့မှာ အဲဒီအခါ ငါ့အနားမှာ မင်းမရှိမှ ဖြစ်မယ်။ ဒါမှ မင်းအတွက် လုံခြုံမှာ ”

“အဲဒါ ဘာတွေလဲကိုကို မေမေတို့ ဝန်းတို့မှာ ၊ ဘာအပြစ်တွေရှိလို့ လဲ၊ အစ်မကိုဖမ်းပြီး အကျဉ်းချထားခဲ့တယ်ဆိုတာက ဘာလဲ၊ လူတစ်ယောက်ကို ဒီလိုအနိုင်ကျင့်ထားလို့ ရသလား ။ မေမေကော တိတ်တိတ်ဆိတ်ဆိတ် ငြိမ်နေခဲ့သလား”

"ဟွန်း"

အမြဲတမ်း တင်းမာနေခဲ့သော်လည်း ဝန်း အတွက် ပူပင်မှုတွေသာ ရှိနေတတ်ခဲ့သော ကို ကို့မျက်နှာပေါ်က ရက်စက်နာကြည်းခြင်းတွေ ကို ယခုအကြိမ်မြင်ရခြင်းဟာ ပထမဆုံးပဲ ဖြစ် သည် ။

ဝန်း ကိုကို့ နှုတ်ခမ်းထက်က ခပ်လွန့်လွန့် မဲ့ပြုံးကို ငေးကြည့်နေမိ၏။ နေကမ္ဘာ မိသားစု ဆိုတာ ကိုကို့မိသားစုမှန်း ဝန်းသိထားသည် ။

ဒါပေမဲ့ နေမျက်နှာ ဆိုသည့် နာမည်ဟာ သူမ နားထဲမှာ စိမ်းသက်နေခဲ့၏။

ကိုကိုက နေခြီရံ ဟိုတစ်ယောက်က နေမျ က်နှာ

'နေကမ္ဘာ'မိသားစုဆိုတော့ နောက်ထပ် နေ မည်သော နာမည်တွေနှင့် လူဘယ်နှယောက်ရှိ သေးသလဲ။

သူတို့ တွေနဲ့ မေမေ တို့ ဘယ်လို ပတ်သက်ခဲ့တာလဲ။

ဝန်းကိုပါ အသည်းအမည်းလိုက်ရှာနေကြတာ ဘာအတွက်လဲ။

ဝန်းသိချင်ခဲ့သည် အတိတ်က အကြောင်းတွေကို နေခြိရုံက အားလုံးပြောပြလိုက်သောအခါ...

*

## အခန်း(၁၆)

"သူနဲ့ ရှင်းပြီးသွားပြီ ဟုတ်လား ဟား . . ဟား . . . ဟား"

နေမျက်နှာက ခေါင်းမော့၍ တဟားဟားရယ်သည်။

"ဘာရှင်းတာလဲ အတိတ်ကို ပြန်လှန်ပြောပြပြီး မင်းကတော့ မင်းသား ငါတို့ ကလူကြမ်းတွေပေါ့၊ ဟွန်း ကောင်မလေးကို မင်းက တစ်သက်စားမကုန်အောင် စုပုံပေးထားခဲ့ပြီးမှ သူနဲ့ ကျွန်တော် ဘာမှ မဆိုင်တော့ပါဘူးဆိုတာ ငါတို့ အတွက်ဝမ်းသာစရာ သတင်းလား"

နေလွှင်ပြင်က စားပွဲကို ခပ်ဆတ်ဆတ်ပုတ်၍ ထရပ်လိုက်သည် ။

"ငါတို့လိုချင်တာ ဒီလောက်ပဲလို့ မင်းက ထင်သလား နေခြံရံ"

သူ့စားပွဲရှေ့မှာ နှစ်ယောက်လုံး မတ်တတ်တွေဖြစ်ကုန်သည် ။

ထိုကြောင့် သူပါထရပ်လိုက်ရသည် ။

ကုမ္ပဏီ၏ အပေါ်ဆုံးထပ်မှာ သူရှိနေသည့်နေရာကို နေမျက်နှာတို့ လိုက်လာကြခြင်းဖြစ်သည် ။

သူ အိမ်မပြန်ခဲ့တာ ကြာပြီဖြစ်သည် ။

ရှေ့ဆက်ဘယ်လိုမှ ပြေလည်ကြဖို့ မရှိတော့သည့်နေရာမှာ မနေလိုတော့၍ သူမပြန်ဘဲနေခဲ့ခြင်း ဖြစ်၏။

နှစ်ယောက်လုံး သူ့ရှေ့ရောက်လာကြတော့

ရင်မဆိုင်ဘဲ နေလို့ မရတော့ သူ ကိုလေးမျက်နှာကို စိုက်ကြည့်ကာ

"ဒီကိစ္စကို ဇွတ်တရွတ်လိုက်နေတာ ကိုလေး အဲဒီမိန်းကလေးကို ကလဲ့စားချေချင်တာ သက်သက်လား။ ဒါမှ မဟုတ် ကိုလေးလိုချင်နေတာလား"

"ဘာ"

နေလွင်ပြင် မျက်နှာရဲခနဲဖြစ်သွား၏။

"အေး ငါက လိုချင်နေတယ်ဆိုရင်တောင် မင်းလို မိန်းမတစ်ယောက်ကို တယုတယ ကိုးကွယ်ထားဖို့ မဟုတ်ဘူး ဆိုတာ သေချာတယ်၊ စကားတွေသိပ်မများ ချင်ဘူး၊ နေခြံရဲ့ ဒီတော့ ငါတို့ လူသိရှင်ကြားဖြစ်အောင် စိန်ပြေးတမ်း ကစားနေတာတွေလည်း မေ့ပစ်ရအောင် အဲဒီ ကောင်မလေးကို မင်း ဟိုခေါ်ဒီခေါ် လျှောက်ခေါ်ပြီး ဝှက်ထားနေတဲ့ လုပ်ရပ်ကို ရပ်တန်း

က ရပ်လိုက်ပါ။ မင်းရဲ့ မမြင်ကွယ်ရာမှာ သူ ဘာဖြစ်နေနေ နားမစွံ့နဲ့ ဂရုမစိုက်နဲ့ ။ ဒါဆို ကိစ္စတွေအားလုံးပြီးသွားပြီ”

နေခြိရုံက ဆုံးဖြတ်ထားပြီးသည့် ခပ်ရိုပ်ရိ ပ်မဲ့ပြုံးနှင့် နှစ်ယောက်လုံးကို ငေ့ကြည့်လိုက် သည် ။

ပြတင်းပေါက်နားမှာ သွားရပ်ကာ အောက် က ကားလမ်းမကြီးကို အဓိပ္ပာယ်မဲ့တစ်ချက် ငုံ့ကြည့်ပြီးမှ ဒီဘက်ပြန်လှည့်၏။

“ဆွေစဉ်မျိုးဆက် အလောင်းတွေထပ်အော င် ကလဲ့စားချေကြတာ တရုတ်သိုင်းကားတွေ ထဲမှာ ပဲ ကြည့်ကောင်းတာ ကိုလေး ဒါမြန်မာ နိုင်ငံ ပြီးတော့ ရာဇဝင်ဟောင်းကြီးထဲမှာ ရှိနေ ကြတာ မဟုတ်ဘူး ။ ကိုလေးတို့ လုပ်ရပ်တွေ က သိပ်ကိုဆိုးဝါးလွန်းနေတာ သိရဲ့ လား”

“မင်းတော်စမ်း ဟိတ်ကောင်”

နေမျက်နှာစကားဝိုင်းထဲ ပြန်ပါလာ၏။

“မ င်းရေ့ ့မှ ၁ အဆိုးအကောင်းချပြနေကြတာ မဟုတ်ဘူး ။ ငါတို့ ကို မင်းဝေဖန်စရာလည်း မလိုဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းကိုဆွေးနွေးတာလည်း ဒါနောက်ဆုံးပဲ။ ဒီနေ့ရဲ့နောက်ပိုင်းမှာ မင်းနဲ့ ငါတို့ ဘာအကြောင်းနဲ့ မှ ပြောဆိုဖြစ်ကြဖို့ မရှိတော့ဘူး။ မိန်းမတစ်ယောက်ကို ကိုးကွယ်စရာလို သတ်မှတ်ထားခဲ့တဲ့ မင်းရဲ့ ဉာဏ် မင်းရဲ့ လုပ်ဆောင်ချက်တွေကြောင့် မင်းကိုငါတို့ ရဲ့ သွေးသားညီအစ်ကို အဖြစ်ကနေ ပယ်ထုတ်ပစ်လိုက်ပြီ”

နေခြိရံ မျက်ခုံးတွေတွန့်ကျသွားသည် ။

နေမျက်နှာက တစ်စက်မှ အလေးမထားသော မျက်နှာနှင့် နေခြိရံကို စူးစိုက်ကြည့်နေ၏။ ပြီးတော့ အနားကို တစ်လှမ်းချင်းလျှောက်

ထွက်လာကာ

"မင်းရဲ့ အပြစ်ပိုကြီးသွားတာ ဘာကြောင့်လဲသိချင်သေးလား"

နှစ်ယောက် အတန်ကြာအောင် မျက်လုံးချင်းဆုံစည်းမိကြသည် ။ နေမျက်နှာ၏ မျက်ဝန်းများမှာ ဒေါသွေ့ရှုပ်လွှာ အကြောင်းပြောကြတိုင်း မြင်ရတတ်သော အေးခဲရက်စက်မှုတွေကို သူမြင်နေရ၏။

ညီအစ်ကိုလို နူးညံ့ညင်သာစွာ ခွင့်လွှတ်နေကျ ပျော့ပျောင်းမှုများ လုံးဝရှိမနေခဲ့ခြင်းကြောင့် သူဆက်ပြောလာမည့် စကားတို့ ကိုပါ မပြောချင်သလိုလို ဖြစ်လာခဲ့မိသည် ။

ဒါပေမဲ့ နားမထောင်ချင်လို့ လည်း မရ။

"မင်းဟာ နေကမ္ဘာမှာ နေပြီး နေကမ္ဘာက လက်မခံနိုင်ဆုံးအလုပ်ကို ဟိုနှစ်ပေါင်းများ စွာ တည်းကလျှို့ဝှက်လုပ်ဆောင်နေခဲ့တယ်။ ငါတို့

ပထမဆုံးစခဲ့တဲ့ ခြေလှမ်းမှာ ပဲ မင်းက ဦးချိုး ထားခဲ့တာ မိုး ငါ့လက်ထဲမရောက်ခင်ကတည်းက မင်းက မိုး ကို တွေ့ပြီးနေပြီ ဟွန်း”

နေခြိရဲ့မျက်နှာကွက်ခနဲ ပျက်သွားသည် ။

ဒါကို စိုက်ကြည့်နေသည့် နေလွင်ပြင်က နာနာကြည်းကြည်းလိုက်ပြီးမဲ့၏။

နေမျက်နှာက မဲ့ပြုံးပြုံးနေသည့် နှုတ်ခမ်း ကို တင်းခနဲ စေ့ပိတ်လိုက်ပြီးမှ

“ဒီမိန်းမကို ငါအပြစ်ရှာတိုင်း မင်းဝင်ဝင်ပါ နေတာ အစက ငါ ခွင့်လွှတ်နိုင်ခဲ့သေးတယ်။ ဒီ လိုသာသိခဲ့ရင် လုံးဝခွင့်လွှတ်ခဲ့မှာ မဟုတ်ဘူး ။ မင်းရှေ့မှာ ငါပိုလုပ်ပြမိမှာ ခုတော့ မိမိုး နှ လုံးရောဂါရှိနေတယ်ဆိုမှ ဒိုင်ယာရီကို တမင်ရှာဖတ်လို့ သိခဲ့ရတာ”

နေခြိရဲ့နှင့်ပတ်သက်ပြီး သူတို့ အစီအစဉ်

တွေ ဆွဲနေကြတုန်း ဝုန်းခနဲ အသံကြားလို့ လှ
ည့်ကြည့်လိုက်တော့ ခန်းဆီးအကွယ်ထဲမှာ မိုး
လဲကျသွားခြင်း ဖြစ်၏။

သေမှာ နာမှာ ကို စိုးရိမ်၍ မဟုတ်သော်လ
ည်း ဆရာဝန်တော့ ပြေးပင့်ခဲ့ရသည် ။

"လူနာမှာ နှလုံးရောဂါဖြစ်နေတဲ့ လက္ခဏာ
တွေရှိနေတယ်၊ ပိုသေချာအောင် အထူးကုဆ
ရာဝန်တွေနဲ့ စမ်းသပ်လိုက်ပါ။ ဘာပဲဖြစ်ဖြစ်
သိပ်တော့မစိုးရိမ်ရပါဘူး။ အဓိကလူနာကို စိ
တ်ချမ်းသာအောင်ထားဖို့ ပဲ"

ဆရာဝန်ထွက်သွားတော့ သူဟားတိုက်ရ
ယ်ခဲ့မိသည် ။

ကောင်းတာပေါ့ ဒီလိုတမြည့်မြည့်လောင်
ကျွမ်းသွားစေချင်တာ တငွေ့ငွေ့ ပြာကျသွား
လေကောင်းလေ မဟုတ်ဘူး လား။

မိုးကတော့ သူမကိုယ်သူမလည်း နှလုံးရော

ဂါရှိနေမှန်းမသိခဲ့ပါ။

သတိရလာတော့ သူမ ခိုးနားထောင်မိသ ည့်အပြစ်ကိုလည်း ဝန်ခံ၍

"မိုးကိုကြိုက်သလိုခိုင်းပါ အစ်ကို ညီမလေး ကိုတော့ ချမ်းသာပေးပါ။ မိုးလေ မိုး ညီမလေး အတွက် မိုးရဲ့ ဘဝကို အစ်ကို့လက်ထဲမှာ ကျေ ကျေနပ်နပ်ဝကွက် အပ်နှင်းထားခဲ့တာ မိုးတစ် ယောက်တည်းပေးဆပ်ရုံနဲ့ အားလုံးအေးချမ်း သွားတယ်ဆိုရင် မိုး ပေးဆပ်ရကျိုးနပ်ပြီလို့ ယူဆခဲ့တာ"

မိုးက ငိုလည်း ငို ပြောလည်း ပြောကာ လ က်အုပ်လေးပါချီ၏။

"ညီမလေးကို ဒီစည်းဝိုင်းထဲကလွှတ်ပေးပါ နော် ညီမလေး နေပါစေတော့။ မိုးကို အစ်ကို ဘယ်လို ပုံစံနဲ့ ပဲထားထား မိုးကျေနပ်ပါတယ် ညီမလေးကိုတော့လွှတ်ပေးပါ"

ညီမလေးအတွက် အစ်ကို့လက်ထဲမှာ ကျေ
ကျေနပ်နပ်ဝကွက် အပ်နှင်းခဲ့တာ ဆိုသော စ
ကားကို သူမကျေနပ်ခဲ့။

ထို့ကြောင့် ထိုည တစ်ညလုံး သူထိုင်စဉ်း
စားခဲ့သည် ။

မိုးကို ကလဲ့စားချေရေးစနစ်နှင့်
ကားတင်ခိုးပြေးခဲ့တာကို သူကိုယ်တိုင် ပြောပြ
ခဲ့ဖူးတာမှန်သည် ။

ဒါပေမဲ့ ချစ်ရပ်ဝန်းနှင့်ပတ်သက်သည့်အစီ
အစဉ်တွေထိ ပြောပြဖူးတာ ဘာမှ မရှိခဲ့။

ညီအစ်မနှစ်ယောက်လုံးကို
မရမကလိုက်ရှာနေခဲ့တာ သူတို့ ၏ အကြံအစ
ည်ပဲ ဖြစ်၏။ ထို့ကြောင့် သူ ရုတ်တရက်သတိ
ရကာ မိုးရပ်ဝန်း၏ ဒိုင်ယာရီကို ထရှာခဲ့သည်
။ ထင်သည့်အတိုင်း ဖတ်လိုက်ရတာက အား
လုံးအကုန်

ထိုစာတွေထဲမှာ နေခြိရံ့ရောက် လာပြီး တိမ်းရှောင်နေဖို့ သတိပေးခဲ့ကြောင်း မီးလောင်သွားခဲ့သည့်တောင်ကြီးက အိမ်ဆီကို မသွားဖို့ တားဆီးခဲ့ကြောင်း

သူမ တောင်ကြီးကိုလည်း လိုက်မသွားဖြစ်သေးပဲ။

တိမ်းရှောင်ဖို့ လည်း မပြင်ဆင်ရသေးမီ ကားတင်ခံခဲ့ရကြောင်း

ဒါပေမဲ့ အစ်ကို့ကိုမြင်လိုက်တော့ အစ်ကိုဟာ မိုးရင်ထဲမှာ အမြဲရှိနေခဲ့တဲ့ တစ်စုံတစ်ယောက်မှန်း သိလိုက်ရသည် ။

မိုး အစ်ကို့ကို ကြည်ဖြူစွာလိုက်လျှောခဲ့တာပါ အစ်ကို အဲဒီထဲမှာ မိုးရဲ့ ညီမလေးလွတ်ရာလွတ်ကြောင်းဖြစ်ဖို့ လည်း ပါပါတယ်။ ညီမလေးကို နေခြိရံ့ကယ်ထုတ်သွားပြီမှန်း မိုးသိတယ်။

အစ်ကိုဟာ နေခြိရုံလိုမေတ္တာထားတတ်သူ သာဖြစ်ခဲ့ရင် အစ်ကို့အချစ်ကို မိုးမျှော်လင့်ခွင့် ရှိဦးမှာ

ချစ်လို့ လိုက်လျောခဲ့တယ်ဆိုတာတွေ အစ်ကိုအသိအမှတ်ပြုပေးမယ်ဆိုရင်လေ။ ဒီကမ္ဘာမှာ မိုးလောက် ပျော်တဲ့ သူရှိတော့မှာ မဟုတ်ဘူး ။

မိုး အစ်ကို့ကို သိပ်ချစ်တယ်။

သူမပြောသေးတယ် ညီမလေး သူ့လက်ထဲမှာ ရှိနေတာကို မိုးသိနေတယ်။ ညီမလေးအတွက် မိုးစိတ်ချသွားပါပြီ။

မိုးသာ ညီမလေးလို ကံကောင်းခဲ့မယ်ဆိုရင် အစ်ကိုဟာ မိုးကို ယုယမြတ်နိုးစွာစောင့်ရှောက်ထားခဲ့မလားဘဲ

အချစ်ဟာ ပေးတိုင်းမရတတ်ပါလား အစ်ကိုရယ်။

မိုးသည် ဟိုတုန်းကတည်းက သူတို့ ခြေလှမ်းတွေကို ကြိုသိနေခဲ့သည် ။

ဒါဟာ နေခြိရုံသစ္စာဖောက်မှုကြောင့် အသားထဲကလောက်ထွက်ခဲ့ခြင်းဖြစ်သည် ။

သူနဲ့ နေလွင်ပြင် လုံးပန်းကြံစည်နေသမျှ နေခြိရုံနဲ့ မိုးကတော့ ကွယ်ရာမှာ ကြိတ်မှိတ်ရယ်ကာနေခဲ့ကြသည် ။

ဆိုးဝါးစွာ ခံခက်စေခဲ့တာ ဒါပဲဖြစ်သည် ။

အားလုံးကို သိလိုက်ရသည့်အချိန်တွင် နေခြိရုံက သူတို့ ကို ပြောင်ပြောင်တင်းတင်း စိန်ခေါ်သွားခဲ့ပြီဖြစ်သည် ။

အကြီးဆုံးနဲ့ အငယ်ဆုံး

သူတို့ ဘာမှ မသိခဲ့ဘဲ တောက်လျှောက် အညာခံလာခဲ့ရသည့် အဖြစ်က ဘယ်လောက်ဆိုးဝါးလိုက်သလဲ။

တစ်သက်လုံးထုပ်ပိုးသိမ်းဆည်းလာခဲ့သမျှသော ဒေါသတွေ အားလုံး နေခြိရံပေါ်သို့ စုပြုံကျရောက်သွားခဲ့၏။

နေခြိရံဟာ သူတို့ နှင့် အစကတည်းက လျှို့ဝှက်တိုက်ခိုက်နေခဲ့တာမှန်း သိလိုက်ရသဖြင့် ပို၍ နာကြည်းသွားခဲ့သည် ။

ဒိုင်ယာရီထဲက စာကြောင်းတွေကို တရေးရေးသတိရကာ နေမျက်နှာ နာကြည်းမှုတွေက ပိုကဲလာ၏။

သူသည် နေခြိရံထံ တစ်လှမ်းချင်းလျှောက်သွားကာ

"နေခြိရံ မင်းကို ငါ့ကိုယ်ထဲက သွေးတစ်စက်လိုဖွေးဖြူခဲ့ပေမယ့် အခုကစပြီး သွေးဆိုးသွေးညစ်တစ်စက်လို ငါဖောက်ထုတ်လိုက်ပြီ။

နေခြိရံ၏ ထူနက်သည့် မျက်ခုံးနှစ်ဖက်သည် ဆတ်ခနဲ တွန့်ကွေးသွား၏။

တစ်သက်လုံးထုပ်ပိုးသိမ်းဆည်းလာခဲ့သမျှသော ဒေါသတွေ အားလုံး နေခြိရံပေါ်သို့ စုပြုံကျရောက်သွားခဲ့၏။

နေခြိရံဟာ သူတို့ နှင့် အစကတည်းက လျှို့ဝှက်တိုက်ခိုက်နေခဲ့တာမှန်း သိလိုက်ရသဖြင့် ပို၍ နာကြည်းသွားခဲ့သည် ။

ဒိုင်ယာရီထဲက စာကြောင်းတွေကို တရေးရေးသတိရကာ နေမျက်နှာ နာကြည်းမှုတွေက ပိုကဲလာ၏။

သူသည် နေခြိရံထံ တစ်လှမ်းချင်းလျှောက်သွားကာ

"နေခြိရံ မင်းကို ငါ့ကိုယ်ထဲက သွေးတစ်စက်လိုဖွေးဖြူခဲ့ပေမယ့် အခုကစပြီး သွေးဆိုးသွေးညစ်တစ်စက်လို ငါဖောက်ထုတ်လိုက်ပြီ။

နေခြိရံ၏ ထူနက်သည့် မျက်ခုံးနှစ်ဖက်သည် ဆတ်ခနဲ တွန့်ကွေးသွား၏။

အံတစ်ချက်ကြိတ်လိုက်သော်လည်း သူဘာမှ မပြောခဲ့။

"နောက်တွေ့ရင် မညှာကြေးပေါ့ကွာ"

နေမျက်နှာက အဆုံးသတ်စကားပြော၍ ချာခနဲ လှည့်ထွက်သွားခဲ့။ နေလွင်ပြင်က မသွားသေးဘဲ သူ့နားလျှောက်လာသည် ။

"နေခြိရံ ဒါကို မင်းကြည့်စမ်း"

အနီရောင်စာရွက်တစ်ရွက်ကို လှမ်းပေး၍ မိန့်မိန့်ကြီးပြုံးသည် ။ နေခြိရံ စာရွက်ပေါ်မှာ ရှိနေသည့် မိန်းကလေးနာမည်တွေကို ခြုံငုံကြည့်ပြီး ရေတွက်လိုက်တော့ အားလုံးဆယ့်တစ်ယောက်တိတိ

နာမည်တို့ ၏ ဘေးက ကွင်းငယ်တွေထဲမှ ရေးမှတ်ထားသည့် နေ့စွဲများကိုလည်း ဝေ့ကြည့်သည် ။

နေလွင်ပြင်က စာရွက်နှင့် နေခြိရုံကို ပူးတွဲကြည့်ပြီး ပြုံးလိုက်၏။ သူ့အပြုံးသည် ကျားငစဉ်းလဲ၏ အပြုံးမျိုးသာ ဖြစ်၏။

"မင်းက မင်းကောင်မလေးကို ငါက လိုချင်လို့ မရမက လိုက်နေတာလားလို့ မေးလို့လေ။ အဲဒီစာရွက်ပေါ်က မိန်းကလေးတွေဟာ မင်းကိုပြဖို့ ငါကအဖြူပေါ် အမည်းတင်ထားရုံသက်သက်ပဲလို့ ကော ထင်သေးလား။ ဒါမှ မဟုတ် ရုပ်ရည်ပညာအဆင့်အတန်း ခပ်နိမ့်နိမ့်အခြေမလှတာတွေထဲကလို့ စိတ်ထဲမှာ တွေးမိသေးလား"

မတွေးမိပါ ဒီနာမည်တွေထဲက တချို့ကို နေခြိရုံ သိနေသည် ။

တကယ့်အချောအလှ ပညာတတ် သူဌေးသမီးဆိုတာတွေပဲ ဖြစ်၏။

နေမျက်နှာရော နေလွင်ပြင်ပါ ရုပ်ချောကြ

သည် ။

နေမျက်နှာက မိုးရပ်ဝန်းကို လက်ထပ်ယူကာ ထိုမိန်းမကိုပဲ ကလဲ့စားချေခဲ့သော်လည်း နေလွင်ပြင်ကတော့ ချောတာလှတာ မှန်သမျှကို မျက်စိစပါးမွေး စူးခဲ့သူဖြစ်သည် ။

မိန်းမတစ်ယောက်၏ အလှအပဟာ လက်နက်ကြီးတစ်ခု

အလှအပဟာ ကိုးကွယ်စရာမဟုတ် ချစ်ဖို့မလို

နေလွင်ပြင်သည် ရုပ်ချောသလောက် ပွေပွေရှုပ်ရှုပ်နေသည် ။

မိန်းကလေးတွေနှင့် ဘယ်လိုပဲရောနှောနေနေ အသည်းမပါကိုယ်ဗလာနှင့် ဖြစ်၏။ လူ့သဘာဝဟာ တောင့်တတိုင်းမရ။

လိုက်လေပြေးလေ လိုချင်လေ ဝေးလေ။

နေလွင်ပြင်တို့ ကျတော့ မလိုချင်သူမို့ လက်ဖြန့်တောင်းတိုင်း ရနေသည် ။

ဒီလူဟာ ဒီလိုအသည်းမရှိတဲ့ သူဟု နာမည်ကြီးလာတာတောင် ချစ်ရဲကြိုက်ရဲသူက ရှိနေဆဲ။

ပန်းပွင့်တို့ အလယ်မှာ သူဟာ ပိတုန်းတစ်ကောင်လို ဝတ်ရည်ကို သောက်သုံး၍ ပန်းကို စွန့်ခွာခဲ့တတ်သူ

နေလွင်ပြင်မှ မျက်လွှာပင့်လိုက်လျှင် ညီအစ်ကိုနှစ်ယောက်မျက်လုံးချင်းဆုံမိကြ၏။

ပါးလျ၍ ပိပိရိရိရှိသော နေလွင်ပြင်၏ နှုတ်ခမ်းအစုံမှာ လှောင်ပြုံးနှင့်တွန့်မဲ့သွား၏။

စကားလုံးတစ်စုံတစ်ရာ ပြောဖို့ မလိုဘဲ အပြန်အလှန်ပစ်ခွင်းနေကြသည့် မျက်ဝန်းတို့မှ မြားအစင်းပေါင်း များ စွာတို့ သည် ဘယ်သူ့ရင်ထဲ ဘယ်လိုစုရောက်ကုန်သည် လဲ မသိနိုင်

။

ထိုစဉ် ဖုန်းသံမြည်လာသည် ။

နေလွင်ပြင်က ထုတ်ကိုင်လိုက်ပြီး ခပ်ထေ့ထေ့ပြုံး၍ သူ့ကို မျက်လွှာပင့်ကြည့်၏။

"ရော့ နားထောင်ကြည့်ပါဦး"

နေခြိရံ လက်ထဲကို ဖုန်းထည့်ပေး၏။

"မောင် လှဲ့ပြောနေတာကြားရဲ့ လား မောင် ဖုန်းချပစ်လိုက်ရင် လှဲ့ကိုယ်လှဲ့ တစ်ခုခုလုပ်ပစ်တော့မှာ သိလား။ လှဲ့ မောင်နဲ့ မတွေ့လို့ မဖြစ်ဘူး ခဏဖြစ်ဖြစ် လာတွေ့ပါနော် မောင်"

သူ ဖုန်းကိုခွာ၍ ပိတ်ပစ်လိုက်သည် ။

"ဟား ဟား ဟား"

နေလွင်ပြင်က အောင်နိုင်သူတစ်ယောက်လို ရယ်လိုက်၏။

"ကြားတယ်နော် မင်းကောင်မလေးလော

က်ကို နေလွှင်ပြင်က စာမဖွဲ့ပါဘူး"

ဟု ပြောပြီးသည် နှင့် မျက်နှာသည် ချက်ချင်းကြီးပြောင်းလဲခက်ထန်သွား၏။

"မင်းမချစ်ရဘူး လှတဲ့ မိန်းမတစ်ယောက်ကို မင်းရင်ဘတ်ထဲ ထည့်ထားဖို့ မလိုဘူး၊ ထည့်ခွင့်လည်း မပေးနိုင်ဘူး ငါတို့ ဖေဖေ့တစ်ယောက်ကိုပဲ ဆုံးရှုံးခံနိုင်မယ်။ 'နေကမ္ဘာ'မှာ လူညံ့တွေ ဆက်တိုက်ဖြစ်ထွန်းပေါ်ပေါက်လာမှာ မျိုး လုံးဝမရှိရဘူး။ အထူးသဖြင့် ရွှေရုပ်လှွာမျိုးဆက်တွေကို ငါတို့ ကသဲမဲ လိုက်ရှာခဲ့တယ်။ မင်းက ဝှက်ထားပေးခဲ့တယ် နေမျက်နှာ ပြောသွားသလိုပဲ နေခြိရဲ ဒီနေ့ကစပြီး မင်းနဲ့ ငါတို့ သုံးနဲ့ လေးဖြစ်သွားပြီ။ ဆန့်ကျင်ဘက်လားရာတွေ ကွဲပြားကုန်ပြီပေါ့။ ဒါပေမဲ့ နီးနီးလေးပဲ။ ငါတို့ ဘာလုပ်မလဲဆိုတာ မင်း စောင့်ကြည့်လိုက်"

နေလွင်ပြင်က သူဆုပ်ကိုင်ထားဆဲရှိသည့် ဖုန်းကိုဆောင့်ဆွဲယူကာ နေရာမှ ကျောခိုင်းလိုက်၏။

နေခြည်ရံ နှုတ်ခမ်းတစ်ချက်တွန့်ခနဲ လှုပ်ခတ်သွားပြီး

"ကျွန်တော်ကလည်း စပြီးတဲ့ လမ်းကိုဆုံးအောင် လျှောက်ရတော့မှာ ပဲ၊ ဒါပေမဲ့ ကိုလေးတို့ နဲ့ ကျွန်တော် ရင်ဆိုင်မိတဲ့ အထိ မဖြစ်ချင်ဘူး"

နေလွင်ပြင် လှည့်မကြည့်သော်လည်း ခြေလှမ်းရပ်သွားကာ

"ဟွန်း ရင်မဆိုင်ချင်တော့လည်း မင်းလွတ်အောင်ပြေးပေါ့ကွာ၊ နေမျက်နှာရော နေလွင်ပြင်ရော မထိုးဖောက်နိုင်တဲ့ အမှောင်ရိပ်ဆိုတာ မရှိဘူး၊ မင်း သိပ်နုပါသေးတယ် နေခြည်ရံရယ်"

နေလွင်ပြင် ထွက်ခွာသွားပါပြီ။

သူ နာရီကိုတစ်ချက်ငုံ့ကြည့်မိ၏။

အရေးအကြီးဆုံးအဖြစ် ခေါင်းထဲဝင်လာသည် က ချစ်ရပ်ဝန်း။ သူမကို သူ ဝေးဝေးမှာ ပစ်ထားလို့ မရတော့ပါ။

ထို့ပြင် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာချလိုက်မိသည် ။

သူ ဘယ်လိုမှ ရုန်းမထွက်နိုင်တော့သော အခြေအနေတစ်ခုခုဖြစ်လာခဲ့သော်...

*

## အခန်း(၁၇)

ကားသံကြား၍ ဝန်းအိမ်ရှေ့ထွက်လာခဲ့မိသည်။

ကားကို အမျိုးမျိုးလဲစီးလာတတ်ခဲ့သော နေခြိ်ရံ၏ လှုပ်ရှားမှုတွေကို သိထားသဖြင့် စီးနေကျကား မဟုတ်သည် က မထူးဆန်းပါ။

ဒါပေမဲ့ ကားပေါ်က ဆင်းလာကြသူတွေဟာ နေခြိ်ရံမဟုတ်သောအခါ

"ဟင် ကိုကိုလည်း မဟုတ်ဘူး "

တံခါးနားရောက်မှ ခြေလှမ်းတို့ က တုံ့ခနဲ ရပ်တန့်သွား၏။

ခိုပြာရောင်သန်းနေသော မျက်မှန်ကို တပ်ဆင်ထားသည့် သပ်ရပ်ချောမွေ့နေသော ယောက်ျားတစ်ယောက်

ကိုကိုနှင့် တော်တော်ကြီးဆင်ကာ ကိုကို့လိုဆံပင်လှိုင်းတွန့်မထင် ကိုယ်ဟန်က အနည်းငယ်ပို၍ ကြံ့ခိုင်သလိုရှိသည် ။

ထိုသူသည် ဘယ်ဘက်မှ ဆင်းကာ ညာဘက်မှ ဆင်းသူက နဖူးအနည်းငယ် ကျယ်ချင်သလို ရှိ၏။

မြင့်လွန်းသောအရပ် အသားရောင်နီစပ်စပ်နှင့် နိုင်ငံခြားသားပုံစံ ပေါက်နေသူ ဖြစ်၏။

ထိုသူသည် နေမျက်နှာဖြစ်လျက် နေလွင်ပြင်ဆိုတာကိုလည်း ဝန်း မသိခဲ့။ နှစ်ယောက်လုံးကို တစ်လှည့်စီကြည့်မိကာ နောက်ထပ်ခြေတစ်လှမ်းဆုတ်မိသည် ။

"ဟော့ တံခါးဖွင့်စမ်း"

“ဟင့်အင်း”

ဘယ်သူလာလာ တံခါးဖွင့်မပေးနဲ့ ဟု ကိုကို မှာ ထားသည် ။ ဝန်းခေါင်းခါငြင်းဆန်ပြီး ချာခနဲလှည့်ပြေးခဲ့မိ၏။

မမြင်ဘူးပေမယ့် အားလုံးကို ကိုကိုပြောပြခဲ့ပြီးပြီမို့ ဒါဘယ်သူတွေ ဖြစ်နိုင်မလဲဆိုတာ ဝန်း ခန့်မှန်းကြည့်နိုင်သည် ။

ကိုကို့ အစ်ကိုတွေဆိုတာပဲ ဖြစ်ရမည်။

“မင်း ငါ့လက်ထဲမှာ ရှိနေတာ အခု သူတို့သိသွားပြီ အန္တရာယ်ဆိုတာ နာရီ စက္ကန့်နဲ့ အမျှရှိနေပြီ။ မင်းစိတ်ထဲမှာ ဒီလိုကလဲ့စားချေမှုတွေကို ယုံကြည်သည် ဖြစ်စေ မယုံသည် ဖြစ်စေ ကြောက်တတ်ရင် ရှောင် မကြောက်ရင်တော့သဘောပဲ ကြောက်တာ မဟုတ်ဘူး ၊ စိတ်နာတာ မုန်းတီးတာဆိုရင်လည်း ကြိုက်သလိုဆုံးဖြတ်၊ ငါ့ဘက်ကတော့ မင်းနဲ့ ငါ

ဟိုတုန်းက ပထမဆုံး ဆုံစည်းခဲ့ဖူးတာကြောင့် အစွမ်းကုန်ကြိုးစားပေးခဲ့ပြီးပြီ။ ရှေ့ဆက်ဖို့ ကမင်းသဘောပါ”

အခန်းထဲဝင် တံခါးပိတ်ကာ ကျောနှင့်ကပ်မှီရင်း ဝန်း အံကြိတ်လိုက်မိ၏။ သွားလိုက်၊ သွားနိုင်သည် ဆိုသော မောင်းထုတ်ပစ်ပယ် ခံရခြင်းဟာ ရင်နာစရာကောင်းလွန်းသည် ။ ဘာပဲဖြစ်ဖြစ် ဝန်း မေ့ပစ်နိုင်သည် ဟု ပြောခဲ့ပြီးသား။

ကိုကိုနဲ့ ပတ်သက်လာလျှင် မုန်းစရာဖြစ်ဖြစ် နာစရာဖြစ်ဖြစ် ဝန်း ကျေအေးလိုက်နိုင်သည် ။ ကိုကိုသာ အနားမှာ ရှိနေမည်ဆိုလျှင် ဘာအန္တရာယ်မဆို သူမ မကြောက်ပါ။

ခုတော့ ကိုကိုသည် ပြဿနာတွေရှိခဲ့တာကို အားလုံးပြောပြခဲ့ပြီ၊ ထွက်သွားလိုက်တော့ ‘မင်းဆုံးဖြတ်’တဲ့ ။

ဝန်း ဘာကို ဆုံးဖြတ်ရမှာ လဲ။

ဥပဒေနဲ့ နိုင်ငံတစ်ခုမှာ လူတစ်ယောက်ကို အလိုမတူဘဲ နှစ်ရှည်လများ ဖိနှိပ်အုပ်ချုပ်ထားလို့ ရသလား။ မမကို နေမျက်နှာ ငရဲချထားသည် ဆိုသော အဖြစ်ဟာ ဟုတ်ကောင်းဟုတ်လိမ့်မည်။ ဒါပေမဲ့ မမ ကိုယ်တိုင် သည်းခံခဲ့တာမဟုတ်ဘဲ တံခါးပိတ် ကြိုးတုပ်ထားလို့ ရမည့် ကိစ္စလား။

ဝန်း ဒီလောက် မညံ့ဘူးကိုကို။

ဝန်းကို ကိုကို ဖြားယောင်းခဲ့တာ မရှိပေမယ့် ကိုကို ဝန်းအပေါ်ထားခဲ့တဲ့ စေတနာတွေကိုကော မမ နေမျက်နှာကို သည်းခံခဲ့တဲ့ အကြောင်းရင်းကိုပါ ဝန်း တွေးမိတယ်။

တံခါးမှာ ကျောကပ်မှီရင်း ကိုကို့ကို တမ်းတကာ မျက်ရည်တို့ ဝေ့တက်လာခဲ့၏။

ထိုစဉ်

"ခွမ်း"

"ချ ဖွမ်"

ဝန်း ကိုယ်လေး တုန်ခါသွား၏။

သူတို့ တံခါးမှန်ချပ်တွေကို ရိုက်ခွဲဝင်လာကြပြီး ဘာရပ်လုပ်နေတာလဲ ဝန်း ပြေး ပြေးလေ။

ဝန်း အခန်းတံခါးကို သေချာပိတ်ပစ်ပြီး ပြတင်းပေါက်ကို ပြေးဖွင့်လိုက်၏။ အောက်ငုံ့ကြည့်လိုက်တော့ ခုန်ချဖို့ ပဲရှိသည် ။

အကွာအဝေးက သိပ်အမြင့်ကြီးမဟုတ်။

"ဒုန်း"

ကျောနောက်က အခန်းတံခါးရှက် ဒုန်းခနဲ တုန်ခါသွားသည် နှင့် ဝန်း ပြတင်းပေါက် ပေါင်ပေါ်ကို တက်လိုက်ပြီးဖြစ်သည် ။

ဒီတံခါးကို သူတို့ ဖွင့်လို့ မရမီ ဝန်း ဒီအခန်း

ထဲက ထွက်ရမည်။ ဝတ်ထားသည့် ခါးစည်းနှင့်ဂါဝန်ပွပွ အဝါရောင်လေးကို အောက်ဖျားလွတ်ရုံလေး တစ်ဖက်ကဆွဲမလိုက်သည် ။

တစ်ဖက်က တံခါးပေါင်ကို ဆုပ်ကိုင်ထားပြီး ခုန်ချကာနီးမှ ရင်ခုန်နေမိသည် ။ သို့သော် အချိန်ဆွဲနေလေ အန္တရာယ်ကကျောနောက်နီးလေ

ဝန်း လက်ကိုလွှတ်ကာ အောက်သို့ လွှားခနဲ ခုန်ချပစ်လိုက်၏။

"အ"

ရင်ဘတ်ထဲမှာ အောင့်တက်သွား၏။

သိပ်မမြင့်ပေမယ့် ခြေထောက်နှင့်ကျသဖြင့် ခြေချင်းဝတ်မှာ နာကျင်သွားခဲ့သည် ။ ဒါပေမဲ့ ခြေထောက်ကို တစ်ချက်သာပွတ်ပစ်ပြီး ချက်ချင်းပြန်ကျုံးထလိုက်၏။

"ဒုန်း"

အခန်းတံခါးကို တစ်စုံတစ်ရာ ထုရိုက်သံ နောက်ထပ်တစ်ချက်ကြားတော့ ဝန်း တိုက်ကို လုံးဝပြန်မော့မကြည့်တော့ဘဲ ခေါင်းရင်းမှ ပ တ်၍ ခြံရှေ့ကို တအားပြေးထွက်ခဲ့မိသည် ။

ဘယ်ကိုပြေးမလဲ လက်ထဲမှာ ပိုက်ဆံမပါ။ ခြေထောက်က နာနေသည် ။ အပြေးမသန် တာကလည်း အစကတည်းက အကျင့်။ ခြေ ထောက်ကို အားကိုးလို့ မရ။ ကားစီးဖို့ ပိုက်ဆံ မပါ။

ခြံဝရောက်လာလျှင် ခေါင်းမှာ သွေးစတို့ နှ င့် ပုံကျမေ့မြောနေသော ခြံစောင့်ကြီးကို တွေ့ လိုက်ရ၏။

လူရမ်းကားတွေ လူယုတ်မာတွေ။

သူတို့ ဝန်းကို သတ်ပစ်ဖို့ လိုက်လာကြ သော ဝန်းဆီကို မရောက်ရောက်အောင်

လာကြမှာ လဲ။

မေမေ ကျူးလွန်ခဲ့တဲ့ ပြဿနာတွေထဲမှာ ဝန်းတို့ ညီအစ်မက ဘာဆိုင်လို့ လဲ ကြောက်လန့်နာကြည်းစိတ်ကြောင့် မျက်ဝန်းမှာ မိုးရွာလေသည် ။

ဒါကြောင့် ဝန်းကို ကိုကို လျှို့ဝှက်စွာ မွေးမြူထားခဲ့တာ။ ဝန်းကိုပဲ စိတ်တွေပူ၍ ဟိုမသွားရ ဒီမသွားရနှင့် ချုပ်ချယ်ခဲ့တာ။

ကိုကိုယောက်ယက်ခတ်နေသမျှ သူမက တော့ ချုပ်ချယ်လှချည်ရဲ့ ဟု ထင်ခဲ့သည် ။ ဘာကို လျှို့ဝှက်နေတာလဲဟု ယုံထင်ကြောင်ထင်။ခုတော့ ဝန်းနားမှာ ကာကွယ်ပေးနေတတ်သည့် ကိုကိုမရှိတော့ပါ။

"ဘာပဲဖြစ်ဖြစ် ငါလည်း နေကမ္ဘာ မိသားစုထဲကတစ်ယောက်ပဲ အခုအကြောင်းစုံကို မင်းသိပြီဆိုတော့ မင်းကိုယ်ပိုင်စဉ်းစား ဆုံးဖြတ်နို

င်ပြီပေါ့”တဲ့ ကိုကို ဘာပြောသွားတာလဲ။

ဝန်းက ကိုကို့ကိုပါ မုန်းလိုက်ရမှာ လား။ မုန်းလိုက်မယ်လို့ ထင်လို့ လား။ ဒါမှ မဟုတ် မုန်းလိုက်တော့ဆိုပြီး ကိုကို ဝန်းဘဝထဲကနေ အပြီးအပိုင်နှုတ်ထွက်သွားတာလား။ ဝန်း ရှိုက်ကြီးတငင် ငိုချလိုက်မိသည် ။

ခြံဝင်းထဲကနေ အပြင်ထွက်ခါနီး နောက်ပြန်လှည့်ကြည့်လိုက်တော့ သူတို့ နှစ်ယောက် တံခါးဝဆီ ပြေးလွှားထွက်လာကြတာကို မြင်လိုက်ရ၏။

ဝန်း လမ်းအတိုင်း တအားပြေးလာခဲ့မိသည် ။

သူတို့
ကားပေါ်တက်ကာမောင်းလိုက်လာကြလျှင် ဝန်း ဘယ်လိုမှ ပြေးလို့ လွတ်မှာ မဟုတ်တော့။ လက်က ရင်ဘတ်က ဆွဲကြိုးလေးဆီ ဖျတ်ခနဲ

ဖိကိုင်လိုက်မိသည် ။ လက်မှာ လည်း လက်စွပ်တွေ ရှိသေးသည် ။

ဝန်းကိုယ်မှာ လက်ဝတ်လက်စားတွေ ရှိနေသည် ပဲ။ ဝန်းမျက်ရည်တွေ မသုတ်အားဘဲ လမ်းမကြီးပေါ်ပြေးတက်လိုက်၏။

ထိုစဉ် ဝန်းရှေ့မှာ ကားလေးတစ်စီး သိမ့်ခနဲထိုးရပ်လာ၏။

“ဟော့ တက်စမ်း”

“ကိုကို”

ဝန်း ဝမ်းသာလွန်း၍ ကားပေါ်ကို ဘယ်လိုဘယ်ပုံ ရောက်သွားမိမှန်းပင်မသိ။ နေခြံရုံက ဝန်း ကားပေါ်ရောက်သည် နှင့် ကားကို ဝေါခနဲပြန်ကွေ့လိုက်၏။

လမ်းကြောင်းမှာ ကားတွေရှင်းနေသဖြင့် သူတို့ ကားလေး လွတ်လပ်စွာပြေးလွှားနေသ

မှု နောက်မှ ဘာကားမှ ပါလာတာမတွေ့။ ကားသံညက်ညက်ကြားမှာ ဖုန်းသံလေးမြည်လာခဲ့၏။

နေခြိရုံ ဒတ်ရှိဘုတ်ပေါ်က ဖုန်းကို စိုက်ခနဲကြည့်ကာ ချက်ချင်းကောက်မကိုင်ဖြစ်ခဲ့။ ဖုန်းကလည်း အဆက်မပြတ်နှင့် မြည်နေသည် ။ ဝန်း လက်လှမ်းမည်ပြင်လိုက်မှ နေခြိရုံက ကောက်ယူလိုက်၏။

"နေခြိရုံ မင်းခြေတစ်လှမ်းသာ သွားတာပေါ့။ ဒါပေမဲ့ အခုလောလောဆယ်ကို ပြောတာနော်။ မင်း ငါတို့ ကို မနိုင်ပါဘူး။ ရှေ့ဆက်သွားကြည့်လိုက်ဦး"

"ဟား . . . ဟား . . . ဟား"

နေမျက်နှာ၏ ရယ်သံကြောင့် သူမျက်မှောင်ကုတ်သွားကာ ကားကို အနီးဆုံးမှာ ရောက်နေသော လမ်းတစ်ခုထဲသို့ ကွေ့ဝင်ပစ်လိုက်

သည် ။

သို့သော်

"အမလေး"

"ကျွီ"

"ဒုန်း"

လမ်းက သိပ်မကျယ် ကားတစ်စီးက တည့်တည့်ကြီး ပိတ်ဝင်လာ၏။ အရှိန်မသေသေးသည့် ကားကို ဆက်တိုက်ကြီး ထပ်ကွေ့ပစ်လိုက်သဖြင့် လမ်းဘေးမှာ ရှိနေသည့် ရေအိုးစင်ငယ် ဈေးဆိုင်သစ်ပင်ပေါက်စနှင့် အုတ်ခုံငယ်လေးတွေအားလုံးသည် မြင်ကွင်းထဲသို့ ခုန်ပေါက်ဝင်လာကြ၏။

ဒါပေမဲ့ နေခြ်ရံ အားလုံးကို လွတ်အောင်ရှောင်သည် ။

ပွတ်ကပ်ဖြတ်ကျော် ပစ်လိုက်စဉ် ချိုင့်တွေ

သစ်တုံးတွေထဲ ကားဆီးကျကာ တဒိန်းဒိန်း ဆောင့်ခုန်သွား၏။

ဝန်းမျက်လုံးတွေကို မှိတ်ချပစ်ကာ အော်လိုက်မိသည် ။ တိုက်မိကုန်ပြီဟု ထင်လိုက်သော်လည်း ကားက ခုန်ပေါက်တိုးသွားနေဆဲမို့ မျက်လုံးပြန်ဖွင့်ကြည့်တော့ ဘာကိုမှ မတိုက်မိခဲ့။

"ကိုကို"

နေခြိဂုဏ ထူးလည်း မထူး လှည့်လည်း မကြည့်ဘဲ ကားကို ဂရစိုက် မောင်းရင်းနှုတ်ခမ်းတို့ ကို ဖိပိတ်ထားသည် ။

မျက်ခုံးအစုံက တွန့်ကုတ်နေသည် ။

ထိုစဉ် ရှေ့မှာ ကားတစ်စီး ဘွားခနဲ ပေါ်လာပြန်သည် ။

မဖြစ်တော့ပါ လမ်းသွယ်တွေထဲဝင်ခဲ့မိတာ

ကိုက သူ့အမှား နေခဲ့ရံ ကားကို နောက်ပြန်ဆုတ်သည် ။

ထိုစဉ် နောက်မှာ ကားတစ်စီး။ ကိုကြီးတို့ ခုလောက်ဆို အားရပါးရ ရယ်မောနေကြလိမ့်မည်။

သူတို့လိုက်ဖို့ မလိုဘဲ တပည့်လက်သားတွေ၏ အလယ်မှာ နေခဲ့ရံ ပြေးပေါက်ပိတ်သွား၏။

ရှေ့ကားမှာ သူလှမ်းမြင်လိုက်တာ လူသုံးယောက်၊ နောက်က ကားမှာ သုံးယောက်၊ နောက်ထပ် ဘယ်လမ်းကနေ ဘယ်လိုပိတ်စောင့်နေကြဦးမှာ လဲ။ သူရင်ဆိုင်လို့ မဖြစ်သေးပါ။ အနားမှာ ဝန်းရှိနေသည် ။ တစ်ဖက်မှာ သူရင်ဆိုင်တုန်း တစ်ဖက်ကနေ ဝန်းကို သူတို့ ဆွဲထုတ်သွားကြမည်။ လူခြောက်ယောက် သို့မဟုတ် ထို့ထက်မက ဖြစ်လာနိုင်ဖွယ်ရှိ။ သူတို့ ကို သူ

တစ်ချိန်တည်း တစ်ခါတည်းရင်ဆိုင်နိုင်ဖို့ လွယ်မလား။

နေခြိရံ ကားကို လမ်းမပေါ်ပြန်ရောက်ဖို့ ကြိုးစားသည် ။ သို့သော် တကယ်တမ်းမျက်ခြည်ပြတ်ဖို့ က မလွယ်။

"အား"

"ကျွိ"

ကားတစ်ခါကွေ့ဝိုက်ယိမ်းထိုးသွားတိုင်း ဝန်း တစ်ခါလန့်ဖျပ်အော်သည် ။ ကားက အရှိန်လွှတ်၍ မောင်းမရသည့်နေရာရှိသည် ။ အရှိန်မြင့်၍ ရသည့်နေရာကျတော့ နောက်ကားတွေကို ဖြတ်ချန်ခဲ့လိုက်ပြီး အရှိန်ပြန်ထိန်းရတော့ အမျှင်မပြတ်စွာ ကားတစ်စီးက အမီလိုက်လာသည် ။

ထိုကားကို ဖြတ်ချန်ခဲ့၍ မရသောအခါ နေခြိရံ လူရှင်း ကားရှင်းသော နေရာတစ်ခုကို

ယူကာ ကားရပ်ပစ်လိုက်၏။ သိပ်မကြာလိုက်မီ ကားနှစ်စီးသည် ဝါးနှစ်ပြန်ခန့်သာခြားလျက် သူ့ကားဆီသို့ ဦးတိုက်ပြေးဝင်လာ၏။ ထို့နောက် ကား၏ ရှေ့နောက်နှစ်နေရာခွဲ၍ ရပ်တန့်သွားကြသည် ။ သူ ကားပေါ်က ဆင်းမည်ပြင်ပြီးမှ မျက်လုံးလေးတွေ ပြူးဝိုင်းနေသည့် ဝန်းဘက်ကိုငဲ့၍

"မကြောက်နဲ့ တံခါးတွေ အားလုံးသော့ချထား။ အခြေအနေမကောင်းရင် မောင်းပြေးတော့ ကြားလား"

"ကိုကို"

ဝန်း မျက်ရည်စက်တွေ ကြွေဆင်းလာပြန်သည် ။

ကိုကိုထွက်သွားသည် နှင့် တံခါးတွေကို သော့ချထားလိုက်မိသည် ။ စက်မသတ်ရသေးသည့် ကားပေါ်မှာ ဝန်း ကားမောင်းဖို့ အဆင်

သင့်ပြင်ထားသည် ။

သို့သော်  သူမရင်ထဲမှာ ရတိပြတ်ဆုံးဖြတ်ထားပြီးသည် က ကိုကိုမပါဘဲ သူမဘယ်ကိုမှ မသွား။ ဒီနေရာမှာ တစ်စုံတစ်ခုဖြစ်ဖွယ်ရှိနေလျှက်နှင့် သူမ ဘာဖြစ်လို့ ထွက်သွားရမှာ လဲ။

လူသုံးယောက်က နေခြိရံဆီသို့ တြိဂံပုံ ဝိုင်းပတ်သွားကာ သုံးယောက်က ဝန်း၏ ကားဆီသို့ တန်းတန်းမတ်မတ် လျှောက်လာကြ၏။

ကားတံခါးတွေကို ပိတ်ပစ်ထားသည် မို့ ဝန်း ခပ်စူးစူးလေးပြန်ကြည့်နေမိဆဲ တစ်ယောက်သောသူသည် တံခါးကိုကိုင်၍ တစ်စုံတစ်ရာ လှုပ်ရှားနေသည် ကိုမြင်လိုက်ရ၏။

ဝန်း မျက်လုံးလေးပြူးသွားသည် ။

ဒါကို နေခြိရံလည်း မြင်၏။

သူ့အတွက်မှားသွားပြီမှန်းလည်း ချက်ချင်း

သိလိုက်သည် ။

တကယ်တမ်း သူ ဝန်းအနားမှ မခွာဘဲ နေရမှာ ဖြစ်သည် ။

ကိုလေးတို့လိုချင်နေတာ သူ မဟုတ်။

သို့သော် နောက်ကို ခြေတစ်လှမ်းမှ ပြန်ဆုတ်လို့ မရတော့။ ရုတ်တရက် အာရုံတွေ ဝေဝါးသွားခဲ့စဉ် ဗိုက်ကိုကန်ချက်တစ်ချက်ပစ်ဝင်လာခဲ့သည် ။

နောက်ထပ်လက်သီးတစ်ချက်ကိုတော့ သူ ပွတ်ကာသီကာလေးရှောင်လိုက်နိုင်၏။

"နေခြိ်ရုံ မင်း ဒီတိုင်းလိမ်လိမ်မာမာ နေလိုက်ရင်သက်သာမယ် ကောင်မလေးကို ငါတို့ ခေါ်သွားမှာ ကို ဆက်တားနေမယ် ဆိုရင်တော့ တားလို့ ရမှာ လည်း မဟုတ်ဘဲနဲ့ မင်းသက်သာမှာ မဟုတ်ဘူး နော်"

"ငါတို့ မင်းကို မလုပ်ချင်ဘူး ဒါပေမဲ့ ရှုပ်နေရင် ရှင်းပစ်ဖို့ အမိန့်က ပါ လာပြီးသား"

သူ့ကို တိုက်ခိုက်နေရင်း တစ်ယောက်တစ်ခွန်း စကားစလာသည် ။ သူ ဘယ်သူ့ကိုမှ စကားမပြန်နိုင်။ ကားတံခါး၏ တစ်ဖက်တစ်ချက်မှာ အကြိတ်အနယ်ဖြစ်နေကြသည့် ဝန်းနှင့် ဟိုသုံးယောက်ဆီမှာ သူ့စိတ်တွေပြေးနေ၏။

"ဝန်း မောင်းထွက်သွားလေ"

"ကိုကို"

"သွား ခုထွက်သွား"

စကားလှမ်းပြောစဉ် မျက်နှာမှာ တစ်ချက်ဖောင်းခနဲ မီးပွင့်သွားသည် ။

"ကိုကို"

ဝန်း သူ့ကိုကြည့်ကာ စူးစူးဝါးဝါးထအော်လိုက်မှန်းသိသည် ။

"တောက်"

ဒေါသက နာကျင်တာထက် ပိုဆိုးသည် ။

ဒီကောင်မလေး သွားပါဆိုတာကို မသွားဘဲ ဘာလုပ်နေတာလဲ။ သူရှိတော့ ဘာကူနိုင်မှာ မို့လို့ လဲ။

သူ့ကြောင့် ဒီမှာ အမှားမှားအယွင်းယွင်းတွေ ဖြစ်ကုန်ရတာ နေခြိဂ်ရဲ တိုက်ချက်များ နှင့် ဝေးအောင်ခုန်ဆုတ်၍ ဝန်းနှင့်ကားဆီ ပြေး၏ ။

တံခါးကို သော့တုနှင့် ဖွင့်ဖို့ ကြိုးစားနေကြသော လူနှစ်ယောက်ကို အားနှင့် တအားကန်ပစ်လိုက်သည် ။

အလစ်ငိုက်မို့ နှစ်ယောက်လုံးထပ်လျက် ပုံပျက်ပန်းပျက် ဖြစ်ကုန်၏။ နောက်တစ်ယောက်က လူ့ပ်ရှားဖို့ ကြိုးစားသည် ။

နေခြိရုံ၏ လက်ပြန်ရိုက်ချက်တစ်ချက် ရိုပ်ခနဲ ပစ်ဝင်သွား၏။ ထိုစဉ် ဝန်းက တံခါးကို လှမ်းဖွင့်လိုက်သည် ။

နောက်ထပ်
လူတွေပြေးလွှားရောက်မလာကြမီ နေခြိရုံကကားတံခါးကို ဆွဲဖွင့်ပြီး ဝင်ထိုင်လိုက်သည် ။

ဝန်းက ချက်ချင်းမောင်းထွက်လိုက်၏

"ဟော့"

"တောက်"

"လိုက်ကွာ"

မကျေနပ်သံများကြားမှာ သူတို့ ကားလေးက အတော်ဝေးဝေးသို့ ရောက်နေပြီဖြစ်သည်
။

"လမ်းပေါ် ပြန်တက်လေ ကိုကို"

"မတက်နဲ့ လမ်းသွယ်တွေထဲပဲ ပတ်မောင်း

”

မျက်ဝန်းတွေ မှိတ်၍ ကူရှင်မှာ မျက်နှာမှော့ထားသည့် နေခြိရုံကို တစ်ချက်ကြည့်ကာ ဝန်းက လမ်းခရီးတစ်ခုကို ကျော်တက်လိုက်သည် ။ ထိုလမ်းချိုး၏ ရှေ့မှာ ပေတစ်ရာလမ်းမကြီးရှိနေသည် ။ လမ်းမကို မတက်ရဘူးဆိုတော့ ညာဘက်လမ်းကြောထဲကို ပြန်လှည့်ဝင်ဖို့ ဖြစ်၏။

သို့သော်

“ဟာယ်”

ကားတစ်စီး ဝေါခနဲ ဦးတိုးတက်လာ၏။

ဝန်းအသံလေးကြောင့် နေခြိရုံ ဆတ်ခနဲ ခေါင်းထောင်သွားသော်လည်း အားလုံးဟာ နောက်ကျသွားပြီ ဖြစ်၏။

လက်ျာဘက်သို့ ဦးတည်ထားသော ကိုယ့်

ကားက ကန့်လန့်ခံပေးလိုက်သလိုဖြစ်လျက် လမ်းမကြီးပေါ်မှ ကွေ့ဆင်းချသည့် ကားသည် ကုန်းဆင်းထက်မှ လိမ့်ဆင်းလာသကဲ့သို့

"လက်လွှတ်လိုက်"

သူ ဝန်း လက်ထဲက စတီယာရင်ကို အားနှင့်တအား ဆွဲလှည့်လိုက်ပြီး ကားသည် သားရဲတိရစ္ဆာန်တစ်ကောင်လို ဆတ်ခနဲ ဦးလည်သွားလျှင် ဝန်းကို ဆွဲပွေ့လိုက်၏။

ဘရိတ်ကို မိတာ မမိတာ မသိတော့ဘဲ တအားဖိနင်းပစ်လိုက်ကာ ဝန်းကိုယ်ကို ဆိုဖာပေါ်ဆွဲချ၍ သူ့ကိုယ်နှင့် ဖိကပ်ထားလိုက်သည် ။

"ဝုန်း"

"ဒုန်း"

ပတ်ဝန်းကျင်သည် ဆူညံပွက်ထသွား၏။

သူရော ဝန်းပါ ကားထဲမှာ အသက်ရှူမှား ကုန်ကြကာ လောကနှင့် ချက်ချင်းဆက်သွယ် လို့ မရဘဲဖြစ်သွား၏။

"ဝန်း"

"အ . . . အား"

"ဝန်း"

"ကိုကို"

ဝန်း မျက်နှာလေးကို လိုက်စမ်း၍ ပွေ့ပိုက် ကာ သူ ရုတ်တရက် ပတ်ဝန်းကျင်ကိုမေ့နေခဲ့ ၏။

ကားသည် ရှေ့က သစ်ပင်ကြီးနှင့် ဆောင့် တိုက်မိသော်လည်း ဘရိတ်ကိုဖိလိုက်သည့်အ ရှိန်နှင့် ကွက်တိဖြစ်ကာ နှစ်ယောက်လုံးလည်း ရှောင်ကောင်းသွားသဖြင့် ဒဏ်ရာအကြီးအကျ ယ်မဖြစ်ခဲ့ကြ။

ဝန်း ဘာမှ မဖြစ်ဘူးဆိုတာ သိလိုက်၍ သာတဒင်္ဂအချိန်လေးမှာ ကျေနပ်ကြည်နူးသွားခဲ့သော သူ့နှလုံးသားထဲက အေးမြခြင်းဟာ ဘာနဲ့မှ မတူ ဝန်းလေးကို သူ ထိုမျှထိ စိုးရိမ်ကြီးခဲ့သည်။

ဝန်းမှာ ထိခိုက်နာကျင်မှု မဖြစ်ရေးဟာ ကိုယ့်ကိုယ်ကိုယ် နာကျင်မှာ ထက် ပို၍ အရေးပါနေခဲ့ခြင်းဟာ ဘာလဲ

"ကိုကို . . . ကိုကိုဘာမှ မဖြစ်ဘူးနော်"

ဝန်းသည် ကောင်းကောင်း သတိရသည် နှင့် စီးမိုးနေသော သူ့လည်တိုင်ကို လက်ကလေးနှစ်ဖက်နှင့် သိုင်းဖက်၍ မျက်ရည်တွေကျလာ၏။

"မငိုနဲ့ . . . တိတ် ဘယ်နေရာမှာ နာသွားတာရှိလဲ"

"ဟင့် အင်း . . ."

ဝန်း ခေါင်းလေးခါပြသည် ။

ကျုံးအထမှာ နေခြိဂုံမျက်နှာတစ်ချက်မဲ့သွားတာကို မြင်လိုက်သဖြင့် ဝန်း ရင်ထဲမှာ နင့်သွားသည် ။

ကိုကိုသည် ဟိုတုန်းကတည်းက ဝန်းကို သေတွင်းထဲက ဆွဲထုတ်ကယ်တင်ခဲ့သည့်သူ။ ခုလည်း ဝန်း အသက်ကို ကယ်ခဲ့ပြန်ပြီ။

ကိုကိုဟာ ဝန်းကို သေစေချင်ကြသည့် မကောင်းသူတို့ မျိုးနွယ်ထဲမှ ဖြစ်သော်လည်း ဝန်းကို မသေရ မပျက်စီးရအောင် သူ့ဘဝကိုရင်း၍ စောင့်ရှောက်ခဲ့ပြန်သည် ။

ထိုအချိန်တွင် တစ်ဖက်က ကားမှာ တော့ ကံမကောင်းရှာ။ နတ်စင်အဟောင်းကြီးအဖြစ်ကွဲအက်ပြိုကျလုလု အုတ်ပုံကြီးကို အားနှင့်ဆောင့်တိုက်ကာ ကားတစ်စီးလုံး တိမ်းစောင်းလန်ကျနေ၏။

ထိုနေရာမှာ လူတွေ စုပြုံနေကြသည် ။

ထိုနေရာမှာ လူတွေ စုပြုံနေကြသည် ။

"အထဲမှာ လူမသေသေးရင် ဆွဲထုတ်ပါဟ"

"ဘယ်နှယောက်လဲ"

"တစ်ယောက်တည်းထင်တယ်"

စကားသံတွေကို နေခြိဂုံရံစိတ်မဝင်စားတော့ပါ။ ကားကိုမြင်သည် နှင့်တစ်ကိုယ်လုံး ထူပူသွားခဲ့၏။

"ကိုလေး"

ကိုလေးအမြဲမောင်းသည့် ပါဂျဲရိုကားနက်ကြီး၊ သူ ကားပေါ်ကပြေးဆင်းကာ ထိုကားဆီပြေးခဲ့မိ၏။

"ခဏ ခဏဗျာ"

တိမ်းစောင်းနေသည့်ကားက ထပေါက်မှာစိုးကာ တချို့က ရပ်ကြည့်နေရာမှ ပင် နောက်

ဆုတ်ကြသေးသည် ။

တချို့က ဟိုက ပတ်ကြည့် ဒီက ပတ်ကြည့် နှင့် ရှိသော်လည်း ကားထဲက လူကိုဆွဲထုတ်ဖို့ထိ လက်ကမပါ။

နေခြံရံ လူတွေကို ရှောင်ကွင်းကာ ကားကို လှည့်ပတ်ကြည့်၏။

"ကားကို တစ်ဆိတ်လောက်ဗျာ နည်းနည်း တွန်းပေးပါ"

သူက စလိုက်တော့မှ ဝိုင်းဝန်းတည့်မတ်ပေးကြရင်း ကားက ဘီးလေးဘီးလုံး မြေပေါ်ပြန်ကျသည် ။ ထိုအခါ သူထင်သည့်အတိုင်း ကားပေါ်မှာ ကိုလေးပဲ ဖြစ်နေ၏။

"ကိုလေး"

တံခါးကိုဆွဲဖွင့်ကာ သူ ကိုလေး ပုံကျနေသည့်ဆီ ဝင်သွားသည် ။ ခေါင်းတစ်ခုလုံးမှာ

သွေးတို့ က မြင်မကောင်း၊ မွမွကြေနေသော မှ န်ကွဲစများ စဉ်လျက် လည်တိုင်၊မေးဖျား၊ရင်ဘ တ် အားလုံးနှင့် လက်ခုံများမှ အစ သွေးတွေခြ င်းခြင်းနီနေ၏။ သူ ပွေ့လိုက်တော့ ကိုလေး၏ ငြိမ်သက်နေရာမှ အနည်းငယ်လှုပ်ရှားလာခဲ့ သည် ။

"ကိုလေး"

သူထပ်ခေါ်သည် ။

တလှုပ်လှုပ် အသက်ဝင်လာသည့် ထူပိတ် သောမျက်တောင်နက်တို့ ကို ငေးကြည့်ရင်း ရ င်ထဲမှာ နင့်နေအောင်နာမိသည် ။ သူသည် ဝန်းကို ကာကွယ်နိုင်ခဲ့သော်လည်း အစ်ကိုတစ် ယောက်လုံးကို ဆုံးရှုံးရတော့မည်။

"မင်း"

ကိုလေးသည် မျက်ဝန်းတို့ ကို တစ်ဝက်ခန့် သာဖွင့်နိုင်ပြီး နားစွံ့နေဟန်ရှိလျက် သူ့ကိုလ

ည်း မြင်ပုံမပေါ်။

"ကိုလေးရယ်"

သူ ရင်နာစွာ ရေရွတ်မိသောအခါ ကိုလေး သူ့အသံကို ကြားသွားပုံရကာ အငြိုးကြီးတတ် သည့် နှုတ်ခမ်းတစ်ဖက်က တွန့်ခနဲမဲ့ကျသွား သည် ။

"နေ . . . ခြံ . . .ရုံ"

"ကိုလေး"

"မင်း . . . မင်း ငါ့ကိုပွေ့ထားတာလား"

"ကိုလေးရယ်"

ကိုလေး ဘာပြောချင်နေသည် ကို သူသိသ ည် ။ ဘယ်လိုသဘောထားလိုက်တာကိုလည်း နားလည်၏။

"ချ . . . ချထားလိုက်စမ်း"

နေလွင်ပြင်ဆိုသော ကိုလေး၏ ဒေါသမာန

တို့ က သေအံ့မူးမူးအချိန်ထိ တောင်ကျရေတံခွ န်ကြီးတစ်ခုလို လုံးကြွအားကောင်းနေဆဲ။ မိ ဘရှိစဉ်ကကော မရှိခဲ့သည့်အချိန်ထိ နေရာတ ကာမှာ ညီအငယ်ဆုံးလေးရယ်လို့ အလိုလိုက် ခဲ့ကြသည် ။

အခွင့်အရေးဆို အကုန်လုံးပေးသည် ။

အလုပ်အကိုင်ဆို သူတို့ သာ ရှေ့က ဒိုင်ခံ။

အစ်ကိုတွေမို့ မယုယတတ်ခဲ့ဖြစ်ပေမယ့် ကိုကြီးရော ကိုလေးရော သူ့ကို ဘယ်သောအ ခါမှ တွယ်ကပ်ခဲ့ကြတာမရှိ။

"အံမာ ခွေးကောင်လေး သူက မဆိုင်သလို ပဲ"

"နေခြ်ရံ . . . မင်းနော် နေရာတကာ ဘေး ထွက်နေတာ
ကောင်းမှန်းသိနေသလား"စသဖြင့်
ပြောတတ်ကြပေမယ့် ဘယ်တော့မှ ရယ်မောမ

ပြတ်ခဲ့ကြ။ ရွှေရုပ်လွှာ၏ မျိုးဆက်များ နှင့် ပ တ်သက်မိခဲ့သည် မှ စ၍

"နေ . . . ခြဲ . . . ရုံ"

"ကိုလေး"

"မင်း . . .မင်း ရင်ခွင်ထဲမှာ . . . ငါ . . . ငါ မ သေချင်ဘူး"

"ကျွန်တော်"

"မင်းတို့ ကို . . . ငါ . . . ကားနဲ့ တိုက်သတ် တာ"

သူသိပါသည် ။ ဒါပေမဲ့ သူ့မှာ ပဲ အပြစ်ရှိပါ ၏။

နေလွင်ပြင်သည် ငြိမ်းသေလုလုမှ မီးတော က်အားပြင်းလာသော ဆီမီးစလို မျက်ဝန်းတွေ စူးစူးလက်လက်ဖြစ်လာသည် ။

"မင်းမသေလို့ . . . ငါသေရတာ . . . ငါညံ့

လို့ ကွ . . . ငါ့ကို မင်းသနားဖို့ မလိုဘူး။ မင်းကို လည်း ငါဘယ်တော့မှ ခွင့်မလွှတ်”

နေလွင်ပြင်သည် သူ့ရင်ခွင်ထက်သို့ မဟုတ်ဘဲ ရင်ခွင်၏ တခြားဘက်သို့ မျက်နှာငဲ့စောင်းကျသွား၏။ နှုတ်ခမ်းထောင့်မှ ထွက်ကျသွားသော သွေးတို့ က ရေတံလျှောက် လို မြင်မကောင်း။

“ကိုလေးရယ် ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ခွင့်လွှတ်ပေးပါ ကိုလေးရယ်” တစ်သက်လုံး တည်တင်းနေခဲ့သည့် မျက်နှာမှာ မျက်ရည်စက်တို့ စွန်းထင်းကုန်၏။

အပြစ်မဲ့သည့်မိန်းမသားအပေါ် ပြစ်ဒဏ်မကျစေလို၍ သူကာကွယ်ပေးခဲ့မိသည် ။

ဒါဟာ သူမမှားဘူးလို့ လည်း မြင်ခဲ့သည် ။

သို့သော် အသက်နှင့်ရင်း၍ အမုန်းကို ရင်မှာ ပိုက်ကာ ဘဝတစ်ခုလုံးကို ပြတ်ပြတ်

သားသားကျောခိုင်းသွားခဲ့သော ကိုလေး၏ ခန္ဓာကိုယ်ကို ပွေ့ပိုက်ခဲ့ရသည့်အခါ ငါ့ကြောင့် ဆိုသော ကြေကွဲခြင်းက ဘယ်လိုမှ ဖြေလို့ မရ ။ သူတို့ ကားကိုဖြတ်တိုက်ချလိုက်ဖို့ ကိုလေး မောင်းဝင်လာပုံက သူသေကိုယ်သေ ဝန်းကို သေစေချင်နေတာထက် ညီအရင်းတစ်ယောက်လုံးကို စွန့်လွှတ်လိုက်ရပြီဆိုသော မထူးစိတ်နှင့် အချစ်ကြီး၍ အမျက်ကြီးခဲ့တာဖြစ်သည် ။

တကယ်တမ်း သူကိုယ်တိုင်သေပွဲဝင်ခဲ့ရသည့်တိုင် နောင်တမရ။ အငြိုးကြီးလျက်နှင့် အမုန်းကို တံခွန်ထူသွားခဲ့သည် ။ ဖခင်တစ်ယောက်လုံးကို အသက်သေဆုံးသည် အထိ ဒုက္ခပေးသွားခဲ့သော မိန်းမလှတစ်ယောက်အပေါ် တေးမှတ်ခဲ့သော ရန်ငြိုးတို့ သည် အစွန်းရောက်အောင် တွန်းဖို့ လိုက်သလို အတ္တကြီး၍ အဆိပ်ဖြစ်ခဲ့သည် ။

ထိုအတ္တာအဆိပ်ဖြင့် စိတ္တဇကြောင့် ရှုးသွပ်ခဲ့သည် ။ လူတွေအားလုံးသတ္တာဝါတွေပဲဆိုတာ မှန်ပေမယ့် တစ်ယောက်နဲ့ တစ်ယောက် ကံ . . . ဉာဏ် . . . ဝီရိယ . . . ဇီဇ မတူညီကြဘူးဆိုတာ ကိုလေးက သေသည် အထိ လက်ခံမသွားခဲ့ပါ။

"မိန်းမတွေ အားလုံး ဒီလိုချည်းပဲ"

"လှလေ ခက်လေ မာယာမရှိတဲ့ မိန်းမဆိုတာ လုံးဝမရှိဘူး နေကမ္ဘာက ဘယ်မိန်းမမှ မချစ်ရဘူး နေကမ္ဘာကို နောက်ထပ်ဘယ်မိန်းမမှ စိုးမိုးခွင့်မရှိဘူး"

ညီအစ်ကိုနှစ်ယောက်သည် တစ်သံတည်း တစ်မိန့်တည်း။ ထိုထဲမှာ နေခြိရံဆိုသည့် သူကသာ သီးခြားထွက်ကွယ်နေခဲ့တာဖြစ်သည် ။

ခုတော့ ကိုလေးက ခြေမမကောင်းခြေမ လက်မမကောင်း လက်မ။ ညီပေမယ့် သူ့ကို ထာဝရ ခွဲထုတ်ပစ်ဖို့ အမုန်းမီးပွားနှင့် ပြာချဖို့

ကြိုးစားရင်း အသက်ပေးသွားခဲ့သည် ။

ကိုကြီးကော

ဒီအဖြစ်တွေကို ပို၍ ခံခက်ကြိမ်းဝါးခဲ့တာက ကိုကြီး။ ကိုလေးက ကျိတ်ကြံ ကျိတ်တွေးခဲ့ရင်း မထင်မှတ်စွာ ပေါက်ကွဲလာခဲ့တာ ကိုကြီးဘာလုပ်မလဲ။

သူ ကိုလေး အလောင်းကို တင်းကျပ်စွာပွေ့ပိုက်ရင်း အံကြိတ်မိသည် ။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ကိုလေးရယ်"

*

## အခန်း(၁၈)

ရင်ခံပါသော ပိုးချိတ်ဝတ်စုံလေးကို ကိုယ်တိုင်ချပေးသွားသည် ။ ရတနာဘူး သုံးဘူးနှင့် ခေါင်းမှာ ပန်ဖို့ ပန်းကအစပါသည် ။

“မင်း မိန်းကလေးပဲ မိတ်ကပ်တော့ ကိုယ်တတ်သလောက် ကြည့်ကောင်းအောင်ပြင်ပေ့ါ ။ အပြင်လူခေါ်ဖို့ က မဖြစ်နိုင်ဘူး မနက်ကိုးနာရီမထိုးခင် အားလုံးပြီးနေပါစေဟု သေချာမှာသွားခဲ့သည် ။

ဝန်းကို ဒီအိမ်မှာ ထားခဲ့ပြီးကတည်းက ကိုကိုယောက်ယက်ခတ်နေခဲ့တာ တစ်ချက်ကလေးမှ မထိုင်နိုင်

"ကိုကြီးက ကိုလေးထက် ပိုဆိုးတယ် ဝန်း နောက်ထပ်ဒီထက်ဆိုးတဲ့ အဖြစ်တွေရှိလာဦးမှာ ပဲ။ မင်း ငါ့စကားကို နားထောင်။ ပြောတဲ့အတိုင်းလုပ်ပါ။ ဘာမှ အမေးအမြန်း မထူနဲ့ "

ဤသို့လည်း ပိတ်ပင်တားမြစ်ခဲ့သည် ။

ဝန်းဘာမှ မမေးရဲခဲ့ပါ။

မှန်ရှေ့မှာ ပြင်ဆင်ပြီး၍ ဒီတိုင်းလေးထိုင်ကြည့်နေရင်း ကိုကိုဘာလုပ်ဖို့လဲဆိုတာကို အထပ်ထပ်စဉ်းစားနေမိသည် ။

ပန်းတွေ ပန်လို့ ရအောင် သိပ်မရှည်သည့် ဆံပင်တိုတွေကို သေချာညှပ်ကာ ဘေးနားမှာ ပန်းတွေ ကပ်ပန်လိုက်တော့ ဆံထုံးပုံ့ပုံ့လေးလို ဖြစ်သွားသည် ။

နို့သာရောင် ချိတ်ဝတ်စုံနှင့် မိတ်ကပ်ဖျော့ဖျော့လေးလိမ်းထားသည့်မျက်နှာက အနေတော်လောက်ပဲဖြစ်သည် ။

မျက်ခုံးက ထူပြီးနက်ပြီးသား။

မျက်တောင်ရှည်တို့ သည် လည်း အရောင်တင်ဖို့ မလို။ ဆေးကူစရာမလိုဘဲ ကော့နက်နေပြီးသားမို့ မိတ်ကပ်လိမ်းလိုက်တာနှင့် ဝန်းမျက်လုံးတွေက ထင်းနေခဲ့၏။

ကိုယ့်ကိုယ်ကိုယ် သူမ ယုံကြည်စွာ မိတ်ကပ်အနည်းငယ် တင်လိုက်ပြီးသည် နှင့်ပြင်ဆင်ခြင်းကို အဆုံးသတ်သည် ။

ကိုကိုသည် ကိုကြီးနဲ့ ကိုလေးတို့ လိုက် လာပြီး မှန်ခွဲသွားခဲ့သော တိုက်ကလေးမှာ ပဲ ဝန်းကိုထား၏။

တစ်နေကုန်တစ်ယောက်တည်းနေရပြီး ညအိပ်ခါနီးမှ ကြီးကြီးသန်းကို တိတ်တဆိတ်လာပို့သည် ။

မိုးမလင်းမီ ကြီးကြီးသန်းပြန်ဖို့ ကို ခြံစောင့်ကြီးက စီစဉ်ပေးရ၏။

“ဒီမှာ ပြန်နေမယ်လို့ ဘယ်သူမှ ထင်မှာ မဟုတ်ဘူး ။ နေ့ဘက်မှာ တံခါးတွေလုံးဝမဖွင့်နဲ့ ”

ဝန်းကို တံခါးတွေပြင်ပြီး ဒီထဲမှာ ထည့်ပိတ်ထားခဲ့ပြီး ကိုလေး၏ အသုဘကိစ္စရောလုံခြုံရေးအားလုံးအတွက်ပါ နေခြံရဲ တစ်ချက်မှ မနား ညကမှ ရောက် လာပြီး ဒီဝတ်စုံကိုရော ရတနာကိုပါ အားလုံးပေးခဲ့သည် ။

“မနက်ကျ သိရမယ် ဘာမှ မမေးနဲ့ ပြောတဲ့အတိုင်း လုပ်ထား” ဟု မှာ ထား၏။

မှန်ထဲမှာ ပေါ်နေပြီ ဖြစ်သည့်ပုံကတော့ ဒါဟာ ရှုံးတက်လက်မှတ်ထိုးရမည့် သတို့ သမီးလောင်း တစ်ယောက်ပုံပါပဲ။

ဝန်းကို လက်မှတ်ထိုးဖို့ ကိုကိုပြင်ခိုင်း ထားတာလား။ စိတ်ကူးယဉ်သည့် အထဲမှာ ဝန်းနဲ့ ကိုကိုလားဟု ဦးဆုံးတွေးမိကာ ကြည်နူးစိတ်

လေးနှင့် ရင်ထဲမှာ နွေးသွားသည် ။

ဒါ့အပြင် ဘာမှ ဖြစ်နိုင်ဖို့ မရှိတော့။

ဝန်းကို ကိုကိုလက်ထပ်လိုက်မှာ သာ အား လုံးသော အခြေအနေတွေက ပြီးဆုံးရပ်တန့် ကုန်မှာ ဖြစ်သည် ။

ဒါနဲ့ များ မပြောဘဲ လျှို့ဝှက်ထားသည့်ကို ကို့ကို ရယ်လည်း ရယ်ချင်မိသည် ။ ဝန်းက ငြ င်းမဲ့သူမှ မဟုတ်တာ ကိုကိုရယ်။ ကိုကို့ကို ချစ် ပါတယ်လို့ တတွတ်တွတ်ပြောနေတဲ့ သူကို ကို ကိုပြောရခက်နေလိုက်တာ ဘွဲ့ရပြီးဖြစ်ပေမ ယ့် ဝန်းရင်ထဲအသည်းထဲမှာ ဖိုဆို ယင်ဖိုတော င် မသန်းခဲ့ဘူးပါ။

ဝန်း နံဘေးမှာ ကော ရင်ထဲမှာ ပါ ကိုကိုတ စ်ယောက်သာ ရှိသည် ။ ကိုကို့အမိန့်များကို ကျေနပ်ကြည်ဖြူစွာ နာခံခဲ့ရင်း လေးစားမြတ် နိုးခဲ့ရတာလည်း ချစ်၍ ပဲ ဖြစ်၏။

ဒီနေ့ ဒီအခြေအနေတွေထဲမှာ ဥပဒေဘောင်တစ်ခုထဲကို ဝန်းပြေးဝင် ခိုလှုံပစ်လိုက်လို့ ရပါသည် ။

ကလဲ့စားချေခွင့်ဆိုတာ ဥပဒေမှာ မရှိ။

ယုတ်မာတာ ကောက်ကျစ်တာကို စီရင်ချက်ချဖို့ တရားဥပဒေမှာ မပါ။ ကိုယ့်ကိုယ်ကိုယ် မည့်ဖို့ သာ ဦးနှောက်ဖြင့် စီရင်နိုင်ရမှာ ဖြစ်သည် ။

ဒါပေမဲ့ ဝန်း ကိုကို့ တစ်မျက်နှာတည်းနှင့် မျက်လုံးအစုံမှိတ်နေခဲ့သည် ။

မေမေ့အပြစ်ကို သားသမီးခံယူဖို့ တော့ တရားသလား မတရားသလား ဝန်းမသိပါ။ ဒါပေမဲ့ ကိုကို့ကို ချစ်၍ ဘာမှ မမြင်။

ကိုကြီးနဲ့ ကိုလေး၏ ရန်ငြိုးနှင့် တုံ့ပြန်မှုများက
တရားလက်လွတ်ဖြစ်နေခဲ့မှန်း သိသည် ။ ဒါ

ကို ဥပဒေဘောင်ထဲကနေ ရင်ဆိုင်လိုက်ဖို့ သာ ရှိသည် ။ သို့သော် သူတို့ ဟာ ကိုကို့၏ မိသားစု တွေ ဖြစ်နေသည် ။ ကိုကို့အစ်ကိုတွေပါလား ဆိုသည့် အသိတစ်ခုနှင့် အသက်ပင်သေဆုံးသွားနိုင်သော်လည်း ဝန်း ကြိတ်မှိတ်နေခဲ့သည် ။

တကယ်ဆို ထိုအတိတ်ကဖြစ်ရပ်တွေကို ကိုကိုကိုယ်တိုင်လည်း မုန်းတီးနာကြည်းခဲ့သ ည် သာ။

တစ်ခါတစ်ခါ ကိုကို့စကားသံ မျက်ဝန်းများ အားလုံးမှာ ဖျတ်ခနဲပြောင်းလဲဖြစ်ပေါ်သွားတ တ်သော ဒေါသတွေက ဝန်းကို အံ့ဩမှ င်တက် သွားစေသည် အထိ။

"မင်း တိတ်တိတ်နေစမ်း ဝန်း . . ."

"မင်းက ဒါတွေ ဘယ်လောက်သိလို့ လဲ"

"မင်း အစ်မက ဒီတိုင်း ငုတ်တုတ်ကြီးရှိ

သေးတာ ငါ့အဖေက အသက်ပေးသွားခဲ့တာလေ”

“တကယ်တော့ အသွားရှိလို့ အပြန်ရှိခဲ့တာ”

စသော စကားတွေကို ပြောတိုင်း ကိုကိုက အံကြိတ်၏။

ဝန်းနဲ့ သာ ဟိုငယ်စဉ်ကတည်းက ဆုံစည်းမှု ရှိမထားခဲ့လျှင် သို့မဟုတ် ဝန်းအပေါ် အနည်းငယ်သော သံယောဇဉ်လေးသာ ရှိမထားခဲ့ပါလျှင် ကိုကိုဟာလည်း ဤသို့သော အမုန်းတရားများ ဖြင့် ရပ်တန့်သွားမည့်သူသာဖြစ်သည်။

ဘာတွေပဲဖြစ်ဖြစ် ခုတော့ ကိုကိုသည် သူမအတွက် အစ်ကိုတွေကို တွန်းလှန်ခဲ့ရသည်။

သတ်ပစ်ချင်လောက်အောင် နာကြည်းခံခဲ့ရသည့် ညီတစ်ယောက်ဖြစ်ခဲ့ရှာသည် ။ ဒီအ

တွက် ဝန်း ကိုကို့ကို စိတ်ချမ်းသာစေချင်ပါသ
ည် ။

ကိုကို့အတွက်ဆို ဝန်းတတ်နိုင်တာအားလုံး
ကို စွန့်လွှတ်ပေးဆပ်ဖို့ အဆင်သင့်ရှိနေခဲ့သည်
။

ဝန်း မှန်ရှေ့မှ ထရပ်ကာ ဒီဘက်ကိုအလှ
ည့်တွင်

"ဟင်. . . ကိုကို"

ကားသံလည်း မကြားခဲ့ရ။

အခန်းတံခါးဖွင့်လိုက်တာလည်း မသိရဘဲ
နောက်မှ တိတ်ဆိတ်စွာရပ်နေသည့် နေခြိရံသ
ည် အလှကြီးလှနေသည့် ဝန်းကို
စူးစိုက်ငေးကြည့်နေ၏။

ဝန်းနှင့်မျက်နှာချင်းဆိုင် ရပ်လိုက်မိကာမှ
မျက်နှာကို ခပ်လွှဲလွှဲလုပ်ပစ်လိုက်ကာ

"ပြီးပြီလား"

"ပြီးပြီ ကိုကို"

"သွားစို့"

"ကိုကို"

ဝန်း ကိုကို့ လက်မောင်းကို လှမ်းဆွဲကာ မျက်နှာရှေ့မှာ ပြေးရပ်လိုက်၏။ မျက်ဝန်းချင်းမဆုံချင်သလို မျက်မှောင်ကုတ်ထားသည့် ကိုကို့မျက်နှာကို ဝန်း မော့ကြည့်၍

"ဝန်းတို့ ဘယ်သွားမှာ လဲဟင် ဘာလုပ်ဖို့လဲ ဝန်းကိုပြောပြပါ။ ဘာမှန်းမသိပေမယ့် ကိုကိုက ဒီလိုဝတ်၊ ဒီကစောင့်ဆိုလို့ ဝန်းစောင့်နေခဲ့ပြီးပြီ။ အခု ဘာလုပ်ရမယ်ဆိုတာတော့ ကိုကိုပြောပြသင့်ပါပြီ"

မျက်နှာချင်းဆုံ၍

အတန်ကြာငြိမ်သက်သွားခဲ့ကြ၏။ နေခြိရံမျက်

လုံးများမှာ မပြောလိုသော် ဒါပေမဲ့လည်း ပြောမှ ဖြစ်မှာ မို့အံကြိတ်ထားလျက်နှင့် ပြောဖို့ကြိုးစားရင်း ပြောမထွက်နိုင်သည့်အခြေအနေများ ဖြစ်နေကာ လုံးထွေးနေသည့်ခံစားမှုတွေ တရိပ်ရိပ်ပြေးနေသည်။

ဝန်းကတော့ သူမ ထင်ထားသလိုပဲပြောဖို့ကို ကိုကို ပြောရခက်နေသည် လားဟု မျှော်လင့်ရင်း ရင်တွေလှုပ်ခတ် တုန်ယင်နေခဲ့သည်။

ငုံ့မိုးကြည့်နေသော မျက်ဝန်းများ နှင့် မော့ငေးနေသည့် မျက်ဝန်းတို့ မှာ ရောင်စဉ်တွေ ကွဲပြားနေသည်။

ပထမဆုံး မျက်တောင်တစ်ချက်ခတ်၍ မျက်ဝန်းတွေ တိမ်းဖယ်သွားသူက နေခြိရုံဖြစ်ကာ

"မင်း လက်ထပ်ရမယ်"

ဟု မတိုးသော မကျယ်သော အသံနှင့်ပြော

သည်။

ဝန်း နှုတ်ခမ်းလေး မသိမသာ ပြုံးယောင် သန်းသွားကာ ကိုကို မျက်ဝန်းရွှေ့သွားသည့် မြင်လွှာအောင်သို့ အနည်းငယ် ရွှေ့ရပ်လိုက်ပြီး

"ဝန်း . . . ဝန်းထင်တယ်သိလား။ အဲဒါကြောင့် ကိုကို့ကို ဘာမှ မမေးတော့ဘဲ ပြင်ဆင်ပြီးစောင့်နေတာ ကိုကိုက ဘာဖြစ်လို့ ဒီတိုင်းကြီး ထွက်လာတာလဲဟင် တိုက်ပုံလေးဖြစ်ဖြစ်တော့ ဝတ်သင့်တာပေါ့"

ရယ်မြူးရိပ်လေးနှင့် မရဲတရဲပြောနေသည့် ဝန်းကို နေခြိရံဖျတ်ခနဲကြည့်၏။ သူ့အကြည့်မှာ ချောက်ချားမှုများ နှင့်ဖြစ်လျက်

"ဝန်း"

"ဘာလဲ ဟင် ကိုကို"

"မင်း . . . မင်းကို ငါက လက်ထပ်ပေးမလို့
"

"ဟုတ်တယ်လေ ဝန်းနဲ့ . . . ဟင် ဘယ်လို .
. . ဘာ . . . ဘာပြောလိုက်တာလဲ ကိုကို ဝန်းနဲ့
ကိုကို"

ဝန်း စကားကိုရှေ့မဆက်နိုင်တော့။ နှုတ်ခ
မ်းသားလေးတွေ တဆတ်ဆတ် တုန်ရင်လာရ
င်း မျက်ဝန်းမှာ မျက်ရည်တွေပြည့်အိုင်လာခဲ့
သည် ။

"လက်ထပ်ပေးမလို့ "ဟူသော စကားလုံး
တို့ ကို ထပ်ခါထပ်ခါကြားယောင်ရင်း နောက်
ကိုခြေတစ်လှမ်း ထပ်ဆုတ်လိုက်မိသည် ။ အ
ပျော်လွန်သွားခဲ့သည့် စိတ်တို့ က ထိုစကား
တွေကို ရုတ်တရက်နားမလည်ခဲ့။

ဝန်း အင့်ခနဲ ရှိုက်လျက် ကိုကို့ကို မော့ကြ
ည့်ရင်း

နောက်ထပ်ခြေတစ်လှမ်းထပ်ဆုတ်မိပြန်သည်
။

"ကိုကို . . . ကိုကို သိပ်ရက်စက်တယ်"

ဝန်း ထစ်ရှသော စကားလုံးတို့ ကို မညီမ
ညာပြောကာ နောက်လှည့်ပြေးလျှင် နေခြံရုံက
ဖျတ်ခနဲ ဖမ်းဆွဲထားလိုက်၏။

"ဝန်း"

"ဟင့်အင်း . . . ဟင့်အင်း"

"မင်း"

သူ ဝန်း၏ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်၍
ရုန်းဖယ်ငိုရှိုက်နေသော ဝန်းကိုယ်ကို ထိန်းချု
ပ်ဖို့ ကြိုးစားသည် ။

ဝန်း တအားပြန်ရုန်း၏။

သို့သော် နာကျင်တုန်ယင်နေသည့် လက်
တို့ က ကိုကို့လက်ထဲမှ ရုန်းထွက်၍ မရဘဲ ဖြ

စ်နေခဲ့သည်။

"ငါပြောတာကို မင်း နားထောင်စမ်း . . . အားလုံး အငြိုးအတေးတွေ ဖြစ်ခဲ့ကြတာမှန် တယ်။ ဒါပေမဲ့ အခု အဓိကဖြစ်သွားရမှာ မင်း ငါ့လက်ထဲ ရှိမနေဖို့ ပဲ။ မင်းနဲ့ ငါ့ကို မနီးစပ် စေချင်တာ အဓိကမင်းဘဝ လုံခြုံရဖို့ ငါစီစဉ် တာ မင်း ငါနဲ့ ပတ်သက်နေသမျှ"

"ဝန်းနဲ့ ပတ်သက်နေသမျှ ကိုကိုပြေးလွှား နေရမှာ ပဲဆိုတာ နားလည်လာလို့ သည်းမခံနို င်တော့လို့ ဒါပဲမို့လား ကိုကို ဖုံးကွယ်မနေပါနဲ့ တော့"

"တိတ်စမ်း . . . မင်း ငါ့ကိုမစော်ကားနဲ့ "

"မတိတ်နိုင်ဘူးကိုကို . . .ကိုကိုရိုက်လည်း ဝန်း ပြောမှာ ပဲ ကိုကို့ကို ကြောက်ခဲ့တာ လေး စားခဲ့တာ ကိုကို့ရှေ့မှာ လက်ပိုက်ခေါင်းငုံ့နေခဲ့ တာ အားလုံးဟာ ကိုကို့ကို ချစ်လို့ ပါ ကိုကို့ကို

သိပ်ကြောက်တယ်လို့ တော့ မထင်ပါနဲ့ ဝန်းမှ သတ္တိရှိတယ်။ ကိုယ့်ကိုယ်ကိုယ်ကာကွယ်မယ်။ မနိုင်လို့ သေသွားလည်း သေပါစေ။ 'နေကမ္ဘာ' ညီအစ်ကိုရဲ့ လက်စားချေခန်းကြီး ပြီးဆုံးသွားပြီလို့ မှတ်လိုက်ပေါ့။ ကိုကိုလည်း ' နေကမ္ဘာ'ကတစ်ယောက်ဖြစ်နေတဲ့ အတွက် ဝန်း ကျေနပ်တယ်။ ဒါပေမဲ့ ဝန်း ကျေနပ်တဲ့ အထဲမှာ ကိုကို လက်ထပ်ပေးမယ့် သင့်တော်သူ တစ်ယောက်ယောက်ကို ယူဖို့ မပါဘူး"

"ဝန်း မင်းသတ္တိတွေသိပ်ရှိနေတယ်ပေါ့ ဟုတ်လား။ မင်းကိုမင်း မိန်းမကြီးတစ်ယောက် လို ဘာလုပ်လုပ် တင့်တယ်နေပြီလို့ တွက်သလား။ ငါ မင်းအတွက် တစ်ဘဝလုံးကောင်း စားရအောင် စိတ်ချရတဲ့ လူနဲ့ စီစဉ်ခဲ့တာ"

"စိတ်ချတယ် ဟုတ်လား. . . ဘာကိုစိတ်ချ တာလဲ ဝန်းရဲ့ အိမ်ထောင်ရေးဟာ ကိုကို စိတ်

ချတာတစ်ခုတည်းနဲ့ ပြီးပြည့်စုံသွားရောလား”

“မင်း ငါ့ကိုယုံကြည်တယ်ဆိုရင် ငါစီစဉ်ပေးတာကိုလည်း မင်းယုံယုံကြည်ကြည်လက်ခံရမှာ ပေ့ါ”

“တောက်လျှောက် တစ်ဘဝလုံး ကိုကိုစီစဉ်နေခဲ့တာပဲ ဒါပေမဲ့ အခု နာခံဖို့ က ဝန်းရဲ့ တစ်ဘဝလုံး နောက်ပိုင်းမှာ ဝန်းဘဝ ဘာဖြစ်ဖြစ်မျက်လုံးစုံမှိတ် ပေးလိုက်ရမှာ အိမ်ထောင်ရေးဆိုတဲ့ ကံကြမ္မာကို ကိုကိုဘယ်ပေတံနဲ့တိုင်းပြီး စိတ်ချလိုက်တာလဲ”

“မင်း ငါ့ကို ပြန်မမေးနဲ့ . . . မင်းမသိပေမယ့် သူမင်းကို သိတယ်။ သဘောကျတယ် သူဟာ မင်းကို နှစ်သက်မြတ်နိုးစွာ တစ်သက်လုံးလိုက်လျောသည်းခံပြီး ပေါင်းဖက်မယ့် သူဆိုတာ ဘာပေတံနဲ့ မှ တိုင်းဖို့ မလိုဘဲ ငါတွက်ခဲ့တာ။ ပြီးတော့ သူနဲ့ ငါက ဘက်တူပဲ ငါချမ်း

သာသလောက် သူချမ်းသာတယ် ငါ့ထက်အသက်ငယ်တယ်”

“နေပါဦး ကိုကို”

ဝန်းက ဘာကိုမှ ဂရုမစိုက်တော့သည့်မျက်နှာလေးနှင့် သူ့ကို ခပ်ရဲရဲမော့ကြည့်လိုက်သည်။

“ငါချမ်းသာသလောက် ချမ်းသာတယ်ဆိုတာက ဝန်းကို ဘယ်လိုထင်ပြီး ကိုကိုထည့်ပြောပေးလိုက်တာလဲ။ စည်းစိမ်ချမ်းသာတွေကိုမက်မောမှာ ပဲလို့ တွက်ပြီး သူဌေးတစ်ယောက်နဲ့ ဖြစ် ပြီးရောဆိုတာမျိုးလား”

“မဟုတ်သေးဘူး”

“တော်ပါတော့ ကိုကို”

“ဟော . . . ဟော့”

ဝန်းက လည်ပင်းမှာ ဆွဲထားသည့် လည်ကုံးတွေကို ဆုပ်ကိုင်၍ ဆောင့်ဖြုတ်ပစ်လိုက်သည် ။

သူဘယ်လိုမှ တားချိန် ဆွဲချိန်မရလိုက်။ သူဝန်းလက်တွေကို ဆုပ်ဆွဲထားကာ ရုန်းရင်းဆန်ခတ်တွေဖြစ်လာခဲ့ရင်း ဝန်းကိုယ်လေးကိုပါ ဆွဲဖက်ထားလိုက်ရသည် ။

တစ်သက်လုံး သူ့အမိန့်အားလုံးအောက်မှာ ပြားဝပ်ရိုကျိုးခဲ့သည့် မိန်းမငယ်လေး၏ ဒေါသ ၊မာနများကိုလည်း အံ့သြ၊ ဒေါသလည်း ဖြစ်လာခဲ့၍

"ရပ်နေစမ်း ငြိမ်ငြိမ်နေလို့ ပြောနေတယ်နော် ဝန်း"

သူ ဝန်း ကိုယ်လေးမြောက်ကြွပါလာသည်အထိ ပခုံးလေးမှ ဆွဲပင့်ကာ မျက်နှာချင်းဆိုင်ကပ်ပစ်လိုက်သည် ။

မာနများ နှင့် ဝန်းက နှုတ်ခမ်းလေးကို နာကျင်အောင်ဖိကိုက်ပစ်လိုက်ကာ စူးစူးရဲရဲပြန်ကြည့်သည်။

ပါးပြင်ထက်သို့ မျက်ရည်ပေါက်တို့ တလိမ့်လိမ့် ကြွေဆင်းနေဆဲပင်။

"ကိုကို သိပ်ရက်စက်တယ် . . . လွှတ် . . . ဝန်းကို လွှတ်ပေး"

"မင်းက ဘာလုပ်ချင်သေးလို့ လဲ"

"ကိုကို့ဆီကနေ အပြီးထွက်သွားမယ်။ ကိုကိုရှေ့ကို ဘယ်တော့မှ မလာဘူး . . . လွှတ်"

"မသွားရဘူး မင်းကို ဒီတိုင်း မလွှတ်လိုက်နိုင်လို့ စိတ်မချလို့ ငါအားလုံးကို စီစဉ်ပေးနေတာ"

"တော်ပါတော့ကိုကိုရယ်"

"ဝန်း ငါက မင်းအတွက်"

"ဟင့်အင်း . . . ဟင့်အင်း"

ဝန်း ခေါင်းတွင် တွင် ခါ၍ ဇွတ်တရွတ် ရုန်းသည် ။

ဒီစကားတွေပဲ ထပ်တလဲလဲ ကြားလာခဲ့ရတာ တစ်သက်လုံး။

ဒီတစ်ကြိမ်ဟာ ဝန်းဘဝဆုံးရတော့မည့် နောက်ဆုံးအကြိမ်။

ဝန်း တအားရုန်းနေသဖြင့် ပွေ့ဖက်ပစ်လိုက်မိစဉ် ရင်နှစ်လွှာသည် တစ်သားတည်းလိုဖြစ်လျက်

"ဝန်းရယ်"

သူကိုယ်လေးကို ရင်ခွင်ထဲမှာ ပျောက်ကွယ်လုလု ဖြစ်သွားသည် အထိ တင်းကျပ်စွာဖက်ထားမိသည် ။

ရုန်းရင်းဆန်ခတ်ဖြစ်စဉ် ဖရိုဖရဲပြေကျနေ

ခဲ့သည့် ဆံနွယ်လေးတွေထဲသို့ လက်ဖြင့်ထိုးဖွပြေချရင်း မျက်နှာနှင့်ပါး တိုးတိုက် ပွတ်သပ်ပစ်မိသည် ။ ဒီမိန်းကလေးကို ချစ်သော မြတ်နိုးသော၊ ဆူးခြစ်ရာကလေးတောင်မှ အထင်မခံနိုင်ခဲ့သော အချစ်တွေ သံယောဇဉ်တွေ ထိန်းချုပ်ခဲ့ရသမျှ တစ်ခဏ အတွင်းမှာပဲ ဖိတ်စဉ်ကွဲရှ လိုက်လေသည် ။

သူ ဝန်း မျက်နှာလေးကို ပင့်မော့ယူလျက်

"ကိုကို"

ဝန်း အသံလေးကို သူဂရုမစိုက်မိခဲ့။

အရာအားလုံးဟာ အချစ်ကြောင့် ပန်းရင့်ရောင်လွင်ပြင်ကြီး တစ်ခုလို ပူလောင်မွတ်သိပ်ခြင်းများ နှင့်သာ

"နေခြည်ရဲ့ . . . လွင်ပြင်သေဆုံးခဲ့ရတဲ့ ကိစ္စကော ကျန်နေသေးတဲ့ အမုန်းလက်စတွေအားလုံးကိုပါ။ ငါမေ့ပစ်လိုက်မယ်။ အဲဒီမီးဖွားစကို

မင်းနားကနေ ခါထုတ်လိုက်ပေါ့။ သူ့အတွက် ဆိုတဲ့ စီစဉ်ပေးသမျှ၊ သိမ်းထုတ်ပေးထားခဲ့သမျှ။ ဘာမှ မပေးဘဲ အဲဒီမီးပွားစကို လမ်းပေါ်ကို တောက်ထုတ်ပစ်လိုက် မင်းရဲ့ သံယောဇဉ်ဆိုတာတွေ ဘာမှ မရှိနဲ့ တော့။ မရှိခဲ့ဘူးဆိုတဲ့ အသိတစ်ခုနဲ့ ငါ သူ့ကို ဒုက္ခမပေးတော့ဘူးလို့ ကတိပေးတယ်"

ကိုကြီးက သူဖြစ်ချင်တာကို ပြောသည် ။

သူဆုံးဖြတ်ခဲ့တာလည်း ဒါကိုသဘောတူဖို့ ဖြစ်၏။

ဝန်း နောင်ရေးအတွက် သူစီစဉ်ထားခဲ့သမျှ အားလုံးကို ကိုကြီးက သိနေပြီးပြီ။

ဝန်း ဘဝဟာ ဒီလိုစည်းစိမ်များ ဖြင့် ထာဝရသာယာသွားစေဖို့ အန္တရာယ်မြူမှုန်များ လည်း ကင်းဝေးရအောင်၊ သူမမေးဘဲ အားလုံးပြည့်စုံသွားဖို့ သည် ချမ်းသာပြည့်စုံ၍ ချစ်မြတ်နိုး

တတ်သော ယောကျ်ားတစ်ယောက်နှင့် လက်ထပ်ဖို့ တစ်ခုသာရှိတော့သည် ။

ထို့ကြောင့် သူဟာ မိဘနေရာမှ နေ၍ မိတ်ဆွေတစ်ယောက်လည်း ဖြစ် ညီအစ်ကိုလိုလည်း ရင်းနှီးနေခဲ့သော။

ထိုသူသည် ဝန်းကိုလည်း မြင်ဖူးပြီး မြတ်နိုးနေမှန်းလည်း သိသာခဲ့သည် မို့ မင်္ဂလာကိစ္စကို ချက်ချင်းထ စီစဉ်ဖို့ ထိဖြစ်ခဲ့သည် ။

ခုတော့ သူ့ရင်ထဲမှ တစ်သက်လုံးမျိုသိပ်တားဆီးထားခဲ့သော ယုယမြတ်နိုးခြင်း တစ်စစီကျိုးပျက် စီးမျောကုန်ရပြီ။

ဝန်းကို သူ ချစ်သည် ။ မြတ်မြတ်နိုးနိုး တယုတယချစ်နေခဲ့သည် ။

လွတ်လပ်စွာဖွင့်ချလိုက်မိပြီဖြစ်သည့် ရင်ခွင်ထဲမှာ ခုချိန် ဘယ်လိုလူမျိုးကြောင့်ပဲ ဖြစ်ဖြစ် ၊ ဘာနဲ့ ပဲခြိမ်းခြောက်ပါစေ။ ဝန်းကို သူဘာနဲ့

မှ မလဲနိုင်တော့။ ဝန်းသည် သူ့ကျောပြင်ကို ပြ န်၍ ဖက်ထားလျက် ကလေးလို ရှိုက်ငိုနေဆဲ။

"ဝန်းကို ကိုကိုချစ်နေခဲ့တယ်မဟုတ်လား ဟင် . . . ဝမ်းသာလိုက်တာ ကိုကိုရယ် ဝန်းပျော်လိုက်တာ"

ဝမ်းသာ၍ ငိုသည့် ကလေးကို သူ မချော့တ တ်၊ တယုတယ ပွေ့ပိုက်ကာ မြတ်နိုးမဝစွာ န မ်းရှိုက်ရင်း ဘာမှ လည်း ထပ်မပြောသဖြင့် ဘာဆက်လုပ်ဖို့ မှ လည်း သတိမရတော့။

ကိုယ့်အနား . . . အပြင် . . . ပတ်ဝန်းကျင် . . . အနာဂတ်အားလုံး ဘာဖြစ်နေနေ မေ့ထားလို က်ခဲ့၏။

ပြတ်တောက် ပျက်စီးသွားခဲ့သည့် လည် ကုံးတွေကို ပြန်ကောက်၍ ဘူးထဲ ဒီတိုင်းပြန် ထည့်သည် ။

ဆံနွယ်ပျော့ပျော့ တိုတိုလေးတွေကိုလည်း

ဒီတိုင်းပဲ ဖြန့်ပြီး ချခိုင်းသည် ။ မျက်ရည်ကြော င့်လား သူနမ်း၍ လား မိတ်ကပ်နံ့သာဆို မြူတ စ်မှုန်စာမှ ပင် ရှိမနေတော့သော ဝန်းမျက်နှာ လေးကိုလည်း ပြန်၍ ပြင်ဆင်ခြယ်သခိုင်း။

လည်တိုင်ကလေးမှာ လည်း ရှင်းပြောင်နေ သည် ။

မျက်နှာလေးမှာ လည်း သဘာဝအတိုင်း နု နုဖပ်ဖပ်လေး ဝင်းစက်နေခဲ့၏။ သူဝန်းပါးပြင် လေးကို လက်ခုံနှင့် အသာတို့ ထိကာ လက်ဖဝါးကလေးကို ဆုပ်ကိုင်လိုက်၏။

"သွားမယ်"

"ဘယ်ကိုလဲဟင်"

"လက်ထပ်မယ်လေ"

"ဘယ်သူနဲ့ လဲ"

"မင်းနဲ့ ငါ"

ဝန်း နှုတ်ခမ်းကလေးပြုံးသွားသည် ။

ကိုကိုဆွဲကိုင်ထားသည့်လက်ပေါ်မှ ထပ်ဆုပ်ဆုပ်ကိုင်ရင်း ပခုံးစွန်းမှာ ခေါင်းလေးမှေးတင်၍ ရယ်မိ၏။

အိပ်မက်ဆန်လှသော ကိုကို့ရင်ခွင်ထဲမှ အနမ်းများ သည် ဒြပ်ပစ္စည်း တစ်ခုသာဖြစ်လျှင် ဖမ်းဆုပ်သိမ်းဆည်းထားချင်သည် ။

ကိုကိုသည် ဟိုတုန်းကလို ရတ်တည်ကြီးနှင့်ပျာယီးပျာယာ ပုံစံမျိုးတွေ ဘာမှ မရှိတော့ဘဲ ဝန်းကို သူကိုယ်တိုင် ကားတံခါးဖွင့်ပေးသည် ။

ဝန်း ကားထဲဝင်ထိုင်တာကိုပင် မှန်ချပ်မှာ လက်တစ်ဖက်ထောက်၍ ငုံ့ကြည့်နေသေးသည် ။ ပြီးမှ တစ်ဖက်မှာ ဝင်ထိုင်သည် ။

"ကိုကို"

"ဟာင်"

သော့ဖွင့်လိုက်ပြီး ဝန်းကိုလှည့်ကြည့်၏။

"ကိုကိုဘာမှ မကြောက်တော့ဘူးလားဟင်
"

"မင်းကကြောက်လို့ လား"

သော့ကိုလွှတ်၍ ကူရှင်မှာ ခါးပတ်ပတ်မှီချ လိုက်ပြီး ဝန်းကို မေးဆတ်မေးသည် ။

"မကြောက်ပါဘူးကိုကို ဝန်းက ကိုကို့အချ စ်ကိုရပြီးတဲ့ နောက် အဲဒီပီတိစိတ်နဲ့ ပဲ ခုချက် ချင်းသေသွားရင်တောင် နောင်တရမယ့်သူ မ ဟုတ်ပါဘူး"

ကိုကိုနှုတ်ခမ်းစေ့လျက် ပြုံးတာကို ဝန်းက ငေးကြည့်လိုက်ပြီး

"ကိုကိုက အလွတ်ကြီးပါ။ ဝန်းကို ကာကွ ယ်မပေးဘဲနေရင် ကိုကို့မှာ ဘာအန္တရာယ်မှ မ ရှိဘူး။ နေလွင်ပြင်ဆိုတဲ့ လူ ဝန်းကိုမုန်းပြီး ကို

ကို့ကိုပါ ကားနဲ့ တိုက်ချပစ်လိုက်သလို အခု နေမျက်နှာ. . .”

“တော်ပြီ”

“ဝန်း ကိုကို့ကို ပိုင်ချင်တာက ကိုကို့ကို ထိခိုက်စေချင်တာတော့ မပါဘူး ကိုကို၊ ကိုကိုလာတုန်းက စီစဉ်ခဲ့တဲ့ အတိုင်း ဝန်းကို. . .”

“ဘာတွေလျှောက်ဖြစ်နေတာလဲကွာ မင်းပဲ အမျိုးမျိုး”

နေခြည်ရဲ ကားကို ပြန်၍ စက်ရပ်ပစ်လိုက်သည်။

ဝန်းက မျက်ရည်လေးတွေလည်၍ ခေါင်းငုံ့ပစ်လိုက်သည်။

“ကိုကို့အစ်ကိုတွေ အငြိုးကြီးတာက လက်တွေ့ပါကိုကို၊ ဝန်းနဲ့ ပတ်သက်ပြီး ကိုကို့ကိုပါ နောက်ထပ်ကြံစည်လာနိုင်တယ်ဆိုတာကို

ဝန်းမေ့သွားလို့ ပါ။ ဝန်း . . . ဝန်းကို . . .”

“ဘယ်သူ့မှ မပေးနိုင်တော့ဘူး။ ခုချိန်မှာ မင်းကိုရတနာနဲ့ လဲယူမယ်ဆိုလည်း မလဲနိုင်ဘူး။ အသက်ချင်းထပ်ယူခိုင်းရင်လည်း ယူသင့်ရင်ယူရမှာ ပဲ . . . ဘာလဲ မင်းကပြောချင်တာတွေပြောပြီး ခုမှ ဘွာခတ်ချင်တာလား”

“ဟင့်အင်း ပြောချင်ရာတွေ ပြောတာ မဟုတ်ဘူး ။ ကိုကို့ကို ဝန်း ငယ်ငယ်ကတည်းကချစ်တာ၊ ညစဉ်ညတိုင်း ကိုကို့အချစ်တွေကို တမ်းတရင်း အိပ်ခဲ့ရတာ”

“နောက်ကော”

“သေဆုံးသွားရင်တောင်
လူသာသေပြီးအချစ်က ကျန်ခဲ့မှာ ပါ”

“မင်း စကားတွေသိပ်တတ်ပါလား”

“အို”

ကိုကို့ထံမှ အနမ်းတို့ သည် ခဏလေးပဲဖြစ်စေ၊ ကြာရှည်စွာ ဖြစ်စေ၊ နူးညံ့သည် ဖြစ်စေ။ ကြမ်းတမ်းသည် ဖြစ်စေ။

ဝန်း ဘယ်တော့မှ ငြီးစူမိမည်မထင်။

ကိုကိုဟာ ဝန်းချစ်သော . . .

*

## အခန်း(၁၉)

“အဟွန်း”

ပခုံးတွန့်၍ ခပ်မဲ့မဲ့ပြုံးသည် ။

“ဟား. . .ဟား. . .ဟား”

ပခုံးတွေလှုပ်နေအောင် တဟားဟားအော် ရယ်ပစ်လိုက်၏။

ရယ်နေသော သူ့မျက်ဝန်းမှာ မျက်ရည်တွေနှင့် ပြည့်သိပ်လာခဲ့သည် ။

မိုးရပ်ဝန်းသည် သူ့အတွက် အအေးခွက်ကို ကိုင်လျက် အခန်းထဲကထွက်လာခဲ့တာဖြစ်သည် ။ သို့သော် ခန်းဆီးစကိုပခုံးစွန်းနှင့်တိမ်းဖ

ယ်၍ အထွက်မှာ ခြေလှမ်းတို့ ကညှော်ခန်းပြင်ကိုမလှမ်းဖြစ်ဘဲရပ်တန့်သွားသည် ။ ခန်းဆီးစသည် သူမ၏ ကျောဘက်သို့မရောက်သေးဘဲပခုံးစွန်းမှာ နွဲ့ကပ်တွယ်နေဆဲ...

မိုး၏ မျက၀န်းတို့ က သူကိုင်ထားသည့်သေနတ်ကိုသာစူးငေးသွားခဲ့၏။ ပြီးတော့ စိတ္တဇဆန်ဆန်ရယ်နေသည့် သူ့ရယ်သံ၊ တစ်စစီကျိုးပြတ်သွားခဲ့သောအသည်းပြိုကမ်းပါးမှ လျှံကျလာသည့်မျက်၀န်းက မျက်ရည်တွေအားလုံးကိုခြုံငုံငေးနေရင်းမိုးမျက်၀န်းများ တွင် ချောက်ချားမှုတွေဖြစ်လာခဲ့၏။ ဟိုတုန်းကတည်းကဘ၀နှင့်ထပ်၍
မှန်းတီးခဲ့သောအငြိုးတွေ။

အခုညီတစ်ယောက်လုံးထပ်၍
စတေးခဲ့ရပြီးဖြစ်သည့်နောက်

"ကောင်းတယ်. . .မင်းတော်တယ်. . .ဟား

ဟားဟားမင်းငါ့ကိုအမျိုးမျိုးလှည့်ပတ်ချော့သိ
ပ်သွားတာမင်းတော်တာပေါ့၊ ဟွန်းငါကသာ
လူတော်လူတတ်ကြီးလိုလိုနဲ့ အဆုံးကျတော့
လူနုံကြီးဖြစ်ခဲ့ရတာငပေါကြီးဖြစ်ကျန်ခဲ့တာ”

အထပ်ထပ်ပွတ်တိုက်နေသည့် သေနတ်ကို
ထောင်ကြည့်လိုက် မြှောက်ကြည့်လိုက်နှင့်
ကျေနပ်တော့မှ အိတ်ထဲကတစ်စုံတစ်ရာကိုနှို
က်ထုတ်လိုက်သည် ။ ထို့နောက် ထုပ်ထားသ
ည့် လက်ကိုစားပွဲပေါ်မှာ မှောက်လျက်ဖြေချလို
က်၏။ ကျည်ဆန်နှစ်တောင့်။

နေမျက်နှာသည် တစ်လောကလုံးကိုဂရုမစို
က် သတိမထားသလိုဘေးဆီကိုမျက်လုံးတစ်ချ
က်သော်မျှ ဝေ့မကြည့်ခဲ့။

“တကယ် ချစ်ခြင်းကိုမျက်ကွယ်ပြုပြီးမီးကို
မှ ကစားချင်တဲ့ ကောင် မာယာကိုမသာယာတ
တ်အောင် ဒီလောက်အထပ်ထပ်သတိပေးထား

ခဲ့တာကိုဂရုမစိုက်ဘူး၊ အစွမ်းကုန်ထိ ငါ့လိုက်လျှောပြီးမာယာနွံထဲကရုန်းထွက်ခိုင်းခဲ့တာကိုညာထွက်သွားတယ်။ ငါ့ကိုတောင် မလိမ့်တစ်ပတ်ပြောသွားတဲ့ ကောင်။ ဒီကျည်ဆန်နှစ်တောင့်က မင်းတို့ ကိုသတ်ပြီးမှ ငါသေမယ်. . . ခွေးတိရစ္ဆာန်"

စကားတွေပြောရင်းသူမိုးဘက်ကိုဖျတ်ခနဲလှည့်ကြည့်၏။ဖန်ခွက်ကိုဆုပ်ကိုင်လျက်မို့ တံခါးဝပေါင်မှာ ကိုယ်တစ်ခြမ်းကပ်ပစ်လိုက်မိသည် ။ ထိုစဉ် နေမျက်နှာ၏ လက်ထဲမှာ သေနတ်သည် ။

"အမလေး"

"ခွမ်း"

သေနတ်က ကျည်ဆန်ထွက်လာတာမဟုတ်ပါ။

ဖန်ခွက်ကိုတိုက်ရိုက်ပစ်ခွင်း၍ ချပစ်လိုက်

တာဖြစ်သည် ။ မိုးနောက်ဆုတ်ရပ်ကာဖန်ကွဲစ တွေကိုကောအခန်းထောင့်နံရံနှင့် ရိုက်ခတ်၍ သူမခြေထောက်နားပြန်ကျလာခဲ့သည့် သေန တ်ကိုပါ ငေးကြောင်ငုံ့ကြည့်နေမိ၏။

"မင်းကဘာလုပ်နေတာလဲနေမကောင်း ဘူးဆိုတစ်ခွေခွေနဲ့ နေပြီးခုကျမှ မင်းညီမကို သတ်မှာ စိုးလို့ လျှို့ဝှက်ချက်တွေခိုးနားထောင် နေတာလား"

"လျှို့ဝှက်ချက်ဆိုတာကောရှိလို့ လားအစ် ကိုမိုးရှေ့မှာ အစ်ကိုမပြောရဲတာမပြောဝံ့တာ ဘာများ ရှိလို့ လဲ။ မိုးဘက်ကတော့ ခိုးဝှက်နား ထောင်လောက်စရာကောဘာတွေကျန်ဦးမှာ မို့လို့ လဲ။ အစ်ကို့အတွက် မိုးပြုစုပေးသမျှအလို က်သိခဲ့သမျှ အားလုံးဟာချစ်လို့ ပါ။ မိုးလေမိုး ချစ်တဲ့ အချစ်ကိုအစ်ကိုမယုံကြည်သရွေ့ မိုးအ သေဖြောင့်မှာ မဟုတ်ဘူး ၊ ယုံပါအစ်ကိုအစ်ကို့

ကိုမိုးချစ်လို့ သည်းခံခဲ့တာပါ။ အစ်ကိုရဲ့ ရန်ငြိုးတွေကလဲ့စားချေမှုတွေကိုမိုးဘက်ကဆ င်းရဲခြင်းလို့ မမြင်ဘဲကျေနပ်စွာခံယူခဲ့တာချစ် လို့ ပါ”

“သွားစမ်းပါ ဟား. . .ဟား. . .”

နေမျက်နှာကဆံပင်တွေကိုဖွပစ်ပြီးတစ်လှ မ်းချင်းလှမ်းလာသည် ။

မိုးရှေ့မှာ ခါးထောက်၍ ရပ်တန့်လိုက်ပြီးမှ သေနတ်ကိုငုံ့ကောက်၏။

“အချစ်နဲ့ ပတ်သက်ပြီးမင်းငါ့ကိုဘာမှ မပြောနဲ့ မိုး၊ ငါ့မှာ နှလုံးသားမရှိဘူး၊ မင်းဟာ မင်းနတ်စောင်းသံနှင့် ချစ်တေးအလင်္ကာတွေ သီကုံးဖွဲ့နွဲ့ပြနေလည်း ငါကခံစားနေရမှာ မဟု တ်ဘူး ”

“မခံစားလည်း နားညည်းလို့ ရိုက်မသတ် သေသရွေ့ မိုးပြောခွင့်ရချင်ပါတယ်။ မိုးအစ်ကို့

ကိုချစ်တယ် နားကြည်းတာတွေ ကလဲ့စားတွေ ကိုရပ်တန့်ပြီးအစ်ကိုရဲ့ ဒေါသအငြိုးတွေကိုမိုး တစ်ယောက်တည်းအပေါ် စုပုံချလိုက်ပါ"

"ဘာတွေ"

နေမျက်နှာ၏ ချောမောသောမျက်နှာက လှောင်ပြုံးများ ပါ ပျောက်ကွယ်ကာချက်ချင်း ဘီးလူးသရဲစီးသလိုဖြစ်သွားခဲ့၏။

"မင်းကမင်းညီမကိုထိမှာ တော့ စိုးနေတာ ပဲကွ။ ဟင် ငါကမင်းညီမနဲ့ ပတ်သက်တဲ့ ငါ့ညီ ကိုပါ အရှင်လတ်လတ် ရင်ခွဲသတ်ပစ်မှာ မင်း ဘယ်လိုမှ အပျော့ဆွဲဆွဲပြီးတားဆီးဖို့ ကြံစည် မနေနဲ့"

"အပျော့ဆွဲ မဟုတ်ဘူး အစ်ကို. . .အစ်ကိုပ စ်တဲ့ မြားတွေကအစ်ကို့ဆီကိုပဲပြန်ရောက်လာ မှာ သူများကိုသေစေရင် ကိုယ်လည်း ညီမျှတဲ့ အပြစ်ဒဏ်ကိုခံရမှာ ပဲ၊ အစ်ကို့ကိုမိုးမခံစားစေ

ချင်လို့ မကြည့်ရက်လို့ ပါ"

"ဟွန်း"

နေမျက်နှာငိုင်နေပြီးမှ နှုတ်ခမ်းမဲ့ပစ်၏။

"နားထောင်လို့ ကောင်းသားပဲမဆိုးဘူး" ဟု ပြက်ရယ်ပြု၏။

ထို့နောက် ဆိုဖာတွေရှိတဲ့ ဆီပြန်လျှောက်သွား၏။

သူ့နောက်ကနေမိုးတစ်လှမ်းချင်းလျှောက်လိုက်ရင်း

"မိုးနောက်ဆုံးတောင်းပန်ပါရစေအစ်ကို. . .အစ်ကိုရယ် ညီမလေးရယ် နှစ်ယောက်စလုံးဟာမိုးချစ်တဲ့ သူတွေပါ၊ နေခြည်ရဲ့ဟာလည်း 'နေကမ္ဘာ' ရဲ့ ဖြစ်စဉ်တစ်ခုကိုလွန်ဆန်ခဲ့တာကလွဲရင် မိုးတို့ ညီအစ်မရဲ့ ကျေးဇူးရှင် ပြီးတော့ အစ်ကို့ရဲ့ ညီလေးပါ"

နေမျက်နှာတုံ့ခနဲရပ်သွားသည် ။

ချက်ချင်းပြန်လှည့်ကြည့်ကာမိုး၏ အနား သို့ တိုးကပ်လိုက်ပြီး

"မင်းပါးစပ်ကိုပိတ်မလား. .ငါပိတ်ပေးလို က်ရမလား"

"ပိတ်ပစ်လိုက်ပါ အစ်ကို. . .မိုးကလည်း မျှော်လင့်နေတဲ့ သူပါ။ အဲဒီသေနတ်နဲ့ အစ်ကိုပ စ်ချပြီးရင်းမိုးလက်နဲ့ ထပ်ဆုပ်ကိုင်ပြီးကိုယ့်ကို ယ်ကိုယ်သေကြောင်းကြံစည်သွားသလိုလည်း လုပ်ခဲ့ပါ့မယ် ပစ်ချလိုက်ပါ"

မိုးကလက်နှစ်ဖက်စုံချကာမျက်လုံးတွေပါ မှိတ်ချပစ်လိုက်သည် ။ နေမျက်နှာမျက်မှောင် တွန့်ခနဲဖြစ်သွား၏။

မိုး၏ ယှက်ပိတ်ထားခဲ့သောမျက်တောင် ကော့ကော့လေးတွေကိုစူးစိုက်ကြည့်ကာသေန တ်ကဦးစိုက်ကျသွားသည် ။

သို့သော် အလွန်မာကျောသောအပြုံးတစ်ချက်ကိုချက်ချင်းဖန်တီး၍

"မသတ်ရက်လို့ ဆိုပြီး မင်းစိတ်ကူးမယဉ်နဲ့ မင်းကိုမသေမချင်းနှိပ်စက်သွားဖို့ ငါ့စိမံကိန်းထဲမှာ မင်းအသေစောဖို့ ဘာမှ မလုပ်ဘူးစိတ်ချ"

"အဲဒါ သေချာသလားအစ်ကို. . .ဒါဆိုရင် မိုးတားပါရစေအစ်ကိုနေခြံရုံနဲ့ ညီမလေးကိုချမ်းသာပေးလိုက်ပါ။ အစ်ကိုမုန်းသမျှ ငြိုးသမျှ မိုးကိုပေးပါ။ မိုးကိုပဲနှိပ်စက်ပါ။ မိုးအားလုံးအတွက်ပေးဆပ်ရဲတယ် ကြောက်တာတစ်ခုပဲရှိတယ်။ အဲဒါဟာကိုချစ်တဲ့ အစ်ကိုရယ် ညီမလေးရယ်ကိုမပျက်စီးစေချင်ဘူး။ အစ်ကိုညီမလေးကိုသတ်ရင် နေခြံရုံကလည်း ခံမှာ မဟုတ်ဘူး ။ သူတို့ လက်ထပ်သွားပြီလေ. . .အဆုံးစွန်ထိအစ်ကို့အမုန်းတွေပြန့်ကားပြီးနှစ်ယော

က်လုံးကိုသတ်ပစ်တော့ကောသူတို့ သေမယ် အစ်ကိုဘဝပျက်မယ်၊ လူထောင်ကျမှာ ကိုမကြောက်ပေမယ့် အစ်ကို့ နှလုံးသားကအ ကောင်းတိုင်းကျန်မှာ လားပြီးတော့”

စကားကရပ်တန့်သွားသည် ။

မိုးနှုတ်ခမ်းလေးစေ့၍ စိုက်ကြည့်နေ၏။

နေမျက်နှာကမိုးလည်တိုင်လေးကိုလက်တ စ်ဖက်နှင့်ရှေ့ကနေဖမ်းကိုင်ပစ်လိုက်ပြီး

“ပြောစမ်းပါဦးပြောစရာတွေကုန်အောင် မ င်းဒီနေ့ သတ္တိတွေသိပ်ရှိနေတာကိုငါအံ့ဩနေ တာ။ ဟုတ်တယ် တစ်ခါတလေမင်းပြောတာ ကိုနားထောင်ကြည့်သင့်တာပေါ့. . .ပြော”

မိုးမျက်ရည်တွေဝေ့တက်လာသည် ။

“ဘယ်လိုပုံစံနဲ့ ဖြစ်ဖြစ် သေရမယ်ဆိုရင် သေရပါတယ်။ ငြိမ်းခြောက်မနေပါနဲ့ အစ်ကို

အချိန်မရွေးသတ်ပစ်လိုက်ပါ။ မိုးထပ်ပြောပါရစေတော့ ခုနေအစ်ကိုမိုးကိုသတ်ပစ်လိုက်မယ်ဆိုရင် အစ်ကိုတစ်ရန်ရှင်းသွားလိမ့်မယ်"

"ဘာ"

နေမျက်နှာလက်ကပိုတင်းသွား၏။

"အဟွတ်. . .အဟွတ်. . .အ"

မိုးမျက်နှာလေးနီရဲညိုတက်လာကာသူ့လက်ကိုဖယ်ချရုန်းကန်ဖို့ ဖျတ်ခနဲဆုပ်ကိုင်မိပြီးမှ ပြန်ဖယ်လိုက်သည် ။

အံကြိတ်၍ မျက်လုံးတွေကိုမှိတ်ချပစ်လိုက်လျှင် မျက်ရည်စက်တို့ လိမ့်ဆင်းကျလာကြ၏။

သူသတ်ပါစေ. . .ပြောချင်ရာကိုပြောဖို့ဆုံးဖြတ်ပြီးသား။

"မိုးညီမလေးကိုသတ်ပစ်မယ့်အထိမိုးကြ

ညှိမနေနိုင်ဘူး”

“ဘယ်လို”

နေမျက်နှာ တွေခနဲ ဖြစ်သွားပြီး တဟား ဟားရယ်သည် ။ လက်ကိုပြန်ရုပ်၍ ဘေးကိုနှ စ်လှမ်းခန့် လျှောက်သွားပြီးမှ ချာခနဲပြန်ကြည့် သည် ။

“ဆက်ပြောပါဦး”

မိုး မျက်ဝန်းတွေကို ပြန်ဖွင့်ကာ လည်ချော င်းမှာ စူးအောင့်နာကျင် ကျန်ခဲ့သည့်ဒဏ်ကို ဖိ နှိပ်ပွတ်သပ်နေရသည် ။

ရုတ်တရက် စကားမပြောနိုင်။

“မင်း ဘာတွေလုပ်ချင်နေလဲ မိုး ဘာဖြစ်ချ င်လို့ လဲ”

“မိုး ညီမလေးအတွက် တတ်နိုင်တဲ့ ဘက် က မိုးတားမယ်”

"ဟား . . . ဟား. . . ဟား"

"ဒါကြောင့် အစ်ကို့ကို သတ်ချင်သတ်လိုက်ပါတော့ မိုးလည်စင်းပေးနေတာပါ။ ကျုပ်ကိုခုတ်ခဲ့ပြီးမှ ကျုပ်ဝုတ်ကိုချန်ခဲ့ရင် အစ်ကို့အတွက် အန္တရာယ်ရှိနိုင်တာပေါ့"

"ဟား . . . ရယ်ရတယ်ကွာ"

သေနတ်ကို စားပွဲပေါ်ပစ်တင်လိုက်ပြီး နေမျက်နှာ တအားရယ်သည် ။ သေနတ်သည် စားပွဲစွန်းထိ လျှောတိုက်သွားကာ ရှိနေသော အရာဝတ္ထုမှန်သမျှကို တိုးတိုက်လဲပြိုစေပြီးမှ ရပ်တန့်သွားသည် ။

"မင်းက ငါ့ကို သတ်ပစ်မယ်ပေါ့၊ ဒီလိုလား မင်းညီမကို သတ်မယ်ဆိုရင် မင်းက ငါ့ကို သတ်မယ်ပေါ့"ပြောပြီး နေမျက်နှာက မိုးဘက်ကို ပြန်လျှောက်လာ၏။ ပြီးမှ သေနတ်ကို ပြန်ကောက်လိုက်သည် ။

“ဟင်”

မိုး မျက်လုံးလေး ပြူးနေတာကို သူက ကြည့်၍ သေနတ်ကို မိုးလက်ထဲ ထည့်ပေး၏။

“ကဲ ပစ်ချလိုက်တော့ . . . မင်းမပစ်ရင် ငါက အခုပဲသွားသတ်တော့မှာ ”

မိုးက သေနတ်ကို ဆုပ်ကိုင်ထားပြီး နေမျက်နှာကို မြတ်နိုးတွယ်တာသည့် မျက်ဝန်းတို့ဖြင့် ရီဝေစွာကြည့်၏။

“မိုး အစ်ကို့ကိုချစ်တယ်။ သည်းခံနိုင်စွမ်း သက်ပြင်းတစ်ရှိုက်စာ ကျန်နေသေးတဲ့ အထိ အစ်ကို့ကိုငေးကြည့် နေချင်တယ်”

“ဟုတ်လား မင်း အဲဒီလောက်ထိချစ်နေခဲ့အောင် ငါဘာလုပ်ခဲ့မိလို့ လဲ အင်း . . . မင်း မူယာမာယာတွေများ နေတာဆိုရင်တော့ ဒီလောက် ပလီပလာ ပြောနေမှ တော့ ငါ အသိအမှတ်ပြုပေးဖို့ သင့်ပြီပေါ့”

“အို”

နေမျက်နှာ မိုးကို ဆွဲဖက်ပစ်လိုက်၏။ သေ နတ်ပြုတ်ကျသံ ဒေါက်ခနဲ ကျယ်လောင်စွာမြ ည်သွားသည် ။

အချစ်ဖြင့်မဟုတ်ခဲ့သော ရိုင်းပျကြမ်းတမ်း သည့် ပေးဆပ်မှုများကို လက်ခံနေကျ အတိုင်း မျက်ရည်စက်များ နှင့် မိုး ငြိမ်သက်နေခဲ့သည် ။ ဘဝဆက်တိုင်းမှာ ချစ်ရသူကို အချစ်ဖြင့် ပိုင် ဆိုင်ခွင့်ရပါစေ။ ချစ်သူ၏ အနမ်းများ ချိုပါစေ။

သူမ၏ ဤလက်များ သည် ချစ်သူကို ပွေ့ပို က်ခြင်းဖြင့်သာ အဆုံးသတ်ရပါလို၏။ နေမျက် နှာ၏ ကြမ်းရှသောအနမ်းများ အောက်မှာ မိုး ရှိုက်သံမထွက်ခဲ့ပေမယ့်။

*

အခန်း(၂၀)

ချောင်းသာကမ်းခြေကို ငေးကြည့်နေရင်း မိုးစက်မှုန်ကလေးတွေ လွင့်ကျလာမှ ဘန်ဂလို ဆီကို ပြန်လာခဲ့မိသည် ။

အပြင်မှာ အလင်းရောင်ရှိနေသေးပေမယ့် အဆောက်အဦထဲမှာ တော့ မှောင်နေပြီ ဖြစ်၏ ။ ဝန်းက ရေကူးပြီးစမို့ ဘာမှ မလိမ်းဘဲ သနပ် ခါးရေကျဲလေးပဲလိမ်းထား၏။

ကြိုးမျှင်လေးသုံးချောင်းဖြင့် ပခုံးချိတ်လေး သာပါသော အဖြူရောင်ခါးစည်းဂါဝန်လှလှ လေးကို ဝတ်ကာ ပြတင်းပေါက်နားမှာ ထိုင်၍ ဆံပင်တွေကို ရေသုတ်နေသည် ။ သူဝင်သွား

တော့ လှည့်ကြည့်ပြီး နေရာမှ ထ၏။

"ကိုကို"

သူ့ အိပ်ရာထဲမှာ လှဲချကာ နဖူးပေါ်လက်တင်လိုက်တော့ သူ့လက်ကိုဖယ်၍ လက်ဖဝါးနုနုလေးနှင့် နဖူးကိုစမ်းသည် ။

"နေမကောင်းဘူး လာကိုကို ဘာဖြစ်လို့ လဲဟင်"

"ဘာမှ မဖြစ်ပါဘူး မင်း ထမင်းစားပြီးပြီလား"

"ကိုကိုမပါဘဲ ဝန်းက တစ်ယောက်တည်း စားရမှာ လား ကိုကိုရဲ့ . . . ရေလည်း လိုက်မကူးဘူး။ ကိုကိုကမ်းခြေမှာ သွားငေးနေတာ အကြာကြီးပဲ ဘာဖြစ်လို့ လဲဟင်၊ ကိုကို နောင်တတွေရနေတာလားဟင်"

"ဘာကိုနောင်တ ရရမှာ လဲ"

"ဝန်းနဲ့ လက်ထပ်ခဲ့တာကိုလေ. . . ကိုကို မှုင်နေသမျှဝန်းပျော်ခဲ့တာတွေအားလုံးမျှောပါကုန်ပြီ သိလား"

"ပြန်ဆယ်ထားလိုက်ကွာ . . . မျှောမပါစေနဲ့ "

သူပြုံးလိုက်တော့ ဝန်းက လိုက်မပြုံးဘဲ သူ့မျက်နှာကိုပဲ ငုံ့မိုးကြည့်နေသည် ။

"ကိုကို"

"ဘာလဲ"

"ကိုကို့မှာ ချစ်သူရှိခဲ့လားဟင်"

"လာပြန်ပြီ ဘာလုပ်မလို့ လဲ"

ဝန်းက နဖူးပေါ်ကျလာသည့်ဆံပင်တွေကို လက်တစ်ဖက်နဲ့ သပ်တင်လိုက်ပြီး မျက်လွှာချသည် ။

"ဝန်းကို ကိုကိုသနားခဲ့တာလား ချစ်ခဲ့တာ

လားဆိုတာ ဝန်း ခုထိတွေးနေရတုန်းပဲ ချစ်သူရှိနေလျက်နဲ့ ဝန်းကို ငဲ့ပြီး”

“အဲဒီလိုဆိုလည်း ပိုမကောင်းဘူးလား ချစ်သူကိုစွန့်လွှတ်ပြီး မင်းကိုလက်ထပ်ကတည်းက မင်းကိုပိုလို့ ပေါ့”

“တူပ့်ါမလား ကိုကိုရယ် . . . သနားလို့ ချစ်တာမှာ သာယာမှု ဘာရှိမှာ လဲ”

“ကြည့်စမ်း နားလည်နေလိုက်တာ”

နေခြံရံက ဝန်း လက်ဖဝါးလေးကိုဆုပ်၍ ကိုယ်တိုင်ခေါင်းအုံးပေါ်တိုးတက်မှီလိုက်သည်။

“မင်း ရင်ထဲမှာ အချစ်တွေ ဘယ်လောက်တောင်ရှိနေခဲ့လဲ ဝန်း မင်းကကော အားကိုးတာနဲ့ ချစ်တာကို ခွဲခြားသိရဲ့ လား . . . မင်း ငါ့ကို ချစ်တာလား အားကိုးတာလား . . . တစ်ဖက်က အန္တရာယ်ကို ပူတာက သတ်သတ် မင်း

နဲ့ ငါ့ရဲ့ အသက်အရွယ်ကွာဟမှုကို ပြန်တွက်ပြီး မင်းရဲ့ အထင်ကြီးအားကိုးမှုကို ငါဘယ်လောက်ထိ ဆုပ်ဖမ်းထားနိုင်တာလဲဆို တာ ပူနေရတာကတစ်မျိုး"

ဝန်း တကယ်ကြေကွဲသွားသည့် မျက်ဝန်း လေးတွေကို ကြည့်ကာ သူပြုံးလိုက်၏။ ပြီး တော့ ဝန်း လက်ဖဝါးလေးကို တစ်ချက်ဖျစ်၍

"ဆောရီး ကိုယ်အစိုးရိမ်လွန်သွားတာ ထင် တယ်"

ငါအစား ကိုယ်ဟု သုံးလိုက်မိတာ ကိုယ့်ကို ယ်ကိုယ်ပင် သတိမထားလိုက်မိ။

"ကိုကို"

"ပြောလေ"

"ဝန်းမေးတာ ကိုကို မဖြေသေးဘူး"

"ဘာလဲ"

"ကိုကို့မှာ ချစ်သူရှိခဲ့လားလို့ "

"ကိုယ်က ဒဏ်ရာအနာတရ ဖြစ်နေတဲ့ ရုပ်ကြီး ပေါက်နေလို့ လား"

"အင်း"

"ဘာ"

သူဆတ်ခနဲ ထထိုင်၏။

ဝန်း မေးဖျားလေးကိုဆွဲပင့်ကာ မျက်ဝန်းချင်းဆုံအောင် ကြည့်၍ သေသေချာချာကြည့်ပြောစမ်း ဒီတစ်ခါထပ်ဖွပ်ရွဲရင် နာပြီမှတ်။

"ကိုကိုနော်"

"ပြောလေ ခုနကလို အင်းလို့ "

"ကိုကို့လိုပဲ စိုးရိမ်လို့ ပေါ့"

ဝန်းက သူ့လက်ကိုဖယ်ချနေရင်း နှုတ်ခမ်းလေးဆူသည် ။ သူ မချင့်မရဲစိတ်နှင့် ဝန်းကိုယ်

လေးကို ဆွဲဖက်ကာ အိပ်ရာထဲလှဲပစ်လိုက်သည် ။

"ကိုကို . . . ဟို . . . ဟိုလေ"

"ဘာလဲ"

"ဝန်း . . . ဝန်း ဗိုက်ဆာပြီ"

သူလှစ်ခနဲပြုံး၍ ဝန်း မျက်နှာလေးကို စူးစိုက်ကြည့်သည် ။ ဝန်း တစ်စုံတစ်ခုပြောရန် ပါးစပ်လေးပြင်ပြီးမှ ရှက်ရွံ့စွာ မျက်ဝန်းလေးတွေကို ပိတ်ပစ်လိုက်မိ၏။

"ချစ်လိုက်တာ ချာတိတ်ရယ်"

ချိုမြနွေးထွေးသော အနမ်းတို့ က ပန်းဝတ်လွှာတွေလို နူးညံ့စွာ ကျရောက်လာ၏။ သို့သော် ချစ်ခွန်းသီသော ငှက်တို့ သည် လေးညှို့သံကြောင့် ဝုန်းခနဲလန့်ဖျပ်ပျံပြေးကြလေရာ

"တံခါးဖွင့်ပါဦး နေခြံရဲ့ . . . ဆူဆူညံညံ မဖြ

စ်ချင်ရင်ပေ့ါ”

“ဟင်”

သူ ဆတ်ခနဲ ဖြစ်သွားသည် ။ ဝန်းကိုပါ ဆွဲထူလိုက်ပြီးသားဖြစ်လျက်

“ကိုကြီး ရောက် လာပြီ”

“ကိုကို”

ဝန်း မျက်လုံးလေးတွေ ပြူးနေရှာသည် ။ သူ ဝန်းလက်ဖဝါးလေးကိုဆုပ်ဖျစ်၍

“မကြောက်နဲ့ နော် မင်းရှေ့မှာ ကိုယ်ရှိတယ်”

“ဟင့်အင်း . . . ကိုကိုမသွားနဲ့ သူက ဝန်းကိုလိုချင်တာ ဝန်းကို သတ်ချင်တာ”

ဝန်း အိပ်ရာထက်က အတင်းဆင်းသည် ။

နေခြိရံက ဖျတ်ခနဲဆောင့်ဆွဲကာ အိပ်ရာထက်သို့ တွန်းချပစ်လိုက်၏။

"ငြိမ်ငြိမ်နေ ငါ့ကိုမင်း အနှောင့်အယှက်ဖြစ်အောင် ထပ်မလုပ်နဲ့"

"ကိုကို"

ဝန်း မနာခံပါ။

ပက်လက်ကလေးလဲကျနေရာမှ အတင်းလူးလဲပြန်ထ၏။

"ဝန်း . . . မင်း"

"ဟင့်အင်း .ကိုကို့လိုပဲ ဝန်းလည်း ဘေးထွက်မနေနိုင်ဘူး ဒါ ဝန်းကိစ္စ"

"ဟား . . . ဟား . . . ဟား"

နေမျက်နှာ၏ ရယ်သံကြီးထွက်ပေါ်လာကာ ပြတင်းပေါက်တံခါးချပ်ကဒိုင်းခနဲ ဆောင့်ပွင့်သွား၏။

အစကတည်းက ပိတ်ထားတာမဟုတ်ခဲ့သော တံခါးဘက်မှ

နေမျက်နှာလှည့်ဝင်လာပါပြီ။

ဘောင်းဘီရှည်အနက် . .. စပို့ရှပ်အနီရဲရဲ ပေါ်မှာ အနက်ရောင်လောင်းကုတ်ကြီးကို ထပ်ဝတ်ထားလျက် နေမျက်နှာ၏ မျက်နှာက နီရဲနေသည် ။

မီးဖွင့်ထားသည့် အခန်းထဲမှာ သူ့မျက်နှာက နီသည် ထက်ပိုကာ တင်းမာစူးရဲနေသေးသည် ။

"သိပ်ချစ်တတ်နေတယ် ဟုတ်လား . . . ကောင်းတယ် . . . သေခါနီးဝဝချစ်သွားရတာပေါ့ကွာ . . . ဟား . . . ဟား . .. ဟား"

ပြတင်းပေါက်ပေါင်ပေါ်မှာ ခြေတစ်ဖက် အခန်းထဲကို တွဲလွဲချ၍ ထိုင်နေပြီး သူ့လက်ထဲမှ သေနတ်တစ်လက်။

ဝန်းက နေခြံရုံရှေ့ကနေ ပြေးရပ်လိုက်ပြီး

"ရှင်ကြီးက ဝန်းကို သတ်ချင်တာ မဟုတ်လား သတ်ပစ်လိုက် ကိုကို့ကို ဘာမှ လုပ်ဖို့ မလိုဘူး"

"တိတ်စမ်း"

နေမျက်နှာ မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည် ။

"မာယာ ပလီပလာနဲ့ ငါ့ရှေ့မှာ ဟိုကောင်ခွေကျသွားအောင် အမူအရာတွေလာလုပ်မနေနဲ့ မိန်းမတွေ ဒါပဲ။ ဟွန်း မင်းက ငါမပစ်ရဲဘူးလို့ ထင်နေလို့ လား၊ စိတ်ချ နှစ်ယောက်လုံးကို သတ်ဖို့ လာတာ။ သွေးသားကို သစ္စာဖောက်ခဲ့တဲ့ ကောင်ရော ငါတို့ ဘဝကို အညွန့်တုံးအောင် စွမ်းဆောင်နိုင်တဲ့ နင့်ကိုရော ဒီနေ့ ဆုချီးမြှင့်မှာ "

"ကိုကြီး . . . မိန်းကလေးတစ်ယောက်ကို သတ်ဖို့ လက်နက်က မတန်ပါဘူးဗျာ ၊ သူ့ကို

လွှတ်ပေးလိုက်ပါ။ ကိုကြီး ကျွန်တော်နဲ့ ရှင်းလို့ ရပါတယ်"

"ဘာတွေ ခွေးသူခိုးလေး၊ မင်းက ဒီမိန်းမကို လွှတ်ပေးဖို့ ပြောတယ် ဟုတ်လား။ တောက် လူမိုက် . . . နွား . . . ကျားလိုမလျှောက်ဘဲ နွားလိုလျှောက်တဲ့ ကောင် မင်းကို အရင် ငါသတ်ပစ်ချင်တာ"

နေမျက်နှာက သူ့ကိုချိန်ပြီးမှ ဝန်းဘက်ကို တန်းခနဲရွှေ့ချိန်လိုက်၏။

"မင်း ကြည့်နေလိုက် မင်းရှေ့မှာ ငါသတ်ပြမယ်"

"ကိုကြီး မလုပ်နဲ့ "

"ဒုတ်"

သေနတ်က အသံတိတ်ပြောင်းတပ် ပစ္စတိုလေးဖြစ်သည် ။

သူလျှင်မြန်စွာလှုပ်ရှားပစ်လိုက်သဖြင့် ပထမတစ်ချက်က လွဲသွားသည် ။

"ဝန်း ခုတင်အောက်မှာ သွားဝပ်နေ"

"ဟင့်အင်း"

ဝန်းက ပြေးမည်ပြင်ပြီးမှ ခေါင်းမာစွာရပ်နေသည် ။

သူ သေနတ်ကို လိုက်လုဖို့ ကြိုးစားပေမယ့် မရ။

နေမျက်နှာက သေနတ်ကိုင်သည့်လက်ကို လွတ်အောင်ရှောင်ပစ်ကာ နောက်ကိုလှည့်သွားခန့် ဆုတ်ရှောင်၏။

ပြတင်းပေါက်ကို ကျောပေးရပ်လိုက်ပြီး နေခြံရုံကိုပါ ရှေ့တိုးမလာအောင် သေနတ်နှင့် ချိန်လိုက်သည် ။

"ဟော့ကောင် မင်းရပ်နေစမ်း. . ."

သတ်ပစ်မည်ဟု ကြိမ်းဝါးနေခဲ့သော်လည်း တကယ်တမ်း ငါ့ညီလေးဆိုသော အသိကဝင်လာချိန်တွင် နှလုံးသားမှာ ဖျတ်ခနဲ နူးညံ့သွားခဲ့သည် ။

ခလုတ်ပေါ်တင်ထားသည့် လက်ညှိုးက ဘယ်လိုအင်အားနဲ့ မှ ကွေး၍ မရဘဲ ဖြစ်နေခဲ့၏။

သို့သော် သူကတော့ မိန်းမတစ်ယောက်အတွက်နှင့် အစ်ကိုကို လက်ဦးမှုရယူဖို့ ချောင်းမြောင်းနေခဲ့ပြီး ရင်နာခြင်းက ထပ်မံဝင်ရောက်လာ၏။

ဒါ ဟို မိန်းကလေးကြောင့်

သူဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာချကာ ဝန်းရပ်နေသည့်ဆီသို့ လှည့်ချိန်လိုက်သည် ။

“ဝန်း”

နေခြ်ရံ အသံကုန်အော်ဟစ်လိုက်မိသည် ။

ဒီတစ်ခါ သူ ဘယ်လိုမှ မကယ်နိုင်တော့ မျက်လုံးထဲမှာ ပြာသွားခဲ့ပြီ။

"အား"

ညည်းညူသံတစ်ချက် ထွက်လာခဲ့၏။ ကျယ်လောင်စွာ အော်ဟစ်လိုက်ခြင်းမဟုတ်ဘဲ နေမျက်နှာ ကိုယ်ကြီးဆတ်ခနဲ ကော့တက်သွားသည် ။

"ဟင် မမိုး ခင်ဗျား . . . ခင်ဗျား"

နေခြံရဲ့ တအိအိညွတ်ကျသွားသည့် နေမျက်နှာကို ပြေးပွေ့လိုက်သည် ။ ကျောပြင်မှာ ခါးရိုးနားထိနစ်ဝင်နေသော ဓားတစ်ချောင်း ပြတင်းပေါက်၏ တစ်ဖက်မှာ ရပ်နေသည့် မိုးရပ်ဝန်း။

ထိုစဉ်မျှော်လင့်မထားသော ရဲဝန်ထမ်းများ အခန်းတွင်းသို့ ရုတ်တရက် ဝင်ရောက်လာကြသည် ။

"ကျွန်တော်တို့
သတင်းအားလုံးရထားပြီးပါပြီ ဒေါ်ရွှေရုပ်လွှာရဲ့ အိမ်ကို မီးရှို့တဲ့ တရားခံတွေဟာ ဦးနေမျက်နှာနဲ့ ဦးနေလွင်ပြင်တို့ ဆိုတာ ခိုင်လုံတဲ့ သက်သေအထောက်အထားတွေရထားပြီးပါပြီ"

"ဟုတ်ပါတယ်ရှင် သူဟာ ကျွန်မ ခင်ပွန်းပါပဲ ခုတော့ ကျွန်မသူ့ကိုသတ်လိုက်မိပါပြီ။ ဒီလိုမှ မဟုတ်ရင် သူ့ဘဝလည်း ဘယ်တော့မှ အေးချမ်းမှာ မဟုတ်ဘူး ။ ညီမလေးတို့ လည်း ကောင်းကောင်း နေရမှာ မဟုတ်ပါဘူး။ သူက အညှိုးကြီးစွာနှင့် အားလုံးကို ကလဲ့စားချေပြီး ဒုက္ခပေးဖို့ စဉ်းစားနေတာပါ။ ကျွန်မကိုလည်း ဥပဒေအရ အရေးယူပါရှင်"

သူမသည် လဲကျသွားသည့် နေမျက်နှာကို ငုံ့ကြည့်ရင်း မျက်ရည်တွေ ပြိုဆင်းလာခဲ့၏။

မိုး မျက်ရည်တွေက တမံကျိုးသလို သွန်ကျ

လာသည် ။ ညီမဖြစ်သော ဝန်းကိုလည်း လှမ်းမကြည့်။

နေခြည်ရံကိုလည်း မကြည့်တော့။ တလွှားလွှားပြေးရောက်လာကြသည့် အနီးအပါးက လူတွေကိုလည်း ဂရုမစိုက်။ သူမသည် ညီမအတွက် ကာကွယ်ပေးခဲ့တာမှန်ပါ၏။

သို့သော် နေမျက်နှာကို ချစ်၍ ဆိုလျှင်ပိုမှန်ပါမည်။

"မိုးကို ခွင့်မလွှတ်ပါနဲ့ အစ်ကို ရှင်ဟာ အချစ်ကို ရင်မှာ ပိုက်ပြီး အချစ်နဲ့ ဝေးအောင် ပြေးချင်နေတဲ့ သူ။ အလင်းရောင်ကို တမင်တကာ ရှောင်ပြီး အမှောင်ထဲမှာ ပဲ နေချင်တာ ဘယ်တော့မှ အေးချမ်းမှာ မဟုတ်တော့တဲ့ ရှင့်ဘဝကို ကျွန်မရဲ့ လက်နဲ့ ပဲ အဆုံးသတ်ပေးလိုက်တာ ချစ်လို့ ပါ"

"ရှင်လေ . . . ရှင် မိုးကို သိပ်ချစ်ခဲ့တာပါ။ ရှ

င့်ကို သတ်ပါမယ်လို့ ပြောနေတဲ့ မိန်းမကို ရှင် ဒီတိုင်း လွှတ်ထားခဲ့တယ်။ ရှင် သတ်မှ မသတ် ရက်တာ။ အဲဒါ ရှင့်ရင်ထဲက အချစ်တွေ မဟု တ်ဘူး လား။ ဟင် ဒါပေမဲ့ ဘယ်တော့မှ အချစ် ကိုရှင် ကိုးကွယ်လာမှာ မဟုတ်ဘူး ။ ဘဝဆ က်တိုင်း ရှင်ဟာ အချစ်နဲ့ အတူမွေးဖွားနိုင်ပါ စေ။ နှလုံးသားမှာ ပထမဆုံး ခံစားတတ်လာ တဲ့ နေ့ဟာ အချစ်နဲ့ ပဲဖြစ်ပါစေ"

မိုး၏ စကားသံတို့ သည် တစ်စစတိုးသဲ့တု န်ယင်လာကာ ပြတင်းပေါက်ကိုကျော်၍ ငုံ့ကြ ည့်နေခဲ့သော သူမကိုယ်သည် ယိုင်ခနဲဖြစ်သွား ၏။

"နေမျက်နှာ . . . ရှင့် . . . ရှင့်ကို မိုး . . . ချစ် တယ်"

"ဟာ"

"မမ . . . မမ ရေ"

မိုးခွေခနဲ ပုံကျသွားလေသည် ။ လူတွေ ဘယ်ကိုပြေးတွဲရမှန်းမသိ။

ရဲဝန်ထမ်းများက နေမျက်နှာနှင့်မိုးရပ်ဝန်းအား တာဝန်ဝတ္တရားအရ လက်ထိတ်ခတ်လိုက်ကြ၏။

"ကဲ အားလုံးသည် ဝန်ခံသွားကြပြီဆိုတော့ ကျွန်တော်တို့ ဝတ္တရားရှိတဲ့ အတိုင်း အရေးယူဖို့ ဆောင်ရွက်ပါရစေ"

ပြတင်းပေါက်နှင့် နံရံတစ်ဖက်စီမှာ လဲကျနေသော လူသားနှစ်ဦးသည် ကျေနပ်ခဲ့ကြသည် လား။

ကျေနပ်သွားခဲ့ကြတာဆိုလျှင် ဘာကိုကျေနပ်ခဲ့ကြပါသလဲ။ မိုးလဲကျသွားသောအခါ ဓားဒဏ်ရာဖြင့် အသက်ယဲ့ယဲ့သာ တင်ကျန်နေခဲ့သည့် နေမျက်နှာ၏ နှုတ်ခမ်းမှာ ပြုံးရိပ်ထင်လာသည် ။

ထို့နောက်
အံကြိတ်ထားသည့်မေးကြောကြီး ပြေကျသွားခဲ့ပြီး

"ကိုကြီးရယ်"

နေခြိ်ရုံ နေမျက်နှာကိုယ်ကြီးကို ဖက်ထားကာ မျက်ရည်ကျသည် ။ ငယ်စဉ်ကတည်းက စိတ္တဇတစ်ခုလို နာကြည်းစွဲလမ်းခဲ့သော အတိတ်ဆိုးတစ်ခု၏ ပုံရိပ်များက ကြောက်လန့်စရာ ပါလား။

ဘာမှ ကြိုတင်ပြင်ဆင်ချိန်မရလိုက်ခဲ့သော အဖြစ်တို့ ၏ အဆုံးမှာ ရှိုက်သံများ သည် သာ။

အဝေးမှ ပျံ့သန်းလာသော မိုးသားများ မှုင်းညို့ညို့အရိပ်ဆင်ကြသည် ။

လတ်တလောတော့ ရင်ထဲ၌ လေပြင်းမုန်တိုင်းတစ်ခု ပြုတ်ကျကျိုးစယ်နေသလို ခံစားနေရသည် ။